၆၄

မြောက်ဥက္ကလာပမြို့သစ်

ဇမ္ဗူအေးကျောင်းတိုက်၊ ဓမ္မဓိဋ္ဌာန်ကျောင်း၌

သီတင်းသုံးလျက်ရှိသော

အရှင်ကောသလ္လမထေရ်

ဟောစဉ်အနေဖြင့် ရေးသားအပ်သော

## ဓမ္မဝိသုဒ္ဓိ

# ဝိပဿနာ ဟောစဉ်ကျမ်း

ဇမ္ဗူအေးကျောင်းတိုက်၊ သီရိဓမ္မဝိနယကျောင်း


သာသနွ့-ဓဇ-သီရိပဝရ-ဓမ္မာစရိယ

ဆရာတော် ဦးသုန္ဒရမထေရ်

တည်းဖြတ်သည်

၁၃၂၈-ခု၊ တပေါင်းလဆုတ် ၆-ရက်၊ သောကြာနေ့၊

စက်တင် ပုံနှိပ်ပြီးစီးသည်။



ဓမ္မဝိသုဒ္ဓိ ဝိပဿနာ ဟောစဉ်ကျမ်းပြု
အရှင်ကောသလ္လ-အမည်ရှိသော
ဓမ္မဓိဋ္ဌာန်ဆရာတော်

၁၀၆၈၇

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
[illegible] ရန်ကုန်

ဇမ္ဗူအေးကျောင်းတိုက်၊ ဓမ္မဝိဌာန်ကျောင်း၌
သီတင်းသုံးလျက်ရှိသော

အရှင်ကောသလ္လမထေရ်
ဟောစဉ်အနေဖြင့် ရေးသားအပ်သော

ဓမ္မဝိသုဒ္ဓိ

# ဝိပဿနာ ဟောစဉ်ကျမ်း

ဇမ္ဗူအေးကျောင်းတိုက်၊ သီရိဓမ္မဝိနယကျောင်း
သာသနဓဇ-သီရိပဝရ-ဓမ္မာစရိယ
ဆရာတော် ဦးသုန္ဒရမထေရ်
တည်းဖြတ်သည်

၁၃၂၈-ခု၊ တပေါင်းလဆုတ် ၆-ရက်၊ သောကြာနေ့၊
စက်တင် ပုံနှိပ်ပြီးစီးသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၃၄၇)

ကင်းလွတ်ခွင့်အမှတ် (၀၃၉၄)

ထုတ်ဝေသူ—ဦးသန်းရွှေ၊
အမှတ် ၇၇၊ သော်တာလမ်း၊
စန်းသော်ဘာကွက်သစ်၊
(၇)ရပ်ကွက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ—ဦးစိုးမောင်၊ မှတ်ပုံတင်(၀၀၈၀)၊
သုမေဓာစာပုံနှိပ်တိုက်၊
၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

# မာတိကာ

## အခန်း (၁) ညာတပရိညာဉ်

## ခန္ဓာပေါ်တွင် သဘောမြင်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း .... .... .... | ၉ |
| ၁။ | ရတနတ္တယ ပဏာမ .... .... | ၁၃ |
| ၂။ | အာစရိယ ပဏာမ .... .... | ၁၃ |
| ၃။ | အပါယ်လေးပါး ဒုဂ္ဂတိသံသရာမှ လွတ်မြောက်မှု အဓိက .... .... .... | ၁၄ |
| ၄။ | သက္ကာယဒိဋ္ဌိပယ်သတ်ရန်အရေးကြီးပုံ .... | ၁၅ |
| ၅။ | သက္ကာယနှင့်ဒိဋ္ဌိကွာခြားမှု .... .... | ၁၆ |
| ၆။ | ဒိဋ္ဌိငြိတွယ်ရာ ငါးသွယ်သော ခန္ဓာ .... | ၁၇ |
| ၇။ | ခန္ဓာဖြစ်ရာ ခြောက်ဌာန .... .... | ၁၉ |
| ၈။ | ဖြစ်ပေါ်ထိုက်သောခန္ဓာ .... .... | ၂၀ |
| ၉။ | ဖြစ်ပေါ်နိုင်မှုသဘာဝ .... .... | ၂၁ |
| ၁၀။ | ပရမတ္ထ သစ္စာဉာဏ်ရောက်မှု .... | ၂၂ |
| ၁၁။ | မျက်စိအကြည်၌ပေါ်ကြသည့် ခန္ဓာငါးပါး | ၂၃ |
| ၁၂။ | နားအကြည်၌ ပေါ်ကြသည့် ခန္ဓာငါးပါး | ၂၅ |
| ၁၃။ | နှာခေါင်းအကြည်၌ ပေါ်ကြသည့်ခန္ဓာငါးပါး | ၂၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | လျှာအကြည်၌ပေါ်ကြသည့် ခန္ဓာငါးပါး | ၃၀ |
| ၁၅။ | ကိုယ်အကြည်၌ပေါ်ကြသည့် ခန္ဓာငါးပါး | ၃၃ |
| ၁၆။ | စိတ်အကြည်၌ပေါ်ကြသည့် ခန္ဓာငါးပါး | ၃၈ |
| ၁၇။ | မျက်စိအကြည်ရုပ်၌ သဿတဒိဋ္ဌိငြိပုံ .... | ၄၃ |
| ၁၈။ | မျက်စိအကြည်ရုပ်၌သဿတဒိဋ္ဌိလွတ်ပုံ .... | ၄၄ |
| ၁၉။ | မျက်စိအကြည်ရုပ်၌ ဥစ္ဆေဒဒိဋ္ဌိငြိပုံ .... | ၄၆ |
| ၂၀။ | မျက်စိအကြည်ရုပ်၌ ဥစ္ဆေဒဒိဋ္ဌိလွတ်ပုံ .... | ၄၇ |
| ၂၁။ | အဆင်းရူပါရုံ၌ သဿတဒိဋ္ဌိအစွန်းငြိပုံ.... | ၄၈ |
| ၂၂။ | အဆင်းရူပါရုံ၌ သဿတဒိဋ္ဌိအစွန်းလွတ်ပုံ | ၄၈ |
| ၂၃။ | အဆင်းရူပါရုံ၌ ဥစ္ဆေဒဒိဋ္ဌိအစွန်းငြိပုံ .... | ၅၀ |
| ၂၄။ | အဆင်းရူပါရုံ၌ ဥစ္ဆေဒဒိဋ္ဌိ အစွန်းလွတ်ပုံ | ၅၀ |
| ၂၅။ | နာမ်ခန္ဓာလေးပါး၌ သဿတဒိဋ္ဌိအစွန်းငြိပုံ | ၅၂ |
| ၂၆။ | နာမ်ခန္ဓာလေးပါး၌ သဿတဒိဋ္ဌိအစွန်းလွတ်ပုံ | ၅၄ |
| ၂၇။ | နာမ်ခန္ဓာလေးပါး၌ ဥစ္ဆေဒဒိဋ္ဌိအစွန်းငြိပုံ | ၅၅ |
| ၂၈။ | နာမ်ခန္ဓာလေးပါး၌ ဥစ္ဆေဒဒိဋ္ဌိအစွန်းလွတ်ပုံ | ၅၆ |

# မာတိကာ

## အခန်း (၂) ညာတပရိညာဉ်
## ခန္ဓာအရှိ သဘောသိ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မျက်စိအကြည်ရုပ်ရူပက္ခန္ဓာ၌ အမှန်ရှိမှုခယသဘာဝ | ၅၈ |
| ၂။ | မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ ကံ သင်္ခါရအရိပ်မျ | ၆၃ |
| ၃။ | မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ သဘာဝ ၁၃-ခုတို့ ပြည့်စုံမှုအရှိန် .... .... .... | ၆၆ |
| ၄။ | မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ ပင်ကိုယ်မူလ(ခယ) (ဝယ)သဘောမျ .... .... .... | ၆၇ |
| ၅။ | အဆင်းရူပက္ခန္ဓာ၌ အမှန်ရှိမှု (ခယ) သဘာဝ | ၇၀ |
| ၆။ | အဆင်းဓာတ်ရူပက္ခန္ဓာ ဥဘုသင်္ခါရအရှိန်အဝါမျ | ၇၂ |
| ၇။ | အဆင်းဓာတ်ရူပက္ခန္ဓာ၌ ဒိဋ္ဌိဝိစိကိစ္ဆာစင်ပုံ | ၇၅ |
| ၈။ | အဆင်းဓာတ်ရူပက္ခန္ဓာ၌ အတွင်းသဘောလေးခု၊ အပြင်သဘောလေးခုတို့ ပြည့်စုံညီညွတ်မှုအရှိန်စု | ၇၆ |
| ၉။ | အတွင်းသဘောလေးခု၌ လက္ခဏာသဘော ခွဲပြချက် .... .... .... | ၇၆ |
| ၁၀။ | အဆင်းဓာတ်၌ ပင်ကိုယ်မူလ ဝိရာဂဓာတ် | ၇၇ |
| ၁၁။ | နာမ်ခန္ဓာလေးပါးပေါ်ကြပုံ .... | ၇၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | နာမ်ခန္ဓာလေးပါး ပင်ကိုယ်မူလ ခယ,သဘာဝ | ၈၀ |
| ၁၃။ | နာမ်ခန္ဓာလေးပါး၌ ဒိဋ္ဌိဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒ ဒိဋ္ဌိများ သဘောအသိနဲ့ စင်ကြပုံ .... | ၈၂ |
| ၁၄။ | နာမ်ခန္ဓာလေးပါး ပေါ်လာနိုင်ပုံ .... | ၈၂ |
| ၁၅။ | နာမ်ခန္ဓာလေးပါး ပေါ်လာရပုံ ဥပမာပြချက် | ၈၄ |
| ၁၆။ | မျက်စိအကြည်ရုပ်နှင့် အဆင်းခာတ်တို့ အရှိန် | ၈၅ |
| ၁၇။ | ဝိညာဏက္ခန္ဓာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ခွဲပြချက် .... .... | ၈၉ |
| ၁၈။ | ပဝတ္တိအလိုအရ ဝိညာဏက္ခန္ဓာဖြစ်ပေါ်ရပုံ | ၉၃ |
| ၁၉။ | ဝေဒနက္ခန္ဓာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ခွဲပြချက် .... .... .... | ၉၆ |
| ၂၀။ | သညက္ခန္ဓာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ခွဲပြချက် .... .... .... | ၉၉ |
| ၂၁။ | သင်္ခါရက္ခန္ဓာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ခွဲပြချက် .... .... .... | ၁၀၂ |
| ၂၂။ | စက္ခုဒွါရ၌ ပေါ်ကြသည့် ခန္ဓာငါးပါးမျှသာ မှုထားပြချက် .... .... .... | ၁၀၅ |

# မာတိကာ

## အခန်း (၃) တိရစ္ဆာန် ပရိညာဉ်
## ခန္ဓာအစဉ် ရှုဥာဏ်မြင်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခန္ဓာငါးပါးသည် ဝိပဿနာဉာဏ်၏ အာရုံ | ၁၀၉ |
| ၂။ | ပစ္စုပ္ပန် ခန္ဓာငါးပါးသာ .... .... | ၁၀၉ |
| ၃။ | ခန္ဓာငါးပါးကို အနုပဿနာလေးပါးနှင့် ဝေဘန်ပြခြင်း .... .... | ၁၁၀ |
| ၄။ | အနုပဿနာလေးပါးစလုံးပင် မဂ်-ဖိုလ် ရောက်နိုင်ခြင်း .... .... .... | ၁၁၀ |
| ၅။ | ဝိညာဏက္ခန္ဓာခေါ် စိတ္တာနုပဿနာသာအဓိက | ၁၁၁ |
| ၆။ | အရှုခံစိတ် ပေါ်လာပုံနှင့် ဝေါဟာရအမည် | ၁၁၃ |
| ၇။ | အရှုခံစိတ်၏ သဘောလက္ခဏာ .... | ၁၁၅ |
| ၈။ | အရှုခံစိတ်၏ အမှန်သဘာဝ အနိစ္စ .... | ၁၁၅ |
| ၉။ | ဟုတွာ အဘာဝဖြစ်ပေါ်ပြီးမှ မရှိဖြစ်ရ အနိစ္စသာအဓိက .... | ၁၁၆ |
| ၁၀။ | နာမရူပ ပရိစ္ဆေဒဉာဏ် အခြေခံသာ | ၁၁၇ |
| ၁၁။ | ဒွါရအာရုံအလိုက် ပေါ်ကြသည့်စိတ်များ | ၁၁၈ |
| ၁၂။ | ဇောစိတ်မှန်သမျှ ရှုကြည့်ကြ .... | ၁၁၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ၆-ဒွါရမှာပေါ်လာသမျှ မလွတ်ရအောင် ရှုကြည့်ပေးကြ .... | ၁၁၉ |
| ၁၄။ | နာမ်ရုပ်ဖုံးအုပ်သည့် အဝိဇ္ဇာကွာပုံ .... | ၁၂၅ |
| ၁၅။ | ပရိယုဋ္ဌာန် ဒိဋ္ဌိကွာပုံ .... | ၁၂၅ |
| ၁၆။ | ပရမတ်ဿနကွာမှ ဝိပဿနာဉာဏ် .... | ၁၂၇ |
| ၁၇။ | ခယာနုပဿနာပြည့်စုံမှ အနုသယကွာ.... | ၁၂၉ |
| ၁၈။ | နာမရူပ ပရိစ္ဆေဒ ဉာဏ်မျှသာ .... | ၁၃၁ |
| ၁၉။ | နာမရူပ ပရိစ္ဆေဒဉာဏ် စိစစ်ပြချက် .... | ၁၃၂ |
| ၂၀။ | အချိန်ကာလ နေရာဌာနမရွေး ကြည့်ရှုနိုင်ပုံ | ၁၃၅ |
| ၂၁။ | သေမင်းလက်ချက်မဦးခင် ပြည့်စုံကြရမည် | ၁၃၇ |

# မာတိကာ

## အခန်း (၄) တိရစ္ဆာ ပရိညာဉ်
## ခန္ဓာအရှိ ရှုဉာဏ်သိ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပေါ်လာသမျှ စိတ်မှန်က ရှုဉာဏ်၏အာရုံ | ၁၄၁ |
| ၂။ | ပေါ်လာသမျှစိတ်မှန်က ပေါ်သည့်နေရာမှာပင် ပျက်စီးရ .... | ၁၄၁ |
| ၃။ | ပေါ်ပြီးပျက်စီးရ ခဏ သဘာဝအမှန် ရှုဉာဏ်နဲ့တွေ့ရ .... | ၁၄၃ |
| ၄။ | အရှုခံစိတ်၌ အမှန်ရှိမှု သဘာဝသုံးခု .... | ၁၄၇ |
| ၅။ | ကုန်ခန်းသွားရ အမှန်သဘာဝသာ ရှုဉာဏ်တွေ့ရ အဓိက .... | ၁၄၇ |
| ၆။ | ဝိပဿနာအန္တရာယ် ဖြစ်တတ်ဘွယ် .... | ၁၄၈ |
| ၇။ | လှူချင်စိတ်ကိုပင် မှုတင်၍ ဝိပဿနာ ဉာဏ်ဝင်ပြပုံ .... | ၁၅၀ |
| ၈။ | ကာလခြား၍ အတိတ်ဖြစ်သွားလျှင် ရှုကြည့်လို့မရ .... | ၁၅၂ |
| ၉။ | လှူချင်စိတ်ကလေး တွေ့နေသေးက ဝိပဿနာ အခြေခံဉာဏ် .... | ၁၅၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ခန္ဓာအရှိန့် ရှုဉာဏ်အသိ အန်ကျသွားမှု | ၁၅၄ |
| ၁၁။ | သမုဒယသစ္စာအကြောင်းအရ ဒုက္ခသစ္စာ အကျိုး ရုပ်နာမ်မျှ .... | ၁၅၆ |
| ၁၂။ | ဝိပဿနာဉာဏ်အခိုက် သမုဒယစင်ပုံ .... | ၁၅၇ |
| ၁၃။ | ဒုက္ခသစ္စာ သဘောတရား .... | ၁၆၃ |
| ၁၄။ | မဂ္ဂသစ္စာ သဘောတရား .... | ၁၆၃ |
| ၁၅။ | သမုဒယသစ္စာ သဘောတရား .... | ၁၆၄ |
| ၁၆။ | နိရောဓသစ္စာ သဘောတရား .... | ၁၆၅ |
| ၁၇။ | ဓမ္မဒေသနာဂါမျိုး တိုက်တွန်းချက် .... | ၁၆၆ |
| ၁၈။ | လှူချင်စိတ်ကိုမှုတင်၍ အခြားစိတ်များ ကိုလဲ ရှုရပုံ .... | ၁၆၇ |
| ၁၉။ | သံသရာ့ရန်သူ ၃-ဦး ဝင်ခွင့်မရ .... | ၁၇၁ |
| ၂၀။ | ရှုဉာဏ်အဟုန် အာသဝကုန် .... | ၁၇၅ |
| ၂၁။ | သစ္စာဖော်ထုတ် နိဂုံးချုပ် .... | ၁၈၃ |

# နိဒါန်း

ဟန္ဒ-ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ချစ်သားချစ်သမီးတို့၊ ယခု ငါဘုရား ပရိနိဗ္ဗာန်စံခါနီးအချိန် သင်တို့တတွေ နောက်ဆုံး စကား အနေနှင့် မှာထား ပြောကြား ခဲ့မယ်၊ ပြုပြင်မှု မကင်းလို့ ဖြစ်ပေါ်ခြင်း ရှိလာကြတဲ့ တရားတွေ ဆိုဒါ ပျက်စီး ကုန်ဆုံးရမဲ့ သဘောသာ ရှိကြဒါဘဲ၊ ဒီသင်္ခါရ တွေရဲ့ အပျက်သာ ကေန် အမှန်ရှိကြတဲ့ အချက်တွေကို မေ့မေ့ လျော့လျော့ ပေါ့ပေါ့ ဆဆ မနေကြဘဲ စဉ်းစား ဆင်ခြင်မှု သမ္ပဇာဉ် တရား လက်သုံး ထားပြီး နေရစ် ကြကုန်လော့ ဆိုတဲ့ မိန့်ခွန်းတော်....

အဇ္ဇေဝ ကိစ္စံ အာတပံ ကောဇညာ မရဏံသုဝေ၊
နဟိနော သင်္ကရမန္တေန မဟာသေနေန မစ္စုနာ။

မဂ်-ဖိုလ်-ကိစ္စ ပေါက်ရောက် နိုင်ကြောင်း ကောင်းမြတ် တဲ့ တရားများကို ယနေ့ပင်လျှင် တွင်တွင်ကြိုးကုတ် အားထုတ် ပြုလုပ် ကြရမည်၊ အရိုးပင်ကြေစေ၊ အရေပင် စုတ်စုတ် မဆုတ်တမ်းဆိုတဲ့ ဝိရိယ အစွမ်းနဲ့ တကယ်တမ်း ကြိုးပမ်းကြရမည်၊ နက်ဖြန် သဘက် မည်သည့် ရက်၌ ဆက်ဆက်မကွာ သေရမည် ဆိုဒါလဲ မည်သူ မည်ဝါမှ သေချာ တပ်အပ် မသိကြပေ၊ စစ်သည် အင်အား များပြားလေးခြင်း- ရှင်သေမင်းနဲ့ မယှဉ်း သတ်မှတ်၊ ရက်ပိုင်း ဖြတ်လဲ၊ တပ်အပ်ကေန် မရှိဒါအမှန်၊ ဖြစ်ကြပေတယ် ဆိုတဲ့မိန့်ခွန်း တော်၊ဒီမိန့်ခွန်းတော် စကားရပ်များနဲ့ သုံးလောကမျက်ရှု သဗ္ဗညု အစစ်ဓမ္မရာဇ် ဖြစ်တော်မူလတ် ရှင်တော်မြတ်ဘုရားကြီးက၊ ခါခါ

မပြတ် အထပ်ထပ် ဆုံးမတော်မူခဲ့ခြင်းမှာ မောဟ အဝိဇ္ဇာ ပိတ်ဆည်းဖုံးကွယ်မှု၊ လောဘတဏှာ မြှေးယှက်ငြိတွယ်မှု အရန့်၊ မြုပ်ချည်ပေါချည် စုန်ချည်ဆန်ချည် အလီလီနှင့် ဘယ်ဘုံ ဘယ်ဘဝ ဘယ်ဌာနမှာမှ အတည်တကျ မိမိရရ မရှိနိုင်ကြဘဲ၊ သုခ လွတ်ကင်း ဒုက္ခတွင်းမှာပင် နစ်မြုပ်ခြင်းကြီး နစ်မြုပ်ခါ နေကြရတဲ့ ဝေနေယျ သတ္တဝါတွေအပေါ် အခုလို နစ်မြုပ်ပြီးနေရာ ဒုက္ခဝဋ်ရှ သံသရာမှ မုချလွတ်မြောက်စေလိုတဲ့ ကြီးကဲ မွန်မြတ်လှစွာ မဟာကရုဏာ‌ဘော် အရသာဖြစ်ပါတယ်၊ ဒီမဟာကရုဏာတော်အရနှင့် ဝေနေယျသတ္တဝါတွေ သံသရာ ဝဋ်ဒုက္ခမှ မုချ လွတ်မြောက်နိုင်ကြစေရန် ရည်သန်မြွက်ဖော် ညွှန်ပြတော်မူခဲ့သည်မှာ(ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ၊ ဝိပဿနာ အယံဝုစ္စတိ၊ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ)လို့ ညွှန်ပြတော် မူခဲ့ပါတယ်၊ အဲဒါလို ညွှန်ပြတော်မူခဲ့တဲ့ မိန့်ခွန်းတော် စကားအရမှာဆိုလျှင်၊ ဝိပဿနာ ဘာဝနာပညာသာလျှင် သံသရာဒုက္ခဝဋ်မှ မုချ လွတ်မြောက်ပြီး၊ မဂ်ခရီးလမ်းအမှန် ကေန်ပင်ဖြစ်တာမို့ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ပါတယ်၊ ဒါကြောင့် ဝိပဿနာ ဉာဏ်ပညာ အရာမှာ တွေဝေကင်းပ အသိဉာဏ် လှကြဘို့ရာ ယထာဘူတ၊ ယထာဓမ္မ၊ ယထာသဘာဝဖြစ်ထိုက်တဲ့ အချက်များကို အကွက်ကျကျနဲ့ အခြေခံမှ စပြီး ဝေဘန်စီစစ်ခါ ရေးသားတော်မူပါဟု ရန်ကုန်မြို့ ကမ္ဘာအေး စန်းသော်တာရပ်ကွက်ရှိ တပည့် ယောဂီ တကာ၊ တကာမ အပေါင်းတို့က တောင်းပန်လျှောက်ထားချက်အရ ဤဓမ္မဝိသုဒ္ဓိ အခြေခံ ဝိပဿနာကျမ်းကို ရေးသားရခြင်း ဖြစ်ပေတယ်၊ ယခုလို ဓမ္မယောဂီ အပေါင်းတို့က ဝိပဿနာ ဉာဏ်အရာ အခြေခံမှ စပြီး ဝေဘန်စီစစ်ခါ ရေးသားတော်မူပါဟု တောင်းပန်လျှောက်ထား

ကြတာဖြစ်တော့၊ ဓမ္မယောဂီများအဘို့ ဝေဘန်ထောက်ထားပြီး အရင်းကျကျနဲ့ ရေးသား ဖော်ပြရလျှင် ပရိညာ (၃) ပါးရှိရာ ဉာတပရိညာကစပြီး ရေးသား ဖော်ပြရလိမ့်မယ်၊ ဒီဉာတပရိညာ အသိသဘောနဲ့ ဒိဋ္ဌိကို အရင်ခွါရမယ်၊ ဒါမှ ပရိညာ (၃) ပါး ရှေ့နောက်အစဉ်ကျလို့ ဓမ္မယောဂီများ အားထားကြတဲ့ ဝိပဿ နာ လုပ်ငန်း ပေါက်ရောက် အောင်မြင်ပြီး လိုရာခရီး ဆိုက်ရောက် နိုင်ကြမယ်၊ ဒါကြောင့် ဓမ္မယောဂီများ ဝိပဿနာ ဉာဏ်အရာ အခြေခံ အမှန်ဖြစ်ထိုက်တဲ့ ဉာတပရိညာ အခဏ်းမှာပင် (၁)နာမ်-ရုပ် နှစ်ပါးခွဲခြားသိရမှု၊ (၂) အကြောင်းနှင့်အကျိုး ဆက်သွယ် ပုံ သိရမှု၊ (၃) သဿတ ဉစ္ဆေဒဒိဋ္ဌိ နှစ်မျိုး အသိနဲ့ စဉ်နိုင်မှု၊ (၄) ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သဘောဉာဏ်ထဲမှာ ကွာနိုင်မှု၊ ကင်းနိုင် မှု အစရှိတဲ့ သဘော သဘာဝတွေကို ကြည့်ရှု ကြည်နူးဘွယ် ကောင်းလှတဲ့ ပတ္တမြားရတနာကို ဖွင့်လှစ်ပြီးပြတဲ့အလား မခြား တူစွာ လေ့လာ ကြည့်ရှုကြမည့် ဓမ္မယောဂီများ အဘို့ ဉာဏ် အမြင် သန့်ရှင်းပြီး လိုရာခရီး ဆိုက်ရောက်နိုင်ကြပါစေ၊ ပေါက် မြောက်နိုင်ကြပါစေဆိုတဲ့ စေတနာရှေ့ထားနဲ့ အခြေခံဝိပဿနာ ကျမ်းကို ဒေသနာ သဘာဝ အချက်များ အကွက်ကျကျ ထည့် သွင်းပြီး ရှင်းလင်းတိကျစွာ ရေးသားဖော်ပြတော့အံ့။

## အမှာ နိဒါန်း

ဤဓမ္မဝိသုဒ္ဓိ ဝိပဿနာ ဟောစဉ်ကျမ်းကို ကြည့်ရှု ကြသော ပုဂ္ဂိုလ်တို့ အထူးသတိပြုတော်မူကြစေလိုသည်မှာ၊ ဤကျမ်းသည် ရှုကြည့် လေ့လာ ကြမည့် ဓမ္မယောဂီတို့အား လိုအပ်သည့် ဓမ္မ သဘာဝ များကိုသာ လွယ်လွယ်ကူကူ ပေါ်ပေါ် လွင်လွင်နှင့် သဘောဉာဏ် သက်ဝင် နိုင်ကြဘို့ရာ အဓိကထားပြီး ဖော်ပြ

ရေးသားမည် ဖြစ်ပါသည်။ သို့ပါ၍ ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် စာဖတ်နိုင်ရုံမျှ ရှိကြသော ဓမ္မယောဂီ ပုဂ္ဂိုလ်ငယ်ကလေးများပင် ဤဟောစဉ်ကျမ်းကို ကြည့်ရှုရုံမျှနှင့် လိုအပ်သည့် ဓမ္မသဘာဝများကို လွယ်လွယ်ကူကူနှင့် သဘောပေါက်နိုင် ကြရန် အများအားဖြင့် ခေါ်ဝေါ် သုံးနှုန်းနေကြသော လောက ဝေါဟာရ စကား အသုံးများကိုပင် သုံးနှုန်းပြီး ဟောစဉ် အနေဖြင့် သာ ဖော်ပြ ရေးသား သွားမည် ဖြစ်ပါသဖြင့် စာရေးသားမှု စည်းကမ်းရပ်များနှင့် မကိုက်ညီသည့်အချက်များ တွေ့ရှိကြပါက ဤကျမ်းကား ကြည့်ရှုလေ့လာကြမည့် ဓမ္မယောဂီတို့ လိုအပ်သည့် ဓမ္မ သဘာဝများကိုသာ ပေါ်ပေါ် လွင်လွင်နှင့် သဘောဉာဏ် သက်ဝင်နိုင်ကြဘို့ရာ အဓိကထားပြီး ဟောစဉ်အနေဖြင့် ဖော်ပြ ရေးသားထားသည့် ကျမ်းပါကလားဟု အထူးသတိပြုကြ စေလိုပါသည်။ ထို့ပြင် အရာဌာန သက်ရောက်သည့် အားလျော်စွာ ထည့်သွင်း ဖော်ပြ သွားမည့် သာဓက ပါဠိများ၏ ဆိုလိုရင်း အဓိပ္ပါယ်သဘောများကိုသာ အများနားလည်ကြရန် မြန်မာပြန် အနေနှင့် ဖော်ပြရေးသားသွားပါမည်။ ထိုကဲ့သို့ ဖော်ပြရေးသား ရာ၌လည်း အလွန်ပင် ကျယ်ဝန်း၍ နက်နဲခက်ခဲ သိမ်မွေ့လှသော အဘိဓမ္မာ ဒေသနာ ပရမတ္ထ သဘာဝများကို မိမိ ဉာဏ်မှီသမျှ ဖော်ပြရေးသားမည် ဖြစ်ပါသဖြင့် ယင်းကဲ့သို့ ဖော်ပြ ရေးသား ထားသည့် ဓမ္မသဘာဝများ၌လည်းဓမ္မယောဂီများနှင့်တကွ ပညာရှင်တို့ ဉာဏ်စက္ခုအမြင်နှင့် ပိုသွားတယ်ဟု ထင်မြင်ပါက ပယ်ဖျက်၍၊ လိုသေးတယ်ဟု ထင်မြင်ပါက ဖြည့်စွက်၍ ကြည့်ရှု လေ့လာ ကျင့်သုံးတော် မူကြပါရန် မေတ္တာ ရပ်ခံအပ် ပါကြောင်း၊ ဓမ္မယောဂီများနှင့်တကွ ပညာရှင် သူတော်စင်အပေါင်းတို့....

## အခန်း ( ၁ ) ညာတပရိညာဉ်
## ခန္ဓာပေါ်တွင် သဘောမြင်

### ၁။ ရတနတ္တယ ပဏာမ

နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ။

ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားသိမြင်၊ သုံးဘော်သခင် မြတ်ရှင်ပင်အား။ နမော၊ ဇောစေတနာ သဒ္ဓါကြည်လင် ငါးအင်ဝန္ဒန သက္ကစ္စဖြင့် တုပ်ကွရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဓမ္မဿ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဘော် တရားတော်အား။ နမော၊ စေတနာ ရှေ့တင် သဒ္ဓါယှဉ်၍ ကြည်လင်မြတ်နိုး ရှိခိုးပါ၏။

သံဃဿ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန် အရိယာ မြတ်သံဃာအား။ နမော၊ ကာယဝစီ မနောချီလျက် သုံးလီဒွါရ ပဏာမဖြင့် ကြည်စွာသဒ္ဓါ ရှိခိုးပါ၏။

---

### ၂။ အာစရိယ ပဏာမ

နမော အာစရိယဿ

အာစရိယဿ၊ ကျောက်ထီးတန္တု အလေးပြုအပ်သော ကျေးဇူးတော် သခင် ဆရာတော် အရှင်မြတ်အား။ နမော၊ ကျေးဇူးဃော၊ မြောက်များစွာကို ခါခါစေ့စေ့ ကြံအောက်မေ့လျက် နှစ်သက်လှစွာ ဦးနှိမ်ပါ၏။

# ၃။ အပါယ်လေးပါး ဒုဂ္ဂတိသံသရာမှ လွတ်မြောက်မှုအဓိက

(အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ တဏှာသံယောဇနာနံ)ဆိုတဲ့ မိန့်ခွန်းတော်မြတ် စကား အရ၊ အဝိဇ္ဇာနီဝရဏ ပိတ်ဆီး ကာကွယ်မှု တဏှာသံယောဇဉ်ငြိတွယ်မြှေးယှက်မှုအရနဲ့ အစမထင်နိုင်လောက်အောင် ရှည်လျားလှတဲ့ သံသရာကြီးဆိုဒါ ဒုဂ္ဂတိသံသရာ၊ သုဂတိသံသရာရယ်လို့ နှစ်မျိုး နှစ်စား ရှိတယ်။ ဒီတော့ ဒုဂ္ဂတိသံသရာဆိုဒါ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ် အဲဒီ အပါယ်လေးဘုံကို ဒုဂ္ဂတိ သံသရာလို့ ဆိုတယ်။ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည် နှစ်ဆယ် အဲဒီ သုဂတိ ၂၇-ဘုံကို သုဂတိသံသရာလို့ ခေါ်ဆိုရတယ်။ ဒီလို သုဂတိသံသရာ-ဒုဂ္ဂတိသံသရာရယ်လို့ သံသရာနှစ်မျိုးနှစ်စား ရှိတဲ့ အနက်က ဒုဂ္ဂတိသံသရာဆိုတာ (စတ္တာရော အပါယာသက ဂေဟာသဒိသာ)သတ္တဝါတွေ အမြဲနေရာနေအိမ်နဲ့ တူတယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားခဲ့တယ်။ ဒါကြောင့် သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်လိုကြတဲ့ သူတော်စင် အသင် ဓမ္မယောဂီတို့မှာ နံပါတ် (၁) အမြဲနေရာ နေအိမ်နှင့်တူတဲ့ အပါယ်လေးပါး ဒုဂ္ဂတိ သံသရာကြီးထဲက အလွတ် ရုန်းထွက် နိုင်ကြဘို့အချက်ဟာ အသင် ဓမ္မယောဂီများရဲ့ လိုရင်း အချုပ် အဓိကအချက်ကြီးဘဲလို့ ဆိုတာ သဘောဥာဏ် သက်ဝင် ထားရမယ်။

## ၄။ သက္ကာယဒိဋ္ဌိ ပယ်သတ်ရန် အရေးကြီးပုံ

အထက်ဖော်ပြပါ အပါယ်လေးပါး၊ ဒုဂ္ဂတိ သံသရာကြီးထဲက အလွတ်ရုန်းထွက်နိုင်ကြဘို့ အချက်ကတော့–

သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ
သီလဗ္ဗတံဝါပိ ယဒတ္ထိကိဉ္စိ
စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော။

သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ-ဆိုတဲ့ အဲဒီဆိုးညစ်ယုတ်မာတဲ့ တရားတွေ ထုတ်ခွါ ပယ်ခွင်းပြီး အမြစ်ပါ မကြွင်းအောင် သန့်ရှင်းစွန့်ချလိုက်ရင်ဖြင့် စိုးစဉ်းအနည်းငယ်မျှ ကိလေသာ အညစ်အကြေးငြိထွေးကပ်တွယ်မှုရှိသေးသော်လည်းအပါယ်လေးပါး ဒုဂ္ဂတိသံသရာကြီးထဲက အမြဲအနိစ္စ ကင်းလွတ်ရတော့ပြီ အလွတ်ရုန်းထွက်နိုင်ကြပြီ။ ဒီလို ရှင်တော်ဘုရားဟောထားခဲ့တာဖြစ်တော့ ဓမ္မယောဂီတို့မှာ ဟောဒီ သက္ကယဒိဋ္ဌိဆိုတဲ့ တရားယုတ်ကို ပယ်ထုတ် ကြရလိမ့်မယ်။ သူတို့ ညာတပရိညာအရ သိမှုနဲ့အရင်ပယ်ထုတ် ရလိမ့်မယ်။ နောက် တီရဏပရိညာအရ ကျင့်မှုနဲ့ ပယ်ထုတ် ရလိမ့်မယ်။ ပဟာနပရိညာကျတော့ အမြစ်ပါ ပြုတ်တော့ဒါဘဲ။ ဒီကျမှ အပါယ်လေးပါး ဒုဂ္ဂတိ သံသရာကြီးထဲက အမြဲနိစ္စ ကင်းလွတ်သွားနိုင်ကြဒါ။ ဒါကြောင့်–

သတ္တိယာဝိယ ဩမဋ္ဌော
ဍယှမာနောဝ မတ္ထကေ
သက္ကာယဒိဋ္ဌိ ပဟာနာယ
သတောဘိက္ခု ပရိဗ္ဗဇေ။

ရင်ဝ လုံစူးတဲ့သူမှာ စူးဝင်တဲ့လုံကို နောက်မှ နုတ်သင့်တယ်၊ သက္ကာယဒိဋ္ဌိ တရားယုတ်ကို အရင် ပယ်နုတ် ပစ်ရမည်၊ ဦးခေါင်းထက် မီးလောင်တဲ့သူဟာ လောင်တဲ့မီးကို နောက်မှ ဖြေးဖြေးငြိမ်းသင့်တယ်၊ သက္ကာယဒိဋ္ဌိ တရားယုတ်ကို အရင် ခွါပစ်ရမယ်၊ အဲဒါ ရှင်တော်ဘုရား ဟောထားခဲ့ဒါ၊ သံယုတ် ပါဠိတော်မှာ ဒါလို သက္ကာယဒိဋ္ဌိတရားယုတ်ကို အရေးတကြီး ခွါထုတ်ပစ်ဘို့ရာ ရှင်တော်ဘုရား ဩဝါဒ ပေးတော်မူခြင်းဟာ အသင်ဓမ္မယောဂီများနှင့်တကွ ရှိရှိသမျှ သတ္တဝါ အားလုံးတွေ အပါယ်လေးပါး ဒုဂ္ဂတိ သံသရာကြီးထဲက အမြဲနိစ္စ ကင်းလွတ် သွားနိုင်ကြဘို့ လိုလားတော်မူတဲ့ မဟာ ကရုဏာတော် အရဘဲ ဖြစ်တယ်၊ ဒီတော့ ဓမ္မယောဂီများအဘို့ နံပါတ် (၂) သက္ကာယ ဒိဋ္ဌိဆိုတဲ့ တရားယုတ်ကို ညာတပရိညာအရ အသိသဘောနဲ့ အရင်ခွါထုတ်ပစ်ကြရလိမ့်မယ်။

---

## ၅။ သက္ကာယနှင့် ဒိဋ္ဌိကွာခြားမှု

သို့ဒီသက္ကာယဒိဋ္ဌိ တရားယုတ်ကို အရင် ခွါထုတ်ပစ်ရမှာ ဖြစ်တော့ ဒီသက္ကာယဒိဋ္ဌိဆိုတဲ့ မာဂဓစကားကို မြန်မာ ဝေါဟာရ စကားအသုံးနဲ့ ဒီလိုမှတ်သား နားလည်မှု ရှိထားကြရမယ်။

၁။ သက္ကာယ။ ၂။ ဒိဋ္ဌိ ၂-ပုဒ်ခွဲထား။

(၁) အရ ပရမတ်သဘောအားဖြင့် ထင်ရှားကေန် အမှန်ရှိကြတဲ့ နာမ်-ရုပ်နှစ်ပါး၊ တနည်း ခန္ဓာငါးပါးကို သက္ကာယလို့ မှတ်ထားကြ။ ဒါ့ထက် ကျဉ်းကျဉ်း ပြောရရင် နာမ်ရုပ် နှစ်ပါးကို

သက္ကာယလို့ မှတ်ထားကြ။ ။တနည်း ခန္ဓာ ငါးပါး ကို သက္ကာယလို့ မှတ်ထားကြ၊ အတူတူပါဘဲ၊ အကျဉ်းနဲ့အကျယ်ဘဲ ကွဲဒါရှိတယ်။

(၂) အရ အထင်အမြင် မှားယွင်းမှုသဘောကို ဒိဋ္ဌိလို့မှတ်ထားကြ၊ ဒီတော့ အထင်အမြင်မှားဒါဟာ ဒိဋ္ဌိဘဲဆိုတာ တိုတိုနှင့် သဘောမိထားကြဘို့ဘဲ။သက္ကာယ+ဒိဋ္ဌိနှစ်ခုပေါင်းပြီး ဓမ္မယောဂီများ ခပ်တိုတို လိုရင်းမိလောက်ရုံ ဒီလိုမှတ်ထားကြ။

နာမ်-ရုပ်နှစ်ပါးကို ငါဘဲလို့ထင်ဒါ၊ တနည်း ခန္ဓာငါးပါးကို ငါဘဲလို့ ထင်ဒါ အဲဒါ သက္ကာယ ဒိဋ္ဌိလို့သာ မှတ်ကြတော့၊ တဖန် သက္ကာယက နာမ်-ရုပ်နှစ်ပါး ဒိဋ္ဌိက အမြင်အထင်မှားဒါ၊ ဒါလိုလဲခွဲပြီး မှတ်ကြ။

ဒီတော့ ရှေ့ကို သက္ကာယ အမည် မသုံးတော့ဘူး၊ ဒိဋ္ဌိအမည် တလုံးနဲ့ဘဲ အသုံးပြုပြီး ပြောသွားမယ်။

---

## ၆။ ဒိဋ္ဌိငြိတွယ်ရာ ငါးသွယ်သော ခန္ဓာ

ဒီအထင်အမြင်မှားယွင်းမှုဆိုတဲ့ ဒိဋ္ဌိဟာ သက္ကာယခေါ် ခန္ဓာ ငါးပါးအပေါ်မှာဘဲ တွယ်ဘတ်တယ်၊ ဒီအပြင် ဘယ်မှာမှ ဒိဋ္ဌိ ငြိတွယ်တာမဟုတ်ဘူး၊ ဒီခန္ဓာငါးပါး အပေါ်မှာပင် သူငြိတွယ်တာဘဲ၊ အဲဒါဓမ္မယောဂီများ ပေါ်လွင်သွားအောင် ပြောဦးမယ်၊ ငါ့မျက်စိဘဲ၊ ငါ့နားဘဲ၊ ငါ့ခြေဘဲ၊ ငါ့လက်ဘဲ၊ ငါ့ဦးခေါင်းဘဲ စသည်ဖြင့် ထင်မှတ်ကြဒါဟာ ရူပက္ခန္ဓာပေါ် ငြိဘဲ့ ဒိဋ္ဌိလို့မှတ်ကြ။ ငါဝမ်းသာလိုက်တာ၊ ငါဝမ်းနည်းလိုက်တာ၊ ငါစိတ်ဆင်းရဲ

လိုက်တာ၊ ငါ စိတ်ချမ်းသာလိုက်တာ စသည်ဖြင့် ထင်မြင်စွဲယူကြဒါ၊ ဒါက ဝေဒနက္ခန္ဓာပေါ်ငြိတဲ့ ဒိဋ္ဌိလို့ မှတ်ကြ။ ငါအမှတ်အသားကောင်းတယ်၊ ဘယ်တော့မှ မေ့လျော့တယ်လို့ မရှိဘူး၊ ငယ်စဉ်က ဟာတွေ အခု အချိန်အထိ ငါ မှတ်မိသေးတယ်၊ ငါ့သညာ အင်မတန်ကောင်းတယ် စသည်ဖြင့် ထင်မှတ်မှုများက သညာက္ခန္ဓာပေါ်ငြိတဲ့ ဒိဋ္ဌိလို့ မှတ်ကြ။

ငါစေတနာအလွန်ကောင်းတယ်၊ ငါပေးချင်ကျွေးချင်တယ်၊ လှူချင် တန်းချင်တယ်၊ ငါ အင်မတန် စေတနာ ထက်သန်တယ် စသည်ဖြင့် စေတနာကို ငါလို့ ထင်မှတ်ကြ၊ ဒါက သင်္ခါရက္ခန္ဓာပေါ် ငြိတဲ့ ဒိဋ္ဌိလို့ မှတ်ကြ။

ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါသိတယ်စသည်ဖြင့် ဝိညာဉ်ကို ငါလို့ထင်မြင်ကြဒါက ဝိညာဏက္ခန္ဓာပေါ်ငြိတဲ့ ဒိဋ္ဌိလို့ မှတ်ကြ။

ဒီတော့ ဒိဋ္ဌိဟာ ခန္ဓာငါးပါး အပေါ်မှာပင် သူငြိဒါဘဲ။ (စောရနဂရံသက္ကာယော)နာမ်ရုပ်နှစ်ပါး ခန္ဓာငါးပါးဟာ ဒိဋ္ဌိခိုးသူနေတဲ့မြို့ကြီးနဲ့တူသတဲ့။ အဲဒါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ပြောဒါ။ ဒီဒိဋ္ဌိဟာ ဘာပြုလို့ ခန္ဓာငါးပါး အပေါ် သူငြိရတာလဲဆိုရင် ခန္ဓာရှိလို့ သူငြိဒါ၊ တနည်း ခန္ဓာအရှိကို မသိလို့ သူငြိနိုင်ဒါ။ မသိဒါက အဝိဇ္ဇာ ငြိဒါက ဒိဋ္ဌိ၊ ခန္ဓာမှာရှိတဲ့ သဘာဝအမှန်ကို မသိတော့ ဒီဒိဋ္ဌိက ငြိတော့ဒါဘဲ၊ ဒီလိုအမြွက်မျှ မှတ်ခဲ့ကြဦး။ ခန္ဓာအရှိကို မသိလို့ ဒိဋ္ဌိကငြိတယ်ဆိုတော့ ခန္ဓာအရှိကို ဓမ္မယောဂီများက သိကြဘို့လိုတယ်။ ခန္ဓာအရှိကို သိကြရင် ဒီဒိဋ္ဌိစင်မှာဘဲ။ ခန္ဓာအရှိကို သိကြရမယ်ဆိုတော့ ခန္ဓာပေါ်ရာကို ပဌမ

သိကြရမယ်။ နောက် ခန္ဓာပေါ်နိုင်ဒါ၊ နောက် ခန္ဓာပေါ်လာ တာကို သိကြရမယ်။ခန္ဓာပေါ်ဒါသိတော့ ခန္ဓာရဲ့အရှိကို သဘော မိကြမယ်၊ ခန္ဓာအရှိကို သဘောမိတော့ ဒိဒ္ဌိက ခန္ဓာပေါ် မငြိ နိုင်တော့ဘူး။

---

## ၇။ ခန္ဓာဖြစ်ရာ ခြောက်ဌာန

ဒါကြောင့် ခန္ဓာပေါ်ရာကို ပဌမ သိကြဘို့ အချက်က-

၁။ စက္ခုဒွါရ—မျက်စိအကြည်မှာ ခန္ဓာငါးပါး ပေါ်တယ်။

၂။ သောတဒွါရ—နားအကြည်မှာ ခန္ဓာငါးပါးပေါ်တယ်။

၃။ ဃာနဒွါရ—နှာခေါင်းအကြည်မှာ ခန္ဓာငါးပါး ပေါ် တယ်။

၄။ ဇိဝှါဒွါရ—လျှာအကြည်မှာ ခန္ဓာငါးပါး ပေါ်တယ်။

၅။ ကာယဒွါရ—ကိုယ်အကြည်မှာ ခန္ဓာငါးပါးပေါ်တယ်။

၆။ မနောဒွါရ—စိတ်အကြည်မှာ ခန္ဓာငါးပါးပေါ်တယ်။

အဲဒီဒွါရ (၆-ပါး) မှာပင် လှည့်ပြီး ခန္ဓာငါးပါး ပေါ်ကြ ဒါဘဲ။ ဒီဒွါရ ၆-ပါးကလဲလို့ ခန္ဓာငါးပါးပေါ်နိုင်တာ မဟုတ် ဘူး။ ဒီဒွါရ ၆ ပါးမှာပင် အသီးသီးလှည့်ပြီး ခန္ဓာငါးပါးပေါ် ဒါဘဲလို့ မှတ်ထားကြ။ ဒီနေရာမှာ ဒွါရဆိုဒါ တံခါးပေါက်လို့ မှတ်ကြ။ တံခါးပေါက်ဆိုသော်လည်း အဆီးအတားမရှိဘဲ ဟင်း လင်း ပေါက်တဲ့ အပေါက်မျိုး မဟုတ်ဘူး၊ မှန်တံခါးများလို ကြည်လင် နေဒါလို့ မှတ်ရမယ်။ ဒါကြောင့် စက္ခုဒွါရ မျက်စိ အကြည်လို့ ပြောလိုက်တာ။

ဒါက ခန္ဓာငါးပါးပေါ်ရာဌာနကို ပြလိုက်တာလို့ မှတ်ကြ။

## ၈။ ဖြစ်ပေါ်ထိုက်သော ခန္ဓာ

ပေါ်ထိုက်တဲ့ ခန္ဓာငါးပါးအရကတော့

၁။ မျက်စိအကြည်က ရူပက္ခန္ဓာ၊ ခံစားမှုသဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားမှုသဘောက သညက္ခန္ဓာ၊ စေ့ဆော်မှုသဘောက သင်္ခါရက္ခန္ဓာ၊ မြင်မှုသဘောက ဝိညာဏက္ခန္ဓာ၊ အဲဒါ မျက်စိအကြည်မှာ ပေါ်ထိုက်တဲ့ ပေါ်ကြတဲ့ ခန္ဓာငါးပါး။

၂။ နား အကြည်က ရူပက္ခန္ဓာ၊ ခံစားမှုသဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားမှုသဘောက သညက္ခန္ဓာ၊ စေ့ဆော်မှု သဘောက သင်္ခါရက္ခန္ဓာ၊ ကြားသိမှုသဘောက ဝိညာဏက္ခန္ဓာ၊ အဲဒါက သောတဒွါရခေါ် နားအကြည်မှာ ပေါ်ထိုက်တဲ့ ပေါ်ကြတဲ့ ခန္ဓာငါးပါး။

၃။ နှာခေါင်း အကြည်က ရူပက္ခန္ဓာ၊ ခံစားမှု သဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားမှု သဘောက သညက္ခန္ဓာ၊ စေ့ဆော်မှု သဘောက သင်္ခါရက္ခန္ဓာ၊ နံသိမှု သဘောက ဝိညာဏက္ခန္ဓာ၊ အဲဒါက ဃာနဒွါရခေါ် နှာခေါင်းအကြည်မှာ ပေါ်ထိုက်တဲ့ ပေါ်ကြတဲ့ ခန္ဓာငါးပါး။

၄။ လျှာအကြည်က ရူပက္ခန္ဓာ၊ ခံစားမှုသဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားမှုသဘောက သညက္ခန္ဓာ၊ လှုံ့ဆော်မှုသဘောက သင်္ခါရက္ခန္ဓာ၊ စားသိမှုသဘောက ဝိညာဏက္ခန္ဓာ၊ အဲဒါ ဇိဝှါဒွါရခေါ် လျှာအကြည်မှာ ပေါ်ထိုက်တဲ့ ပေါ်ကြတဲ့ ခန္ဓာငါးပါး။

၅။ ကိုယ်အကြည်က ရူပက္ခန္ဓာ၊ ခံစားမှုသဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားမှုသဘောက သညက္ခန္ဓာ၊ လှုံ့ဆော်မှုသဘော

က သင်္ခါရက္ခန္ဓာ၊ ထိ-သိမှုသဘောက ဝိညာဏက္ခန္ဓာ၊ အဲဒါက ကာယဒွါရခေါ် ကိုယ်အကြည်မှာ ပေါ်ထိုက်တဲ့ ပေါ်ကြတဲ့ ခန္ဓာငါးပါး။

၆။ ရုပ်သဘောဓါတ်က ရူပက္ခန္ဓာ၊ ခံစားမှုသဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားမှုသဘောက သညက္ခန္ဓာ၊ လှုံ့ဆော်တိုက်တွန်းမှု သဘောက သင်္ခါရက္ခန္ဓာ၊ ကြံသိမှု သဘောက ဝိညာဏက္ခန္ဓာ၊အဲဒါက မနောဒွါရခေါ် စိတ်အကြည်မှာပေါ်ထိုက်တဲ့ ပေါ်ကြတဲ့ ခန္ဓာငါးပါး။ အဲဒါက ပေါ်ထိုက်တဲ့ ခန္ဓာငါးပါးကို ပြလိုက်တာ။

---

## ၉။ ဖြစ်ပေါ်နိုင်မှု သဘာဝ

ဒါလို ခြောက်ဒွါရ ခြောက်ဌာနမှာပင် ပေါ်လာကြတဲ့ ခန္ဓာငါးပါးတို့မှာ ပေါ်နိုင်မှု သဘာဝရှိရမယ်၊ ပေါ်နိုင်မှု သဘာဝ ရှိလို့သာ သူတို့ပေါ်လာကြရတာ၊ ဒီတော့ ခန္ဓာငါးပါးတို့ ပေါ်နိုင်မှု အရင်းကျကျ သဘာဝကို ဓမ္မယောဂီများ သိထား ကြရဦးမယ်၊ တဆင့်တက်ပြီးတော့ သိထားကြဖို့ လိုသေးတယ်၊ ဒီတော့ နောက်နားက မျက်စိအကြည်မှာ ပေါ်ကြတဲ့ ခန္ဓာငါး ပါး ပြထားခဲ့ပြီ။

အဲဒီ ခန္ဓာငါးပါး အနက်က မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ၊ ပေါ်နိုင်မှု အရင်းကျကျ သဘာဝကတော့ ကံ သင်္ခါရလို့သာ မှတ်ကြ။ ဒီကံသင်္ခါရ သဘာဝအရ၊ ဓမ္မယောဂီများမှာ ဟောဒီ မျက်စိအကြည်ရုပ်ခေါ် ရူပက္ခန္ဓာ ပေါ်ရတာ။

သာသနာရေး ဦးစီးဌာန
စာကြည့်တိုက်

ဒီတော့ ပေါ်နိုင်မှုသဘာဝ ကံသင်္ခါရ၊ ဒီပေါ်နိုင်မှုသဘာဝ ကံသင်္ခါရ အရ၊ ပေါ်လာတာက မျက်စိ အကြည်ရုပ်ခေါ် ရူပက္ခန္ဓာဘဲ၊ ဒါလိုဖြစ်တော့ ခပ်တိုတို မှတ်ထားကြ။

ပေါ်နိုင်မှုသဘာဝက ကံသင်္ခါရ။
ပေါ်လာမှုရှိတာက ခန္ဓာသဘာဝ။

ဒါဖြင့် ဓမ္မယောဂီများ က ဟောဒီ ပေါ်နိုင်မှု ကံသင်္ခါရ သဘာဝထဲမှာ ငါ ရှိ,မရှိ ဆိုဒါ သဘောမိအောင် ကြည့်ပေးကြ ရမယ်၊ ပေါ်နိုင်မှု ကံသင်္ခါရ သဘာဝထဲမှာ ငါမရှိဒါ ကဖြင့် ထင်ရှား နေဒါပါဘဲ။ ဒီပေါ်နိုင်မှု ကံသင်္ခါရ သဘာဝထဲမှာမှ ငါမရှိဒါ ထင်ရှားနေတော့ ဒီပေါ်လာမှု ခန္ဓာသဘာဝထဲမှာလဲ ငါမရှိဒါ ငါမပါဒါကတော့ဖြင့် ထင်ရှားနေပြန်ဒါပါဘဲ၊ အဲဒါ ကိုလဲ ဓမ္မယောဂီများက သဘောမိအောင် ကြည့်ပေးကြရမယ်။

---

## ၁၀။ ပရမတ္ထ သစ္စာဉာဏ်ရောက်မှု

ပေါ်နိုင်အောင် ဆောင်ရွက်မှု၊ ကံ သင်္ခါရအရ ပေါ်လာတဲ့ ခန္ဓာ သဘာဝသာ အမှန် ရှိဒါဘဲ၊ ဒီအမှန်ရှိတဲ့ ခန္ဓာသဘာဝ ပေါ် ဓမ္မယောဂီများ သဘောဉာဏ်ပေါက်ရင် အဲဒါ သမုတိ သစ္စာ လွန်မြောက်ပြီး၊ ပရမတ္ထသစ္စာ ရောက်ထာဘဲလို့ မှတ်ကြ။ တနည်းပြောရရင် မျက်စိ အကြည်ရုပ်ခေါ် ရူပက္ခန္ဓာ အပေါ် ငါ-ဆိုတဲ့ ထင်မှားမှုအကြမ်းစား ဒိဋ္ဌိကွယ်ပျောက်ပြီး၊ ပရမတ္ထ သစ္စာနယ်ရောက်တာလို့ မှတ်ကြ၊ ပရမတ္ထ သစ္စာနယ်ရောက်ရင် ကလျာဏ ပုထုဇဉ်ဖြစ်တော့ဒါဘဲ။

ဒါက မျက်စိ အကြည် (ခေါ်) ရူပက္ခန္ဓာအပေါ် ငါဆိုတဲ့ ထင်မှားမှု အကြမ်းစားဒိဋ္ဌိကွယ်ပျောက်နိုင်ရန် ခန္ဓာသဘာဝပေါ် သဘောဉာဏ် ဆိုက်ပြလိုက်တာ၊ ဒါနဲ့ အလားတူ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ ရုပ်သဘော ဓာတ် ခေါ် ရုပ်ခန္ဓာများ အပေါ်မှာလဲ ငါဆိုတဲ့ ထင်မှားမှု အကြမ်းစား ဒိဋ္ဌိ မငြိနိုင်အောင် အထက်က ပြောခဲ့တဲ့ အတိုင်း သဘော မိအောင် ကြည့်ပေးကြ။ ကြည့်ပေးကြလို့ သဘော ဉာဏ်မိရင် အဲဒါ ကလျာဏ ပုထုဇဉ် ဖြစ်တော့တာဘဲ။

အခုပြောခဲ့ဒါက ခြောက်ဒွါရ-ခြောက်ဌာနမှာပင် ပေါ်လာ ကြတဲ့ ခန္ဓာငါးပါး အနက်က ရူပက္ခန္ဓာ အတွက်ဘဲ ပြောလိုက် တာ၊ ရူပက္ခန္ဓာအပေါ် ငါဆိုတဲ့အကြမ်းစား ဒိဋ္ဌိ မငြိနိုင်ရုံ ခွါပြ လိုက်တာလို့ မှတ်ကြ။

---

## ၁၁။ မျက်စိအကြည်၌ ပေါ်ကြသည့် ခန္ဓာငါးပါး

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊ အဲဒါ ရှင်တော်ဘုရား ဟော ထားတဲ့စကားတော်ဘဲ။စက္ခုဒွါရခေါ် မျက်စိအကြည်နဲ့ အဆင်း ဓာတ် တိုက်ဆိုင် မိတဲ့အခါ သူတို့နှစ်ခု တိုက်ဆိုင်မှုကို အစွဲပြုပြီး မျက်စိ အကြည် ပေါ်မှာ မြင်သိစိတ် ပေါ်လာတယ်၊ သူ့ကို ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်။ အဆင်းကို ခံစားမှုသဘောလဲပေါ် တယ်၊ သူ့ကိုတော့ ဝေဒနက္ခန္ဓာ အဆင်းကို မှတ်သားမှုသဘော

လဲ ပေါ်တယ်၊ သူ့ကိုတော့ သညက္ခန္ဓာ အဆင်းကို မြင်အောင် စေ့ဆော်မှုသဘောလဲ ပေါ်တယ်၊ သူ့ကိုတော့ သင်္ခါရက္ခန္ဓာသို့ ခေါ်ရတယ်။

ဒီ နာမ်ခန္ဓာလေးပါးတို့ဟာ မျက်စိအကြည်နဲ့ အဆင်းခေတ် တိုက်ဆိုင်လိုက်တာနဲ့ တပြိုင်နက် မျက်စိ အကြည်ပေါ်မှာ မရေး မနှောင်း တပေါင်းတည်း ပေါ်လာကြတာဘဲ၊ မျက်စိအကြည်နဲ့ အဆင်းခေတ်က အကြောင်း သဘာဝ ရုပ်နှစ်ခုလို့ မှတ်ကြ။ ဒီအကြောင်းသဘာဝ ရုပ်နှစ်ခု တိုက်ဆိုင်မှုအရ အကျိုးသဘာဝ နာမ် ခန္ဓာ လေးပါး ပေါ်လာဒါ၊ ဒီတော့ အကြောင်းသဘာဝ ရုပ်နှစ်ခုက ရူပက္ခန္ဓာ၊ အကျိုးသဘာဝ နာမ်လေးခုက နာမ်ခန္ဓာ လေးပါးပေါင်းလိုက်တော့ ခန္ဓာငါးပါးတူရာပေါင်းပြီး အကျဉ်း ချုပ်လိုက်တော့ နာမ်-ရုပ်နှစ်ပါးဘဲ ရှိတယ်။

ဒီနာမ်-ရုပ် နှစ်ပါးဘဲ ပေါ်ကြဒါ၊ ရုပ်-နာမ် နှစ်ပါး အပြင် ငါဘဲလို့ ထင်မြင်စရာ ဘာမှ မပါမရှိကြဒါကဖြင့် အမှန်ပါဘဲ။

နာမရူပ မတ္တတော - ဥဒ္ဓံအညော သတ္တောဝါ
ပုဂ္ဂလောဝါ ဒေဝေါဝါ - ဗြဟ္မာဝါ နတ္ထိ။

ရုပ်-နာမ် နှစ်ပါးထက် အလွန် နာမ်-ရုပ် နှစ်ပါးက လွဲလို့ သတ္တဝါဘဲ၊ ပုဂ္ဂိုလ်ဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲ၊ ထင်စရာ - မြင်စရာ ဘာမှမရှိပါဘူးတဲ့၊ အဲဒါ အဋ္ဌကထာကပြတဲ့ စကားလို့မှတ်ကြ။ ဒါကြောင့် မျက်စိအကြည်မှာ ပေါ်လာတဲ့ ရုပ်-နာမ် ခန္ဓာထဲမှာ ငါမပါဒါ-ငါမရှိဒါ၊ ဓမ္မယောဂီများ သဘောမိထားကြရမယ်။

ဒီလို သဘောမိကြရင် ပေါ်လာတဲ့ ခန္ဓာအသုင်ကို ငါလို့ ထင်မြင်မှားယွင်းမှု အကြမ်းစားဒိဋ္ဌိ ခန္ဓာမှာ မငြိနိုင်တော့ဘူး။

ခန္ဓာမှာငြိတဲ့ အကြမ်းစား ဒိဋ္ဌိအသိနဲ့ဖြင့် စင်သွားပြီလို့ မှတ်ကြ။ ဒါက မျက်စိအကြည်မှာ ပေါ်လာကြတဲ့ ခန္ဓာငါးပါးအရ ရှင်းပြလိုက်တာ။

---

## ၁၂။ နားအကြည်၌ ပေါ်ကြသည့် ခန္ဓာငါးပါး

(သောတဉ္စ ပဋိစ္စသဒ္ဒေစဉပ္ပဇ္ဇတိ၊ သောတဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာဝေဒနာ)သောတဒွါရခေါ် နားအကြည်နဲ့ အသံခေတ် တိုက်ဆိုင်မိတဲ့အခါ သူတို့နှစ်ခု တိုက်ဆိုင်မှုကို စွဲပြီး နားအကြည်ပေါ်မှာ ကြားသိစိတ် ပေါ်လာတယ်၊ သူ့ကို ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်။ အသံကို ရွေးချယ်မှုသဘောလဲ ပေါ်တယ်၊ သူ့ကျတော့ ဝေဒနက္ခန္ဓာ။ အသံကိုမှတ်သားမှုသဘောလဲ ပေါ်တယ်၊ သူက သညက္ခန္ဓာ။ အသံကိုကြားရအောင် စေ့ဆော်မှု သဘောလဲ ပေါ်တယ်၊ သူ့ကိုတော့ သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်။ ဒီ ခန္ဓာလေးပါးတို့လဲ နားအကြည်နဲ့ အသံခေတ် တိုက်ဆိုင်တာနဲ့ တပြိုင်နက် နားအကြည်ပေါ်မှာ အတူတကွ တပေါင်းထဲ ပေါ်လာကြဒါဘဲ၊ ဘယ်သူကရှေ့၊ ဘယ်သူက နောက်ရယ်လို့ မရှိကြဘူး၊ တခါနိ်ထဲ အတူတူ ပေါ်ကြတာဘဲ။ ဒီမှာလဲ နား အကြည်နဲ့ အသံခေတ်က အကြောင်းသဘာဝ ရုပ်နှစ်ခုလို့ မှတ်ကြ။ အဲဒီ အကြောင်းသဘာဝ ရုပ်နှစ်ခု တိုက်ဆိုင်မှုအရ၊ အကျိုး သဘာဝ နာမ်လေးစု ပေါ်ကြဒါ။

ဒီတော့ အကြောင်း သဘာဝ အကျိုးသဘာဝမျှဘဲ ရှိတယ်။ ဒီအထဲမှာ ငါမပါဘူး၊ ငါမရှိဘူး၊ တနည်းဆိုရသော် အကြောင်း

သဘာဝရုပ်နှစ်ခုက ရုပက္ခန္ဓာ၊ အကျိုးသဘာဝ နာမ်လေးခုက နာမ်ခန္ဓာလေးပါး၊ ဒီတော့ ခန္ဓာငါးပါးသာအမှန်ရှိတယ်။ ငါလို့ ဆိုစရာ မရှိဒါ့အမှန်။

ဒါထက် ချုံ့လိုက်တော့ နာမ်-ရုပ် နှစ်ပါးဘဲ ပေါ်ကြဒါ၊ ရှိကြဒါ အမှန် နာမ်-ရုပ် နှစ်ပါးအပြင် ငါထင်စရာ၊ ငါမှတ်စရာ အမှန် မရှိကြဘူး၊ နာမ်-ရုပ် နှစ်ပါးသာ အမှန် ရှိကြတယ်။ ဒါကြောင့် နားအကြည်မှာ ပေါ်လာကြတဲ့ ရုပ်-နာမ် ခန္ဓာထဲမှာ ငါမပါဒါ၊ ငါမရှိဒါ၊ အမှန်ကို သဘောဉာဏ်ထဲ မိလာအောင် ကြည့်ပေးကြရမယ်၊ သဘောဉာဏ်မှာမိရင် အသိနဲ့ဖြင့် ဒိဋ္ဌိစင်နေပြီ။ ခန္ဓာပေါ် ငါဘဲလို့ထင်မှတ်ပြီး ငြိနေတဲ့ ဒိဋ္ဌိအသိသဘောနဲ့တော့ စင်နေပြီလို့ မှတ်ကြ။ ပြီးတော့ ငါမပါဒါ၊ ငါမရှိဒါဖြစ်တဲ့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ(သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ၊ သောတဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ) လို့ ရှင်တော်ဘုရား မိန့်ခွန်းတော်အရ၊ နားအကြည်နဲ့ အသံခတ်တိုက်ဆိုင်မှုရှိလို့သာ ပေါ်လာကြဒါ။ ဘယ်ကမှလာကြဒါမဟုတ်ဘူး၊ ဘယ်သူမှ လုပ်ပေးဒါမဟုတ်ဘူး၊ ဒီရုပ်နှစ်ခု တိုက်ဆိုင်မှုအကြောင်းအရ ပေါ်လာကြဒါဘဲလို့ သဘောဉာဏ် ပိုင်ပိုင်နဲ့ ဆုံးဖြတ်နိုင်ကြရမယ်၊ ဒါလိုဆုံးဖြတ်နိုင်လျှင် နာမ်ခန္ဓာ လေးပါး အပေါ် ယုံမှားမှုသဘောအသိနဲ့ စင်ပြန်တယ်၊ မာဂဓလို ပြောတော့ ဝိစိကိစ္ဆာအသိနဲ့ စင်ဒါလို့မှတ်ကြ။ ပြီးတော့ ငါမပါ၊ ငါမရှိ၊ ဒါ အမှန်ဖြစ်တဲ့ နားအကြည်ခေါ် ရုပက္ခန္ဓာဟာလဲ (ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံက ဋတ္တာစရုပါနံ ကမ္မပစ္စယေန ပစ္စယော)လို့ ပဋ္ဌာန်းပါဠိတော်လာ မိန့်ခွန်းတော် စကားအရ၊ ကံစီမံမှုအရနဲ့ ပေါ်လာရဒါ၊ ဘယ်သူမှလုပ်ပေးဒါ မဟုတ်

ဘူး၊ ဘယ်ကမှလဲ လာခဲ့တာ မဟုတ်ဘူး။ ကမ္မပစ္စယောအရ ကံ စီမံမှု အကြောင်းရှိလို့ ပေါ်လာရဒါဘဲလို့ ဓမ္မယောဂီများ သဘောဉာဏ်ခိုင်ခိုင်နဲ့ ဆုံးဖြတ်ချက် ချနိုင်ရမယ်၊ဒါလိုသဘောထဲ ဆုံးဖြတ်ချက် ချနိုင်သွားရင် နှာအကြည်ခေါ် ရူပက္ခန္ဓာအပေါ် ယုံမှားမှုသဘောအသိနဲ့စင်တယ်၊ မာဂဓလိုပြောတော့ ဝိစိကိစ္ဆာ အသိနဲ့ စင်တယ်လို့ မှတ်ကြ။ ဒါက နှာအကြည်မှာ ပေါ်လာ ကြတဲ့ ခန္ဓာငါးပါး အပေါ် ယုံမှားမှု ရှိတဲ့ ဝိစိကိစ္ဆာ ငါထင်မှု ဒိဋ္ဌိ အမှားသဘောများ အသိနဲ့ စင်နိုင်ရန် ရှင်းပြလိုက်ထာလို့ မှတ်ကြ။

---

## ၁၃။ နှာခေါင်းအကြည်၌ ပေါ်ကြသည့် ခန္ဓာငါးပါး

(ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ) ဃာန ဒွါရခေါ် နှာခေါင်း အကြည်နဲ့ အနံ့ဓါတ် တိုက်ဆိုင်မိတဲ့အခါ သူတို့နှစ်ခု တိုက်ဆိုင် မှုကို စွဲပြီး နှာခေါင်း အကြည်ပေါ်မှာ နံသိစိတ် ပေါ်လာတယ်၊ သူက ဝိညာဏက္ခန္ဓာ။ အနံ့ကိုခံစားမှု သဘောလဲပေါ်တယ်၊ သူက တော့ ဝေဒနက္ခန္ဓာ။ အနံ့ကို မှတ်သားမှု သဘောလဲ ပေါ်တယ်၊ သူကတော့ သညက္ခန္ဓာ။ အနံ့ကို နံအောင်လုံ့ဆော်မှု သဘောလဲ ပေါ်တယ်၊ သူကျတော့ သင်္ခါရက္ခန္ဓာလို့ ခေါ်ရတယ်။

ဒီခန္ဓာလေးပါးတို့လဲ နှာခေါင်း အကြည်နဲ့ အနံ့ဓာတ် တိုက် ဆိုင်မိဒါနဲ့ တပြိုင်နက် နှာခေါင်းအကြည်ပေါ်မှာ တချိန်ထဲအတူ

ပေါ်လာကြဒါဘဲ။ တချိန်ထဲအတူပေါ်လာကြပြီး အနံ့ကို သိမှုကိစ္စဝိညာဉ်က ဆောင်ရွက်တယ်။ အနံ့ကို ခံစားမှုကိစ္စဝေဒနာက ဆောင်ရွက်တယ်၊ အနံ့ကို မှတ်သားမှု ကိစ္စ သညာက ဆောင်ရွက်တယ်။ အနံ့နံအောင် လှုံ့ဆော်မှုကိစ္စ၊ စေတနာဖဿ အစရှိတဲ့ သဘောများက ဆောင်ရွက်ကြတယ်။ အဲဒါလို နှာခေါင်းအကြည်နဲ့ အနံ့ဓာတ် တိုက်ဆိုင်မိတိုင်း ဒီသဘောလေးတွေက သူတို့ဘက် ဆိုင်ရာ ကိစ္စအသီးသီးကလေးတွေကို ဆောင်ရွက်ကြဒါဘဲရှိတယ်။ ဒီတော့ ဓမ္မယောဂီများ သဘောမိကြဘို့က ဒီအနံ့ကို သိဒါက ဝိညာဏ်သဘော၊ ငါသွားပြီးမနေ့ောနဲ့။ ဒီအနံ့ ကောင်းတယ် - မကောင်းဘူး ဆိုဒါက ဝေဒနာ သဘော၊ ငါသွားပြီးမနေ့ောနဲ့။ ဒီအနံ့က ဘာနံ့ဘဲ-ညာနံ့ဘဲ ဆိုဒါက သညာ သဘော၊ ငါသွားပြီးမနေ့ောနဲ့။ ဒီအနံ့ကိုနံနိုင်ဒါက ဖဿစေတနာ အစရှိတဲ့ သင်္ခါရသဘော၊ ငါသွားပြီးမနေ့ောနဲ့။ ဒီလိုခန္ဓာရဲ့ သဘောထဲ ငါသွားပြီး မနေ့ောကြရင် (ဝါ) ငါလို့ဆိုစရာ ဘာမှမရှိပါကလားလို့ သဘောမိကြရင် အဲဒါ ဓမ္မယောဂီများ ဒိဋ္ဌိစင်ဒါဘဲ၊ ဒီခန္ဓာများအပေါ် အသိနဲ့ဖြင့် ဒိဋ္ဌိမငြိတော့ဘူး၊ ဒီဒိဋ္ဌိအသိနဲ့ စင်ပြီလို့မှတ်ကြ။ ပြီးတော့ ငါလို့ ဆိုစရာ ဘာမှ မရှိကြတဲ့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ ဘယ်သူတဦးတယောက်ကမှ ဖန်ဆင်း ပေးလိုက်တာ မဟုတ်ဘူး။ သူတို့သဘောအလိုနဲ့လဲ ပေါ်လာကြဒါမဟုတ်ဘူး။(ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ)လို့ ရှင်တော်ဘုရား ဟောထားခဲ့တယ်။ ဒီတော့ သူတို့ဟာ နှာခေါင်းအကြည်နဲ့ အနံ့ဓာတ် တိုက်ဆိုင်မှု အကြောင်းအရ အကြောင်း ရှိလို့သာ ပေါ်လာကြဒါ။ ဘယ်သူ တဦး တရှင်ကမှလဲ ဖန်ဆင်း ပေးဒါ မဟုတ်ဘူး။ သူတို့ သဘောနဲ့လဲ ပေါ်ချင်တိုင်း ပေါ်နိုင် ကြဒါ

မဟုတ်ဘူး၊ နှာခေါင်း အကြည်နဲ့ အနံ့ဓာတ် ခေါ် ဒီ ရုပ်နှစ်ခု၊ တိုက်ဆိုင်မှု အကြောင်းရှိလို့ ပေါ်နိုင် ကြဒါဘဲ။ အဲဒါလို မမ္မယောဂီများက သဘောဉာဏ် မိထားကြရမယ်။ ဒါလိုသဘော ဉာဏ်မိရင် ဒီနာမ်ခန္ဓာလေးပါးအပေါ် ယုံမှားမှုသဘောအသိနဲ့ စင်ပြီလို့ မှတ်။ မာဂဓလို့ ပြောတော့ ဝိစိကိစ္ဆာအသိနဲ့ စင်ဒါလို့ မှတ်ကြ။ ပြီးတော့ သူ-ငါဆိုစရာ ဘာမှမပါတဲ့ နှာခေါင်းအကြည် ခေါ် ရူပက္ခန္ဓာဟာလဲ၊ (ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော) ကံ-က ကျေးဇူးပြုလို့ အကျိုး ပစ္စယုပ္ပန် အနေနဲ့ ဒီရုပ်သဘာဝ ရူပက္ခန္ဓာ ပေါ်လာရဒါ၊ ဒီတော့ သူလဲ ဘယ်သူတဦးတရှင်ကမှ ဖန်ဆင်းပေးဒါ မဟုတ်ဘူး။ ကံ-က ကျေးဇူးပြုလို့ (ဝါ) ကံ အကြောင်းရှိလို့ ပေါ်လာ ကြဒါဘဲ။ အဲဒါကိုလဲ မမ္မယောဂီများ သဘောဉာဏ်မိရမယ်။ အဲဒါ သဘောဉာဏ်မိရင် နှာခေါင်း အကြည်ခေါ် ရူပက္ခန္ဓာအပေါ် ယုံမှားမှုသဘောစင်ပြီ ဝိစိကိစ္ဆာ စင်ပြီ အသိနဲ့စင်ဒါလို့ မှတ်ထားကြ။ ဒါက ဃာနဒွါရ ခေါ် နှာခေါင်း အကြည်မှာ ပေါ်လာကြတဲ့ ခန္ဓာငါးပါး အပေါ် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အသိနဲ့ စင်နိုင်ကြရန် ရှင်းပြလိုက်တဲ့စကားဘဲလို့ မှတ်ကြ။ လိုရင်းအချုပ် တိုတိုနဲ့သဘောမိဘို့က ၁။ ဩဇာ-ပေါ် လာကြတဲ့ မမ္မသဘောကလေးတွေဟာ သူတို့သက်ဆိုင်ရာ အသီး သီး ကလေးတွေကို ဆောင်ရွက်ကြဒါဘဲ ရှိတယ်။ အဲဒါလောက် သဘောမိရင် ဒိဋ္ဌိမငြိတော့ဘူး။ ဒီခန္ဓာအပေါ် အမှား သဘော ဒိဋ္ဌိမငြိတော့ဘူး အသိနဲ့စင်ပြီလို့ မှတ်ကြ။

အခုလို သက်ဆိုင်ရာ ကိစ္စအသီးသီးလေးတွေ ဆောင်ရွက်နိုင် အောင် ပေါ်လာကြရဒါကလဲ သူတို့မှာ သက်ဆိုင်ရာ အကြောင်း ရှိကြတယ်။ ဩဇာ-သက်ဆိုင်ရာ အကြောင်းအရ ပေါ်လာနိုင်ကြ

ဒါပါကလားလို့ အဲဒါလောက် သဘောမိရင် ဒီပေါ်လာတဲ့ ခန္ဓာများအပေါ် ယုံမှားမှု ဝိစိကိစ္ဆာမဖြစ်နိုင်တော့ပါဘူး၊ အဲသိနဲ့ စင်ပြီလို့မှတ်ကြ။ အဲဒါ တို့သဘောမိထားကြဖို့ဘဲ။

---

## ၁၄။ လျှာအကြည်၌ ပေါ်လာကြသည့် ခန္ဓာငါးပါး

(ဇိဝှါစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ) ဒါလိုဟောထားခဲ့တဲ့ ရှင်တော်ဘုရား မိန့်ခွန်းတော်စကားအရက၊ လျှာအကြည်နဲ့ အရသာဓာတ် တိုက်ဆိုင်မှုကိုစွဲပြီး ဇိဝှါဝိညာဉ်ခေါ်စားသိစိတ်ပေါ်တယ်၊ ဒီရုပ်ဓာတ် နှစ်ခု နာမ်ဓာတ်တခု ဤသုံးခုတို့ ပေါင်းဆုံမိတဲ့အခါ ဖဿပေါ်တယ်၊ ဖဿကြောင့် ဝေဒနာ ပေါ်တယ်၊ အဲဒါက ဓေသနက္ကမအရ၊ ဒေသနာအစဉ်နဲ့ ဟောထားခဲ့ဒါ။

ပဝတ္တိက္ကမအားရ ဖြစ်စဉ်ကတော့၊ လျှာ အကြည်နဲ့ အရသာ ဓာတ် တိုက်ဆိုင်မိတဲ့အခါ အဲဒီရုပ်ဓာတ်နှစ်ခု တိုက်ဆိုင်မှုကို စွဲပြီး လျှာအကြည်ပေါ်မှာ စားသိစိတ် ပေါ်လာတယ်၊ ဝိညာဏက္ခန္ဓာ လို့ခေါ်ကြ။ အရသာကို ခံစားမှု သဘောလဲ ပေါ်လာတယ်၊ သူ့ကိုဝေဒနက္ခန္ဓာလို့ ခေါ်ကြ။ အရသာကို မှတ်သားမှုသဘော လဲပေါ်လာတယ်၊ သူ့ကိုတော့ သညက္ခန္ဓာလို့ ခေါ်ကြ။အရသာ ကို စားအောင် လှုံ့ဆော်မှုသဘောလဲ ပေါ်တယ်၊ သူ့ကိုတော့ သင်္ခါရက္ခန္ဓာလို့ ခေါ်ကြ။ အဲဒီနာမ်ခန္ဓာ လေးပါးတို့လဲ လျှာ

အကြည့်နဲ့ အရသာဓာတ်တိုက်ဆိုင်မိဒါနဲ့တပြိုင်နက် လျှာအကြည့်
ပေါ်မှာ တချိန်ထဲအတူတွဲပြီး ပေါ်လာကြဒါဘဲ၊ဘယ်သူကမှ ရှေ့
ရယ်၊ နောက်ရယ် ရှိနေကြဒါမဟုတ်ဘူး။ တချိန်ထဲ အတူတူတွဲပြီး
ပေါ်ကြဒါဘဲ၊ အဲဒါပဝတ္တိက္ကမအရ ဖြစ်စဉ်လို့ မှတ်သားကြ။
အဲဒါလိုတချိန်ထဲအတူတူတွဲပြီးပေါ်လာကြတဲ့ နာမ်ခန္ဓာလေးပါး
တို့ဟာ (နိသတ္တ နိဇ္ဇီဝ သဘာဝါ) သတ္တဝါလဲ မဟုတ်ကြဘူး၊
အသက်လဲ မဟုတ်ကြဘူး၊ သဘောတရားကလေးတွေ လောက်ဘဲ
ရှိကြတယ်၊ ဥပါဒ်-ဌီ-ဘင် အနေနဲ့ သင်္ခတ အသွင်သဘောတော့
ရှိကြတယ်၊ ဒီသင်္ခတအသွင်ကို ဓမ္မယောဂီများက ငါမဆင်ကြဘို့
အရေးကြီးတယ်။ အဲဒီ သင်္ခတအသွင်ရှိကြတဲ့ သဘောကလေးတွေ
ထဲက အရသာကို သိမှုက ဝိညာဉ်ရဲ့ကိစ္စ သင်္ခတအသွင် ငါမထင်
ကြနဲ့။ အရသာကို ခံစားမှုက ဝေဒနာရဲ့ကိစ္စ သင်္ခတ အသွင်ဘဲ၊
အဲဒါ ငါမထင်ကြနဲ့။ ငါ စားကောင်းလိုက်ထာ၊ ငါ စား
မကောင်းဘူးဆိုရင် သင်္ခတအသွင်ကို ငါထင်ဒါဘဲလို့ မှတ်ကြ။
စားကောင်းတယ်၊ စားမကောင်းဘူးဆိုဒါ ဝေဒနာရဲ့ကိစ္စ သင်္ခတ
အသွင်ကလေးဘဲ၊ အဲဒါ ငါ မထင်ကြနဲ့။ အရသာကို မှတ်သား
မှုက သညာရဲ့ကိစ္စ သင်္ခတအသွင်ဘဲ၊ ငါဝင်မရှုပ်စေနဲ့။ ဒီအရသာ
ကလေး ငါမှတ်မိသားဘဲ၊ ဘာ အရသာကလေးဘဲဆိုရင် အဲဒါ
သင်္ခတအသွင်ထဲ ငါဝင်ရှုပ်ထာဘဲလို့ မှတ်ကြ။ ငါဝင်ရှုပ်က မုချ
ဒုက္ခတွေ့ကြမယ်၊ ဒါကြောင့် ဘာဘဲ၊ ညာဘဲစသည်ဖြင့် မှတ်သား
မှုက သညာရဲ့ကိစ္စ၊ သင်္ခတ အသွင်ကလေးဘဲ၊ အဲဒါ ဓမ္မယောဂီ
များက ငါမထင်ကြနဲ့၊ ငါဝင်မရှုပ်စေကြနဲ့။ အရသာကို စား
ကောင်းအောင် လှုံ့ဆော်မှု သဘောက စေတနာ သင်္ခါရရဲ့ကိစ္စ၊
သင်္ခတ အသွင်ဘဲ၊ ငါမထင်ကြနဲ့၊ ငါဝင်မရှုပ်စေကြနဲ့။ အဲဒါ

ဓမ္မယောဂီများ အရေးပါတဲ့ အချက်ဘဲဆိုဒါ သဘောမိထားကြ ရမယ်။

အခုလို သူတို့သက်ဆိုင်ရာ ကိစ္စအသီးသီးတွေကို ဥပါဒ်-ဌီ-ဘင် အနေနဲ့ ဆောင်ရွက်ကြတဲ့ သင်္ခတ အသွင်ကလေးတွေ ငါမထင် ကြရင်၊ ငါမဝင်ကြရင် ဒိဋ္ဌိစင်ပြီ ဒီသဘောကလေးတွေ အပေါ် ငါဘဲလို့ ငြိနေတဲ့ ဒိဋ္ဌိအသိနဲ့ ဖြင့် စင်ပြီဆိုဒါမှတ်ကြ။ ပြီးတော့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ သူတို့သက်ဆိုင်ရာ ကိစ္စတွေကို အသီး သီး ဆောင်ရွက်ပြီး ဥပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ ပေါ်လာ နိုင်ကြဒါက၊ ဇီဝှါစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇီဝှါဝိညာဏံ)ဆိုတဲ့ ရှင်တော်ဘုရား စကားတော်အရ၊ လျှာ အကြည်နဲ့ အရသာဓာတ် တိုက်ဆိုင်မှု အကြောင်း ရှိလို့သာ ပေါ်လာကြဒါ။ ဒီရုပ်ဓာတ် နှစ်ခု တိုက်ဆိုင်မှု အကြောင်း ရှိလို့သာ ဥပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ ပေါ်လာပြီး သက်ဆိုင်ရာကိစ္စအသီးသီးတွေကို ဆောင် ရွက် နိုင်ကြ ဒါဘဲလို့ ဒီနာမ် ခန္ဓာ လေးပါးတို့ရဲ့ အကြောင်း သဘာဝကိုလဲ အသိ ပိုင်ထား ကြရမယ်။ ဒါလို အကြောင်း သဘာဝကို အသိပိုင်ကြရင်၊ ဒီနာမ်ခန္ဓာ လေးပါးအပေါ် တွေး တော ယုံမှားမှု ဝိစိကိစ္ဆာ အသိသဘောနဲ့စင်ပြီး ဒီအကြောင်း သဘာဝ ရှိလို့သာ ဒီအကျိုး သဘော ရှိလာနိုင်ဒါ။ အဲဒါလို သိလိုက်တော့ ဝိစိကိစ္ဆာ ဆိုတဲ့ အညစ် အကြေးဟာ ဒီအကျိုး နာမ်ခန္ဓာလေးပါးအပေါ် မငြိနိုင်တော့ဘူး၊ အသိနဲ့ စင်သွားပြီ ဆိုဒါမှတ်ထားကြ။ ပြီးတော့ ဒီနာမ်ခန္ဓာလေးပါးတို့ရဲ့အကြောင်း သဘာဝဖြစ်တဲ့ လျှာ အကြည်ရုပ်ကလဲ ကံ-က လုပ်လိုက်ထာ၊ ကံ အကြောင်းရှိလို့သာ သူပေါ်နိုင်ဒါ၊ အဲဒါလို လျှာအကြည်ရုပ် ရူပက္ခန္ဓာရဲ့ အကြောင်းသဘာဝကိုလဲ သဘော မိထားကြရမယ်။

ဒီအကြောင်း သဘာဝကို သဘော မိကြရင် လျှာ အကြည် ရုပ် ရူပက္ခန္ဓာအပေါ် ယုံမှားမှု ဝိစိကိစ္ဆာစင်သွားပြီ အသိ သဘောနဲ့ စင်ဒါလို့ မှတ်ကြ။

အခုပြောခဲ့ဒါက ဇိဝှါဒွါရခေါ် လျှာ အကြည်မှာ ပေါ် လာကြတဲ့ ခန္ဓာလေးပါး၊ တနည်း နာမ်ခန္ဓာ လေးပါး အပေါ် အထင်မှားမှု ဒိဋ္ဌိနဲ့ယုံမှားမှု ဝိစိကိစ္ဆာတရားနှစ်ပါး သဘောအသိနဲ့ စင်သွားနိုင်ပုံကို ပြောခဲ့ဒါ၊ ဓမ္မယောဂီများကလဲ သဘောအသိနဲ့ အရင်စင်သွားနိုင်အောင် လေ့လာ ပေးကြပေါ့။ ဒါမှသာ ဒုက္ခ နိရောခ သွားရာလမ်းကြောင်း ဖြောင့်ကြမယ်၊ မှန်ကြမယ်။

---

## ၁၅။ ကိုယ်အကြည်၌ ပေါ်ကြသည့် ခန္ဓာငါးပါး

(ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဉပ္ပဇ္ဇတိ ကာယဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ) ကာယ ဒွါရခေါ် ကိုယ် အကြည်နဲ့ အတွေ့ခံတတ် တိုက်ဆိုင်မိတော့ ဒီရုပ်ခံတတ်နှစ်ခု တိုက် ဆိုင်မှုကိုစွဲပြီး အတွေ့ခံတတ် တိုက်ဆိုင်ရာ ကိုယ်အကြည် ပေါ်မှာ တွေ့-သိစိတ် ပေါ်လာတယ်၊ သူ့ကို ဝိညာဏက္ခန္ဓာလို့မှတ်ကြ။ အတွေ့ကို ခံစားမှု သဘောလဲ ပေါ်တယ်၊ သူ့ကိုတော့ ဝေဒနက္ခန္ဓာလို့မှတ်ကြ။ အတွေ့ကိုမှတ်သားမှုသဘောလဲ ပေါ် တယ်၊ သူ့ကိုတော့ သညက္ခန္ဓာလို့ မှတ်ကြ။ အတွေ့ကို ထိအောင် စေ့ဆော်မှု သဘောလဲပေါ်တယ်၊ သူ့ကိုတော့ သင်္ခါရက္ခန္ဓာလို့ မှတ်ကြ။အဲဒီနာမ်ခန္ဓာလေးပါးတို့လဲ ကိုယ်အကြည်နဲ့အတွေ့ခံတ်

တိုက်ဆိုင်ဒါနဲ့အမျှ အတွေ့ဓာတ်တိုက်မိတဲ့ ကိုယ်အကြည်ပေါ်မှာ မကွေ့မကွာ ယှဉ်တွဲပြီး ပေါ်လာကြဒါဘဲ။ သူတဖုံ ငါတမျိုးရယ်လို့ ကွဲပြားပြီး ပေါ်လာကြဒါ မဟုတ်ဘူး။ ကိုယ်အကြည်မှာ တိုက်ခိုက်လာတဲ့ အတွေ့ဓာတ်၊ အာရုံကလေးကိုဘဲ ရှေ့ရှု ညွတ်ကိုင်းပြီးတော့ တညီတညွတ်ထဲ ယှဉ်တွဲ ပေါ်လာကြဒါဘဲ။

ဒါလို အတွေ့ဓာတ် အာရုံကလေးကိုဘဲ ရှေ့ရှု ညွတ်ကိုင်းပြီး တညီတညွတ်ထဲ ယှဉ်တွဲခါပေါ်လာကြတဲ့ ဒီ နာမ်-ခန္ဓာလေးပါးတို့ဟာ သူတို့သက်ဆိုင်ရာ ကိစ္စလေးတွေကို အသီးအသီး ဆောင်ရွက်ကြဒါဘဲ။ အခုလို ပေါ်လာကြတဲ့ ဓမ္မကလေးတွေက သက်ဆိုင်ရာ ကိစ္စလေးတွေကို ဥပါဒ်-ဋ္ဌီ-ဘင်သခ်တအသွင်နဲ့ အသီးအသီး ဆောင်ရွက်ကြတဲ့ အချက်တွေထဲ ငါဝင်မစွက်ကြနဲ့၊ ခန္ဓာတွေဆောင်ရွက်တဲ့ အချက်ထဲ ငါဝင်ပြီး မစွက်ဖက်မှုဟာ ဓမ္မယောဂီများ အရေးကြီးတဲ့ အချက်ပါဘဲ။

ဒီနာမ်ခန္ဓာလေးပါးတို့က သူတို့သက်ဆိုင်ရာ ကိစ္စလေးတွေကို အသီးအသီး ဆောင်ရွက်ကြဒါကတော့ ကိုယ်အကြည်မှာ တိုက်ခိုက်လာတဲ့ အတွေ့ဓာတ် ကလေးကို သိဒါက ဝိညာဏက္ခန္ဓာရဲ့ ဆောင်ရွက်ချက်ဘဲ၊ အဲဒါလို ငါပူတယ် ငါအေးတယ်လို့ ထင်ရင် ဝိညာဏက္ခန္ဓာ ဆောင်ရွက်ချက်ထဲ ငါဝင်စွက်ထာလို့ မှတ်ကြ။ အတွေ့ဓာတ်ကို ခံစားမှုက ဝေဒနက္ခန္ဓာရဲ့ ဆောင်ရွက်ချက်ဘဲ၊ အဲဒါကိုလဲ ငါ ပူလိုက်ထာ မကောင်းပါဘူး၊ ငါ အေးဒါမှ ကောင်းတယ်၊ ငါသာ ခံစားခွင့် ရှိတယ် စသည်ဖြင့် ထင်ရင် ဝေဒနက္ခန္ဓာ ဆောင်ရွက်ချက်ထဲ ငါ ဝင်ပြီး စွက်ထာ ဘဲလို့ မှတ်ကြ။

အတွေ့ခေတ်ကို မှတ်သားမှုက သညာက္ခန္ဓာရဲ့ ဆောင်ရွက်ချက်ဘဲ၊ အဲဒါကိုလဲ ဘယ်အတွေ့ခေတ်ကလေးက ခံသာခွင့် ရှိတယ်၊ ငါမှတ်မိသားဘဲ၊ ဒီအတွေ့သဘောလေး ငါမှတ်မိတယ် စသည်ဖြင့် ထင်ရင်၊ အဲဒါ သညာက္ခန္ဓာ ဆောင်ရွက်ချက်ထဲ ငါဝင်ပြီးစွက်တာဘဲ၊ အတွေ့ခေတ်ကို တွေ့အောင် လှုံ့ဆော်မှု သဘောက သင်္ခါရက္ခန္ဓာရဲ့ ဆောင်ရွက်ချက်ဘဲ၊အဲဒါကိုလဲ ဒါကလေးက အခုအထိတွေ့နေနိုင်တယ်၊ တွေ့နေနိုင်ဒါဟာ ငါဘဲလို့ ထင်ရင် သင်္ခါရက္ခန္ဓာရဲ့ဆောင်ရွက်ချက်ထဲ ငါဝင်ပြီး စွက်လိုက်ထာလို့ မှတ်ကြ။

ဒါလို ငါ ဝင် မစွက်မိကြအောင် ခန္ဓာရဲ့ ဆောင်ရွက်ချက်ကလေးတွေကို အထက်က ပြောခဲ့တဲ့အတိုင်း သဘောမိထားကြ၊ ဒီခန္ဓာ ဆောင်ရွက်ချက် ကလေးတွေကို သဘောမိကြရင်ဖြင့် ဓမ္မယောဂီများ ဒိဋ္ဌိအသိန္ဒဲ့ စင်ပြီလို့ မှတ်ကြ၊ ဒီခန္ဓာများ အပေါ် ငါထင်မှု ဒိဋ္ဌိစင်သွားပြီ၊ အသိန္ဒဲ့ဖြင့် စင်သွားတော့ဒါပါဘဲ။

ဖေါ်ဋ္ဌဗ္ဗာရုံခေါ် အတွေ့ခေတ်တိုက်ခိုက်ရာဖြစ်တဲ့ ကာယဒွါရ ကိုယ်အကြည်ခေါ် ရူပက္ခန္ဓာက တိုက်ခိုက်လာတဲ့ အတွေ့ခေတ်ကလေးကို ဆွဲဆောင်ဒါဘဲ၊ ဒါ့ကြောင့် အတွေ့ခေတ်ကလေးကို တွေ့မှုက ကိုယ်အကြည်ခေါ် ရူပက္ခန္ဓာရဲ့ ဆောင် ရွက် ချက်ဘဲ၊ အဲဒါကို ငါ့လက်၊ ငါ့ခြေ၊ ငါ့ကိုယ်ကလေးက ဘယ်အရာဝတ္ထုမျိုးမဆို တွေ့လို့ရတယ်လို့ ထင်ရင် ရူပက္ခန္ဓာ ဆောင်ရွက်ချက်ထဲ ငါဝင်ပြီး စွက်ထာလို့သာ မှတ်ကြ။

ဒါလို ငါဝင်မစွက်မိကြအောင် အတွေ့ခေတ်ကလေး တွေ့နိုင်ဒါက ရူပက္ခန္ဓာရဲ့ ဆောင်ရွက်ချက်ပါကလားဆိုဒါ သဘောမိကြရမယ်၊ အဲဒါသဘောမိကြရင် ဒီကိုယ်အကြည်ခေါ် ရူပက္ခန္ဓာ

အပေါ် ငါထင်မှု ဒိဋ္ဌိအသိနဲ့ဖြင့် မငြိနိုင်တော့ဘူး စင်ပြီလို့သာ မှတ်ကြ။

ပြီးတော့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ သူတို့ သက်ဆိုင်ရာ ကိစ္စတွေကို အသီးသီးဆောင်ရွက်ကြခါ ဥပါဒ်-ဋ္ဌီ-ဘင် သခ်တအသွင်နဲ့ပေါ်လာနိုင်ကြဒါက(ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ)ဆိုတဲ့ ရှင်တော်ဘုရား စကားတော်အရ၊ကိုယ်အကြည်နဲ့ အတွေ့ဓာတ် တိုက်ခိုက်မှု အကြောင်းရှိလို့သာ ပေါ်လာနိုင်ကြဒါ၊ ဘယ်သူကမှ ဖန်ဆင်းပေးလိုက်နိုင်ကြဒါမဟုတ်ဘူး၊ ဘယ်ကမှလဲ လာကြဒါမဟုတ်ဘူး။ဒီရုပ်ဓာတ်နှစ်ခု တိုက်ခိုက်မှုအကြောင်းရှိလို့သာ သက်ဆိုင်ရာ ကိစ္စကလေးတွေကိုဆောင်ရွက်ခါ ဥပါဒ်-ဋ္ဌီ-ဘင် သခ်တအသွင်နဲ့ ပေါ်လာနိုင်ကြဒါ၊ အဲဒါလို နာမ်ခန္ဓာလေးပါးတို့ရဲ့ အကြောင်းသဘာဝကိုလဲ အသိပိုင်ကြရမယ်၊အဲဒါ အသိပိုင်ရင် (နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ နာမတဲ့) လက်သန်းအဋ္ဌကထာက ပြထားတယ်၊ ဒီနာမ်ခန္ဓာလေးပါးအပေါ် တွေးတောယုံမှားမှု ဝိစိကိစ္ဆာ အညစ်အကြေးဟာ အသိသဘောနဲ့ဖြင့် စင်သွားပြီဆိုဒါမှတ်ထားကြ။ ဒီအကြောင်းသဘာဝ ရှိလို့သာ ဒီအကျိုးသဘာဝ ပေါ်လာရဒါလို့ အသိပိုင်လိုက်တော့၊ အဲဒါ ကင်္ခါဝိတရဏာ တွေးတောယုံမှားမှုက လွန်မြောက်သွားဒါဘဲ၊ ဒါလို တွေးတော ယုံမှားမှုက လွန်မြောက်သွားတော့ ဒီဝိစိကိစ္ဆာ အညစ်အကြေး အသိသဘောနဲ့ဖြင့် စင်ကြယ် သွားတော့ဒါပါဘဲ၊ အဲဒါ မာဂဓလို ဝိသုဒ္ဓိလို့ ခေါ်ရတယ်။ အတိုချုပ် အားဖြင့်ကတော့ နာမ် ခန္ဓာ လေးပါးတို့ရဲ့ အကြောင်းကိုသိရင် ဒီ နာမ်ခန္ဓာလေးပါးအပေါ် တွေးတော ယုံမှားမှု ဝိစိကိစ္ဆာအသိနဲ့ဖြင့် စင်သွားပြီလို့မှတ်ကြ။

ပြီးတော့ အတွေ့ခံရတဲ့ကလေး တွေ့ထိနိုင်ဘို့ရာ ဥပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ ကြည်လင်စွာ ပေါ်လာတဲ့ ကာယဒ္ဒါရ ကိုယ် အကြည်လို့လဲ ခေါ်ရတဲ့ ရူပက္ခန္ဓာကလေးဟာ ကမ္မပစ္စယောအရ ကံက အကြောင်းဆက်လို့ အကျိုးဝိပါတ် အဗျာကတ အနေနဲ့ ပေါ်လာရဒါ။

သူလဲ ဘယ်သူကမှ ဖန်ဆင်းပေးလိုက်ဒါ မဟုတ်ဘူး၊ ဘယ် ကမှလဲ လာခဲ့ဒါ မဟုတ်ဘူး၊ ကံအကြောင်း ဆက်လို့သာ သူ ပေါ်လာ နိုင်ဒါ။ အဲဒါလို ကိုယ် အကြည် ခေါ် ရူပက္ခန္ဓာရဲ့ အကြောင်း သဘာဝကိုလဲ အသိ ပိုင်ထား ကြရမယ်။ ဒါလို အကြောင်း သဘာဝကို အသိ ပိုင်ကြရင် ကိုယ် အကြည် ခေါ် ရူပက္ခန္ဓာ အပေါ် ယုံမှားမှု ဝိစိကိစ္ဆာ အသိနဲ့ စင်သွား ပြီလို့ မှတ်ကြ။

အခု ပြောခဲ့ဒါက ကာယဒ္ဒါရခေါ် ကိုယ်အကြည်မှာ ပေါ် လာကြတဲ့ ခန္ဓာငါးပါး၊ တနည်း ရုပ် - နာမ် နှစ်ပါး အပေါ် အထင်မှားမှုဒိဋ္ဌိနဲ့ ယုံမှားမှုဝိစိကိစ္ဆာ ကိလေသာ အညစ် အကြေး များ သဘောအသိနဲ့ စင်သွားနိုင်ပုံကို ပြောခဲ့၊ ပြခဲ့ဒါ။ ကြည့်ရှု လေ့လာကြတဲ့ဓမ္မယောဂီများကလဲ ဒိဋ္ဌိဝိစိကိစ္ဆာ အညစ်အကြေး နှစ်ပါး သဘောထဲ စင်သွားအောင် ရှင်းသွားအောင် ကြည့်ရှု လေ့လာ ကြပေါ့။ ဒါမှ ညာတပရိညာ အရာ အခြေ ပါကြလို့ တိရဏပရိညာဉ် လမ်းစဉ်မှန်ကြမယ်။

---

## ၁၆။ စိတ်အကြည်၌ ပေါ်ကြသည့် ခန္ဓာငါးပါး

(မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ) မနောဒွါရ စိတ် အကြည်ခေါ် အာရုံ လက်ခံတဲ့စိတ်နဲ့ သဘောခတ် ကျရောက်လာတဲ့ အာရုံ တွေ့ဆိုင်မိတဲ့အခါ သူတို့နှစ်ခု တွေ့ဆိုင်မှုကို အစွဲပြုပြီး ဟဒယ ဝတ္ထု နှလုံးသွေးခေါ် ကမ္မဇရုပ်အကြည်ကလေး ပေါ်မှာ ကျရောက်လာတဲ့ သဘောခတ်ကလေးကို သိတဲ့အသိစိတ်ကလေး ဖျက်ခနဲဆို ပေါ်လာတယ်၊ ဒီ အသိစိတ်ကလေးကို ဝိညာဏက္ခန္ဓာလို့ ခေါ်ရတယ်။

ဒီသဘောခတ်ကို ကောင်း-မကောင်း အလယ် အလတ်အားဖြင့် ရွေးချယ်မှုသဘောလဲ ပေါ်လာတယ်။ သူ့ကိုတော့ ဝေဒနက္ခန္ဓာလို့ ခေါ်တယ်၊ ဒီသဘောခတ်ကို မှတ်သားမှုသဘောလဲ ပေါ်လာတယ်၊ သူ့ကိုတော့ သညက္ခန္ဓာလို့ခေါ်ရတယ်။

ဒီသဘောခတ်ကို သိအောင် စေ့ဆော်မှု သဘောလဲ ပေါ်ဒါဘဲ၊ သူ့ကိုတော့ သင်္ခါရက္ခန္ဓာလို့ ခေါ်ရတယ်၊ အဲဒီ နာမ်ခန္ဓာလေးပါးတို့လဲ မနောဒွါရစိတ်အကြည်ခေါ် အာရုံ လက်ခံတဲ့ စိတ်နဲ့ သဘောခတ် ခေါ် ကျရောက် လာတဲ့ အာရုံနဲ့ တွေ့မိဆိုင်မိဒါနဲ့တပြိုင်နက် ဟဒယဝတ္ထု နှလုံးသွေးခေါ် ကမ္မဇရုပ်အကြည်လေးပေါ်မှာ အဲဒီသဘောခတ်ခေါ် ကျရောက်လာတဲ့ အာရုံကိုဘဲ ရှေ့ရှုညွတ်ကိုင်းပြီးတပြိုင်ထဲ အတူ တွဲပေါ်လာကြဒါဘဲ။

ဘယ်သူကရှေ့၊ ဘယ်သူကနောက်ရယ်လို့ အချိန်ကာလ အားဖြင့်လဲ မကွဲကြဘူး၊ ဘယ်သူက ဘာအာရုံ၊ ဘယ်သူက ညာအာရုံ

ရယ့်လို အာရုံ အားဖြင့်လဲ မကွဲကြဘူး၊ ဘယ်သူက ဘာဝတ္ထု ဘယ်သူကညာဝတ္ထုရယ်လို့ မှီရာဝတ္ထုအားဖြင့်လဲမကွဲကြပါဘူး၊ သဘောခတ်ခေါ် ကျရောက်လာတဲ့အာရုံကိုဘဲ အတူတကွ ညှတ်ကိုင်းပြီး ဟဒယဝတ္ထု နှလုံးသွေးခေါ် ကမ္မဇ ရုပ်အကြည်ကလေး ပေါ်မှာ ဖျတ်ကနဲဆို တပြိုင်ထဲ အတူတွဲပြီး ပေါ်လာကြဒါဘဲ။

အခုလို အချိန်ကာလ ညှတ်ကိုင်းရာ အာရုံမှီရာ ဝတ္ထု အနေအားနဲ့ မကွဲ မကွာ တူလာ ကြသော်လဲ၊ သူတို့ရဲ့ သက်ဆိုင်ရာ အလုပ်ကိစ္စကလေးတွေ ဆောင်ရွက်လုပ်ကိုင်တဲ့အခါကျတော့ မတူကြတော့ဘူး၊ ကွဲပြားခြားနားမှု ရှိကြတယ်၊ ကွာခြား သွားကြ ပြန်တယ်။

ဒါကြောင့် သဘောခတ်ခေါ် ကျရောက်တဲ့ အာရုံကို ဘာဘဲလို့ သိ လိုက်ထာက ဝိညာဏက္ခန္ဓာရဲ့ ဆောင်ရွက်မှု ကိစ္စ ဝိညာဏက္ခန္ဓာရဲ့ လုပ်ဆောင်ချက်လို့ဘဲ မှတ်ကြ။

အဲဒီသဘောခတ်ခေါ် ကျရောက်လာတဲ့ အာရုံအလိုက် ဝမ်းသာမှု၊ ဝမ်းနည်းမှု စသည်တို့က ဝေဒနက္ခန္ဓာရဲ့ ဆောင်ရွက်မှုကိစ္စ၊ ဝေဒနက္ခန္ဓာရဲ့ လုပ်ဆောင်ချက်လို့ဘဲမှတ်ကြ။

အဲဒီသဘောခတ်ခေါ် ကျရောက်လာတဲ့ အာရုံကို ဘာဘဲ ညာဘဲ စသည်ဖြင့် မှတ်သားမှု ပြုလိုက်ထာက သညက္ခန္ဓာရဲ့ ဆောင်ရွက်မှုကိစ္စ၊ သညက္ခန္ဓာရဲ့ လုပ်ဆောင်ချက်လို့ဘဲမှတ်ကြ။

အဲဒီသဘောခတ်ခေါ် ကျရောက်လာတဲ့ အာရုံကို ရှေးရှု ညှတ်ကိုင်းပြီး မဆိုင်းအတိ သိနိုင်ဒါက သင်္ခါရက္ခန္ဓာရဲ့ ဆောင်ရွက်မှုကိစ္စ။ သင်္ခါရက္ခန္ဓာရဲ့ လုပ်ဆောင်ချက်လို့ဘဲ မှတ်ကြ။

အဲဒါလို သဘောခတ်ခေါ် ကျရောက်လာတဲ့ အာရုံကလေးကို အတူတကွ ရှေ့ရှု ညွှတ်ကိုင်းကြပြီးတော့ ဟဒယဝတ္ထု နှလုံးသွေးသားခေါ် ကမ္ဗဇရုပ် အကြည်ကလေးပေါ်ကနေပြီး သူတို့သက်ဆိုင်ရာ ကိစ္စကလေးတွေကို ဆောင်ရွက်လုပ်ကိုင်ကြတယ်။ သို့အခုလို နာမ်ခန္ဓာလေးပါးတို့က သူတို့သက်ဆိုင်ရာကိစ္စကလေးတွေဆောင်ရွက် လုပ်ကိုင်ကြဒါကို ငါဘဲလို့ ဝင်မရှုပ်ကြနဲ့၊ ခန္ဓာတွေလုပ်ဆောင်တဲ့အကွက်ထဲ ငါဝင်မရှုပ်ဘို့ အချက်ဟာ ဓမ္မယောဂီများအဘို့ အလွန်ပင် အရေးကြီးတဲ့အချက်ဘဲလို့ မှတ်ကြ။ ခန္ဓာအလုပ်ထဲ ငါဝင်မရှုပ်ပုံကို သဘောမိလောက်ရုံ ပြောဦးမယ်။ ဥပမာ ဆိုကြပါစို့၊ ဓမ္မယောဂီများ အားလုံးဘဲ ရွှေတိဂုံ ဘုရားကြီးကို ရောက်ဘူးကြမယ်။ ဒီနေရာမှာ စာကတော့ မနဉ္စ ပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံလို့ ဆိုထားတယ်။ ဒါပေမဲ့ ဓမ္မယောဂီများ နားလည်နိုင်ကြမဲ့အနေနဲ့ပြောမယ်။

အဲဒီရောက်ဘူးတဲ့ ရွှေတိဂုံဘုရားကြီးကို ဓမ္မယောဂီများ အခုစိတ်ကူး ကြည့်လိုက်ကြ၊ စိတ်ကူး ကြည့်လိုက်တော့ ရွှေတိဂုံဘုရားကြီးဘဲလို့ သိစိတ်ကလေး ပေါ်လာကြမယ်။ အဲဒါ စာလိုတော့ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံလို့ ခေါ်တယ်။

အဲဒီ ရွှေတိဂုံဘုရားကြီးဘဲလို့ သိမှုဟာ မနောဝိညာဏ်ခေါ် ဝိညာဏက္ခန္ဓာရဲ့ လုပ်ဆောင်ချက်ပါဘဲ။ အဲဒါကို ဓမ္မယောဂီများက ရွှေတိဂုံ ဘုရားကြီး သိဒါ ငါဘဲလို့ထင်ရင် အဲဒါ ဝိညာဏက္ခန္ဓာရဲ့အလုပ်ကဲ ငါဝင်ပြီး ရှုပ်ထာလို့သာ မှတ်ကြတော့။ အဲဒါလို ငါဝင်ပြီး ရှုပ်သမျှမှာတော့ဖြင့် ဒီဒုက္ခ ဝဋ်အတွင်းကဘယ်တော့မှ မလွတ်ကင်းနိုင်ဘူးဆိုဒါ ယုံမှားမရှိကြနဲ့၊ ကိန်းသေမုချပါဘဲ။ ဒါလိုလဲမှတ်ထားကြဦး။

အဲဒါလို ရွှေတိဂုံဘုရားကြီးဘဲလို့ အသိစိတ်ကလေး ပေါ်လာတော့ ဝမ်းမြောက်ဝမ်းသာမှုတွေ ဖြစ်လာကြမယ်။ အဲဒီ ဝမ်းမြောက် ဝမ်းသာမှုဟာ ဝေဒနက္ခန္ဓာရဲ့ လုပ်ဆောင်ချက်ဘဲ။ အဲဒါကိုလဲ ဓမ္မယောဂီများက ရွှေတိဂုံဘုရားကြီး စိတ်ထဲ ပေါ်လာတော့ ငါတို့ဝမ်းသာအားရရှိလိုက်ထာ၊ကြည်နူးလိုက်ထာလို့ ထင်ကြ ပြောကြဘယ်။ အဲဒါ ဝေဒနက္ခန္ဓာရဲ့ အလုပ်ထဲ ငါဝင်ပြီး ရှုပ်ထာလို့ သာ မှတ်ကြ။

ပြီးတော့ - ဩော် ဒါက ရွှေတိဂုံ ဘုရားကြီးပါကလား ဆိုတဲ့ မှတ်သားမှုသဘောကလေးလဲ ပေါ်လာကြမယ်၊ အဲဒီ မှတ်သားမှု သဘောလေးဟာ သညာက္ခန္ဓာရဲ့ လုပ်ဆောင်ချက်ဘဲ၊ အဲဒါကိုလဲ ဓမ္မယောဂီများက ရွှေတိဂုံဘုရားကြီးဘဲ ဆိုဒါ ငါမှတ်မိလိုက်တယ်လို့ ထင်ကြ ပြောကြတယ်။ အဲဒါ သညာက္ခန္ဓာရဲ့ အလုပ်ထဲ ငါဝင်ပြီးရှုပ်ထာလို့ သာ မှတ်ကြ။

ပြီးတော့ ရွှေတိဂုံဘုရားကြီး ပါလားလို့ သိနိုင်အောင် လှုံ့ဆော်မှု သဘောလဲ ပေါ်လာ ကြမယ်။ အဲဒီ သိနိုင်အောင် လှုံ့ဆော်မှု သဘောကလေးဟာ သင်္ခါရက္ခန္ဓာရဲ့ လုပ်ဆောင်ချက်ဘဲ၊ ဒါကိုလဲ ဓမ္မယောဂီများက ရွှေတိဂုံဘုရားကြီးဘဲလို့ ငါတို့သိပြီး နေနိုင်တယ်လို့ ထင်ကြ ပြောကြတယ်၊ အဲဒါ သင်္ခါရက္ခန္ဓာထဲ ငါဝင်ပြီး ရှုပ်ထာလို့သာ မှတ်ထားကြ။ အဲဒါလို ခန္ဓာတွေရဲ့ လုပ်ဆောင်ချက်ထဲ ငါဝင်ပြီး ရှုပ်ကြမယ် ဆိုရင်ဖြင့် ဒီရုပ်-နာမ် ဒုက္ခဘဲမှာ အသောမသတ်အောင် မျောကြ မြုပ်ကြရမှာကဘော့ မလွဲတဲ့ကိစ္စလို့ဘဲ မှတ်ထားကြ။

ဒါကြောင့် ခန္ဓာတွေလုပ်ဆောင်ချက်ထဲ ငါဝင်ပြီး မရှုပ်မိကြအောင် ပြခဲ့ဘဲ့ ခန္ဓာ အလုပ် ကိစ္စ ကလေးတွေအပေါ် သဘော

မိထားကြ၊ ဒါလို သဘောမိကြရင်ဖြင့် ခန္ဓာ လုပ်ဆောင်ချက်ထဲ ငါဝင်ပြီး မရှုပ်တော့ပါဘူး၊ ငါဝင်မရှုပ်တာဟာ ဒီခန္ဓာအပေါ် ဒိဋ္ဌိ မငြိဒါ၊ ဒိဋ္ဌိ အသိနဲ့ဖြင့် စင်သွားပြီ လို့သာ မှတ်ကြ။ ပြီးတော့ ဒီနာမ် ခန္ဓာ လေးပါးတို့ဟာ သူတို့သက်ဆိုင်ရာ အလုပ် ကိစ္စလေးတွေကို ဥပါဒ်-ဌီ-ဘင် သခ်ဘ အသွင်နဲ့ပေါ်ပြီး လုပ် ဆောင်နိုင်ကြဒါက (မနုဋ္ဌ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ) လို့ ဟောသွားခဲ့တဲ့ ရှင်တော်မြတ်ဘုရားစကားတော်အရ၊ မနောဒွါရ စိတ် အကြည်ခေါ် အာရုံလက်ခံတဲ့ စိတ်နဲ့ သဘောဓာတ် ခေါ် ကျရောက်လာတဲ့အာရုံ သူတို့နှစ်ခု တိုက်ဆိုင်မှု အကြောင်း ရှိလို့ သာ ပေါ်လာနိုင်ကြဒါ၊ ဘယ်သူကမှ စီမံဖန်ဆင်း ပေးလိုက်ထာ မဟုတ်ကြပါဘူး၊ အဲဒါလို အကြောင်း သဘာဝတွေကိုလဲ အသိ ရှင်းကြရမယ်၊ ဒါလို အသိရှင်းရင် ဒီနာမ်ခန္ဓာ လေးပါးအပေါ် ယုံမှားမှု ဝိစိကိစ္ဆာ စင်ပြီ နာမ်ခန္ဓာ လေးပါးအပေါ် တွေးတော ယုံမှားမှု ဝိစိကိစ္ဆာ အသိနဲ့ စင်သွားပြီ ဆိုဒါ မှတ်ထားကြ။

ပြီးကော့ ဒီနာမ် ခန္ဓာ လေးပါးတို့ မှီတွယ်နိုင်ဘို့ရာ ဥပါဒ်-ဌီ-ဘင် သခ်တအသွင်နဲ့ ကြည်လင်နေဒါက ဟဒယဝတ္ထု နှလုံး သွေးခေါ် ရူပက္ခန္ဓာရဲ့ လုပ်ဆောင်မှုကိစ္စ၊ ရူပက္ခန္ဓာရဲ့ လုပ်ဆောင်မှု လို့မှတ်ကြ။ အဲဒီတော့ နာမ်ခန္ဓာလေးပါးတို့ သက်ဆိုင်ရာ ကိစ္စ အလုပ်တွေ တည်တည်ကံ့ကံ့နဲ့ ပြီးစီးအောင် လုပ်ဆောင်နိုင်ဒါဟာ ဟာဒယဝတ္ထု နှလုံးသွေးခေါ် ရူပက္ခန္ဓာရဲ့ ကျေးဇူး ပြုချက်ပါ လားဆိုဒါ သဘောမိကြရမယ်။

ဒီရူပက္ခန္ဓာ ရုပ်သဘောလေး ဟာလဲ ကမ္မပစ္စယော ကံက ကျေးဇူးပြုဒါဘဲ၊ ကံက စီမံဒါဘဲ၊ ဘယ်သူမှ စီမံ ဖန်ဆင်းလိုက်တာ

မဟုတ်ဘူး၊ ကံအကြောင်း သဘာဝရှိလို့သာ ဒီရုပ်သဘာဝ ရှုပကန္ဓာ အကျိုးသဘောလေး ပေါ်နိုင်ဒါဘဲဆိုဒါလဲ သဘောမိကြရမယ်၊ ဒါလိုသဘောမိကြရင် အဲဒီရှုပက္ခန္ဓာ အပေါ် ငါထင်မှု ဒိဋ္ဌိနဲ့ ယုံမှားမှု ဝိစိကိစ္ဆာအသိနဲ့ဖြင့် စင်ကြပြီလို့ မှတ်ကြ။

အခုပြောခဲ့ဒါက မနောဒွါရခေါ် စိတ်အကြည်မှာပေါ်လာကြတဲ့ ခန္ဓာငါးပါးအပေါ် ထင်မှားမှု ဒိဋ္ဌိနဲ့ ယုံမှားမှု ဝိစိကိစ္ဆာတရားနှစ်ပါး သဘောအသိနဲ့ စင်နိုင်ပုံ ပြောခဲ့၊ ပြခဲ့ဒါ၊ သဘောအသိနဲ့စင်နိုင်အောင် ဓမ္မယောဂီများကလဲ လေ့လာပေးကြပေါ့။

ဒီစကားရပ်များက ခြောက်ဒွါရမှာ ဖြစ်လာကြတဲ့ ခန္ဓာငါးပါးအပေါ် အထင်အမြင်မှားမှုဒိဋ္ဌိ တွေးဆယုံမှားမှုဝိစိကိစ္ဆာဒီတရား နှစ်ပါးအသိနဲ့ စင်နိုင် ကွာနိုင်ပုံ ပြောခဲ့တဲ့ စကားလို့ မှတ်ကြ။

---

## ၁၇။ မျက်စိအကြည်ရုပ်၌ သဿတဒိဋ္ဌိ ငြိပုံ

ပြီးတော့ အဲဒီခြောက်ဒွါရမှာဘဲ ဖြစ်လာကြတဲ့ ခန္ဓာငါးပါးအပေါ်ခိုင်မြဲတယ်လို့ ထင်မှားမှု သဿတဒိဋ္ဌိ အစွန်း၊ ပြတ်စဲတယ်လို့ထင်မှားမှု ဥစ္ဆေဒ ဒိဋ္ဌိအစွန်း၊ အဲဒီဒိဋ္ဌိအစွန်းနှစ်ခုကလဲ ငြိမှန်းမသိ ငြိနေတတ်ပြန်တယ်၊ ဒီဒိဋ္ဌိအစွန်းနှစ်ခု ငြိနေပြန်ရင်လဲ နိဗ္ဗာန်ရောစခန်းမှာ လမ်းမချော နိုင်ကြပေဘူး၊ ဒီဒိဋ္ဌိ အစွန်း နှစ်ခုကသဲ ဒုက္ခနိရောဓ သွားရာ လမ်းမှာ မဖြောင့်တန်းအောင် နှောင့်ရှက်နိုင်ကြဒါဘဲ၊ ဒါကြောင့် ဒီဒိဋ္ဌိ အစွန်းနှစ်ခုကိုလဲ ဓမ္မယောဂီများသဘောအသိနဲ့ ကွာရှဲလွတ်ကင်းသွားနိုင်ကြအောင် ပြောဦးမယ်၊

ပြီးတော့ ဒီဒိဋ္ဌိနှစ်ခုထဲက သဿတဒိဋ္ဌိအစွန်းငြိပုံ အစွန်းမှ လွတ်ကင်းနိုင်ပုံကို အရင်ပြောမယ်။

ဒွါရခြောက်မှာ ဖြစ်လာကြတဲ့ ခန္ဓာငါးပါးတွေထဲကလဲ စက္ခုဒွါရခေါ် မျက်စိအကြည်မှာ ပေါ်လာကြတဲ့ ခန္ဓာ ငါးပါး လောက်ဘဲ မှုထားပြီးပြောမယ်၊ ဒီဒွါရတခုမှာ ပေါ်လာတဲ့ ခန္ဓာ ငါးပါးအပေါ် သဘောမိကြရင် ကျန်တဲ့ ငါးဒွါရမှာ ပေါ်လာကြတဲ့ ခန္ဓာများအပေါ်လဲ သဘောမိသွားကြလိမ့်မယ်။

ဓမ္မယောဂီတို့ သန္တာန်မှာ အဆင်းဓာတ်ကလေး ထင်နိုင်ဘို့ရာ ကြည်လင်နေတဲ့ သဘောလေးရှိတယ်၊ ဒီသဘောလေးကို မျက်စိ အကြည်ရယ်လို့ (ဝါ) မျက်စိရယ်လို့ ခေါ်ဝေါ် သမုတ်ကြရတယ်။

အဲဒီလိုခေါ်ဝေါ် သမုတ်ရတဲ့ မျက်စိ အကြည်ရုပ် သဘောကလေးကို များသော အားဖြင့် ထင်မှတ် ကြဒါက ငါ့ မျက်စိကလေးဟာ ငယ်စဉ်ခနဲက ကြည်လင်လာခဲ့ဒါ၊ အခု အချိန်အထိ ကြည်လင် နေတုန်းဘဲ၊ ငါ့မျက်စိကလေးဟာ ဘယ်အခါမှ ချွတ်ယွင်း ပျက်စီးခြင်း မရှိသေးဘူး၊ အလွန်မှကောင်းဒါဘဲလို့ ထင်မှတ်ကြတယ်၊ ဒါလိုထင်မှတ်မှုဟာ မျက်စိအကြည်ခေါ် ရူပက္ခန္ဓာအပေါ်မှာ သဿတဒိဋ္ဌိ အစွန်းငြိဒါဘဲလို့ မှတ်ကြ။

## ၁၈။ မျက်စိအကြည်ရုပ်၌ သဿတဒိဋ္ဌိ လွတ်ပုံ

အဲဒီသဿတဒိဋ္ဌိကိုအရင်ဖယ်ရှင်းရလိမ့်မယ်၊ဖယ်ရှင်းပုံကတော့ ဒီမျက်စိအကြည်ခေါ်တဲ့ ရူပက္ခန္ဓာကလေးဟာ (ကုသလာ စေတ

နာ ကာ္ဒတ္တာဝ ရူပါနံ ကမ္မပစ္စယေန ပစ္စယော)ဆိုတဲ့ စကားတော်အရ ကုသိုလ် စေတနာကံက စီမံပြုပြင်လိုက်တဲ့ အကျိုးသင်္ခါရတရားလေးလို့ မှတ်ကြ။

အကျိုးသင်္ခါရတရားလေး ဖြစ်တော့ (အနိစ္စာဝတ သင်္ခါရာ) သင်္ခါရတရားမျိုးမှန်ရင် ဧကန်မယွင်း ပျက်စီးခြင်းသဘောရှိတဲ့ အနိစ္စမျိုးဘဲတဲ့၊ အဲဒါ ရှင်တော်ဘုရားကြီး ရွှေဉာဏ်တော်နဲ့ ဝေဘန်ကွန့်မြူးထားတဲ့ စကားတော်ပါဘဲ။

ဒါကြောင့် မျက်စိအကြည်ခေါ်ရတဲ့ ရုပ်သဘာဝသင်္ခါရလေးဟာ ခိုင်မြဲမနေနိုင်ဘူး၊ ပျက်စီးမှုသဘော အမြဲရှိဒါဘဲ၊ ပျက်စီးမှုဆိုဒါလဲ (ကေသဂ္ဂ မတ္တမ္ပိ ဒေသန္တရသင်္ကမနံ နာမနတ္ထိ)တဲ့ ဆံချည်ဖျားကလေးတခုစာမျှ မပြောင်းရွှေ့နိုင်ဘူး၊ ကံက စီမံပြုပြင်လို့ ဒီနေရာမှာပေါ်ရင် အဲဒီပေါ်တဲ့ နေရာမှာပင် ပျက်စီးသွားရဒါဘဲ၊ ဒါပေမဲ့ (ခဏေ ခဏေ သမုဋ္ဌာပေတိ)ကံက ခဏတိုင်း ခဏတိုင်း မဆိုင်းမတွ စီမံချနေတော့ ဒီမျက်စိ အကြည် ခေါ်တဲ့ ရုပ်သဘာဝ ရူပက္ခန္ဓာကလေးဟာ အမြဲတစေ ကြည်လင်နေတယ်လို့ ထင်ကြရဒါ အမှန် မဟုတ်ပါဘူး၊ သူ့ခဏနဲ့ သူ့အခိုက် အသစ်အသစ်ပေါ်ဒါ။

အဲဒီတော့ ဓမ္မယောဂီများ ဒီမျက်စိအကြည်ခေါ်တဲ့ ရူပက္ခန္ဓာကလေးအပေါ် ဩဘ်-အခုအဆင်းခေတ်တိုက်ဆိုင်တုန်းမှာထင်နိုင်အောင် ကြည်လင်တဲ့သဘောကလေးဟာ အခုမှ လောလောဆယ်ပေါ်လာတဲ့ အသစ်ရုပ် ရူပက္ခန္ဓာပါကလား၊ အခု ကံက စီမံလို့ အခုမှ ပေါ်လာတဲ့ အသစ်ရုပ်ကလေးပါလား၊ နောက်နောက်က ပေါ်ခဲ့တဲ့ မျက်စိ အကြည်ခေါ် ရုပ်သဘောကလေးတွေကဖြင့် (သင်္ခါရာဝဘိဇ္ဇန္တိ)ပေါ်တဲ့နေရာမှာဘဲ ပျက်စီးခဲ့ကြပြီ၊ဘာတခုမှ

မပါလာတော့ဘူး။ အခုပေါ်လာဒါက အခုမှ ကံက စီမံလို့ ပေါ်လာရဒါ၊ အသစ်စက်စက် ရုပ်သဘာဝ ရူပက္ခန္ဓာကလေး ပါလားလို့ သဘောထဲရှင်းရမယ်။

အဲဒါလို သဘောရှင်းကြရင်ဖြင့် မျက်စိ အကြည်ခေါ်တဲ့ ရူပက္ခန္ဓာအပေါ်မှာ မေ့ယောဂီများ ခိုင်မြဲတယ်လို့ ထင်မှားမှု သဿတဒိဋ္ဌိ အစွန်းဟာ အသိနဲ့ဖြင့် မငြိတော့ပါဘူး၊ ဒီ ဒိဋ္ဌိအစွန်း တခု လွတ်ပြီဆိုဒါ မှတ်ကြတော့။

---

## ၁၉။ မျက်စိအကြည်ရုပ်၌ ဥစ္ဆေဒဒိဋ္ဌိငြိပုံ

သို့အခုလို ပေါ်လာတဲ့ မျက်စိအကြည်ခေါ် ရုပ်သဘာဝ ရူပက္ခန္ဓာကလေးဟာ နောက်နောက် နှစ်-လ-ရက်များက ပေါ်ခဲ့တဲ့ ရုပ်သဘာဝတွေ ဘာတခုမှ မပါလာတော့ဘူး။ ပေါ်တဲ့ နေရာမှာဘဲ ပျက်စီးခဲ့ကြပြီဆိုတော့ အခု အဆင်းခေါ်တတ် ထင်နိုင် အောင် ကြည်လင်စွာပေါ်လာတဲ့ ရုပ်သဘာဝ ရူပက္ခန္ဓာကလေး ဟာ ဘာမှအဆက်အသွယ်မရှိခဲ့ဘူး၊ သူ့အလိုလို ပေါ်လာဒါဘဲ။ အဲဒါလို ထင်ကြပြန်ရင်လဲ မျက်စိအကြည်ခေါ်တဲ့ ရုပ်သဘာဝ ရူပက္ခန္ဓာအပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိ အစွန်းငြိဒါဘဲ။ ပြတ်စဲတယ်လို့ ထင်မှားမှု၊ ဥစ္ဆေဒဒိဋ္ဌိ အစွန်းငြိဒါဘဲလို့ သာ မှတ်ကြ။

---

## ၂၀။ မျက်စိအကြည်ရုပ်၌ ဥစ္ဆေဒဒိဋ္ဌိ လွတ်ပုံ

အဲဒီဥစ္ဆေဒဒိဋ္ဌိ အစွန်းကလေးကိုလဲ မေ့ယောဂီများ သဘော အသိနဲ့ ဒီလိုဖယ်ရှားပေးကြရမယ်။ ဒီမျက်စိ အကြည်ခေါ်တဲ့

ရုပ်သဘာဝ ကလေးဟာ နောက်ကပေါ်ခဲ့တဲ့ အဟောင်းတော့ မဟုတ်ဘူး။ (အဟုတ္တာ သမ္ဘောန္တိ) နောက်က ဥပါဒ် ခဏမျှ မဖြစ် ပေါ်ခဲ့သေးဘူး၊ အခုမှပေါ်တဲ့ အသစ်ကလေးဘဲ၊ ရုပ်သဘာဝ ရူပက္ခန္ဓာ အသစ်ကလေးဘဲဆိုဒါ မြဲမြဲမှတ်ထားကြ။

အဲဒါလို နောက်ကပေါ်ခဲ့တဲ့ အဟောင်း မဟုတ်သော်လည်း အကြောင်းကတော့ မကင်းသေးဘူး၊ ကံက ကမ္မသတ္တိနဲ့ ကျေးဇူး ပြုလျက် ရှိသေးတယ်။ ကံက ကမ္မသတ္တိနဲ့ အကြောင်း ဆက်သွယ်မှု ရှိလို့သာ အဲဒီ မျက်စိအကြည်ခေါ်တဲ့ ရုပ်သဘာဝကလေးဟာ ဥပါဒ်-ဌီ-ဘင် အသွင်နဲ့ အဆင်းဓာတ် ထင်နိုင်ဘို့ရာ ကြည်လင်စွာ ပေါ်လာနိုင်ဒါ။ ဒါလိုဖြစ်တော့ ဓမ္မယောဂီများက ဟောဒီ မျက်စိ အကြည်ခေါ်တဲ့ ရုပ်သဘာဝလေး အပေါ် သြော်-အခု လက်ငင်း အဆင်းဓာတ် ကလေး ပေါ်နိုင်ဘို့ရာ ကြည်လင်စွာ ပေါ်လာတဲ့ မျက်စိအကြည်ခေါ် ရုပ်သဘောလေးဟာ နောက်က ပေါ်ခဲ့တဲ့ အဟောင်းတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကံအကြောင်း တော့ ရှိဒါဘဲ၊ ကံအကြောင်းရှိလို့သာ ပေါ်လာနိုင်ဒါပါကလား လို့ သဘောထဲရှင်းရမယ်၊ လင်းရမယ်၊ ဒါလို သဘောရှင်းကြရင် ဖြင့် ဒီမျက်စိအကြည်ခေါ်တဲ့ ရုပ်သဘာဝ ရူပက္ခန္ဓာ အပေါ်မှာ ပြုတ်စဲတယ်လို့ ထင်မှားမှု ဥစ္ဆေဒဒိဋ္ဌိ အစွန်းဟာ အသိနဲ့ဖြင့် မငြိ တော့ပါဘူး၊ ဒါဖြင့် ဓမ္မယောဂီများ ဒိဋ္ဌိ အစွန်းလဲ အသိနဲ့ လွတ်ကင်းပြီဆိုဒါ မှတ်ကြတော့။

အခုပြောခဲ့တဲ့စကားက မျက်စိအကြည် ခေါ်တဲ့ ရုပ်သဘာဝ ရူပက္ခန္ဓာအပေါ်မှာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဒိဋ္ဌိအစွန်းနှစ်ခုငြိပုံနဲ့ ဒိဋ္ဌိအစွန်းနှစ်ခု အသိသဘောနဲ့ စင်နိုင်ပုံ - လွတ်နိုင်ပုံ ပြောခဲ့တဲ့ စကားလို့ မှတ်ကြ။

## ၂၁။ အဆင်း ရူပါရုံ၌ သဿတဒိဋ္ဌိ အစွန်းငြိပုံ

ဒီမျက်စိအကြည်မှာ ထင်လာ - ထိခိုက်လာတဲ့ အဆင်း ခေါ်တဲ့ ရူပက္ခန္ဓာ အပေါ်မှာလဲ ဒီသဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ အစွန်းနှစ်ခုဟာ ငြိမှန်းမသိ ငြိနေတတ်ပြန်တယ်၊ ဒီဒိဋ္ဌိအစွန်းနှစ်ခု ထဲကလဲ သဿတဒိဋ္ဌိအစွန်းငြိပုံ အစွန်းလွတ်ပုံကို ခပ်တိုတိုနဲ့ ဓမ္မယောဂီများ သဘောမိနိုင်ရုံ ပြောဦးမယ်။

ဓမ္မယောဂီများ မျက်စိနဲ့ ဖွင့်ကြည့် လိုက်တော့ အဆင်း တခု မြင်ပြီလို့ ဥပမာ ဆိုကြပါစို့၊ ဒါလို မြင်ကြတော့ ဒီအဆင်း ကလေးဟာအရင်တုန်းကလဲမြင်ခဲ့ရဒါဘဲ၊အခုလဲမြင်ရသေးဒါဘဲ၊ ဒီအဆင်းကလေးဟာ အခုထိ မပျက်စီးသေးဘူးလို့ ထင်မှတ်ကြမယ်၊ အဲဒါလို ထင်မှတ်မှုဟာ အဆင်း ခေါ်တဲ့ ရူပက္ခန္ဓာ အပေါ် သဿတဒိဋ္ဌိ အစွန်းငြိဒါဘဲလို့သာ မှတ်ကြ။

---

## ၂၂။ အဆင်းရူပါရုံ၌ သဿတဒိဋ္ဌိ အစွန်းလွတ်ပုံ

ဒီအစွန်းကလေးကိုလဲ ဓမ္မယောဂီများ သဘောအသိနဲ့ လွတ်ကင်းသွားအောင် အရင် ဖယ်ရှားရလိမ့်မယ်၊ ဘယ်ပုံ ပယ်ရှင်းကြရမလဲဆိုတော့ဒီလိုမှတ်ထားကြ။ အဲဒီအဆင်းခေါ်တဲ့ရူပက္ခန္ဓာ ကလေးဟာ ဥတု ဥပနိဿယောအရ ဥတုက ကျေးဇူး ပြုတယ်၊ ဒီတော့ သူ့ကိုလဲ ဥတုက စီမံပြုပြင် လိုက်တဲ့ အကျိုး သင်္ခါရ လေးဘဲဆိုဒါ မှတ်ထားကြ။

အကျိုးသင်္ခါရလေး ဖြစ်ပြန်တော့လဲ(အနိစ္စာ- ဝတ သင်္ခါရာ) ဆိုတဲ့ မိန့်ခွန်းတော်စကားအရ ဥတုကစိမ်ပြုပြင်လို့ ပေါ်လာရင် အဲဒီပေါ်တဲ့ နေရာမှာပင် ကေန်ပျက်စီးသွားရဒါဘဲ၊ ပေါ်လာပြီး ကြာရှည်မနေနိုင်ပါဘူး၊ နေရာလဲမရွှေ့နိုင်ဘူး၊ ဒီပေါ်တဲ့နေရာမှာ ပင် ပေါ်ပြီးပြီးချင်း ဖျတ်ကနဲဆို ကုန်သွားတော့ဒါပါဘဲ။

ဒါပေမဲ့ ဥတု အဆက်ဆက် ကျေးဇူး ပြုချက်အရကြောင့် ဒီအဆင်းခေတ်ခေါ် ရူပက္ခန္ဓာကလေးဟာ အမြဲတစေ မြင်နေရ ဒါ၊ မြင်လို့ ရဒါဘဲလို့ ထင်ကြရဒါ အမှန် မဟုတ်ဘူး၊ သူ့ အကြောင်းနဲ့ သူ့အကျိုး အဆင့်ဆင့် ပေါ်ကြဒါ၊ ပေါ်လာ သမျှလဲ အသစ်အသစ်ကြီးဘဲ၊ ဥပမာ ထွန်းညှိထားတဲ့ မီးခွက်လေး ဟာ သူ့ရေနံဆီနဲ့သူ မီးတောက် အသစ်အသစ် တောက်ထာလို ထို့အတူဘဲ သူ့အကြောင်း ဥတုနဲ့ သူ့အကျိုး အဆင်းခေတ် အသစ်အသစ် ပေါ်ကြဒါပါဘဲ။

အဲဒီတော့ ဓမ္မယောဂီများက ဒီအဆင်းခေတ်ရူပက္ခန္ဓာကလေး အပေါ် ခြေဉ်-အခု မျက်စိအကြည်မှာ ထင်လာ၊ ထိခိုက်လာတဲ့ အဆင်းခေတ် ကလေးဟာ အခု ထင်လာ ထိခိုက်လာတုန်းမှာမှ ပေါ်လာတဲ့ အသစ်ရုပ် ရူပက္ခန္ဓာလေးပါလား၊ နောက်နောက်က မြင်ခဲ့ရတဲ့ အဆင်း ကလေးတွေကဖြင့် မြင်ပြီးတဲ့ အခါကဘဲ ပျက်စီးခဲ့ကြပြီ၊ ဘာတခုမှ မရှိကြတော့ဘူး။ အခုမြင်ရတဲ့ အဆင်း က အခုဥတုကစိမ်လို့ ပေါ်လာရဒါ၊အသစ်စက်စက် အဆင်းခေတ် ရူပက္ခန္ဓာလေးပါလားဆိုဒါ သဘောထဲ ရှင်းရမယ်၊ လင်းရမယ်။

ဒီအချက်ကို သဘောထဲရှင်းကြရင် လင်းကြရင်ဖြင့် ဓမ္မယောဂီ များ အဲဒီအဆင်းခေတ်ခေါ် ရူပက္ခန္ဓာအပေါ်မှာ ခိုင်မြဲတယ်လို့

ထင်မှားမှု သဿဒိဋ္ဌိအစွန်းဟာ လွတ်ကင်းသွားပြီ၊ အသိနဲ့တော့ သူမငြိနိုင်တော့ပါဘူး။

## ၂၃။ အဆင်းရူပါရုံ၌ ဥစ္ဆေဒဒိဋ္ဌိ အစွန်းငြိပုံ

သို့ အခုလိုပေါ်လာတဲ့ အဆင်းဓာတ်ခေါ် ရူပက္ခန္ဓာကလေးဟာ နောက်နောက်က မြင်ခဲ့ရတဲ့ အဆင်းဓာတ်တွေ မဟုတ်ကြတော့ဘူး၊ မြင်ခဲ့ရတဲ့ အဆင်းဓာတ်တွေ ဘာတခုမှ မရှိကြတော့ဘူး။ ပေါ်တဲ့ နေရာမှာဘဲ ပျက်စီးခဲ့ကြပြီဆိုတော့ အခု မျက်စိအကြည်မှာ ထင်နိုင်၊ ထိခိုက်နိုင်တဲ့ ပေါ်လာတဲ့ ဒီအဆင်းဓာတ်ရူပက္ခန္ဓာ ကလေးဟာ သူ့အလိုလို ပေါ်လာဒါဘဲ။ ဘာမှ အကြောင်း ဆက်သွယ်မှု ရှိဒါမဟုတ်ပါဘူးလို့ အဲဒါလို ထင်ကြပြန်ရင်လဲ ဒါဟာ အဆင်းဓာတ်ခေါ် ရူပက္ခန္ဓာအပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိအစွန်းငြိဒါဘဲ၊ ပြတ်စဲဒါဘဲလို့ ထင်မှားမှု ဥစ္ဆေဒဒိဋ္ဌိ အစွန်းငြိဒါဘဲလို့သာ မှတ်ကြ။ ဒီဒိဋ္ဌိ အစွန်းနှစ်ခုက ဖယ်လို့ ရှားလို့မလွယ်လှဘူး၊ တစွန်းက လွတ်သွားရင် တစွယ်က ပြန်ပြန်ပြီးငြိတတ် တွယ်တတ်တယ်။ အဲဒါကိုလဲ ဓမ္မယောဂီများ ကြပ်ကြပ်သတိထားကြရမယ်၊ အရေးကြီးတဲ့ အချက်ဘဲဆိုဒါ မှတ်ကြ။

## ၂၄။ အဆင်းရူပါရုံ၌ ဥစ္ဆေဒဒိဋ္ဌိ အစွန်းလွတ်ပုံ

ဒါ့ကြောင့် ဒီ-ဥစ္ဆေဒဒိဋ္ဌိ အစွန်းကိုလဲ ဓမ္မယောဂီများသဘောအသိနဲ့ ဒီလို ဖယ်ရှားပေးကြရမယ်၊ ဒီအဆင်းဓာတ် ခေါ်တဲ့

ရူပက္ခန္ဓာကလေးဟာ နောက်နောက်ကမြင်ခဲ့ရတဲ့ အဟောင်းတော့ မဟုတ်တော့ဘူး။

အခုမှမြင်ရတဲ့ အဆင်းဓာတ်ကလေးက(အဟုတွာ သမ္ဘောန္တိ) နောက်က ဥပါဒ် ခဏမျှ မဖြစ်ခဲ့သေးဘူး၊ အခု မျက်စိအကြည်မှာ ထင်လာ ထိခိုက်တုန်း အချိန်မှာမှ ပေါ်လာတဲ့ အဆင်းဓာတ် ရူပက္ခန္ဓာ အသစ်ကလေးဘဲ ဖြစ်တယ်။ ဒါလို နောက်ကမြင်ခဲ့တဲ့ အဟောင်းမဟုတ်၊ အခုမှ ပေါ်လာတဲ့ အဆင်းဓာတ် ရူပက္ခန္ဓာ အသစ်ကလေး ဖြစ်သော်လဲ ဆက်သွယ်မှု အကြောင်းကင်းပြီး သူ့အလိုလို ပေါ်လာနိုင်ဒါ မဟုတ်ဘူး။

ဥတုက ဥပနိဿယ သတ္တိနဲ့ ကျေးဇူးပြုလျက် ရှိတယ်။ အဲဒီ ဥတုက ဥပနိဿယ သတ္တိနဲ့ အကြောင်းဆက်သွယ်မှု ရှိလို့သာ ဒီအဆင်းဓာတ် ခေါ်ကြတဲ့ ရူပက္ခန္ဓာကလေးဟာ ဥပါဒ်-ဌီ-ဘင် အသွင်နဲ့ မျက်စိအကြည်မှာ ထင်လာ ထိခိုက်လာနိုင်တာ (ဝါ) ထင်ရှားပေါ်လာနိုင်ဒါ။

ဒါလိုဖြစ်တော့ ဓမ္မယောဂီများက ဟောဒီ အဆင်းဓာတ်ခေါ် ရူပက္ခန္ဓာလေးအပေါ် ဩော် - အခုလက်ငင်း မျက်စိအကြည်မှာ ထင်လာ ထိခိုက်လာတဲ့ အဆင်းဓာတ် ခေါ်တဲ့ ရူပက္ခန္ဓာကလေး ဟာ နောက်-နောက်က မြင်ခဲ့ရတဲ့ အဟောင်းတော့ မဟုတ်တော့ ဘူး၊ ဒါပေမဲ့ ဥတုအကြောင်းတော့ ရှိဒါဘဲ ၊ဥတု အကြောင်း ရှိလို့သာ ပေါ်လာနိုင်ဒါ ပါကလားလို့ အဲဒါလို သဘောထဲ ရှင်းကြရမယ်၊ လင်းကြရမယ်။

အခုလို သဘောထဲ ရှင်းကြရင်ဖြင့် ဒီအဆင်းဓာတ် ခေါ်တဲ့ ရူပက္ခန္ဓာအပေါ်မှာ ပြတ်စဲဒါဘဲလို့ ထင်မှားမှု ဥစ္ဆေဒဒိဋ္ဌိအစွန်း

ဟာ အသိနဲ့ဖြင့် သူမငြိ နိုင်တော့ဘူး၊ ဒီဥစ္စာဒဗ္ဗိ အစွန်းဟာ အသိနဲ့လွတ်ကင်းသွားပြီဆိုဒါ မှတ်ကြတော့။

အခုပြောခဲ့တဲ့ အချက်များက အဆင်းဓာတ်ခေါ်တဲ့ ရူပက္ခန္ဓာ အပေါ်မှာ မြဲဒါဘဲလို့ ထင်မှားမှု သဿတဒိဋ္ဌိ ပြတ်စဲဒါဘဲလို့ ထင်မှားမှု ဥစ္ဆေဒဒိဋ္ဌိ ဒီ ဒိဋ္ဌိအစွန်းနှစ်ခု ငြိပုံနဲ့ ဒီ ဒိဋ္ဌိ အစွန်းနှစ်ခု အသိသဘောနဲ့ စင်နိုင်ပုံ - လွတ်ကင်းနိုင်ပုံ ပြောခဲ့တဲ့ အချက်ဘဲ ဆိုဒါ မှတ်ကြ။

## ၂၅။ နာမ်ခန္ဓာလေးပါး၌ သဿတဒိဋ္ဌိ အစွန်းငြိပုံ

စက္ခုဒွါရခေါ် မျက်စိအကြည်နဲ့ ရူပါရုံခေါ် အဆင်းဓာတ်နဲ့ တိုက်ဆိုင်မိတော့ သူတို့နှစ်ခု တိုက်ဆိုင်မှုကိုစွဲပြီး မျက်စိ အကြည် ပေါ်မှာ အဲဒီတိုက်ဆိုင်လာတဲ့ အဆင်းဓာတ် ကလေးကိုဘဲ ရှေးရှု ညွတ်ကိုင်းပြီးတော့ အာရုဏဘက္ခ ယှဉ်တွဲခါ နာမ် ခန္ဓာလေးပါးတို့ ပေါ်လာကြတယ်၊ အဲဒါ နောက်ကလဲ ပြောခဲ့တယ်။

အခုလို မျက်စိအကြည်မှာ ပေါ်လာကြတဲ့ နာမ်ခန္ဓာ လေး ပါး အပေါ်မှာလဲ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ ဒိ ဒိဋ္ဌိ အစွန်း နှစ်ခု ငြိတတ်ထာသဲ၊ ဒီတော့ ဒီဒိဋ္ဌိအစွန်းနှစ်ခုထဲက သဿဘဒိဋ္ဌိ အစွန်းငြိပုံ အစွန်းလွတ်ပုံကို ဓမ္မယောဂီများ သဘောမိလောက်ရုံ ပြောဦးမယ်။

ဓမ္မယောဂီများ မျက်စိဖွင့်ကြည့်လိုက်တော့ မြင်စိတ် ကလေး ပေါ်လာ ကြမယ်၊ ပေါ်လာတော့ ငါမြင်တယ်၊ ဒီအမြင်ဟာ

အခုမှမြင်ဒါမဟုတ်ဘူး၊ ငယ်စဉ်ခနဲက မြင်လာခဲ့ဒါ၊ အခုလဲ မြင်တုန်းပါဘဲ၊ အဲဒါလို ထင်တတ်ကြတယ်၊ ဒါလိုထင်မှားမှုဟာ မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာ အပေါ်မှာ ခိုင်မြဲဒါဘဲလို့ ထင်မှားမှု သဿတဒိဋ္ဌိ အစွန်းငြိဒါဘဲလို့ မှတ်ကြ။

ပြီးတော့ မြင်ရတဲ့အဆင်းကလေးက ဝမ်းမြောက်စရာကလေး ဆိုရင် ဝမ်းမြောက်ကြမှာဘဲ၊ ဒါလို ဝမ်းမြောက်ထာကိုဘဲ ငါ ဝမ်းမြောက်တယ်၊ ဒီဝမ်းသာဝမ်းမြောက်ထာဟာ အခုမှ မဟုတ်ပါဘူး၊ အရင်တုန်းကိုက ဝမ်းသာ လာခဲ့ဒါပါ၊ အခု အထိ ဝမ်းသာတုန်းပါဘဲလို့လဲ ထင်တတ်ကြတယ်၊ ဒါလို ထင်မှတ် မှုဟာ ခံစားမှုခေါ်တဲ့ ဝေဒနက္ခန္ဓာအပေါ်မှာ ခိုင်မြဲဒါဘဲလို့ ထင်မှားမှု သဿတဒိဋ္ဌိ အစွန်းငြိဒါဘဲလို့သာ မှတ်ကြ။

ပြီးတော့ ဒီမြင်ရတဲ့ အဆင်းကလေးကိုဘဲ ဘာဘဲ-ညာဘဲလို့ မှတ်သားမှု သညာလဲ ပေါ်ကြမယ်၊ ပေါ်လာတော့ ငါမှတ်မိတယ်၊ ငါက အမှတ်အသား အလွန်ကောင်းတယ်၊ ငယ်စဉ်ကဟာ တွေ အခု အထိ မှတ်မိ သေးဒါဘဲလို့ အဲဒါလို ထင်မှားမှုဟာ သဿတဒိဋ္ဌိ အစွန်းငြိဒါဘဲလို့သာ မှတ်ကြ။

ပြီးတော့ ဒီ အဆင်းခါတ် မြင်နိုင်အောင် စေ့ဆော် ပေးတဲ့ သညာလဲ ပေါ်ကြတယ်၊ ဒီသညာကလေးကိုတော့ ငါမြင်နိုင်သားဘဲ၊ ဒါလို မြင်နိုင်ဒါဟာ အခုမှ မဟုတ်ပါဘူး၊ ငယ်စဉ်တုန်းကိုက မြင်နိုင်ခဲ့ဒါပါ၊ အခုအချိန်အထိ မြင်နိုင် နေဒါပါဘဲလို့ အဲဒါလို ထင်မှားမှုဟာ စေ့ဆော်မှု ခေါ်တဲ့ သင်္ခါရက္ခန္ဓာ အပေါ် ခိုင်မြဲဒါဘဲလို့ ထင်မှားမှု သဿတဒိဋ္ဌိ အစွန်း ငြိဒါလို့ မှတ်ကြ။

အဲဒါလို နာမ်ခန္ဓာလေးပါးအပေါ်လဲ သဿတဒိဋ္ဌိ အစွန်းငြိတတ်တယ်၊ ဒီဒိဋ္ဌိ အစွန်းကိုလဲ ဓမ္မယောဂီများ သဘောအသိနဲ့ အရင် ဖယ်ရှားကြရမယ်။

---

## ၂၆။ နာမ်ခန္ဓာလေးပါး၌ သဿတဒိဋ္ဌိ အစွန်းလွတ်ပုံ

ဖယ်ရှားရပုံတော့ ဓမ္မယောဂီများ မျက်စိအကြည်နဲ့ အဆင်းဓာတ် တိုက်ဆိုင်မှု အကြောင်းရှိလို့သာ ဒီမြင်စိတ်အစရှိတဲ့ နာမ်ခန္ဓာလေးပါးတို့ ပေါ်လာနိုင်ကြဒါ၊ ဒါလို ပေါ်လာတဲ့ နာမ်ခန္ဓာလေးပါးကို အကျိုးသင်္ခါရလို့ မှတ်ကြ။

သင်္ခါရ တရားဆိုတော့ (ဟုတ္ဝာ အဘာဝတော· သင်္ခါရာ အနိစ္စာ) သင်္ခါရဆိုဒါ ထင်ရှားပေါ်လာပြီး ချက်ချင်းပင် ထင်ရှား မရှိတဲ့အခြေ ဆိုက်ရောက် သွားရတဲ့အတွက် အမြဲ ရှိမနေနိုင်ဘူးတဲ့၊ ဝါ-အနိစ္စမျိုးတွေ၊ အဲဒါပဋ္ဌိသမ္ဘိဒါမဂ်က ပြတဲ့စကားဘဲ၊ ဒါကြောင့် မြင်စိတ် အစရှိတဲ့ နာမ်ခန္ဓာလေးပါးတို့ဟာ ပေါ်ပြီး ဒါနဲ့တပြိုင်နက် ပေါ်တဲ့နေရာမှာဘဲ ပျက်စီးကြရတယ်၊ နောက် နောက်-နှစ်-လ-ရက်-အချိန်က ပေါ်ခဲ့တဲ့ နာမ်ခန္ဓာ လေးပါးတို့ဟာ ပေါ်တဲ့ နေရာမှာဘဲ ပျက်စီးခဲ့ကြပြီ၊ ဘာတခုမှ မပါ မရှိတော့ဘူး၊ ဓမ္မယောဂီများ မျက်စိ ဖွင့်ကြည့်လိုက်လို့ ပေါ်လာကြတဲ့ မြင်စိတ်အစရှိတဲ့ ဒီနာမ် ခန္ဓာလေးပါးတို့ဟာ အခုမှ ပေါ်လာတဲ့ အသစ်ခန္ဓာ၊ မြင်စိတ်အသစ်၊ ခံစားမှုအသစ်၊ မှတ်သားမှု အသစ်၊ စေ့ဆော်မှု အသစ် ကလေး တွေ ချည်း ဘဲ၊ ဘာတခုမှ

နောက်က အဟောင်းမဟုတ်ကြတော့ဘူး၊ အခုမှပေါ်တဲ့ အသစ်စက်စက်ကလေးတွေဘဲဆိုဒါ မှတ်ကြ။

ဒါလို အခုမှ ပေါ်လာတဲ့ အသစ်ခန္ဓာလေးတွေလို့ဘဲ ဓမ္မယောဂီများ သဘောရှင်းကြရင်ဖြင့် အဲဒါ နာမ်ခန္ဓာလေးပါး အပေါ် ခိုင်မြဲဒါဘဲလို့ ထင်မှားမှု သဿတဒိဋ္ဌိ အစွန်းဟာ အသိနဲ့တော့ မငြိတော့ဘူး၊ လွတ်ကင်းသွားပြီလို့ မှတ်ထားကြ။

---

## ၂၇။ နာမ်ခန္ဓာလေးပါး၌ ဥစ္ဆေဒဒိဋ္ဌိအစွန်းငြိပုံ

သို့အခုလို ပေါ်လာကြတဲ့ နာမ်ခန္ဓာလေးပါးတို့ဟာ နောက်နောက်-နှစ်-လ-ရက် - အချိန်များက ပေါ်ခဲ့တဲ့ နာမ်ခန္ဓာတွေဘာတခုမှ မဟုတ်ကြတော့ဘူး၊ ဒီခန္ဓာတွေဟာ ပေါ်တဲ့နေရာမှာဘဲ ပျက်စီးခဲ့ကြပြီး ကုန်ဆုံးခဲ့ကြပြီ၊ ဘာတခုမှ မပါရှိတော့ဘူး၊ အခုမှ ပေါ်လာတဲ့ ခန္ဓာတွေက အခု မျက်စိဖွင့်ကြည့်လိုက်မှ ပေါ်လာတဲ့ ခန္ဓာအသစ်တွေဘဲ၊ မြင်စိတ်အသစ်၊ ခံစားမှုအသစ်၊ မှတ်သားမှုအသစ်၊စေ့ဆော်မှုအသစ်၊ အားလုံးအသစ်ချည်းဘဲလို့ ပြောလိုက်တော့၊ ဒါဖြင့် အခုပေါ်လာတဲ့ နာမ်ခန္ဓာလေးပါးဟာ အသစ်ခန္ဓာတွေဘဲ၊ သူတို့ အလိုလို ပေါ်လာကြဒါ၊ ဘာမှ အကြောင်းဆက်သွယ်မှုလဲ ရှိကြဒါမဟုတ်ဘူး၊ အဲဒါလို ထင်ကြပြန်ရင်လဲ နာမ် ခန္ဓာ လေးပါး အပေါ်မှာ ပြတ်စဲဒါဘဲလို့ ထင်မှားမှု ဥစ္ဆေဒ ဒိဋ္ဌိ အစွန်းငြိဒါဘဲလို့ မှတ်ကြ။ အဲဒီ ဥစ္ဆေဒဒိဋ္ဌိ အစွန်းကိုလဲ ဓမ္မယောဂီများ သဘောအသိနဲ့ဒီလို ပယ်ရှင်း ပစ်ကြရမယ်။

## ၂၈။ နာမ်ခန္ဓာလေးပါး၌ ဥစ္ဆေဒဒိဋ္ဌိ အစွန်းလွတ်ပုံ

ဖယ်ရှင်း ရပုံကတော့ ဓမ္မယောဂီများ အခု မျက်စိဖွင့်ကြည့် လိုက်တုန်းမှ ပေါ်လာကြတဲ့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ(အနုပ္ပန္န ပုဗ္ဗာ) ရှေးက တကြိမ်ကလေးမျှ မဖြစ်ခဲ့ဘူးသေးဘူး၊ (ဥပ္ပဇ္ဇန္တိ) အခု မျက်စိ ဖွင့်ကြည့်လိုက်တုန်းမှာမှ ပေါ်လာကြတဲ့ အသစ် ခန္ဓာကလေးတွေတော့ ကေန် မှန်ကြတယ်။

ဒီအသစ်ခန္ဓာကလေးတွေဟာ ပဋိစ္စသမုပ္ပန္န အကြောင်း ခေါ် ဆို သဘောတိုထိုတို့ စွဲမှီပြီး ပေါ်လာရတဲ့ ပဋိစ္စသမုပ္ပန္န တရား လေးတွေတဲ့၊ ဒါကြောင့် မျက်စိဖွင့်ကြည့်လိုက်တုန်းမှ ပေါ်လာ ကြတဲ့ ဒီအသစ် ခန္ဓာကလေးတွေဟာ နောက်က အဟောင်းတွေ မဟုတ်ကြသော်လဲ အကြောင်း ဆက်သွယ်မှုရှိတယ်၊ အကြောင်း မကင်းဘူးဆိုဒါ မှတ်ကြ။

ဒီ နာမ်ခန္ဓာ လေးပါးတို့ ပေါ်လာနိုင်ဘို့ရာ ဆက်သွယ်တဲ့ အကြောင်းဆိုဒါက (စက္ခုဉ္စ-ပဋိစ္စ ရူပေစ-ဥပ္ပဇ္ဇတိ-စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ)လို့ ရှင်တော်ဘုရား ဟောထားခဲ့တယ်၊ ဒါကြောင့် အသင် ဓမ္မယောဂီများရဲ့ မျက်စိ အကြည်နဲ့ အဆင်းဓာတ် တိုက်ဆိုင်မိတဲ့အခါ သူတို့နှစ်ခုတိုက်ဆိုင် မှုကိုစွဲပြီး သင်ဓမ္မယောဂီများရဲ့ မျက်စိအကြည်ကလေးပေါ်မှာ မြင်သိစိတ်နှင့်တကွ နာမ်ခန္ဓာလေးပါး ပေါ်လာနိုင်ရဒါ။

ဒီတော့ မျက်စိ အကြည် ရုပ်နဲ့ အဆင်း ဓာတ် တိုက်ဆိုင်မှု အကြောင်း ရှိလို့သာ ဒီမြင်သိစိတ် အစရှိတဲ့ နာမ်ခန္ဓာလေးပါး

တို့ဟာ ဥပါဒ်-ဋ္ဌီ-ဘင် သခ်တ အသွင်နဲ့ အသင်အရှား ပေါ်လာနိုင်ပါတဲ့လို့ မှတ်ထားကြ။

ဒါလိုဖြစ်တော့ ဓမ္မယောဂီများက ဟောဒီ နာမ်ခန္ဓာလေးပါး အပေါ် ဩဘ်-မျက်စိ အကြည်ရုပ်နဲ့ အဆင်းခါတ် တိုက်ဆိုင်မှု အကြောင်းရှိလို့သာ ဒီနာမ်ခန္ဓာလေးပါး ပေါ်ပေါက်လာရပါပါကလား၊ အကြောင်း ဆက်သွယ်မှု မကင်းဘူး၊ ဒီအကြောင်း ဆက်သွယ်မှုအရ ပေါ်လာရပါကလားလို့ သဘောထဲရှင်းရမယ်၊ လင်းရမယ်၊ ဒါလိုသဘောရှင်းကြရင်ဖြင့် ဒီနာမ် ခန္ဓာ လေးပါး အပေါ် ဘာမှအကြောင်းမရှိ၊ အကြောင်း ကင်းပြတ် တာဘဲလို့ ထင်မှားမှု ဥစ္ဆေဒဒိဋ္ဌိ အစွန်းဟာ အသင်ဓမ္မယောဂီတို့မှာ အသိနဲ့ ဖြင့် သူမငြိတော့ဘူး၊ ဒီဒိဋ္ဌိအစွန်းဟာ အသိနဲ့ဖြင့် လွတ်ကင်းပြီ ဆိုဒါ မှတ်ကြတော့။

အခု အခဏ်း ( ၁ ) အနေနဲ့ ဖော်ပြ ပြောဆိုခဲ့တဲ့ စကားရပ်များက ပစ္စုပ္ပန်တည့်တည့် ခန္ဓာငါးပါး အပေါ် ဒိဋ္ဌိ ဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒဒိဋ္ဌိများ သဘော အသိနဲ့ စင်နိုင်ပုံ လွတ်နိုင်ပုံ၊ ကင်းနိုင်ပုံများ ဖော်ပြပြောဆိုခဲ့တဲ့ စကားရပ်များလို့ မှတ်သားကြပေတော့။

—— ——

( ၈ )

## အခန်း (၂) ဉာတပရိညာဉ်

## ခန္ဓာအရှိ သဘောသိ

### ၁။ မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ၌ အမှန်ရှိမှု ခယ သဘာဝ

ဒီအခန်း(၂)က ခန္ဓာအရှိကို သဘောအသိနဲ့ ဓမ္မယောဂီများ သိနိုင်ကြဖို့ ပြောပြမဲ့ အခန်းဘဲဆိုဒါ မှတ်ထားခဲ့ကြ။

ဒီတော့ အခန်း (၁) က ပြောခဲ့တဲ့ ခန္ဓာ-ရုပ်-နာမ်တွေမှာ အမှန်ရှိကြတဲ့ သဘောတရားများကတော့—

ရူပံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စ သမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓ ဓမ္မန္တိ-လို့

ဝိဘင်းပါဠိတော်မှာ ရှင်တော်ဘုရား ဟောထားခဲ့တယ်။

အဲဒီမိန့်ခွန်းတော်စကားအရ ရုပ်-နာမ်-ခန္ဓာ ဆိုတဲ့ သင်္ခတနယ်မှာ အမှန်ရှိကြဒါကဖြင့်၊ အနိစ္စံ၊ပြိုကွဲပျက်စီးမဲ့သဘောဘဲရှိတယ်။ သင်္ခတံ၊ပြုပြင်စီမံမှုကို မငြင်းဆန်နိုင်လို့ ပြုပြင်စီမံခံရတဲ့ သဘောဘဲ ရှိတယ်။ ပဋိစ္စသမုပ္ပန္နံ၊အကြောင်း ခေါ်ရရုံမျှ သဘာဝတွေ စုံမှီပြီးမှ ပေါ်လာရတဲ့ သဘောဘဲရှိတယ်။ ခယဓမ္မံ၊သူတို့ရဲ့ မူလ ပင်ကိုယ် သဘာဝက ကုန်ခန်းနေရတဲ့ သဘောဘဲရှိကြတယ်။ ဝယ ဓမ္မံ၊ ပင်ရင်း အခြေအနေ အစားကတော့ ပျက်ပြားနေတဲ့ သဘော ဘဲ ရှိကြတယ်။ ဝိရာဂဓမ္မံ၊ သူတို့ရဲ့ သဘာဝ မူလကတော့ ဆက် စပ်မှုမရှိ၊ကင်းပြတ်တဲ့သဘောဘဲ ရှိကြတယ်။ နိရောဓ ဓမ္မံ၊ သူတို့ရဲ့

အလို ပင်ကိုယ်မူလကတော့ အေးမြချုပ်ငြိမ်းနေတဲ့ သဘောဘဲ ရှိကြတယ်။

အဲဒီ မိန့်ခွန်းတော်စကားရပ်များကို ဓမ္မယောဂီများ သဘောထဲ ထိအောင် မိအောင် လေ့လာထားခဲ့ကြ၊ ဒါမှအခုအခါ ကျား(၂) အရ ပြောပြမဲ့ ခန္ဓာရဲ့ အရှိသဘောကို ဉာဏ်ရှင်းနိုင်ကြမယ်။

အခု အခါကျား (၂) အရနဲ့ ပြောပြမှာကလဲ၊ ခြောက်ဒွါရမှာ ဖြစ်ပေါ်လာကြတဲ့ ခန္ဓာတွေ အနက်က စက္ခုဒွါရခေါ်  မျက်စိ အကြည်မှာ ပေါ်လာကြတဲ့ ခန္ဓာငါးပါးတွေလောက်ဘဲ မူထားပြီး ပြောပြမယ်၊ ဒါလောက်ပြောပြလိုက်ရင်လဲ ကျန်တဲ့ ဒွါရများမှာ ဖြစ်ပေါ်လာကြတဲ့ ခန္ဓာတွေ အပေါ်မှာ ဓမ္မ ယောဂီများ သဘောမိသွားကြပါလိမ့်မယ်၊ ဒါကြောင့် ဒီအခါကျား(၂) အရက စက္ခုဒွါရခေါ်တဲ့ မျက်စိအကြည်မှာ ပေါ်လာကြတဲ့ ခန္ဓာတွေရဲ့ အရှိကို သဘော အသိနဲ့ ဓမ္မယောဂီများ ထိထိမိမိ သိနိုင်ဘို့ရာ ပြောပြမဲ့ အခါကျားဘဲဆိုဒါ မှတ်ထားခဲ့ကြ။

အဲဒီ စက္ခုဒွါရခေါ်တဲ့ မျက်စိအကြည်မှာ ပေါ်လာကြတဲ့ ခန္ဓာငါးပါးအနက်က အဆင်းဓာတ် ထိခိုက်နိုင်ဘို့ရာ မဟာဘုတ်ဓာတ်ကြီးလေးပါးတို့ကြည်လင်နေတဲ့ သဘောကလေးကို မျက်စိ အကြည်ရုပ် ရူပက္ခန္ဓာလို့ မှတ်ထားကြ။(သဗ္ဗေ ဓမ္မာ အနတ္တာ) သဘောတရား အားလုံးတို့ဟာ သူတို့ရဲ့ အလိုနဲ့တော့ကြည်လင်နိုင် ဖြစ်နိုင်တဲ့ အားသတ္တိ မရှိကြကုန်ဘူးတဲ့၊ ဒါ့ကြောင့်အဆင်းဓာတ် ထိခိုက်နိုင်ဘို့ရာ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့ကြည်လင်နေတဲ့ သဘောကလေးပါ ဆိုရသော်လဲ သူ့အလိုလို ကြည်လင် နိုင်ဒါ မဟုတ်ပါဘူး။

ဒါလို သူရှဲအလိုတော့ ဒီကြည်လင်မှု သဘောကလေး ပေါ်နိုင် ဖြစ်နိုင်တဲ့ အားသတ္တိ မရှိဘူးဆိုတော့(သဗ္ဗေဓမ္မာအနတ္တာ)အရ ဒီမျက်စိအကြည်ရုပ် ခေါ်တဲ့ ရူပက္ခန္ဓာ ကလေးဟာ ကုန်ခန်းတဲ့ အခြေဆိုက်ရောက်နေဒေါပါဘဲ၊ အဲဒါ(ခယဓမ္မ)သူရှဲ မူလပင်ကိုယ် သဘာဝအရ ကုန်ခန်းနေဒါဘဲလို့ မှတ်ထားကြ။

ဒါပေမဲ့ အဆင်းဓာတ် ထင်နိုင် ထိခိုက်နိုင်ဘို့ရာ ဉပါဒ်-ဌီ-ဘင် သခ်တအသွင်နဲ့ ကြည်လင်နေတဲ့ သဘောကတော့ ရှိဒါဘဲ၊ ဒါလို ရှိဒါက သူရှဲအလို မဟုတ်ဘူး၊ သခ်ါရရှဲ အလို၊ သခ်ါရနယ်မှာ ဖြစ်နေတော့ သခ်ါရအလိုဘဲ လိုက်ပါရတယ်၊ သခ်ါရဆိုဒါ ကံဘဲလို့ မှတ်ကြ၊ ဒီကံသခ်ါရက စီမံလို့ ကြည်လင်မှု သဘောကလေးဟာ ဉပါဒ်-ဌီ-ဘင်သခ်တအသွင်နဲ့ ပေါ်လာရဒါဘဲဆိုဒါမှတ်ကြ။

သို့အခုလို ကံသခ်ါရက စီမံလို့ ကြည်လင်မှု သဘောကလေးဟာ ဉပါဒ်-ဌီ-ဘင် သခ်တအသွင်နဲ့ ပေါ်ရဒါ၊ ဖြစ်ရဒါဆိုတော့ ဓမ္မယောဂီများက ဒါလိုဆိုရင် ကံသခ်ါရက ကြည်လင်မှု သဘောကလေးပေါ်လာ ဖြစ်လာအောင် စီမံပြုပြင်နိုင်ငဲ့တဲ့ ဗျာပါရ သတ္တိ ရှိဒါဘဲလို့ အဲဒါလိုလဲ မထင်လိုက်ကြနဲ့ သူဟာလဲ စီမံ ပြုပြင်ပေးနိုင်တဲ့ ဗျာပါရသတ္တိမရှိပါဘူး။

(အဗျာပါရတ္တေန အနတ္တာ) သဘောတရား အားလုံးတို့ဟာ ဘယ်သဘောတရားမျိုးမဆို တခုကို တခု ပေါ်လာ ဖြစ်လာအောင် ကူညီဆောင်ရွက် ထောက်ပံ့နိုင်တဲ့ ဗျာပါရသတ္တိ အရှင်း မရှိကြပါဘူး။

ဒါ့ကြောင့် ကံ သခ်ါရက အမှန် အားဖြင့် ကြည်လင်မှု သဘောလေးကို ဉပါဒ် - ဌီ - ဘင် သခ်တ အသွင်နဲ့ ပေါ်လာ

ဖြစ်လာအောင် စီမံပြုပြင်နိုင်တဲ့ ဗျာပါရသတ္တိမရှိပါဘူး၊ စီမံပြုပြင်နိုင်တဲ့ ဗျာပါရသတ္တိမှ လုံးဝသုဉ်းဆိတ်တဲ့ အဗျာပါရ သုညာတ တရားဘဲဆိုဒါမှတ်ကြ။

ဒါလိုဖြစ်တော့ ဒီမျက်စိအကြည်ရုပ် ရူပက္ခန္ဓာကလေးဟာ သူ့ရဲ့ အလိုနဲ့လဲ ပေါ်နိုင် ဖြစ်နိုင်တဲ့ အားသတ္တိဟူက မြူမျှမှမရှိလို့ ရှာမရအောင် ပျောက်ပျက် နေဒါဘဲ၊ ကံသင်္ခါရကလဲ အမှန် အားဖြင့် ဒီကြည်လင်မှုသဘောကလေး ပေါ်လာ ဖြစ်လာအောင် စီမံပြုပြင်နိုင်တဲ့ ဗျာပါရသတ္တိ အရှင်းမရှိတဲ့ အဗျာပါရတရား ကလေး အမှန်ဖြစ်နေပြန်တော့ ဒီကံသင်္ခါရ အလိုနဲ့လဲ ပေါ်လာ ဖြစ်လာနိုင်ဘို့ရာ အားအစွမ်းဟူက မြူမျှမှ မရှိလို့ ရှာမရအောင် ပျောက်ပျက်နေဒါဘဲ။

အဲဒါလို အကျိုးသင်္ခါရဘဲလို့ ခေါ်ရရုံမျှ သဘာဝထဲမှာလဲ ရှာမရအောင် ပျောက်ပျက်နေမှု အကြောင်း ကံသင်္ခါရဘဲလို့ ခေါ်ရရုံမျှ သဘာဝအလိုနဲ့လဲ ရှာမရအောင် ပျောက်ပျက်နေမှု အဲဒါလို ဘယ်အထဲမှာမှ ရှာမရအောင် ပျောက်ပျက်နေဒါဟာ မျက်စိအကြည်ရုပ်ခေါ်တဲ့ရူပက္ခန္ဓာမှာအမှန်ရှိတဲ့(ဝယဓမ္မ)ပါဘဲ၊ မြန်မာလိုပြန်လိုက်တော့ ပင်ရင်းမူလ သူ့သဘာဝ အလျောက် ကတော့ ပျောက်ပျက်နေတဲ့ သဘောဘဲ ရှိတယ်၊ အဲဒါ မျက်စိ အကြည်ရုပ် ရူပက္ခန္ဓာမှာ မူလ အမှန်ရှိတဲ့ တရားဘဲဆိုဒါ အသင် ဓမ္မယောဂီများ သဘော မိကြရမယ်၊ ဒါလို မျက်စိအကြည်ရုပ် ရူပက္ခန္ဓာမှာ မူလ အမှန်ရှိတဲ့ ပျောက်ပျက်မှုကလေးကို သဘော မိကြတော့ ဓမ္မယောဂီများက ဒီပျောက်ပျက်နေတဲ့အထဲမှာ ငါလို့ ဆိုစရာရှိပါရဲ့လား၊ ငါလို့ ထင်စရာ ရှိပါရဲ့လားဆိုဒါ စဉ်းစား ကြည့်ကြပေါ့၊ သူ့ရဲ့ မူလ အမှန် အရှိကတော့ ပျောက်ပျက်နေတဲ့

သဘောသာအမှန်ရှိဒါပါဆိုခဲ့ကငါလို့ ထင်စရာ မြင်စရာ လုံးဝ မရှိဒါကဖြင့် အမှန်ဖြစ်နေဒါပါဘဲ။

အဲဒါ သဘောမိကြရင် ဓမ္မယောဂီများ ခန္ဓာအရှိန့် သဘော အသိကိုက်သွားပြီ၊ ခန္ဓာအရှိန့် သဘောအသိကဖြင့် ယထာဘူတ ဆိုက်သွားကြပြီ၊ ဒါလို ခန္ဓာအရှိန့် သဘောအသိ ယထာဘူတ ဆိုက်သွားတော့ ဒီမျက်စိအကြည်ရုပ် ရူပက္ခန္ဓာအပေါ် ငါဘဲလို့ ထင်မှားမှု ဒိဋ္ဌိသဘောအသိနဲ့ဖြင့် စင်ပြီဆိုဒါမှတ်ကြ။

ဒါလို ငါဘဲလို့ ထင်မှားစရာမရှိအောင် ခန္ဓာရဲ့မူလအရှိကို သဘောအသိက ယထာဘူတ ဆိုက်သွားတော့ ငါဘယ်က ဖြစ် ပေါ်လာပါလိမ့်မတုန်း၊ ဘယ်သူက စီမံ ဖန်ဆင်းလိုက်ပါလိမ့် မတုန်းဆိုတဲ့ တွေးတောယုံမှားမှု ဝိစိကိစ္ဆာဟာလဲ သဘောအသိန့် ကဖြင့် စင်သွားပြီလို့ မှတ်ကြ။

အခုပြောပြခဲ့တဲ့စကားရပ်များထဲမှာ ဓမ္မယောဂီများ တွေးဆ ဘို့ အချက်ကလေး အမြွက်မျှ ရှိရစ်သေးတယ်၊ ရှိရစ်ပုံက ဒီမျက်စိ အကြည်ရုပ် ရူပက္ခန္ဓာကလေးဟာ သူ့ရဲ့အလိုနဲ့လဲ ပေါ်နိုင် ဖြစ်နိုင် တဲ့ အားသတ္တိဟူက မြူမျှမှ မရှိလို့ ရှာမရအောင် ပျောက်ပျက် နေရဒါဘဲ၊ ကံသင်္ခါရကလဲ အမှန်အားဖြင့် သူ့ကို ပေါ်လာ ဖြစ် လာနိုင်အောင် စီမံပြုပြင်နိုင်တဲ့ အားအစွမ်းဟူက မြူမျှ မရှိလို့ ကံသင်္ခါရအလိုနဲ့လဲ ပေါ်လာ ဖြစ်လာနိုင်ဘို့ရာ အားသတ္တိဟူက မြူမျှမရှိ ရှာမရအောင် ပျောက်ပျက် နေဒါဘဲလို့ ပြောပြထား ခဲ့တယ်။

သို့ပေမဲ့ ဒီမျက်စိအကြည်ရုပ် ရူပက္ခန္ဓာကလေးဟာ (ရူပါဘိ ဃာတာရဟာဘူတပ္ပ သာဒလက္ခဏာ) အဆင်းရူပါရုံ ထိခိုက်နိုင်ဘို့ရာ

မဟာဘုတ် ဓာတ်ကြီးလေးပါးတို့ ဥပါဒ်-ဌီ-ဘင် သခ်တ အသွင်နဲ့ ကြည်လင်တဲ့ သဘောကလေးကတော့ ရှိဒါဘဲ၊ သူ ရှိလို့ သာ အဆင်းရူပါရုံက ထင်နိုင်ထိခိုက်နိုင်ဒါဘဲ၊ ဒါလိုဖြစ်ပါချဲ့နဲ့ ဘာ့ ကြောင့် မျက်စိအကြည်ရုပ် ရူပက္ခန္ဓာကလေးဟာ ရှာလို့ မရ၊ ပျောက်ပျက်နေတဲ့သဘောသာ အမှန်ရှိတယ်လို့ ပြောပြပါလိမ့် မယ်လို့ အဲဒါလို ဓမ္မယောဂီများ တွေးဆဘို့ အချက်ကလေး အမြွက်မျှ ရှိခဲ့တယ်၊ အဲဒါ ဓမ္မယောဂီများ တွေးဆဘို့ အချက် ပေါ်ထွက်လာအောင် ဖော်ထုတ်ပေးလိုက်တာဘဲ။

ဒီတော့ မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ ကလေးဟာ (ရူပါဘိ ဃာတာရဟာဘူတပ္ပ သာဒလက္ခဏံ)ဆိုတဲ့ စကားအတိုင်း အဆင်း ရူပါရုံ ထိခိုက်နိုင်ဘို့ရာ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့ ဥပါဒ်-ဌီ-ဘင် သခ်တအသွင်နဲ့ ကြည်လင်တဲ့သဘောကဖြင့် အမှန် ရှိဒါ ဘဲ၊ ဒါလိုရှိလို့လဲ အဆင်းရူပါရုံက ထင်နိုင် ထိခိုက်နိုင်ဒါ။

---

## ၂။ မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ ကံသခ်ါရအရိပ်မျှ

သို့အခုလို အဆင်းရူပါရုံ ထင်နိုင် ထိခိုက်နိုင်ဘို့ ဥပါဒ်-ဌီ-ဘင် သခ်တအသွင်နဲ့ ကြည်လင် ကြည်လင်နေရတဲ့ ဒီမျက်စိအကြည်ရုပ် ရူပက္ခန္ဓာကလေးဟာ ကံသခ်ါရရဲ့ အရိပ်ကလေးလို့ မှတ်ကြ။ ကံ သခ်ါရအရပ်က ပေါ်ထွက်လာတဲ့ အရိပ်ကလေးပါဘဲ၊ နံနက်ခင်း နေထွက်လာဘဲ့အခါ မြေအပြင်မှာ လူသွားပြီး ရပ်လိုက်တော့

ဒီမြေအပြင်မှာ လူအရိပ်ထင်လာတယ်၊ပေါ်လာတယ်။ အဲဒီဥပမာအတိုင်းဘဲ ကံသင်္ခါရ အရပ်ရှိလို့ ဥပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ ကြည်လင်တဲ့ အရိပ်ကလေးတွေ ပေါ်ဒါဘဲလို့ မှတ်ထားကြ။

ဒါဖြင့် ဒီ ကံသင်္ခါရ အရပ်က ဘယ်က ဖြစ်ခဲ့ပါလိမ့်မလဲလို့ ဓမ္မယောဂီများ စဉ်းစားဘို့ရှိသေးတယ်၊ ဒီတော့ ဒီကံသင်္ခါရအရပ်ဟာ နောက်နောက်အတိတ်ဘဝက ဖြစ်ခဲ့တဲ့ အရပ်ဘဲလို့ မှတ်ကြ၊ နောက်နောက် အတိတ်ဘဝက ကံသင်္ခါရ အရပ်ဖြစ်ခဲ့ပုံ ဒီလိုမှတ်ကြရမယ်၊ ဓမ္မယောဂီများ နောက်နောက် ဘဝများက ဒါန-သီလ အစရှိတဲ့ ကုသိုလ်များ ပြုခဲ့ကြမယ်၊ ဒါ့ကြောင့်လဲ (ဓမ္မောပါပေတိ သုဂ္ဂတိံ)ဆိုတဲ့ မိန့်ခွန်းတော်အတိုင်း သုဂတိ လူ့ဘုံမှာ လူဖြစ်လာကြရဒါ။

အဲဒါလို ဒါန-သီလ အစရှိတဲ့ ကုသိုလ်များ ပြုစဉ် အချိန်က အမှန် ဖြစ်ပေါ်ခါ ရှိတဲ့ နာမ်-ရုပ် နှစ်ပါးရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာ အချက်ကို အကျွက်ကျကျ မသိခဲ့ကြဘူး၊ ဝါ-ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန် မရခဲ့ကြဘူး၊ ဒီလိုရုပ်-နာမ် နှစ်ပါးရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာ အမှန်အရှိ သဘာဝကို ဉာဏ်နဲ့မသိမမြင်ကြဒါဟာ(ဒုက္ခေ-အညာဏံ အယံဝုစ္စတိအဝိဇ္ဇာ)ဆိုတဲ့စကားတော်အရ အဝိဇ္ဇာလို့ မှတ်ကြ။

အခုလို နာမ်-ရုပ်နှစ်ပါးမှာ အမှန်ရှိတဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာကို ဉာဏ်နဲ့ မသိမှု အဝိဇ္ဇာနုသယထ ဝင်လာတော့ ဒီရုပ်-နာမ် နှစ်ပါးကို ငြိတွယ်တဲ့ တဏှာ နုသယက အရင်းခံ ဖြစ်ပြန်ဒါဘဲ၊ တဏှာနုသယ အရင်းခံ ရှိပြန်တော့ အဲဒီအချိန်မှာပေါ်တဲ့ ဇောစေတနာက ကမ္မဘဝ ဖြစ်သွားရတယ်၊ ကမ္မဘဝ အနေနဲ့ အမှုထမ်းတောတယ်။

ဒါလို ကုသိုလ် ပြုစဉ် အချိန် သမ္ပယုတ္တ ဓမ္မအဖြစ်နဲ့ ပေါ်တဲ့ ဇောစေတနာကလေး ကမ္မဘာဝ ဆိုက်သွားရမှုဟာ ကံသန္တါရ အရပ် ဖြစ်ထာပါဘဲ၊ ကံသန္တါရ အရပ် ဖြစ်ထာဘဲလို့ မှတ်ကြ၊ ဒါလိုဖြစ်တော့(ကမ္မဿ၊ ဝိပါကော)အရ ဒီကံနဲ့အကျိုးဝိပါကဝဋ္ဋ ဒုက္ခသစ္စာကြီး အခု ဓမ္မယောဂီတို့ ရရှိလာကြဒါဘဲလို့ ဆိုဒါ ယုံမှားမရှိကြနဲ့၊ အခု ပြောခဲ့တဲ့ စကားအရ သာခကပါဠိအမြွက်မျှ ပြရလျှင် (အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာနုသယ မူလကေန သန္တါရေန ဇနိယမာနံ)လို့ လက်သန်း အဋ္ဌကထာက ပြထားတယ်၊ ဒါက ပညာရှင်များအတွက် သာဓက တင်ပြချက်ပါဘဲ။

ဒီတော့ နောက်က စကားစဉ်ကို ပြန်ဆက်ကြပါစို့၊ အသင် ဓမ္မယောဂီများ အတိတ်ဘဝ ကုသိုလ်ပြုစဉ်အချိန်က သမ္ပယုတ္တ ဓမ္မအဖြစ်နဲ့ပေါ်တဲ့ စေတနာကလေးဟာ အဝိဇ္ဇာနုသယ အခြံအရံ တဏှာနုသယ အရင်းခံရှိလို့ ကံသန္တါရ အရပ်ဖြစ်ရတယ်။

ဒါလို ကံသန္တါရ အရပ် ဖြစ်လာခဲ့လို့ အခု ဥပါဒ်-ဌီ-ဘင် သန္တတအသွင်နဲ့ ကြည်လင်ခါ မျက်စိ အကြည်လို့ ခေါ်ရရုံမျှ ရူပက္ခန္ဓာ အရိပ်ကလေးပေါ်လာဒါလို့ မှတ်သားကြ။

ဒါဖြင့် လောကမှာ လူအရပ်က ပေါ်ထွက်တဲ့ အရိပ်ကလေး ဟာ အနှစ်သာရမှလဲ ကင်းဆိတ်တယ်၊ လူလည်း မဟုတ်ဘူး၊ လူအရပ်မရှိရင် သူလည်း ပျောက်ကွယ်ရဒါဘဲ၊ ထို့အတူ ကံ သန္တါရအရပ်က ပေါ်ထွက်တဲ့ ကြည်လင်မှုသဘာဝ လက်ရှိတွေ့ဆဲ ဥပါဒ်-ဌီ-ဘင် အရိပ်ကလေးဟာလဲ အနှစ်သာရမှလဲ ကင်းဆိတ် ထာဘဲ၊ ငါလဲ မဟုတ်ပါဘူး၊ ကံသန္တါ ရအရပ် ချုပ်သွားရင် သူလည်း ပျောက်ကွယ်သွားရဒါဘဲ။

ဒါလိုပျောက်ကွယ်သွားမှုဟာ(ဟုတွာ အဘာဝတ္တေန အနိစ္စံ) အရ၊ သူ့ရဲ့နယ်ပယ်အမှန်ရှိတဲ့ သဘာဝထဲ သက်ဆင်းသွားမှုပါဘဲ၊ ဒီတော့ (ရူပါဘိ ဃာတာရဟ ဘူတပ္ပ သာဒလက္ခဏံ)ဆိုတဲ့စကား အရ၊ အဆင်းရူပါရုံ ထင်နိုင် ထိခိုက်နိုင်ဘို့ရာ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့ ဥပါဒ်-ဌီ-ဘင် သန္တတိအသွင်နဲ့ ကြည်လင်နိုင်မှုဟာ ဝါ၊မျက်စိအကြည်ရုပ်ခေါ် ရူပက္ခန္ဓာပေါ်နိုင်မှုဟာ ကံသင်္ခါရက ပေါ်ထွက်တဲ့ အရိပ်ဘဲဆိုဒါမှတ်ကြ။

ဒါ့ကြောင့် ဒီမျက်စိအကြည်ရုပ်ခေါ်တဲ့ ရူပက္ခန္ဓာဟာ သူ့ရဲ့ အလိုနဲ့လည်း ပေါ်နိုင် ဖြစ်နိုင်တဲ့ အားသတ္တိမရှိလို့ ရှာမရအောင် ပျောက်ပျက်နေဒါဘဲ။

ကံသင်္ခါရ အလိုနဲ့ သူ့ကို ပေါ်လာ ဖြစ်လာနိုင်အောင် ရွက်ဆောင်ပေးနိုင်တဲ့ ဗျာပါရသတ္တိဆိုဒါလဲ အရှင်းပင် မရှိလို့ ရှာမရ အောင် ပျောက်ပျက် နေဒါပါဘဲ၊ ဒါလို ရှာမရအောင် ပျောက် ပျက်နေဒါဖြစ်လို့ ဒီမျက်စိ အကြည်ရုပ်ခေါ်တဲ့ ရူပက္ခန္ဓာကလေး မှာ ပင်ရင်း မူလအမှန် ရှိဒါကဖြင့် (ဝယမေ့) သူ့ရဲ့ သဘာဝ အလျောက်ကတော့ ပျောက်ပျက် နေဒါဘဲလို့ ဆိုဒါ သဘော ဥာဏ် ရှင်းကြဘို့ပါဘဲ။

---

## ၃။ မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ သဘာဝ ၁၃-ခုတို့ပြည့်စုံမှု အရှိန်

ဒီနေရာမှာ မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ အကြောင်းပစ္စယကို ကံသင်္ခါရဘဲလို့ ပြောပြခဲ့ဘယ်၊ အဲဒါ ပဓာနအကြောင်းလောက်

သာ ပြောပြခဲ့ဒါ၊ စေ့အောင် ပြောရလျှင် ပထဝီ-အာဘော-တေဇော-ဝါယော-ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာစိတ်ဥတုအာဟာရ ဇီဝိတကံ

အဲဒီ သဘာဝတရား (၁၃) ပါး အသီးသီး ပြည့်စုံညီညွတ်မှု အရှိန်စုကိုပင် မျက်စိအကြည်ရုပ် ရူပက္ခခန္ဓာဘဲရယ်လို့ ခေါ်ဝေါ် သမုတ်ကြရဒါပါဘဲ။

---

## ၄။ မျက်စိအကြည်ရုပ် ရူပက္ခန္ဓာ ပင်ကိုယ်မူလ (ခယ) ဝယ) သဘောမျှ

ဒီသဘာဝတရားတွေကိုလဲ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဆိုတဲ့ အချက်များနဲ့ အကွက်ကျကျ စီစစ်ချက်ချပြီး ကြည့်လိုက်ပြန်တော့လဲ သဘာဝတရား အားလုံးတို့ဟာ မိမိတခုတည်း အလိုနဲ့လဲ မပေါ်နိုင် မဖြစ်နိုင်၊ သဘာဝ တရားတခုက သဘာဝတရားတခုကို ပေါ်အောင် ဖြစ်အောင် ရွက်ဆောင် ထောက်ပင့်နိုင်တဲ့ ဗျာပါရသတ္တိဆိုဒါလဲ မူမျှမှ မရှိကြပါဘူး။

ဒါ့ကြောင့် ဒီသဘာဝတရား ( ၁၃ ) ပါး အလိုနဲ့ သူတို့ရဲ့ မူလဇစ်မြစ်ရောက်အောင် ထောက်ဆကြည့်ပြန်တော့လဲ ပျောက်ပျက်နေတဲ့ (ဝယဓမ္မ)သာ အမှန်တွေရှိရဒါပါဘဲ။

သူတို့ရဲ့ ပင်ရင်းမူလ သဘာဝကတော့ ဘာမှ ရှာမရအောင် ပျောက်ပျက်နေတဲ့ (ဝယဓမ္မ)သာ အမှန် ရှိပါတယ်၊ ဆိုထားတဲ့ အတိုင်း ဓမ္မယောဂီများက သဘော မိကြရင်ဖြင့် ဒီအထဲမှာ ငါထင်မှားမှုလဲ ပျောက်တော့ဒါဘဲ၊ ငါထင်မှု ပျောက်ထာဟာ အသိနဲ့ ဒိဋ္ဌိစင်ဒါလို့ မှတ်ထားကြ၊ ငါဘယ်က လာပါလိမ့်မလဲ ဆိုတဲ့ ယုံမှားမှုလဲပျောက်ထာဘဲ၊ ယုံမှားမှုပျောက်ထာဟာ အသိ

နဲ့ ဝိစိကိစ္ဆာ စင်ဒါလို့မှတ်ကြ။ ခိုင်မြဲတယ်ထင်တဲ့ အထင်မှားလဲ ပျောက်ထာဘဲ၊ ဒီအထင်မှားမှု ပျောက်ထာဟာ အသိနဲ့ သဿတ ဒိဋ္ဌိစင်ဒါလို့ မှတ်ကြ။

ပြတ်စဲဒါဘဲလို့ ထင်နေတဲ့ အထင်မှားမှုလဲ ပျောက်ထာဘဲ ဒီ အထင်မှားမှု ပျောက်ထာက အသိနဲ့ ဥစ္ဆေဒဒိဋ္ဌိ စင်ဒါလို့ မှတ်ကြ။

ဒီနေရာမှာ ဓမ္မယောဂီများ စဉ်းစားကြည့်ကြပေါ့၊ ဒီအထင်မှားမှု ဒိဋ္ဌိများဟာ(သက္ကာယေဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ)ဆိုတဲ့ အဋ္ဌကထာ စကားအတိုင်း ခန္ဓာအပေါ်မှာ ငြိနေတဲ့ ဒိဋ္ဌိတွေဘဲ၊ အခုခန္ဓာကို လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတဲ့ အချက်များနဲ့ ဝေခွဲစိတ် ဖြာကြည့်လိုက်တော့(ဝယဓမ္မ)ပျောက်ပျက်နေမှုဆိုတဲ့ခန္ဓာရဲ့ မူလ အရှိကို သိရတော့ ဒီထင်မှားမှု ဒိဋ္ဌိများ မငြိနိုင် မတွယ်နိုင်တော့ ပါဘူး၊ အသိသဘောနဲ့ဖြင့် သူတို့စင်သွားပြီဆိုဒါ ထင်ရှားပါ တယ်။

ဒါ့ကြောင့် (လက္ခဏရသ ပစ္စုဋ္ဌာန ပဒဋ္ဌာန ဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ)လို့ ပြထားတယ် လက်သန်း အဋ္ဌ ကထာမှာ—

ဒီတော့ ဖြစ်ယောင် ရှိယောင်ပမာ ဟန်ဆောင်ခါ နေကြတဲ့ နာမ်-ရုပ် နှစ်ပါး ပရမတ် ဃနများကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတဲ့ သဘောလေးချက်နဲ့ ဝေဘန် စီစစ်ကြည့်လိုက်တော့ ဖြစ်ယောင် ရှိယောင် ဟန်မဆောင်နိုင်တော့ဘဲ၊ (ခယ-ဝယ) ဆိုတဲ့

ကုန်ခန်းပျောက်ပျက်မှု သူတို့ရဲ့ မူလ အမှန်ရှိရင်းတရားကို အသင် ဓမ္မယောဂီများက သဘောဉာဏ် ပေါက်လိုက်ရင်ဖြင့် ငါပျောက်တော့ဒါပါဘဲ၊ ငါဘဲလို့ ထင်စရာမရှိတော့ ငါထင်မှု ဒိဋ္ဌိဟာ အသိနဲ့ဖြင့် စင်တယ် ပျောက်တယ်လို့ မှတ်ကြ။

အဲဒီ ငါထင်မှု ဒိဋ္ဌိပျောက်တာနဲ့တပြိုင်နက် သဿတ ဥစ္ဆေဒ ဆိုတဲ့ အမှားသဘော ဒိဋ္ဌိများလဲ တပါတည်း ပျောက်တာဘဲ၊ စင်ဒါဘဲ၊ ဘာ့ကြောင့် သူတို့ တပါတည်း စင်နိုင်ရဒါလဲဆိုတော့၊ ဒီသဿတ ဥစ္ဆေဒ အစရှိတဲ့ ခြောက်ဆယ့် နှစ်ပါးသော အမှား သဘော တွေဟာ သက္ကာယဒိဋ္ဌိက လာကြဒါ၊ သက္ကာယဒိဋ္ဌိ အကြောင်း ရှိလို့သာ ဒီအမှား သဘောတွေ ဖြစ်နိုင် ပေါ်နိုင် ကြဒါ။

အခုအကြောင်းရင်းဖြစ်တဲ့ သက္ကာယဒိဋ္ဌိကိုကမှ မငြိနိုင် မဝင်နိုင်တော့ ဒီသဿတ ဥစ္ဆေဒဆိုတဲ့ အမှား သဘော ကလေးတွေဟာလဲ တပါတည်းပျောက်တယ်၊ စင်တယ်လို့ မှတ်ကြ။

အခု ပြဆိုခဲ့တဲ့ စကားများက မျက်စိ အကြည်ရုပ် ခေါ်တဲ့ ရူပက္ခန္ဓာမှာ ပင်ရင်းမူလ အမှန်ရှိတဲ့(ခယ-ဝယ)သဘော နှစ်ချက်နှင့်တကွ ဒီသဘောများကို ဓမ္မယောဂီများ သဘော ဉာဏ်ထဲ မိကြရင်ဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒဒိဋ္ဌိများ သဘော အသိနဲ့ စင်နိုင်ပုံ ကွာနိုင်ပုံ ပြဆိုခဲ့တဲ့ စကားရပ်များဘဲ ဆိုဒါ မှတ်ကြတော့။

## ၅။ အဆင်းရူပက္ခန္ဓာ၌ အမှန်ရှိမှု(ခယ) သဘာဝ

"အဆင်းခေတ်ခေါ်-ရူပက္ခန္ဓာ"

အထက်က ပြောပြခဲ့တဲ့ မျက်စိအကြည်ဘဲလို့ ခေါ်ရရုံမျှ သဘာဝလေးမှာ ထင်လာ ထိခိုက်လာတဲ့ သဘောကလေးကို ရူပါရုံဘဲ အဆင်းဘဲလို့ ခေါ်ဝေါ် သမုတ်ကြရတယ်၊ (စက္ခုပဋိဟနန လက္ခဏံ) အဆင်းခေတ် ရူပက္ခန္ဓာဟာ မျက်စိအကြည်မှာ ထင်လာ ထိခိုက်လာနိုင်ဘို့ ထိုက်တဲ့သဘော ရှိတယ်လို့ မှတ်ကြ။

သို့အခုလို အဆင်းခေတ် ရူပက္ခန္ဓာဟာ မျက်စိအကြည်မှာ ထင်လာ ထိခိုက်လာနိုင်ဘို့ ထိုက်တဲ့ သဘော ရှိတယ်လို့ ဆိုရသော်လဲ(နသကေန-ဗလေန ဇာယရေ)တခုသော ပရမတ်သဘော တရားဟာ သူ့ရဲ့အစွမ်းနဲ့မဖြစ်နိုင် မပေါ်နိုင်ဘူးတဲ့၊ အဲဒါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြထားတယ်။

ဒါ့ကြောင့် ဒီအဆင်းခေတ် ရူပက္ခန္ဓာဟာ မျက်စိအကြည်မှာ ထင်လာ ထိခိုက် လာနိုင်တဲ့ သဘော ရှိတယ်လို့ ဆိုရသော်လဲ သူ့ရဲ့အလိုနဲ့ဖြင့် ထင်နိုင် ထိခိုက်နိုင်တဲ့ အတ္တသတ္တ အရှင်းမရှိဘူး လို့ မှတ်ကြရမယ်။

သို့ပေမဲ့ ပေါ်ဆဲ ဖြစ်ဆဲ ရူပါရုံဘဲ အဆင်းဘဲလို့ ခေါ်ရရုံမျှ သဘောကလေးဟာ (ပဋိဟနန လက္ခဏံ)ဆိုတဲ့ အတိုင်း ထင်နိုင် ထိခိုက်နိုင်မှုသဘောတော့ရှိဒါဘဲ၊ အဲဒါ(ပရမ္မဝသာနုဝတ္တိနော) တပါးသော သဘောတရားများအလို လိုက်ပါရဒါတဲ့၊ အဲဒါလို အဋ္ဌကထာက ပြထားတော့ သူ့ရဲ့အလိုမဟုတ် တပါးသောသဘော တရားအလိုအရ ထင်လာ ထိခိုက်လာနိုင်ဒါပါဘဲ။

တပါးသော သဘောတရားများဆိုဒါ အရင်းကျကျ အဓိက ဖြစ်တဲ့အချက်ကို ပြောရရင် (ဥတုပကတူ ပနိသဃယောအရ) ဥတု ဘဲလို့ မှတ်ကြ၊ ဒီဥတုအလိုအရ ဥပါဒ်-ဠီ-ဘင် သင်္ခတ အသွင်နဲ့ မျက်စိအကြည်ခေါ်ရရုံမျှ သဘောကလေးမှာ ထင်လာ ထိခိုက် လာနိုင်ဒါ။

ဒါလိုဆိုတော့ ဥတု သင်္ခါရက မျက်စိအကြည်မှာ ထင်နိုင် ထိခိုက်နိုင်အောင် ရွက်ဆောင်နိုင်တဲ့ ဗျာပါရသတ္တိ မကင်းဆိတ် သလို ဖြစ်သွားပြန်တယ်၊ အမှန်ကတော့ ဒီဥတုသင်္ခါရလဲ ဗျာပါရ သတ္တိ အရှင်းမရှိပါဘူး၊ စီမံဆောင်ရွက်နိုင်တဲ့ ဗျာပါရ သတ္တိမှ လုံးဝ ဆိတ်သုဉ်းတဲ့ အဗျာပါရ သုညတ တရားပါဘဲ။

အဲဒီတော့ ဒီအဆင်း ရူပက္ခန္ဓာ ကလေးဟာ သူ့ရဲ့ အလိုနဲ့လဲ ထင်လာ - ထိခိုက်လာနိုင်တဲ့ အတ္တသတ္တိဟူက မြူမျှမရှိလို့ ကုန်ခန်း နေဒါဘဲ၊ ဥတုသင်္ခါရအလိုနဲ့လဲ ဒီအဆင်းဓာတ် ရူပက္ခန္ဓာကလေး ပေါ်လာ ဖြစ်လာအောင် စီမံဆောင်ရွက်နိုင်တဲ့ ဗျာပါရသတ္တိမှ လုံးဝဆိတ်သုဉ်းနေလို့ ရှာမရအောင် ကုန်ခန်းနေဒါပါဘဲ။

အဲဒါလို ဘယ်အထဲမှာမှ မှာမရအောင် ကုန်ခန်း နေမှုဟာ အဆင်းဓာတ်ခေါ်တဲ့ ရူပက္ခန္ဓာမှာ အမှန်ရှိတဲ့တရားပါဘဲ၊ ပါဠိလို ပြောတော့ (ခဃဓမ္မ)ပါဘဲ၊ ဒီ(ခဃဓမ္မ)အရ ပင်ရင်းမူလ အနေနဲ့ ကုန်ခန်းမှုသဘော ရူပက္ခန္ဓာရဲ့ အမှန် အရှိတရားကို သဘောမိကြ ရမယ်။

အဲဒီ အဆင်းဓာတ်ခေါ်တဲ့ ရူပက္ခန္ဓာမှာ မူလအမှန်ရှိတဲ့ ကုန် ခန်းမှု သဘော ကလေးကို ဓမ္မယောဂီများ သဘောမိကြရင်ဖြင့် ဝါ၊ အသိပိုင်ကြရင်ဖြင့် ဒီ ကုန်ခန်းနေတဲ့ သဘော ကလေးထဲမှာ

ပုဂ္ဂိုလ် သတ္တဝါ သူငါစသည့် ထင်မှား မှုများ ကင်းသွားပါလိမ့်မယ်၊ ဒါလို ပုဂ္ဂိုလ် သတ္တဝါ သူငါ စသည့် အထင် မှားမှုများ ကင်းစင် သွားမှုဟာ အဆင်းခေတ်ခေါ်တဲ့ ရူပက္ခန္ဓာ အပေါ်မှာ သဘော အသိနဲ့ ဒိဋ္ဌိစင်ဒါပါဘဲ။

ဒါလို အဆင်းခေတ် ရူပက္ခန္ဓာ အပေါ် ထင်မှားမှု သဘော များ ကင်းသွားတော့ ဒီအဆင်း ကလေးဟာ ဘယ်က ဖြစ်ပေါ်လာပါလိမ့်မလဲ၊ ဘယ်သူက ပြုလုပ်ပေးလိုက် ပါလိမ့်မလဲ ဆိုတဲ့ တွေးဆယုံမှားမှု ဝိစိကိစ္ဆာဟာလဲ တပါတည်း စင်တော့ဒါပါဘဲ၊ သဘောအသိနဲ့ဖြင့် စင်ပြီဆိုဒါ မှတ်ကြ။

---

## ၆။ အဆင်းခေတ် ရူပက္ခန္ဓာ ဥတုသမုဋ္ဌာန် အရှိန်အဝါမျှ

အဲဒီ အဆင်းခေတ်ရူပက္ခန္ဓာ အရာမှာလဲ ဓမ္မယောဂီများ တွေးဆဘို့ အချက် အမြွက်မျှ ရှိတတ်သည်မှာ၊ အဆင်းခေတ်ရူပက္ခန္ဓာ ကလေးဟာ သူ့ရဲ့အလိုနဲ့လဲ ထင်လာနိုင်တဲ့ အတ္တသတ္တိဟူက မြူမျှမှ မရှိလို့ ကုန်ခန်းနေဒါဘဲ၊ ဥတုသမ်္ဘါရအလိုနဲ့လဲ ဒီအဆင်းခေတ် ရူပက္ခန္ဓာကလေးကို ပေါ်လာဖြစ်လာအောင် စီမံနိုင်တဲ့ ဗျာပါရ သတ္တိ အရှင်းပင်မရှိလို့ ကုန်ခန်းနေဒါဘဲဆိုဒါ အမှန်ပင် ဖြစ်ပေတယ်။

သို့ပေမဲ့မျက်စိအကြည်မှာ ဥပါဒ်-ဌီ-ဘင် သန်တအသွင်နဲ့တော့ ထင်လာထိခိုက်လာတဲ့ အဆင်းခေတ်ကလေးကဖြင့် အခုလက်ငင်းပင် အထင် အရှား တွေ့ရှိနေရဒါပါကလား အဲဒါလို တွေးဆဘို့

အချက် အမြွက်မျှရှိတတ်ကြတယ်၊ အဲဒီတွေးဆချက်ရဲ့ ယထာဘူတ လမ်းစဉ်အရ ဒီလိုမှတ်ကြရမယ်။

မျက်စိ အကြည်မှာ အခု လက်ငင်း ဥပါဒ် - ဌီ - ဘင် သင်္ခတ အသွင်နဲ့ ထင်လာ ထိခိုက်လာနိုင်တဲ့ ဒီအဆင်းဓာတ် ကလေးဟာ ဥတုရဲ့အရှိန်အဝါလို့ မှတ်ကြ။ ဒီနေရာမှာ ဥပမာပြရရင်၊ ဆီမီးခွက်ကလေးတခွက် ညှိထွန်းထားတဲ့အခါ ဒီ ဆီမီးခွက် ကလေးရဲ့ ပတ်ဝန်းကျင်အရပ်မှာ အရောင်ကလေးတွေထွက်နေကြဒါပါဘဲ၊ ဒီအရောင် ကလေးတွေဟာ သူတို့အလိုလိုလဲ ပေါ်လာ နိုင်ကြဒါ မဟုတ်ဘူး။ ဒါပေမဲ့ မီးရှိလာမှ သူတို့ ပေါ်လာကြရဒါ ဖြစ်လို့၊ မီးကြောင့် ဖြစ်ပေါ် လာတဲ့ အရောင် ကလေးတွေဘဲလို့ ခေါ်ဝေါ် သမုတ် ကြရဒါ၊ အမှန်ကတော့ မီးက ဒီအရောင် ကလေးတွေ ဖြစ်စေနိုင်တဲ့ ဗျာပါရသတ္တိ မရှိပါဘူး၊ ဒီအရောင် ကလေး တွေဟာ မီးရဲ့ အရှိန်အဝါ ကလေး တွေသာ အမှန်ဖြစ်ကြတယ်၊ အဲဒီတော့ ဒီအရောင်ကလေးတွေဟာ မီးရဲ့ အရှိန်အဝါ ကလေးတွေသာ အမှန် ဖြစ်ကြဒါလို ထို့အတူ မျက်စိအကြည်မှာ အခု လက်ငင်းပင် ဥပါဒ်-ဌီ-ဘင် သင်္ခတအသွင်နဲ့ ထင်လာ ထိခိုက်လာတဲ့ ဒီအဆင်းဓာတ်ကလေးဟာလဲ သူ့အလိုလိုလဲ ပေါ်နိုင် ဖြစ်နိုင်ဒါ မဟုတ်ဘူး၊ ဥတုသင်္ခါရကလဲ ပေါ်လာ ဖြစ်လာအောင် စီမံပြုပြင်ပေးနိုင်ဒါ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဥတုရှိလာမှ ဒီအဆင်းဓာတ် ပေါ်နိုင် ဖြစ်နိုင်လို့ ဥတုကြောင့် ဖြစ်ပေါ်လာတဲ့ အဆင်းဓာတ်ကလေးလို့ဘဲ ခေါ်ဝေါ်သမုတ်ကြရဒါဘဲဖြစ်တယ်၊ အမှန်ကတော့ ဥတုက ဒီအဆင်းဓာတ်ကို ဖြစ်ပေါ်အောင် စီမံပြုပြင်နိုင်တဲ့ ဗျာပါရသတ္တိ မရှိပါဘူး၊ ဒါ့ကြောင့် ဒီအဆင်းဓာတ် ကလေးဟာ ဥတုရဲ့ အရှိန်အဝါသာ အမှန်ဖြစ်သဘဲ လို့မှတ်ကြ။

အဲဒီတော့ မီးရဲ့အရှိန်အဝါ အရောင်ကလေးတွေဟာ အနှစ်သာရလဲ မရှိကြဘူး၊ မီးပါဘဲလို့ ထင်စရာလဲမရှိဘူး၊ ဒီမီးတောက်ကလေးက သူ့ဆီနဲ့သူ မီးတောက် အပြတ်အပြတ်ဖြစ်ပြီး ကုန်ကုန်သွားတိုင်း၊ ဒီအရောင်ကလေးတွေကလဲ အပြတ်အပြတ် ဖြစ်ပြီး ကုန်ကုန်သွားကြဒါပါဘဲ။

ထို့အတူ ဥတုရဲ့ အရှိန်အဝါမျှ ဖြစ်တဲ့ အဆင်းဓာတ်ကလေးဟာလဲ အနှစ်သာရလဲ မရှိပါဘူး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ စသည်ထင်စရာလဲ မရှိပါဘူး၊ ဒီဥတုက သူ့ခဏနဲ့သူ အပြတ်ပြတ်ဖြစ်ပြီး ကုန်ကုန်သွားတိုင်း ဒီအဆင်းဓာတ်ကလေးကလဲ အပြတ်ပြတ်ဖြစ်ပြီး ကုန်ကုန်သွားရဒါပါဘဲ။

အခုလို ဥတုရဲ့အရှိန်အဝါမျှ အဆင်းဓာတ်ခေါ်ရတဲ့ သင်္ခါရလေးဟာ အပြတ်ပြတ်ဖြစ်ပြီး၊ ကုန်ကုန်သွားရဒါ (ဥပ္ပဇ္ဇိတွာ-နိရုဇ္ဈနတော သင်္ခါရာ အနိစ္စာ)အရ သူ့ရဲ့ နယ်ပယ် အမှန် ရှိတဲ့ သဘာဝထဲ သက်ဆင်းသွားမှုပါဘဲ။

ဒီတော့ အဆင်းဓာတ် ခေါ်ရတဲ့ ရူပက္ခန္ဓာကလေးဟာ သူ့ရဲ့ ပင်ကိုယ်မူလ အရှိသဘာဝကို စီစစ်ကြည့်လိုက်တော့လဲ ကုန်ခန်းနေဒါသာ အမှန်တွေ့ရှိရတယ်၊ ဥတုရဲ့ အရှိန်အဝါအရ ပေါ်လာရပါသော်လဲ ပေါ်တဲ့နေရာမှာဘဲ ချက်ချင်း လက်ငင်း ကုန်ခန်းသွားဒါကိုသာ အမှန်တွေ့ရှိရဒါပါဘဲ။

အဲဒါလို ပင်ကိုယ်မူလအနေနဲ့ ကုန်ခန်းနေရမှု ဖြစ်ပေါ်လာတဲ့ ပဝတ္တိအနေနဲ့ ကုန်ခန်းသွားရမှုများဟာ အဆင်းဓာတ် ခေါ်တဲ့ ရူပက္ခန္ဓာမှာ အမှန်ရှိတဲ့ သဘောလို့သာ မှတ်ကြ။

## ၇။ အဆင်းဓာတ်ရုပက္ခန္ဓာ၌ ဒိဋ္ဌိဝိစိကိစ္ဆာစင်ပုံ

အဲဒီကုန်ခန်းမှုသာ အမှန်ရှိတဲ့သဘော နှစ်မျိုးထဲက ပင်ကိုယ်မူလအနေနဲ့ ကုန်ခန်းနေရတဲ့ ခန္ဓာရဲ့ အမှန်ရှိမှုကို ဓမ္မယောဂီများအဘို့ ပဌမ သဘောမိထားကြရမယ်။ အဲဒါသဘောမိကြရင် ခန္ဓာအရှိနဲ့သဘောအသိ ယထာဘူတ ဆိုက်သွားကြပြီ၊ ဒါလို ခန္ဓာအရှိနဲ့ သဘောအသိ ယထာဘူတဆိုက်သွားတော့ ဒီအဆင်းဓာတ်ရုပက္ခန္ဓာအပေါ် ပုဂ္ဂိုလ်,သတ္တဝါ,သူ,ငါစသည်ထင်မှု၊အထင်မှားဒိဋ္ဌိသဘောအသိနှင့် စင်ပြီဆိုဒါမှတ်ကြ။

ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ စသည်ဖြင့် ထင်မှားမှု ဒိဋ္ဌိ မငြိနိုင်အောင် ခန္ဓာရဲ့မူလအရှိကို သဘောအသိနဲ့ ယထာဘူတဆိုက်သွားတော့ ဒီအဆင်းကလေးက ဘယ်ကဖြစ်ပေါ် လာပါလိမ့်မတုန်း၊ ဘယ်သူက ပြုလုပ်ပေးလိုက်ပါလိမ့်မတုန်းဆိုတဲ့ တွေးတောယုံမှားမှု ဝိစိကိစ္ဆာဟာလဲ သဘောအသိနဲ့ဖြင့် တပါတည်း စင်သွားတော့ဒါပါဘဲ။

ဒါက ပင်ကိုယ်မူလ အနေနဲ့ ကုန်ခန်းနေရတဲ့ ခန္ဓာရဲ့ အရှိကို သဘော အသိက ယထာဘူတ ဆိုက်လို့ အဆင်းဓာတ် ရုပက္ခန္ဓာအပေါ် သဘောအသိနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ စင်သွားပုံကို ပြောပြတဲ့စကားလို့မှတ်ကြ။

ပြီးတော့ ဖြစ်ပေါ်လာမှု ပဝတ္တိအနေနဲ့ ကုန်ခန်း သွားရတဲ့ ခန္ဓာရဲ့ အရှိကိုတော့ ရှုဉာဏ်နဲ့ မြင်ကြ သိကြရမှာ၊ အဲဒါကိုရှုဉာဏ်နဲ့ မြင်ကြ သိကြမှ အနုသယဒိဋ္ဌိ ဝိစိကိစ္ဆာများ မြင်ခိုက် သိခိုက်အချိန်မှာ စင်နိုင် ကွာနိုင်ကြမှာ၊ အဲဒါ အခဏ်း(၄)ကျတော့ တွေ့ကြရပါလိမ့်မယ်။

## ၈။ အဆင်းဓာတ် ရူပက္ခန္ဓာ၌ အတွင်းသဘော လေးခု၊ အပြင်သဘော လေးခုတို့ ပြည့်စုံညီညွတ်မှု အရှိန်ရ

ဒီနေရာမှာလဲ အဆင်းဓာတ် ရူပက္ခန္ဓာရဲ့ အကြောင်းပစ္စည်းကို ဥတုသင်္ခါရဘဲလို့ ပြောပြခဲ့တယ်၊ အဲဒါလဲ ပဓာနအကြောင်း လောက်ဘဲ ပြောပြခဲ့ဒါ၊ စေ့စေ့အောင်ဝေဘန်ပြောရလျှင် ပထဝီ, အာပေါ,တေဇော,ဝါယောဆိုတဲ့ အတွင်းခံ သဘော လေးချက် မျက်စိအကြည် မြင်စိတ် အလင်း နှလုံး သွင်းမှု ဆိုတဲ့ အပြင်ရန် သဘော လေးချက်၊ အဲဒီသဘော ရှစ်ချက် အသီးသီး ပြည့်စုံ ညီညွတ်မှု အခိုက်ကလေးကိုဘဲ အဆင်းဓာတ် ရူပက္ခန္ဓာရယ်လို့ ခေါ်ဝေါ် သမုတ်ကြရဒါဘဲ။

အဲဒီ သဘော ရှစ်ချက်ထဲက ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ အတွင်းခံ သဘော လေးချက်ဟာ (စတုမဟာ ဘူတပဒဋ္ဌာန်) ဆိုတဲ့ စကားအတိုင်း အဆင်းဓာတ် ရူပက္ခန္ဓာရဲ့ အကြောင်း ပဒဋ္ဌာန်ဟာ အမှန်အားဖြင့် ဓာတ်ကြီး လေးပါးဘဲ ဖြစ်ကြတယ်။

---

## ၉။ အတွင်းသဘော လေးခု၌ လက္ခဏာ သဘော ခွဲပြချက်

ဒါဖြင့် ဒီဓာတ်ကြီး လေးပါးတို့က အဆင်းဓာတ် ရူပက္ခန္ဓာ သဘောကလေးကို ဖြစ်ပေါ်လာအောင် ရှက်ဆောင် နိုင်ကြဘဲ့

သဘောဓာတ် ဆက်စပ်မှုများ ရှိကြပါသလားဆိုဒါ ဓမ္မယောဂီများ သဘောပေါက်သွားအောင် ရှင်းလင်း စီစစ် ပြလိုက်ဦးမယ်။

ပထဝီဓာတ်က၊ ပထဝီဓာတု၊ ကက္ခဋ္ဌ လက္ခဏာ ခက်မာမှု သဘောဘဲရှိတယ်။

အာပေါဓာတ်က၊ အာပေါဓာတု ပဂ္ဃရဏ လက္ခဏာ ယိုစီးမှု သဘော ရှိတယ်။

တေဇောဓာတ်က၊ တေဇောဓာတု၊ ဥဏှတ္တ လက္ခဏာ ပူမှု သဘောဘဲရှိတယ်။

ဝါယောဓာတ်က၊ ဝါယောဓာတု၊ ဝိတ္ထမ္ဘန လက္ခဏာ ထောက်ပင့်မှုသဘောဘဲ ရှိတယ်။

---

## ၁၀။ အဆင်းဓာတ်၌ ပင်ကိုယ်မူလ ဝိရာဂဓာတ်

အဲဒါလို ဝေဘန် စီစစ် ကြည့်လိုက်တော့ ဒီအဆင်းဓာတ် ရူပက္ခန္ဓာကလေးဟာ ဓာတ်ကြီးလေးပါးကြောင့် ဖြစ်တယ်လို့ ပြောရရုံဘဲ ရှိတယ်၊ ကေန် အကြောင်းစစ် မဟုတ်ကြပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ အခုစီစစ် ပြခဲ့တဲ့အတိုင်း ဒီဓာတ်ကြီးလေးပါးတို့ဟာ သူတို့ သက်ဆိုင်ရာ သဘော ကိစ္စ တွေကိုသာ အသီးသီး ဆောင်ရွက်နေကြဒါ။

မည်သည့်ဓာတ်ကြီးတခုကမှ အဆင်းဓာတ် ရူပက္ခန္ဓာသဘောကလေးဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်တဲ့ သဘောဓာတ်မှ ကင်းပြတ်နေကြဒါပါဘဲ။

ဒါကြောင့် ဒီခေတ်ကြီးလေးပါးဟာအဆင်းခေတ်ရူပက္ခန္ဓာရဲ့ ကောန် အကြောင်းစစ် မဟုတ်ကြဘူး၊ ပြောရရုံဘဲ ရှိတယ် လို့ မှတ်ကြ။

အခုလို မည်သည့်ခေတ်ကြီးတခုကမှ အဆင်းခေတ် ရူပက္ခန္ဓာ ကလေး ဖြစ်လာအောင် ရွက်ဆောင်နိုင်တဲ့ သဘောခေတ်မရှိကြဘဲ ကင်းပြတ်နေမှုဟာ အဲဒီ အဆင်းခေတ် ရူပက္ခန္ဓာမှာ ပင်ကိုယ်မူလ အမှန်ရှိတဲ့ (ဝိရာဂဓမ္မ)အရလို့သာ မှတ်ကြတော့။

အဲဒါလို အဆင်းခေတ် ရူပက္ခန္ဓာမှာ ပင်ကိုယ်မူလ အမှန်ရှိတဲ့ ကင်းပြတ်နေမှု ဝိရာဂခေတ်ကို သဘောအသိ ပိုင်ထားရမယ်၊ ဒါကို သဘောအသိပိုင်ကြရင် ဒီအဆင်းခေတ် ရူပက္ခန္ဓာအပေါ် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ စသည့် အထင်မှားမှု သဘော ကင်းပြတ်ကြလိမ့် မယ်။

အဲဒီ အထင်မှားမှုသဘော ကင်းပြတ်သွားဒါဟာ၊ သဘော အသိနဲ့ ဒိဋ္ဌိစင်တယ်၊ တွေးတောယုံမှားမှု ဝိစိကိစ္ဆာလဲ တပါဘည်း ငင်တယ်လို့သာ မှတ်ကြတော့။

အခုပြောခဲ့တဲ့ စကားရပ်များက အဆင်းခေတ် ရူပက္ခန္ဓာရဲ့ အမှန်အရှိကို သဘောအသိနဲ့ သိနိုင်ကြဘို့ရာ အထပ်ထပ် ဝေဘန် စိတ်ဖြာပြီး ပြခဲ့ဒါ၊ အဲဒါ သဘောအသိပိုင်ကြရင် ဓမ္မယောဂီတို့ မှာ ဒီအဆင်းခေတ် ရူပက္ခန္ဓာအပေါ် မှာဖြင့် ဉာတပရိညာဉ်အရာ ပြည့်စုံသွားကြလို့ ဒိဋ္ဌိ ဝိစိကိစ္ဆာ သဿတ ဉစ္ဆေဒဆိုတဲ့ ဒိဋ္ဌိများ ဟာ သဘော အသိနဲ့ဖြင့် မငြိတွယ်နိုင်တော့ပါဘူး၊ စင်ကြပြီ၊ ကာကြပြီ ဆိုဒါ ဆုံးဖြတ်ကြပါတော့ ယုံမှားမရှိကြနဲ့။

# ၁၁။ နာမ်ခန္ဓာလေးပါး ပေါ်ကြပုံ

## နာမ်ခန္ဓာ လေးပါး

၁။ ဓမ္မယောဂီများ မျက်စိ ဖွင့်ကြည့်လိုက်တော့ အသက်မရှိတဲ့သူနဲ့၊ မျက်စိမမြင်တဲ့သူက လွဲရင်ဖြင့် မြင်မှုသဘောကလေး ပေါ်လာကြမှာကတော့ မလွဲကြပေဘူး၊ အဲဒီပေါ်လာတဲ့ မြင်မှုသဘောကလေးကို ဝိညာဏက္ခန္ဓာလို့ မှတ်ထားကြ။

၂။ ပြီးတော့ ကောင်း, မကောင်း အလယ်အလတ်အားဖြင့် ရွေးချယ်မှု သဘောကလေးလဲ ပေါ်ဒါဘဲ၊ ဒီသဘောကလေးကိုတော့ ဝေဒနက္ခန္ဓာလို့ မှတ်ထားကြ။

၃။ ပြီးတော့ အမှတ်အသားပြုမှု သဘောကလေးလဲ ပေါ်ဒါဘဲ၊ ဒီသဘောကလေးကိုတော့ သညာက္ခန္ဓာလို့ မှတ်ထားကြ။

၄။ ပြီးတော့ မြင်နိုင်အောင် စေ့ဆော်မှု သဘောကလေးများလဲ ပေါ်ကြဒါဘဲ၊ ဒီသဘောကလေးများကိုတော့ သင်္ခါရက္ခန္ဓာလို့ မှတ်ထားကြ။

အဲဒီ နာမ်ခန္ဓာ လေးပါးတို့ဟာ ဓမ္မယောဂီများ မျက်စိ ဖွင့်ကြည့်လိုက်တာနဲ့ တပြိုင်နက် မျက်စိ အကြည်ပေါ်မှာ အဆင်းရူပါရုံကို ရှေးရှုညွတ်ကိုင်းပြီး ဥပါဒ်-ဌီ-ဘင် သင်္ခတအသွင်နဲ့ အတူယှဉ်တွဲခါ တပေါင်းတည်း ပေါ်လာကြဒါဘဲ။

-----

## ၁၂။ နာမ်ခန္ဓာလေးပါး ပင်ကိုယ်မူလ ခယ,သဘာဝ

ဥပါဒ်-ဌီ-ဘင် သင်္ခတအသွင်နဲ့ အတူယှဉ်တွဲပြီး ပေါ်လာကြဒါ ဖြစ်လို့ ဒီ နာမ်ခန္ဓာ လေးပါးကို သင်္ခတ တရားဘဲဆိုဒါ မှတ်ကြ ရမယ်၊ သင်္ခတတရားဖြစ်ကြတော့ (သင်္ခတာအတ္တ ဒုဗ္ဗလာ) သင်္ခတ တရားတို့ဆိုဒါ သူတို့ရဲ့အစွမ်းကဖြင့် ပင်ပန်းအားနည်းကြတယ်တဲ့။ အဲဒါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြထားတဲ့ စကားပါဘဲ။

ဒီတော့ မျက်စိအကြည်မှာပေါ်လာကြတဲ့ နာမ်ခန္ဓာ လေးပါး တို့ဟာ သူတို့ရဲ့အလိုနဲ့ဖြင့် ပေါ်လာနိုင်တဲ့ အားသတ္တိ မရှိဘူးဆိုဒါ ထင်ရှားနေဒါပါဘဲ၊ ဒါလို သူတို့ရဲ့အလိုနဲ့ ပေါ်လာနိုင်တဲ့ အား သတ္တိမရှိလို့ ကုန်ခန်း နေရဒါဟာ (ခယဓမ္မံ) အရ နာမ်-ခန္ဓာ လေးပါးတို့မှာ ပင်ကိုယ်မူလ အမှန်ရှိကြတဲ့ သဘောတရားဘဲဆိုဒါ မှတ်ထားကြ။

ဒါပေမဲ့ အာရုံကို သိမှုကိစ္စ၊ ခံစားမှုကိစ္စ၊ မှတ်သားမှုကိစ္စ၊ စေ့ဆော်မှုကိစ္စ၊ အဲဒီကိစ္စ ကလေးတွေကိုတော့ အသီးသီး ရွက် ဆောင်ပြီး ဥပါဒ်-ဌီ-ဘင် သင်္ခတအသွင်နဲ့ဖြင့် အထင်အရှား ပေါ် လာကြဒါပါဘဲ။

အဲဒါလို ပေါ်လာကြဒါကလဲဘဲ သူတို့ရဲ့ အလိုနဲ့ ပေါ်လာ ကြဒါ မဟုတ်ဘူး၊ သင်္ခါရရဲ့အလိုအရ ပေါ်လာကြရဒါ၊ သင်္ခါရ ဆိုဒါ (စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ)လို့ ရှင်တော် ဘုရား ဟောထားတဲ့ စကားတော်အတိုင်း မျက်စိ အကြည်ရုပ်နဲ့ အဆင်း ရူပါရုံလို့ မှတ်ကြ၊ မျက်စိ အကြည်ရုပ်နဲ့ အဆင်းရူပါရုံ တို့ကို အစွဲပြုပြီး ပေါ်လာကြဒါဘဲ။

ဒါလိုဆိုတော့ မျက်စိအကြည်ရုပ်နဲ့ အဆင်း ရူပါရုံက ဒီနာမ်ခန္ဓာလေးပါးကို ဖြစ်ပေါ်လာအောင် ရွက်ဆောင်နိုင်တဲ့ ဗျာပါရသတ္တိ ရှိသလိုလို ဖြစ်သွားပြန်တယ်၊ ဗျာပါရသတ္တိ မရှိကြပါဘူး။

မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့လဲ နာမ်ခန္ဓာလေးပါးလို သင်္ခတတရားပင် ဖြစ်ကြတယ်၊ သင်္ခတ တရားဆိုတော့ သူတို့လဲ (သင်္ခတာ အတ္တာဒုဗ္ဗလာ) သူတို့ အလိုလို ဖြစ်ပေါ်နိုင်တဲ့ အစွမ်းအားမှ ပင်ပန်းအားနည်းကြဒါပါဘဲ၊ သူတို့အလိုလိုကဖြင့်ဖြစ်ပေါ်နိုင်တဲ့ အတ္တသတ္တိ အရှင်းပင် မရှိကြပါဘူး။

အဲဒါလိုသူတို့တောင်မှ သူတို့အလိုလိုဖြစ်ပေါ်နိုင်တဲ့အတ္တသတ္တိ အရှင်းပင်မရှိကြပါဘူးဆိုတော့၊ ဒီနာမ်ခန္ဓာလေးပါးကို ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်တဲ့ ဗျာပါရသတ္တိ ဘယ်မှာ ရှိနိုင်ကြမှာလဲ၊ ဗျာပါရသတ္တိမှလုံးဝဆိတ်သုဉ်းကြတဲ့ သုညတတရားတွေချည်းဘဲ။

ဒါကြောင့် ဒီခန္ဓာ လေးပါးတို့ဟာ မျက်စိ အကြည်ရုပ်နဲ့ အဆင်း ရူပါရုံကို စွဲပြီး ဖြစ်ပေါ် လာရတယ်လို့ ပြောဆိုရရုံမျှ ဖြစ်တယ်၊သူတို့ရဲ့မူလအခြေခံဆိုက်အောင် ဝေဘန်စိစစ်လိုက်တော့ ဒီမျက်စိအကြည်ရုပ် အဆင်းရူပါရုံတို့အလိုနဲ့လဲ နာမ်ခန္ဓာလေးပါးတို့ဟာ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်းမှ လုံးဝ ကုန်ခန်းနေကြတဲ့ ခယ,သဘောသာ အမှန် ရှိကြဒါပါဘဲ ဆိုဒါ ဓမ္မယောဂီများ သဘောမိထားကြရမယ်။

အခုလို သူတို့ရဲ့ အလိုလိုလဲ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်းမှ လုံးဝ ကုန်ခန်းနေမှု မျက်စိအကြည်ရုပ် အဆင်းရူပါရုံတို့ အလိုနဲ့လဲ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်းမှ လုံးဝ ကုန်ခန်းနေရမှုများဟာ နာမ်ခန္ဓာလေးပါးတို့မှာ ပင်ကိုယ်မူလ အမှန်ရှိရင်း တရားဘဲဆိုဒါ မှတ်ကြတော့။

## ၁၃။ နာမ်ခန္ဓာလေးပါး၌ ဒိဋ္ဌိဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒ ဒိဋ္ဌိများ သဘော အသိနဲ့ စင်ကြပုံ

အဲဒီ နာမ်ခန္ဓာလေးပါးတို့မှာ ပင်ကိုယ်မူလ အမှန်ရှိရင်းဖြစ်တဲ့ ကုန်ခန်းနေရမှု ခယ သဘာဝကို ဓမ္မယောဂီများ သဘောမကြရ မယ်၊ ဒါကိုသဘောမိကြရင်ဖြင့် ခန္ဓာအရှိနဲ့ သဘောအသိ ယထာ ဘူတ ဆိုက်ကြပြီ။

ခန္ဓာအရှိနဲ့ သဘောအသိ ယထာဘူတ ဆိုက်ကြတော့၊ ဒီနာမ် ခန္ဓာလေးပါးအပေါ် ငါဆိုတဲ့ ထင်မှားမှု ဒိဋ္ဌိအသိနဲ့ဖြင့် မငြိတော့ ပါဘူး၊ ဒိဒိဋ္ဌိစင်သွားပြီ၊ ဒိဒိဋ္ဌိအသိနဲ့ စင်သွားရင်လဲ သူက ဖြာ ထွက်တဲ့ ဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒဆိုတဲ့ အမှားသဘော ကလေး တွေလဲ တပါတည်းစင်သွားကြပြီ၊ကွာကြပြီဆိုဒါ ယုံမှားမရှိကြနဲ့၊ သေချာသွားတော့ဒါဘဲ။

---

## ၁၄။ နာမ်ခန္ဓာလေးပါး ပေါ်လာနိုင်ပုံ

ဒီနာမ်ခန္ဓာလေးပါး အခဏ်းမှာလဲ ဓမ္မယောဂီများ ဝေဘန် စိစစ်ဘွယ် ရှိကြဒါဘဲ၊ ဘယ်လို ဝေဘန်စိစစ်ကြည့်ရမှာလဲဆိုတော့ ဒီနာမ်ခန္ဓာ လေးပါးဟာ သူတို့ အလိုလိုလဲ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်းမှ လုံးဝ ကုန်ခန်းနေရမှု မျက်စိအကြည်ရုပ် အဆင်း ရူပါရုံတို့အလိုနဲ့လဲ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်းမှ လုံးဝ ကုန် ခန်း နေရမှုဖြစ်လို့ ပင်ကိုယ်မူလ အမှန် ရှိရင်းကတော့ ဒီနာမ်ခန္ဓာ လေးပါးတို့ဟာ ကုန်ခန်းနေရဒါဘဲဆိုဒါ မှန်ပေတယ်။

သို့သော် မျက်စိ ဖွင့်ကြည့်လိုက်တဲ့ အခါကျတော့၊ မျက်စိ အကြည်ပေါ်မှာ မြင်မှုသဘော၊ ခံစားမှုသဘော၊ မှတ်သားမှုသဘော၊ စေ့ဆော်မှုသဘော ဆိုတဲ့ ဒီနာမ်ခန္ဓာ လေးပါးတို့ဟာ အထင်အရှား ပေါ်လာကြတယ်၊ ဥပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ အထင်အရှားပင်ပေါ်ကြတယ်၊ ဒီလိုပေါ်လာကြဒါဟာ အဘယ် သဘောပါလိမ့်မလဲလို့ ဝေဘန် စိစစ် ကြည့်နိုင်သေးတယ်၊ အဲဒီ တော့ ဒီနာမ်ခန္ဓာ လေးပါးတို့ဟာ သူတို့အလိုနဲ့လဲ အတ္တသတ္တိ မရှိကြလို့ လုံး၀မဖြစ်ပေါ်နိုင်ကြဘူး၊ မျက်စိအကြည်ရုပ် အဆင်း ရူပါရုံတို့အလိုနဲ့လဲ ဗျာပါရသတ္တိ မရှိကြလို့ လုံး၀မဖြစ်ပေါ်နိုင် ကြဘူး၊ သူတို့ရဲ့ မူလသဘောကတော့ ကုန်ခန်းနေရတဲ့ ခယ, သဘောသာ အမှန်ရှိကြဒါဘဲ။

သို့ပေမဲ့ ဓမ္မယောဂီများမျက်စိဖွင့်ကြည့်လိုက်တဲ့အခါကျတော့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ မျက်စိအကြည်ပေါ်မှာ ဥပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ အထင်အရှားပင် ပေါ်လာကြဒါဘဲ၊ မျက်စိ ဖွင့်ကြည့်တိုင်း ကြည့်တိုင်း ခဏမဆိုင်း အလျှိုင်းလျှိုင်း ပေါ်ပေါ် လာကြဒါဘဲ။

အဲဒါလိုသူတို့ရဲ့ပင်ကိုယ်မူလသဘောအားဖြင့်ကုန်ခန်းနေရဒါ မှန်ပေသော်လဲ၊ မျက်စိ ဖွင့်ကြည့်တိုင်း ကြည့်တိုင်း ခဏမဆိုင်း အလျှိုင်းလျှိုင်းပေါ်ပေါ်လာကြရတဲ့ သဘောကလေးတွေကတော့ မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ ထိခိုက်တိုက်ဆိုင်မှု အရှိန်ပါ ဘဲ၊ မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ ထိခိုက်တိုက်ဆိုင်မှု အရှိန် အရ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ မျက်စိအကြည်ပေါ်မှာ တဖွားဖွား ပေါ်ပေါ်လာကြရဒါဘဲ။

## ၁၅။ နာမ်ခန္ဓာလေးပါး ပေါ်လာရပုံ ဥပမာပြချက်

ဒီနေရာမှာ ပေါ်လွင်သွားအောင် ဥပမာကလေး ဆောင်ပြခဲ့မယ်၊ အသင်ဓမ္မယောဂီများ လက်ဝါးနဲ့ ကြမ်းပြင် ရိုက်လိုက်တဲ့အခါကျတော့ ဖျတ်·ဆိုတဲ့ အသံကလေး ပေါ်လာတယ်၊ အဲဒီပေါ်လာတဲ့ အသံကလေးဟာ အသင်ဓမ္မယောဂီများရဲ့ လက်ဝါးထဲမှာလဲ မရှိဘူး၊ ကြမ်းပြင်ထဲမှာလဲမရှိဘူး။ လက်ဝါးနဲ့ ကြမ်းပြင်ဘို့ကလဲ ဒီအသံကလေး ပေါ်လာအောင် လုပ်ဆောင်ပေးနိုင်တဲ့ဗျာပါရ သတ္တိ မရှိကြပါဘူး၊ သို့ပေမဲ့ လက်ဝါးနဲ့ ကြမ်းပြင်ရိုက်လိုက်ထာနဲ့ တပြိုင်နက် "ဖျတ်" ဆိုတဲ့ အသံ ကလေးဟာငြိမ်းဆန် မနေနိုင်တော့ဘဲ အထင်အရှား ပေါ်လာရတော့ ဒါပါဘဲ။

အဲဒီတော့ ဒီအသံဓာတ်ကလေးဟာ သူ့အလိုလိုလဲ မပေါ်နိုင်ဘူး၊ လက်ဝါးနဲ့ ကြမ်းပြင် ထဲမှာလဲ မရှိဘူး၊ လက် ဝါး နဲ့ကြမ်းပြင်တို့ကလဲ ပြုလုပ် ပေး နိုင် ကြ ဒါ မဟုတ်ဘူး၊ ဒါပေမဲ့လက်ဝါးနဲ့ ကြမ်းပြင် ရိုက်လိုက်တဲ့ အခါကျတော့ လက်ဝါးနဲ့ကြမ်းပြင် ရိုက်ခတ်မှု အရှိန်အရ ဒီအသံဓာတ်ကလေး ပေါ်လာနိုင်ဒါ။

ထို့အတူ ဒီနာမ်ခန္ဓာလေးပါးတို့ဟာလဲ သင်္ခတတရားဖြစ်ကြလို့ (သင်္ခတာ အတ္တဒုဗ္ဗလာ)ဆိုတဲ့ အဋ္ဌကထာ စကားအတိုင်းဖြစ်ပေါ်နိုင်တဲ့ အစွမ်းမှ ပင်ပန်း အားနည်းကြလို့ သူတို့အလိုလိုလဲ မပေါ်နိုင်ကြဘူး၊ မျက်စိအကြည်ရုပ် ထဲမှာလဲ မရှိကြဘူး၊ မျက်စိအကြည်ရုပ်က (ရူပါဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏာ)

ဆိုတဲ့ **စကားအတိုင်း** အဆင်းရူပါရုံ ထိခိုက်နိုင်ဘို့ရာ ဓာတ်ကြီးလေးပါးတို့ကြည်လင်နေရတဲ့ သဘောဘဲရှိတယ်၊ ဒီတော့နာမ်ခန္ဓာလေးပါး တို့ဟာ မျက်စိ အကြည်ရုပ်ထဲမှာလဲ မရှိကြဘူး ဆိုဒါ ဒီ**စကား**အရနဲ့ပင် ထင်ရှားနေဒါပါဘဲ။

ပြီးတော့ အဆင်း ရူပါရုံ ထဲမှာလဲ မရှိကြပါဘူး၊ အဆင်းရူပါရုံက (စက္ခုပဋိဟနန လက္ခဏံ)ဆိုတဲ့ စကားအတိုင်း မျက်စိအကြည်မှာ ထင်လာ ထိခိုက်လာနိုင်ဘို့ ထိုက်တဲ့ သဘောဘဲ ရှိတယ်၊ ဒီတော့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ အဆင်းရူပါရုံထဲမှာလဲ မရှိကြဘူးဆိုဒါ ဒီ**စကား**အရနဲ့ပင် ထင်ရှားနေပြန်ဒါဘဲ။

ပြီးတော့ ဒီမျက်စိအကြည်ရုပ် အဆင်းရူပါရုံတို့က လုပ်ဆောင်ပေးနိုင်တဲ့ ဗျာပါရ သတ္တိများ ရှိကြသလား ဆိုတော့၊ ဒီမျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့လဲ သင်္ခတတရားပင် ဖြစ်ကြဒါဘဲ။

သင်္ခတ တရားဆိုတော့ (သင်္ခတာ အတ္တဒုဇ္ဇလာ) ဆိုတဲ့ အဋ္ဌကထာ စကားအတိုင်း ဖြစ်ပေါ်နိုင်တဲ့ အစွမ်းမှ ပင်ပန်း အားနည်းကြလို့ သူတို့အလိုလိုလဲမဖြစ်ပေါ်နိုင်ကြဘူး၊ဒါ့ပြင် သူတို့အလိုလိုတောင်မှ မဖြစ်ပေါ်နိုင်ပါဘူးဆိုတော့ ဒီနာမ်ခန္ဓာ လေးပါးကိုဖြစ်ပေါ်လာအောင် လုပ်ဆောင်ပေးနိုင်တဲ့ ဗျာပါရသတ္တိ အရှင်းပင် မရှိကြဘူးဆိုဒါ ထင်ရှားနေပြန်ဒါပါဘဲ။

---

## ၁၆။ မျက်စိအကြည်ရုပ်နှင့်အဆင်းဓာတ်တို့အရှိန်

အဲဒီတော့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာ သူတို့အလိုလိုလဲမပေါ်နိုင်ကြဘူး၊ မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံထဲမှာလဲ မရှိကြ

ဘူး၊ မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ကလဲ ပေါ်လာအောင် လုပ်ဆောင်ပေးနိုင်တဲ့ ဗျာပါရမရှိကြဘူး၊ ဒါပေမဲ့ မျက်စိအကြည် ရုပ်နဲ့ အဆင်းရူပါရုံတို့ ထိခိုက် တိုက်ဆိုင်မှု အရှိန်အရ ဒီနာမ်ခန္ဓာ လေးပါးတို့ မျက်စိအကြည်ပေါ်မှာ တဖွားဖွား ပေါ်ပေါ်လာ ကြရဒါဘဲဆိုဒါ ဓမ္မယောဂီများ သဘောပါပါနဲ့သာ မှတ်ကြ တော့။

ပြီးတော့ လက်ဝါးနဲ့ ကြမ်းပြင် ရိုက်လိုက်တော့ လက်ဝါး ကြမ်းပြင်ရိုက်ခတ်မှု အရှိန်အရ ပေါ်လာတဲ့ ဒီအသံခေါက်ကလေး ဟာ အနှစ်သာရလဲမရှိဘူး၊လက်ဝါး ကြမ်းပြင်ပါလို့ လဲ ထင်စရာ မရှိဘူး၊ လက်ဝါးနဲ့ ကြမ်းပြင် ကွာဒါနဲ့တပြိုင်နက် သူလဲ ရှာမရ အောင် ကုန်သွားဒါပါဘဲ။

ထို့အတူ ဓမ္မယောဂီများ မျက်စိဖွင့်ကြည့်လိုက်တော့ မျက်စိ အကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ ထိခိုက် တိုက်ဆိုင်မှု အရှိန်အရ မျက်စိအကြည်မှာ ပေါ်လာကြတဲ့ ဒီနာမ်ခန္ဓာလေးပါးတို့ဟာလဲ (အသာရကဋ္ဌေန အနတ္တာ)အရ အနှစ်သာရလဲမရှိကြဘူး၊ (နာမ ရူပ မတ္တတောဥဒ္ဓံ အညောသတ္တောဝါ ပုဂ္ဂလောဝါ ဒေဝေါဝါ ဗြဟ္မာဝါနတ္ထိ) ဆိုတဲ့ စကားအရ ငါဘဲလို့ ထင်စရာလဲ မရှိကြ ပါဘူး။

မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ ထိခိုက် တိုက်ဆိုင်မှုအရှိန် ခဲစဲသွားဒါနဲ့ တပြိုင်နက် ဒီနာမ်ခန္ဓာ လေးပါးတို့ဟာလဲ (နဟိ ရူပါဓမ္မာနံ ဥပ္ပါဒ ဒေ သေအနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရ သင်္ကမနံနာမ နတ္ထိ)ဆိုတဲ့ စကားအရ၊ တဆံခြည်မျှသော်မှ အရပ် ဘပါး မပြောင်းရွှေ့နိုင်တော့ဘဲ မျက်စိအကြည်ကလေး ပေါ်မှာ ၂င် ကုန်းခန်း ကုန်ခန်းသွားကြဒါပါဘဲ။

သို့ အခုလို မျက်စိအကြည်ရုပ်နဲ့ အဆင်း ရူပါရုံတို့ ထိခိုက်တိုက်ဆိုင်မှု အရှိန်စဲစဲသွားတိုင်း မျက်စိ အကြည်ပေါ်မှာပင် နာမ်ခန္ဓာ လေးပါးတို့ ကုန်ခန်း ကုန်ခန်း သွားကြဒါဟာ (ဟုတ္ဟာ အဘာဝတောသန်ရာ အနိစ္စာ)ဆိုတဲ့ စကားအရ၊ သူတို့ရဲ့နယ်ပယ်အမှန်ရှိတဲ့ သဘာဝထဲ သက်ဆင်းသွားဒါဘဲလို့သာ မှတ်ကြတော့။

အဲဒီတော့ ဒီနာမ်ခန္ဓာ လေးပါးတို့ဟာ သူတို့ရဲ့ ပင်ကိုယ်မူလအရှိသဘာဝကို စိစစ်ကြည့်လိုက်တော့လဲ ကုန်ခန်း နေဒါသာ အမှန်တွေ့ရှိရတယ်၊ မျက်စိအကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ ထိခိုက်တိုက်ဆိုင်မှု အရှိန်အရ ပေါ်လာရပါသော်လည်း ပေါ်တဲ့ နေရာမှာဘဲ ချက်ချင်းလက်ငင်း ကုန်ခန်းသွားဒါကိုသာ အမှန် တွေ့ရှိရဒါပါဘဲ။

ဒါဖြင့် ပင်ကိုယ်မူလအနေနဲ့လဲ ကုန်ခန်းနေရမှု ဖြစ်ပေါ်လာတဲ့ ပဝတ္တိအနေနဲ့ ကုန်ခန်းသွားရမှု အဲဒီသဘောများဟာ နာမ်ခန္ဓာ လေးပါးတို့မှာ အမှန်ရှိဘဲ့ သဘောဘဲဆိုဒါ မှတ်ကြဘို့ဘဲ။

အဲဒီကုန်ခန်းမှုသာ အမှန်ရှိကြတဲ့သဘောနှစ်မျိုးထဲက ပင်ကိုယ်မူလအနေနဲ့ ကုန်ခန်းနေရတဲ့ ခန္ဓာရဲ့ အမှန်ရှိမှုကို ဓမ္မယောဂီများပဌမ သဘောမိကြရမယ်၊ အဲဒါ သဘောမိကြရင် ခန္ဓာ အရှိနဲ့သဘောအသိ ယထာဘူတ ဆိုက်သွားကြပြီ။

ခန္ဓာအရှိနဲ့သဘောအသိ ယထာဘူတ ဆိုက်သွားတော့၊ ဒီနာမ်ခန္ဓာလေးပါးတို့အပေါ် ငါဘဲလို့ ထင်နေတဲ့ အထင်မှားမှုဒိဋ္ဌိဟာ ဓမ္မယောဂီများရဲ့ မနောမှာ မငြိနိုင်တော့ပါဘူး၊ အဲဒါ သဘောအသိနဲ့ စင်ဒါလို့ မှတ်ကြ။

အခုလို ငါဘဲလို့ ထင်နေတဲ့ အထင်မှားမှု ဒိဋ္ဌိ မငြိနိုင်အောင် ခန္ဓာရဲ့ မူလအရှိကို သဘောအသိက ယထာဘူတ ဆိုက်သွားတော့ ဒီနာမ်ခန္ဓာ လေးပါးတို့က ဘယ်က ဖြစ်ပေါ်လာပါလိမ့်မတုန်း၊ ဘယ်သူကများ ပြုလုပ်ပေးလိုက်ပါလိမ့်မတုန်း ဆိုတဲ့ တွေးတောယုံမှားမှု ဝိစိကိစ္ဆာဟာလဲ သဘောအသိနဲ့ကဖြင့် တပါတည်း စင်သွားတော့ဒါပါဘဲ၊ သူလဲ မငြိနိုင်တော့ပါဘူး။

အဲဒါက ပင်ကိုယ်မူလအနေနဲ့ ကုန်ခန်းနေရတဲ့ ခန္ဓာရဲ့ အရှိကို သဘော အသိက ယထာဘူတဆိုက်လို့ နာမ်ခန္ဓာ လေးပါးတို့ အပေါ် သဘော အသိနဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ စင်သွားပုံကို ပြောပြတဲ့ စကားလို့ မှတ်ကြ။

ဖြစ်ပေါ်လာသမျှ ပဝတ္တိအနေနဲ့ ကုန်ခန်းကုန်ခန်း သွားရတဲ့ နာမ်ခန္ဓာ လေးပါးတို့ရဲ့ အမှန်အရှိ သဘာဝကိုတော့ ဓမ္မယောဂီများ ရှုကြည့်တဲ့ဉာဏ်နဲ့ မြင်ကြသိကြရမှာ၊ အဲဒီရှုကြည့်တဲ့ဉာဏ်နဲ့ မြင်ကြသိကြမှ အနုသယဒိဋ္ဌိ ဝိစိကိစ္ဆာများ မြင်ခိုက်သိခိုက် အချိန်မှာ စင်နိုင်ကွာနိုင်ကြတယ်။ အဲဒါလို မြင်ခိုက်သိခိုက်အချိန်မှာ ဒိဋ္ဌိ ဝိစိကိစ္ဆာများ စင်ကြ ကွာကြဒါကို ဝိပဿနာဉာဏ်က တဒင်္ဂပဟာန်နဲ့ အနုသယကို ပယ်တယ် ခွါတယ်လို့ ပြောကြရဒါပါဘဲ၊ အဲဒါ တိရဏပရိညာဉ် အခဏ်း(၄)ကျတော့ ပြည့်ပြည့်စုံစုံတွေ့ကြရပါလိမ့်မယ်။

## ၁၇။ ဝိညာဏက္ခန္ဓာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ခွဲပြချက်

ဒီနေရာမှာလဲ (လက္ခဏရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန-နာမရူပ ပရိဂ္ဂဟောဒိဋ္ဌိ ဝိသုဒ္ဓိနာမ) ဆိုတဲ့ လက်သန်း အဋ္ဌကထာ စကား အတိုင်း နာမ် ခန္ဓာ လေးပါးတို့ကို သဘော လက္ခဏာ အလုပ်ကိစ္စ အကျိုးအကြောင်းဆိုတဲ့ သဘာဝ လေးချက်နဲ့ စိစစ် ဝေဘန်ပြီး ပင်ကိုယ် မူလအရ ကုန်ခန်း နေရတဲ့ ခယ, သဘာဝ ကလေးတွေကို ဓမ္မယောဂီများ သဘောဉာဏ်ပိုမိုရှင်းလင်း သွား အောင် အခြေကနေပြီး ရှင်းပြလိုက်ဦးမယ်။

နာမ်ခန္ဓာ လေးပါးထဲက မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာဟာ (စက္ခုသန္နိဿိတရူပ ဝိဇာနနလက္ခဏံ) မျက်စိအကြည်ကို မှီပြီး အဆင်း ရူပါရုံကို သိခြင်းသဘော ရှိတယ်။ အဲဒါ မြင်စိတ် ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ သဘောလက္ခဏာလို့ မှတ်ကြ၊ (ရူပမတ္တာ ရမ္မဏရသံ) အဆင်းရူပါရုံဘဲလို့ ခေါ်ရရုံမျှ သဘာဝကလေးကို အာရုံပြုရမှု၊ ဝါ-ညွတ်ကိုင်းမှုကိစ္စဘဲ ရှိတယ်။

အဲဒါ မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ အလုပ်ကိစ္စလို့ မှတ်ကြ။ (ရူပါဘိ မုခဘာဝပစ္စုပဋ္ဌာနံ) အဆင်းရူပါရုံဘဲလို့ ခေါ် ရရုံမျှ သဘာဝကလေးသို့ ရှေးရှုရတဲ့ အဖြစ်ဘဲ အကျိုး ရှိတယ်၊ အဲဒါက မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ အကျိုးဘဲလို့ မှတ်ကြ။

ဒါဖြင့် ဒီသဘော လက္ခဏာ အလုပ်ကိစ္စ အကျိုး ပစ္စုပဋ္ဌာန် ဆိုတဲ့ သဘောကလေးတွေဟာ သူတို့အလိုလိုများပေါ်လာနိုင်ကြ ပါသလားလို့ ဝေဘန်စိစစ်ကြည့်လိုက်တော့၊ သူတို့အလိုလို ပေါ် မလာနိုင်ဒါကြောင့် သေချာနေဒါပါဘဲ။

ဘာကြောင့်လဲဆိုတော့ သူတို့ဟာ သင်္ခတ တရားလေးတွေပင် ဖြစ်ကြတယ်။ သင်္ခတတရားဆိုတော့ (သင်္ခတာ အတ္တဒုဗ္ဗလာ) ဆိုတဲ့ စကားအတိုင်း သူတို့အလိုလိုပေါ်လာနိုင်တဲ့ အားမရှိကြဘူး။

ဒါလို သူတို့ အလိုလိုနဲ့ ပေါ်လာနိုင်မှု အားမရှိကြ ဒါဟာ ပင်ကိုယ်မူလအနေနဲ့ ကုန်ခန်းနေရတဲ့ ခယသဘာဝလို့ မှတ်ကြ။

သို့သော် ဓမ္မယောဂီများ ဒီသဘော ကလေးတွေနဲ့ ပက်ပင်း လက်ငင်း ရင်ဆိုင် တွေ့နေကြရဒါ ကတော့ ဒီလို မှတ်ထားကြ။ (မနောဓါတုယာ အပဂမပဒဋ္ဌာနံ) ဆိုတဲ့ စကားအတိုင်း မနော ဓာတ်မှ ဖဲ့ခွါမှု အကြောင်းရှိလို့ ဖြစ်ရတယ်။ အဲဒါ မြင်စိတ် ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ အကြောင်းဘဲလို့မှတ်ကြ။ ဒါကြောင့် မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာပေါ်လာနိုင်ခြင်း၊ ဝါ-အထက်က ပြောပြခဲ့တဲ့ သဘော ကလေးတွေနဲ့ ဓမ္မ ယောဂီများ ပက်ပင်း လက်ငင်း ရင်ဆိုင်တွေ့နေကြရဒါဟာ မနောဓာတ်မှ ဖဲ့ခွါမှုအရ တွေ့နေကြရဒါဘဲလို့၊ ဝါ-မနောဓာတ်မှ ဖဲ့ခွါမှုအကြောင်းရှိလို့ ဒီမြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာပေါ်လာရဒါဘဲလို့ သာမန် မှတ်ခဲ့ကြဦး။

ဒါလို ဆိုတော့ ဒီမနောဓာတ် ကလေးက မြင်စိတ် ခေါ်တဲ့ ဝိညာဏက္ခန္ဓာ ပေါ်လာအောင် စီမံ ရွက်ဆောင်နိုင်တဲ့ ဗျာပါရ သတ္တိ ရှိသ ယောင် ယောင် ဖြစ်သွား ပြန်တယ်။ ဒီမနော ဓာတ် ကလေးဟာ ဗျာပါရသတ္တိ အရှင်းပင်မရှိပါဘူး။

သူလဲ (သဗ္ဗေဓမ္မာ အနတ္တာ) အရ သူ့အလိုလိုမှပေါ်နိုင်ဖြစ်နိုင် တဲ့ အတ္တသတ္တိ အရှင်းမရှိတဲ့ အနတ္တ တရားကလေးဘဲ ဖြစ်တယ်။

အဲဒီတော့ ဒီမနောဓာတ်ကလေးဟာ သူ့အလိုလိုမှ ပေါ်နိုင် ဖြစ်နိုင်တဲ့ အတ္တသတ္တိအရှင်းမရှိလို့ အနတ္တတရားလေးပါဆိုတော့ (အဗျာပါရတ္တေန အနတ္တာ)အရ ဒီမြင်စိတ်ခေါ်တဲ့ဝိညာဏက္ခန္ဓာ ပေါ်လာအောင် စီမံဆောင်ရွက်နိုင်တဲ့ ဗျာပါရသတ္တိ ရှိပါသလား ဆိုဒါ လင်းပါးနေဘို့ စဉ်းစားနေဘို့ မလိုတော့ပါဘူး။

ဒါဖြင့် ဒီမနောဓာတ်ကလေးဟာ မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာ ပေါ်လာအောင် စီမံ ဆောင်ရွက်နိုင်တဲ့ ဗျာပါရ သတ္တိ အရှင်းပင်မရှိ၊ စီမံရွက်ဆောင်နိုင်တဲ့ ဗျာပါရသတ္တိမှ လုံးဝ ဆိတ်သုဉ်းတဲ့ အဗျာပါရ သုညတ တရားကလေးဘဲ ဆိုဒါ ဓမ္မ ယောဂီများ သဘောရှင်းကြရမယ်။

အခုလို မနောဓာတ်ကလေးကို အခြေကလှန်ပြီး ဝေဘန်စိစစ် ကြည့်လိုက်တော့လဲ ဒီမြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာဟာ ဖြစ် ပေါ်လာနိုင်မှုအစွမ်းမှ လုံးဝကုန်ခန်းနေရမှုကိုသာ အမှန်တွေ့ရဒါ ပါဘဲ။ အဲဒါလို မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာဟာ သူ့အလိုလို လဲ ပေါ်လာနိုင်မှု အတ္တသတ္တိမရှိ အကြောင်းပဋ္ဌာန်ဆိုတဲ့ မနော ဓာတ်အလိုနဲ့လဲ ဖြစ်ပေါ်စေနိုင်တဲ့ ဗျာပါရသတ္တိ အရှင်းပင်မရှိလို့ ဖြစ်နိုင် ပေါ်နိုင်တဲ့ အားအစွမ်းမှ လုံးဝ ကုန်ခန်း နေရမှုဟာ အဲဒီမြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ ပင်ကိုယ်မူလ ခယ,သဘာဝ ဝါ-သူ့ရဲ့မူလ အနေကဖြင့် ကုန်ခန်းနေရတဲ့ တရားကလေးပါလား ဆိုဒါ သဘောပါပါနဲ့သာကြည့်ကြပေတော့။ အဲဒါသဘောပါ သွားကြရင်ဖြင့် ဓမ္မယောဂီများ ခန္ဓာအရှိနဲ့ သဘောအသိတိကျ သွားပြီ၊ မှန်ကန်သွားပြီဆိုဒါ ယုံမှားမရှိကြန့်တော့ ဧကန်အမှန် ဘဲဆိုဒါ သံသယ ရှင်းကြရမယ်။

အဲဒါလို မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာအရှိန့် သဘောအသိ တိကျမှန်ကန်သွားတော့ (ဝိဇ္ဇာဂတဿ ဘိက္ခဝေ ဝိဒ္ဒသုနော သမ္မာ ဒိဋ္ဌိ ပဟောတိ)လို့ သံယုတ် ပါဠိတော်မှာ ရှင်တော်ဘုရား ဟော ထားခဲ့တဲ့ တရားအတိုင်း ဒီမြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာအပေါ် မှာဖြင့် သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန် ရကြပြီ၊ အသိ သဘောနဲ့ သမ္မာ ဒိဋ္ဌိ အမြင်မှန်ရကြပြီ။

သမ္မာဒိဋ္ဌိ အမြင်မှန်ဝင်လာတော့ မိစ္ဆာဒိဋ္ဌိအမြင်မှား စင်သွား ဒါပါဘဲ၊ အသိသဘောနဲ့ဖြင့် ဓမ္မယောဂီများ မနေ့ာမှာ မိစ္ဆာဒိဋ္ဌိ စင်သွားပြီဆိုဒါ မှတ်ကြတော့၊ ဓမ္မယောဂီများ မနေ့ာမှာ မိစ္ဆာ ဒိဋ္ဌိ အမြင်မှား စင်သွားပုံကို အမြွက်မျှ ရှင်းပြလိုက်ဦးမယ်၊ အဲဒီ အထင်အမြင်မှားမှုဆိုတဲ့ ဒိဋ္ဌိဟာ ခန္ဓာရှိလို့ သူငြိတွယ်ဒါ ခန္ဓာ ငါးပါးဟာ ဒိဋ္ဌိခိုးသူ ခိုအောင်းရာ မြို့ပြ ပမာနဲ့ တူတယ်လို့ အခဏ်း(၁)က ပြောပြထားခဲ့တယ်။

အခုလို မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာကို အခြေက လှန်ပြီး ဝေဘန်စိစစ်ကြည့်လိုက်တော့ ဒီမြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာ ပရမတ် ဿာနဟာ သဘောဉာဏ်ထဲမှာ ရှာမရတော့ဘဲ ပင်ကိုယ် မူလ အနေအားဖြင့် ကုန်ခန်း နေရတဲ့ ခဏ သဘာဝကလေးကို သာ သဘော အသိက တိကျသွားတော့ ဒီဒိဋ္ဌိက မငြိနိုင်တော့ပါ ဘူး၊ ခိုအောင်း မနေနိုင်တော့ပါဘူး။

ဒိဋ္ဌိ ခိုးသူ ခိုအောင်းလို့ မရအောင် မြင်စိတ် ခေါ်တဲ့ ဝိညာ ဏက္ခန္ဓာရဲ့ အမှန်ရှိရင်းဖြစ်တဲ့ ခဏ သဘာဝကလေးကို သဘော အသိက တိကျသွားဒါနဲ့တပြိုင်နက် ဒီမြင်စိတ်ကလေးက ဘယ်က ဖြစ်ပေါ် လာပါလိမ့်မတုန်းဆိုတဲ့ ယုံမှားမှု ဝိစိကိစ္ဆာ ဒီမြင်စိတ်

ကလေးဟာ အာ ါခပ်သိမ်းအမြဲပင်မြင် ိုင်ဒါါဘဲဆိုတဲ့ အထင်မှားမှု သဿတဒိဋ္ဌိ။

ဒီမြင်စိတ်ကလေးဟာ သူ့အလိုလို မြင်နိုင်ဒါပါါဘဲလို့ ထင်မှတ်နေတဲ့ အထင်မှားမှု ဥစ္ဆေဒဒိဋ္ဌိ။

အဲဒီယုံမှားမှု အထင်မှားမှု သဘောကလေးဟာ မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ မူလ ရှိရင်းဖြစ်တဲ့ ခဃ သဘာဝ ကလေးကို ဓမ္မယောဂီများရဲ့ သဘောအသိက တိကျ သွားဒါနဲ့ တပြိုင်နက် တပါတည်း စင်သွား, ကွာသွား, ပြုတ်သွားတော့ဒါပါါဘဲ။

သဘောအသိနဲ့ဖြင့် ဓမ္မယောဂီများရဲ့ မနောထဲမှာ ဒီအမှား သဘောတွေ စင်ကြ ကွာကြ ပြုတ်ကြပြီဆိုဒါ ယုံမှား မရှိကြနဲ့၊ ဧဝကန် အမှန်ဘဲဆိုဒါ သံသယရှင်းကြရမယ်။

အခု ပြောပြခဲ့တဲ့ စကားရပ်များက မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာမှာ ပင်ကိုယ်မူလအလိုနဲ့ ကုန်ခန်းနေရမှု ခဃ သဘာဝကို သဘောအသိက တိကျမှန်ကန်သွားလို့ မနောကိလေသာခေါ်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒဒိဋ္ဌိ အမှားသဘောတွေ ဓမ္မယောဂီများရဲ့ မနောထဲမှာ သဘောအသိနဲ့ဖြင့် စင်ကြ ကွာကြ ပြုတ်ကြပုံကို ပြောပြခဲ့တဲ့ စကားရပ်များဘဲလို့ မှတ်သားကြပေတော့။

---

## ၁၈။ ပဝတ္တိ အလိုအရ ဝိညာဏက္ခန္ဓာ ဖြစ်ပေါ်ရပုံ

ဓမ္မယောဂီများ အခု လက်ငင်း ပက်ပင်း ရင်ဆိုင် တွေ့နေရတဲ့ မြင်စိတ်ခေါ် ဝိညာဏက္ခန္ဓာ ကလေးကတော့ ပဝတ္တိ အလိုအရ ရင်ဆိုင်တွေ့နေရဒါါဘဲလို့ မှတ်ကြ၊ ရှင်းပြဦးမယ်။ ဓမ္မယောဂီများ

ကြေးစည်သံကလေးတွေ ကြားဘူးကြပါလိမ့်မယ်၊ အဲဒီကြေးစည် သံကလေးတွေဟာ မူလကတော့ မရှိကြပါဘူး၊ ကုန်ခန်းနေရဒါ ပါဘဲ။

သို့သော် ကြေးစည်ရယ်၊ လက်ခတ်ရယ်၊ အဲဒီ လက်ခတ်ကို ကိုင်ပြီးထိုးမဲ့သူရယ်၊ ကြေးစည်နဲ့လက်ခတ်ထိခိုက်နိုင်ဘို့ရာ အတား အဆီး မရှိမှုသဘောကလေးရယ်၊ ဒီသဘောလေးခုပြည့်စုံညီညွတ် တဲ့အချိန် သူတို့ရဲ့အရှိန်အဝါအရ၊ ကြေးစည်အသံကလေး အထင် အရှား ပေါ်လာရတယ်။

ထို့အတူ မြင်စိတ်ခေါ်တဲ့ ဝိညာဏခန္ဓာဟာလဲ သူ့ရဲ့အလို မူလ ကတော့ မရှိပါဘူး၊ ကုန်ခန်းနေဒါပါဘဲ။

သို့သော် အသင်ဓမ္မယောဂီများရဲ့ ကမ္မဇခေါ် မျက်စိ အကြည် ကလေးရယ်၊ အဆင်းရူပါရုံကလေးရယ်၊ မျက်စိအကြည်နဲ့ အဆင်း ရူပါရုံ ထိခိုက်နိုင်ဘို့ရာ ထောက်ပင့် ကူညီမှုပြုတဲ့ အလင်းသဘော ကလေးရယ်၊ အဆင်းရူပါရုံဘက် ဦးလှည့်ပေးတဲ့ သဘောကလေး ရယ်၊ဒီသဘောလေးခု ပြည့်စုံညီညွတ်တဲ့အချိန် သူတို့ရဲ့ အရှိန်အဝါ အရ မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာဟာ ငြင်းဆန်မနေနိုင်တော့ဘဲ ဉပါဒ်-ဌီ-ဘင် သင်္ခတ အသွင်နဲ့ အထင်အရှား ပေါ်လာရတော့ ဒါဘဲ။

ဒါကြောင့် အသင် ဓမ္မယောဂီတို့မှာ ဒီမြင်စိတ်ခေါ်တဲ့ ဝိညာ ဏက္ခန္ဓာ ကလေးနဲ့ လက်ငင်း ပက်ပင်း ရင်ဆိုင် တွေ့နေကြရဒါ၊ အဲဒါ ပစ္စတ္တိ အလိုအရ ရင်ဆိုင် တွေ့နေရဒါဘဲ ဆိုဒါ မှတ်ကြ တော့။

သို့ အခုလို သက်ဆိုင်ရာ သဘောများ ပြည့်စုံညီညွတ်မှု အရှိန် အဝါအရ ပေါ်လာဖြစ်လာရသော်လဲ (ဥပ္ပါဒ ဝယဓမ္မိနော)လို့ ရှင်တော်ဘုရား ဟောထားခဲ့တယ်၊ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ တရားမှန်က ပျက်မဲ့သဘောသာ ကျန်ရှိဒါလို့ မှတ်ကြ။

ဖြစ်ပေါ်ပြီးတော့လဲ ကြာကြာနေနိုင်ဒါ မဟုတ်ပါဘူး၊ (အာရဂ္ဂေ သာသပ္ပုပမာ)အပ်သွား၊ ပွတ်ဆောက်ဖျားပေါ်မှာ ပစ်တင်လိုက်တဲ့ မုံညင်းစေ့လေးပမာ ပေါ်ပြီးလျှင်ပြီးခြင်း အဲဒီ ပေါ်တဲ့ နေရာမှာဘဲ ဘာမှရှာမရအောင် ပျက်စီး ကုန်ခန်းသွားဒါပါဘဲ။

အဲဒါလို ပေါ်ပြီးလျှင် ပေါ်ပြီးခြင်း ပေါ်တဲ့ နေရာမှာဘဲ ပျက်စီး ကုန်ခန်းသွားရဒါဟာ မြင်စိတ်ခေါ် ဝိညာဏက္ခန္ဓာရဲ့ ပဝတ္တိအလိုအရ ကုန်ခန်းသွားရဒါဘဲဆိုဒါ မှတ်ထားကြ။

အဲဒီမြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ ပဝတ္တိ အလိုအရ ကုန်ခန်းသွားဒါကိုတော့ ဓမ္မယောဂီများ ရှုဉာဏ်နဲ့ သိကြ၊ မြင်ကြရမှာ၊ အဲဒီပဝတ္တိခယကို ရှုဉာဏ်နဲ့ သိကြမြင်ကြတော့ မနောကိလေသာမျှ မကတော့ဘူး၊ အနုသယ ကိလေသာအထိ စင်တော့ဒါဘဲ၊ ရှုဉာဏ်နဲ့ သိခိုက် မြင်ခိုက် အချိန်မှာဖြင့် အနုသယ ကိလေသာ စင်တော့ဒါဘဲ၊ ကွာတော့ဒါဘဲ၊ ပြုတ်တော့ဒါဘဲ ဆိုဒါ ယုံမှားမရှိကြနဲ့၊ အဲဒါ အခဏ်း(၄)ကျတော့ ပြည့်ပြည့်ဝဝ တွေ့ကြရပါလိမ့်မယ်။

အခုပြောခဲ့တဲ့ စကားရပ် အားလုံးတို့က မြင်စိတ် ခေါ်တဲ့ ဝိညာဏက္ခန္ဓာရဲ့ မူလအလိုအရ၊ ကုန်ခန်းနေရမှု ပဝတ္တိ အလိုအရ ကုန်ခန်းသွားရမှု အချက်တွေကို ဓမ္မယောဂီများ သဘောမိနိုင်ကြဘို့ရာ အခြေခံကနေပြီး ဥပမာအမျိုးမျိုးနဲ့ အထပ်ထပ် ရှင်း

ပြောလိုက်တဲ့ စကားရပ်တွေလို့ မှတ်ကြ၊ အဲဒီ မူလအလိုအရ ကုန်ခန်းနေရတဲ့ မူလ ခယကို ဓမ္မဒယာဂီများ သဘော မိကြရင်ဖြင့် မနောကိလေသာခေါ် ပရိယုဋ္ဌာန်ဒိဋ္ဌိ ဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒ ဆိုတဲ့ ဒိဋ္ဌိ အမှားတွေ သဘောအသိနဲ့တော့ မနောမှာ မငြိနိုင်တော့ပါဘူး၊ စင်ပြီ၊ ကွာပြီ၊ ပြုတ်ပြီဆိုဒါ ဆုံးဖြတ်ပြီး ကြိုးစားကြပေတော့။

---

## ၁၉။ ဝေဒနာက္ခန္ဓာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ခွဲပြချက်

မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာနဲ့ အတူပေါ်လာတဲ့ ဝေဒနာ စေတသိက်ကို ဝေဒနက္ခန္ဓာလို့ ခေါ်ရတယ်၊ အဲဒီ ဝေဒနက္ခန္ဓာရဲ့ သဘောကတော့ (ဝေဒယိတလက္ခဏာ) ခံစားမှု သဘောရှိတယ်၊ အဲဒါ ဝေဒနက္ခန္ဓာရဲ့ သဘောလက္ခဏာ မှတ်ကြ။

(အနုဘဝနရသာ) သူနဲ့ ဖြစ်ဖော်ဖြစ်ဖက် တရားတွေကို ခံစားစေမှု ကိစ္စရှိတယ်၊ အဲဒါ ဝေဒနက္ခန္ဓာရဲ့ အလုပ်ကိစ္စလို့ မှတ်ကြ။

(အဿဒပစ္စုပဋ္ဌာနာ) သာယာနှစ်သက်မှု အကျိုးဘဲ ရှိတယ်၊ အဲဒါက ဝေဒနက္ခန္ဓာရဲ့အကျိုး ပစ္စုပဋ္ဌာန်လို့ မှတ်ကြ။

အဲဒီ သဘောလက္ခဏာ အလုပ်ကိစ္စ အကျိုး ပစ္စုပဋ္ဌာန်ဆိုတဲ့ သဘော ကလေးတွေဟာလဲ သင်္ခတ တရားတွေပင် ဖြစ်ကြလို့ သူတို့အလိုလို ပေါ်လာနိုင်တဲ့ အတ္တသတ္တ အရှင်း မရှိကြဘူး။ ဒါလို သူတို့အလိုလို ပေါ်လာနိုင်တဲ့ အတ္တသတ္တ အရှင်း မရှိကြဒါ

ဟာ ပင်ကိုယ်မူလ အလိုအရ ကုန်ခန်းနေရတဲ့ ခယသဘာဝလို့သာ မှတ်ကြ။

သို့သော် ဓမ္မယောဂီများ ဒီသဘော ကလေးတွေနဲ့ ပက်ပင်းလက်ငင်း ရင်ဆိုင်တွေ့နေကြရဒါဘော့ (ပဿဒ္ဓိပဒဋ္ဌာနာ) ကိုယ်စိတ် နှစ်ပါး ငြိမ်းချမ်းမှု နီးကပ်တဲ့ အကြောင်းကြောင့် ဖြစ်ရတယ်၊ အဲဒါ ဝေဒနက္ခန္ဓာရဲ့ အကြောင်း ပဒဋ္ဌာန်လို့ မှတ်ကြ။

ဒါ့ကြောင့် ဓမ္မယောဂီများ ဒီသဘောကလေးတွေနဲ့ ပက်ပင်းလက်ငင်း ရင်ဆိုင် တွေ့နေကြရဒါဟာ၊ ဝါ-ဝေဒနက္ခန္ဓာ ပေါ်လာနိုင် ရဒါဟာ ကိုယ်စိတ် နှစ်ပါး ငြိမ်း ချမ်း ခြင်း နီး ကပ်မှု အကြောင်း အရ ဒီသဘော ကလေးတွေနဲ့ ပက်ပင်း လက်ငင်း ရင်ဆိုင်တွေ့နေကြရဒါ၊ ဝါ-ဝေဒနက္ခန္ဓာ ပေါ်လာ နိုင်ရဒါဘဲလို့သာ မှတ်ကြတော့။

ဝိသေသအနေနဲ့ ဝေဘန်စိစစ်ကြည့်လိုက်ပြန်တော့ ကိုယ်စိတ် နှစ်ပါး ငြိမ်းချမ်းမှုဆိုတဲ့ ဒီပဿဒ္ဓိ တရားဟာ သင်္ခတ တရားပင် ဖြစ်သာဘဲ၊ သင်္ခတ တရားဆိုတော့ (သင်္ခတာ အတ္တဒုဗ္ဗလာ)အရ သူ့အလိုလိုပေါ်နိုင်တဲ့အား မရှိပါဘူး၊ သူ့အလိုလို ပေါ်နိုင်တဲ့ အတ္တသတ္တိ အရှင်းမရှိတဲ့ အနတ္တ တရားကလေးပါဘဲ။

သူ့အလိုလိုမှ ပေါ်နိုင်တဲ့ အတ္တသတ္တိ အရှင်းမရှိတဲ့ အနတ္တ တရားကလေးပါ ဆိုတော့ ဒီဝေဒနက္ခန္ဓာ ပေါ်လာအောင် စီမံဆောင်ရွက်နိုင်တဲ့ ဗျာပါရသတ္တိ မရှိဘူးဆိုဒါ အလွန်ပင် ထင်ရှားနေဒါပါဘဲ။

အဲဒီတော့ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုဆိုဘဲ့ ဒီပဿဒ္ဓိ တရားဟာ ဝေဒနက္ခန္ဓာရဲ့ အကြောင်း ပဒဋ္ဌာန် ဆိုရသော်လဲ တကယ်

အကြောင်းစစ်မဟုတ် အကြောင်းပဒဋ္ဌာန် ခေါ်ရရုံမျှဘဲ ဆိုဒါ မှတ်ကြတော့။

ဒါလို ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှု ပဿဒ္ဓိဆိုတဲ့ အကြောင်းပဒဋ္ဌာန် အလိုနဲ့လဲ ဗျာပါရသတ္တိ အရှင်းမရှိလို့ မဖြစ်နိုင် မပေါ်နိုင်ပါဘူး၊ ဖြစ်နိုင် ပေါ်နိုင်တဲ့အားမှ လုံးဝကုန်ခန်းနေရဒါပါဘဲ၊ ဒါကြောင့် ဒီဝေဒနက္ခန္ဓာကလေးဟာ သူ့အလိုလိုလဲ ပေါ်လာနိုင်တဲ့ အတ္တသတ္တိ အရှင်းမရှိလို့ ကုန်ခန်းနေရတယ်၊အကြောင်းပဒဋ္ဌာန်အလိုနဲ့လဲ ဖြစ်ပေါ်စေနိုင်တဲ့ ဗျာပါရသတ္တိ အရှင်းမရှိလို့ ကုန်ခန်းနေရတယ် ဆိုတာ မှတ်ကြတော့။

သို့အခုလို သူ့အလိုနဲ့လဲ အတ္တသတ္တိ အရှင်းမရှိလို့ ကုန်ခန်းနေရမှု၊ သူတပါးအလိုနဲ့လဲ ဗျာပါရသတ္တိ အရှင်းမရှိလို့ ကုန်ခန်းနေရမှုဟာ အဲဒီဝေဒနက္ခန္ဓာမှာ ပင်ကိုယ်မူလ အမှန်ရှိတဲ့(ခယဓမ္မ) အရလို့သာ မှတ်ကြပေတော့။

အဲဒီ ဝေဒနက္ခန္ဓာမှာ ပင်ကိုယ်မူလ အမှန်ရှိတဲ့(ခယဓမ္မ)အရ ကုန်ခန်းနေမှုကလေးကို သဘောမိကြရမယ်၊ ဒါကို သဘောမိကြရင်ဖြင့် အသင် ဓမ္မယောဂီများရဲ့ မနောမှာ မငြိတွယ်နိုင်တော့ပါဘူး၊ ငါထင်မှု ဒိဋ္ဌိဟာ သဘောအသိနဲ့ဖြင့် မနောမှာ သူမငြိတော့ပါဘူး၊ ကွာပြီ စင်ပြီဆိုဒါ မှတ်ထားကြ။

ဒါလိုပင်မကြီးသဘွယ်ဖြစ်တဲ့သက္ကာယဒိဋ္ဌိကမှ သဘောအသိနဲ့ မငြိနိုင်တော့ အကိုင်းအခက်နဲ့ တူကြတဲ့ ဝိစိကိစ္ဆာ သဿတ ဥစ္ဆေဒဆိုတဲ့ အမှားသဘောကလေးတွေဟာလဲ တွယ်ကပ် မနေနိုင်တော့ပါဘူး၊ တပါတည်း စင်ကြ ကွာကြတော့ ဒါပါဘဲ၊ ဒါ့ကြောင့် ခန္ဓာအရှိနဲ့ သဘောအသိ ထိအောင် မိအောင် ကြိုးစားကြ၊ ခန္ဓာ

အရှိန်နဲ့ သဘောအသိ ထိကြ မိကြရင် အခုပြောပြတဲ့ အခဏ်း(၂) ညာတပရိညာဉ်အရ ပြည့်ဝပြီဆိုဒါ မှတ်ကြ၊ ဖြစ်ပေါ်လာတဲ့ ဝေဒနက္ခန္ဓာရဲ့ ပဝတ္တိ အလိုအရ ကုန်ခန်း သွားရတဲ့ ပဝတ္တိခယ ကိုတော့ မြင်စိတ် ခေါ်တဲ့ ဝိညာဏက္ခန္ဓာတုန်းက ပြောပြခဲ့တဲ့ သဘောအတိုင်းသာ မှတ်ကြတော့၊ အလိုရှိပါက ဝိညာဏက္ခန္ဓာ အပိုင်းမှာ ပြန်ကြည့်ကြပေတော့။

---

## ၂၀။ သညက္ခန္ဓာ၌ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ခွဲပြချက်

မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာနဲ့အတူ ပေါ်လာတဲ့ သညာ စေတသိက်ကို သညက္ခန္ဓာလို့ ခေါ်ရတယ်၊ အဲဒီ သညက္ခန္ဓာရဲ့ သဘောကတော့ (သဉ္ဇာနန လက္ခဏာ) အမှတ်အသား ပြုခြင်း သဘောရှိတယ်၊ အဲဒါ သညက္ခန္ဓာရဲ့ သဘော လက္ခဏာလို့ မှတ်ကြ။

(ပုနသဉ္ဇာနန ပစ္စယ နိမိတ္တကရဏရသာ) ရှေ့က အမှတ်နဲ့ နောက်အမှတ် ဆက်စပ်ရန် အကြောင်းနိမိတ်တွေကို ပြုလုပ်နေရခြင်း ကိစ္စရှိတယ်၊ အဲဒါ သညက္ခန္ဓာရဲ့ အလုပ်ကိစ္စလို့ မှတ်ကြ။

(ယထာဂဟိတ-နိမိတ္တ ဝသေန အဘိနိဝေသ ပစ္စုပဋ္ဌာနာ) အမှတ် ပြုထားသည့် နိမိတ်အရ ပြင်းစွာ နှလုံးသွင်း နေရခြင်း အကျိုးဘဲရှိတယ်၊ အဲဒါက သညက္ခန္ဓာရဲ့အကျိုး ပစ္စုပဋ္ဌာန်လို့ မှတ်ကြ။အဲဒီသဘောလက္ခဏာအလုပ်ကိစ္စအကျိုးပစ္စုပဋ္ဌာန်ဆိုတဲ့ သဘောကလေးတွေဟာ သူတို့အလိုလိုပေါ်လာနိုင်တဲ့ အတ္တသတ္တိ

အရှင်း မရှိကြပါဘူး၊ အတ္တသတ္တိ မြူမျှမှ ရှာရှာ မရတဲ့ အနတ္တ သဘောကလေးတွေပါဘဲ။

ဒါလို သူတို့အလိုလို ပေါ်လာနိုင်တဲ့ အတ္တသတ္တိ မြူမျှမှ မရှိကြ ဒါဟာ သူတို့ရဲ့ ပင်ကိုယ်မူလအရ ကုန်ခန်းနေရတဲ့ ခယ သဘာဝ လို့သာ မှတ်ကြတော့။

သို့ပေမဲ့ ဓမ္မ ယောဂီများ ဒီသဘော ကလေးတွေနဲ့ ပက်ပင်း လက်ငင်း ရင်ဆိုင်တွေ့နေကြရဒါတော့ ရှိဒါဘဲ၊ အဲဒါက (ယထာ ဉပဋ္ဌိတဝိသယ ပဒဋ္ဌာနာ) အာရုံထင်လာမှု နီးကပ်တဲ့အကြောင်း ကြောင့် ဖြစ်ပါတယ်။ အဲဒါ သညာက္ခန္ဓာရဲ့ အကြောင်း ပဒဋ္ဌာန် လို့ မှတ်ကြ၊ အဲဒီ အကြောင်း ပဒဋ္ဌာန်အရ ဓမ္မယောဂီ များမှာ ဒီသဘော ကလေးတွေနဲ့ ပက်ပင်း လက်ငင်း ရင်ဆိုင် တွေ့နေကြ ရဒါ၊ ဝါ၊ သညက္ခန္ဓာ ပေါ်လာနိုင်ရဒါဘဲလို့ မှတ်ကြ၊ ဒီသညက္ခန္ဓာ သဘော ကလေးဟာလဲ အာရုံ ထင်လာမှု နီးကပ်တဲ့ အကြောင်း ပဒဋ္ဌာန်အရ ပေါ်လာနိုင်ရဒါလို့ ဆိုရသော်လဲ တကယ် အကြောင်းစစ်တော့ မဟုတ်ပါဘူး။

ဘာ့ကြောင့်လဲဆိုတော့ အာရုံထင်လာမှု သဘောကလေးပင် သူ့ရဲ့အလိုလို ဖြစ်ပေါ်နိုင်တဲ့ အတ္တသတ္တိ အရှင်းပင်မရှိတဲ့ အနတ္တ တရားကလေး ဖြစ်နေပြန်ဒါပါဘဲ။

ဒီလိုသူ့ရဲ့အလိုလိုမှ ဖြစ်ပေါ်နိုင်တဲ့ အတ္တသတ္တိအရှင်းပင်မရှိတဲ့ အနတ္တ တရားကလေးဆိုတော့ ဒီသညက္ခန္ဓာပေါ်လာအောင် စီမံ ဆောင်ရွက်တဲ့ ဗျာပါရသတ္တိ မရှိဘူးဆိုဒါ အလွန်ပင် ထင်ရှားနေ ဒါဘဲ၊ ဒါကြောင့် အာရုံထင်လာမှု ဆိုတဲ့ သဘော ကလေးဟာ သညက္ခန္ဓာရဲ့ အကြောင်း ပဒဋ္ဌာန်ပါလို့ ဆိုရသော်လဲ တကယ်

အကြောင်းစစ်မဟုတ် အကြောင်း ပဒဋ္ဌာန် ခေါ်ရရုံမျှဘဲ ဆိုဒါ မှတ်ကြတော့။ ဒါလို အာရုံထင်လာမှုဆိုတဲ့ အကြောင်း ပဒဋ္ဌာန် အလိုနဲ့လဲ ဗျာပါရသတ္တိ အရှင်းပင် မရှိလို့ ဖြစ်နိုင် ပေါ်နိုင် ဘဲ့ အားမှ လုံးဝ ကုန်ခန်း နေရဒါပါဘဲ၊ အဲဒီတော့ ဒီသညက္ခန္ဓာ သဘော ကလေးဟာ သူ့ရဲ့အလိုလို ပေါ်လာနိုင်တဲ့ အတ္တသ ္တိ အရှင်းမရှိလို့ ကုန်ခန်း ရတယ်၊ အကြောင်း ပဒဋ္ဌာန် အလိုနဲ့ ပဲ ဖြစ်ပေါ် စေနိုင်တဲ့ ဗျာပါရသတ္တိ အရှင်းမရှိလို့ ကုန်ခန်း နေရ တယ်ဆိုတာ မှတ်ကြတော့။

သို့အခုလို သူ့ရဲ့အလိုနဲ့လဲ အတ္တသတ္တိ အရှင်း မရှိလို့ ကုန်ခန်း နေရမှု၊ သူတပါး အလိုနဲ့လဲ ဗျာပါရ သတ္တိ အရှင်းပင် မရှိလို့ ကုန်ခန်း နေရမှုဟာ အဲဒီ သညက္ခန္ဓာမှာ ပင်ကိုယ်မူလအမှန်ရှိတဲ့ (ခယဓမ္မ)အရလို့သာ မှတ်ကြပေတော့။

အဲဒီ သညက္ခန္ဓာမှာ ပင်ကိုယ် မူလ အမှန်ရှိတဲ့ (ခယဓမ္မ)အရ ကုန်ခန်းနေမှုကလေးကို သဘောမိကြရမယ်၊ ဒါကို သဘောမိကြ ရင်ဖြင့် အသင် ဓမ္မယောဂီများရဲ့ မနောမှာ ငါဘဲလို့ ထင်မှားမှု ဒိဋ္ဌိ မငြိတွယ်နိုင် တော့ဘူး၊ သဘော အသိနဲ့ဖြင့် ဒိဋ္ဌိ စင်တော့ ကွာတော့-ပြုတ်တော့ဒါပါဘဲ၊ အဲဒါလို ပင်ရင်းဖြစ်တဲ့ သက္ကာယ ဒိဋ္ဌိကမှ သဘောအသိနဲ့ မငြိနိုင်တော့ အဖျားအနားမျှ ဖြစ်ကြတဲ့ ဝိစိကိစ္ဆာ သီလဗ္ဗတ ဥစ္ဆေဒဆိုတဲ့ အမှားသဘော ကလေးတွေဟာ လဲ တပါတည်း စင်ကြ၊ ကွာကြ၊ ပြုတ်ကြတော့ဒါပါဘဲ။

ဒါ့ကြောင့် အသင်ဓမ္မယောဂီများ ခန္ဓာအရှိန်နဲ့ သဘောအသိ ထိအောင် မိအောင် ကြိုးစားကြ၊ ခန္ဓာအရှိန်နဲ့ သဘောအသိ ထိကြ မိကြရင် ညာတပရိညာဉ်အရ ဒိဂရီ ပြည့်ဝ သွားကြလို့ အသင်

ဓမ္မယောဂီများရဲ့ စိတ်မနောထဲမှာ ဒိဋ္ဌိဆိုတဲ့ အမှားသဘောမဝင်နိုင် မငြိနိုင်တော့ပါဘူး၊ သဘောအသိနဲ့ဖြင့် စိတ်မနောမှာ စင်ပြီဆိုဒါ မှတ်ကြ။ ဖြစ်ပေါ်လာတဲ့ သညက္ခန္ဓာရဲ့ ပဝတ္တိအလိုအရကုန်ခန်း သွားရမှု ပဝတ္တိခယကိုတော့ မြင်စိတ် ခေါ်တဲ့ ဝိညာဏက္ခန္ဓာအပိုင်းက ပြောပြခဲ့တဲ့ သဘောအတိုင်းပင် မှတ်ကြတော့၊ အလို ရှိပါက ဝိညာဏက္ခန္ဓာအပိုင်းမှာ ပြန်ကြည့်ကြ ပေတော့။

---

## ၂၁။ သင်္ခါရက္ခန္ဓာ၌ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ခွဲပြချက်

မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာနဲ့ အတူပေါ်လာကြတဲ့ ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဆိုတဲ့ စေတသိက်ငါးပါးကို သင်္ခါရက္ခန္ဓာလို့ ခေါ်ရတယ်၊အဲဒီ စေတသိက် ငါးပါးထဲက စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာရဲ့ သဘောကတော့ (စေတယိတာ လက္ခဏာ) စေ့ဆော် တိုက်တွန်းမှု သဘောရှိတယ်၊ အဲဒါ သင်္ခါရက္ခန္ဓာရဲ့ သဘောလက္ခဏာလို့ မှတ်ကြ။

(အာယူဟနရသာ) ပေါင်းစည်း အားထုတ် နေရတဲ့ ကိစ္စရှိတယ်၊ အဲဒါက သင်္ခါရက္ခန္ဓာရဲ့ အလုပ်ကိစ္စလို့ မှတ်ကြ၊ (သံဝိဒဟန ပစ္စုပဋ္ဌာနာ) စီမံ ဆော်အော နေရတဲ့ အကျိုးဘဲ ရှိတယ်၊ အဲဒါက သင်္ခါရက္ခန္ဓာရဲ့ အကျိုးပစ္စုပဋ္ဌာန်လို့ မှတ်ကြ။

အဲဒီ သဘောလက္ခဏာ အလုပ်ကိစ္စ အကျိုး ပစ္စုပဋ္ဌာန်ဆိုတဲ့ သဘောကလေးတွေဟာလဲ (သမ္ပယုတ္တဓမ္မာအနုတ္တာ)အရ သူတို့အလို

လို ဖြစ်ပေါ်လာမှု အားအစွမ်း မရှိကြတဲ့ အနတ္တ တရားကလေး တွေဘဲ ဖြစ်ကြတယ်။

အခုလို သူတို့အလိုလို ဖြစ်ပေါ်လာနိုင်မှု အားအစွမ်း မရှိကြမှု ဟာ သူတို့ရဲ့ ပင်ကိုယ်မူလအရ အေးမြ ချုပ်ငြိမ်းနေကြတဲ့ (နိရောဓ ဓမ္မ)အရဘဲလို့ သာ မှတ်ကြတော့။ သို့ပေမဲ့ အသင်ဓမ္မယောဂီများ မှာ ဒီသဘော ကလေးတွေနဲ့ တော့ ပက်ပင်း လက်ငင်း ရင်ဆိုင် တွေ့နေကြရသေးဒါဘဲ၊ အဲဒါက ဒီလိုမှတ်ကြ၊ (အာပါထ ဝိသယ ပဒဋ္ဌာနာ) အာရုံ ကျရောက်မှု နီးကပ်သည့် အကြောင်းကြောင့် ဖြစ်ရတယ်၊ အဲဒါက သင်္ခါရက္ခန္ဓာရဲ့ အကြောင်း ပဒဋ္ဌာန်လို့ မှတ်ကြ၊ အဲဒီ အကြောင်း ပဒဋ္ဌာန်အရ အသင် ဓမ္မယောဂီများမှာ ဒီသဘောကလေးတွေနဲ့ လက်ငင်း ပက်ပင်း ရင်ဆိုင် တွေ့နေကြ ရဒါ၊ ဝါ-သင်္ခါရက္ခန္ဓာကလေး ပေါ်လာနိုင်ရဒါဘဲလို့ မှတ် ထားကြ။

သို့ပေမယ်လို့ ဒီသင်္ခါရက္ခန္ဓာ သဘောကလေးဟာ အာရုံ ကျရောက်မှု နီးကပ်သည့် အရ ပေါ်လာနိုင်ရဒါပါလို့ ပြောရရုံ မျှဘဲ ရှိတယ်၊ တကယ် အကြောင်း ပဒဋ္ဌာန်စစ်တော့ မဖြစ်နိုင်ပေ ဘူး။

ဘာ့ကြောင့်လဲဆိုတော့ အာရုံ ကျရောက်မှု သဘောကလေး ကပင်(သဗ္ဗေဓမ္မာအနတ္တာ)အရ သူလဲ အလိုလိုဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်း ဘာမျှမရှိတဲ့ အနတ္တတရားလေးပင် ဖြစ်ထာဘဲ။ ဒါလို သူ့ရဲ့ အလိုလိုမှ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်းဘာမှမရှိတဲ့ အနတ္တ တရားကလေးပါ ဆိုတော့ (အဗျာပါရဋ္ဌေန အနတ္တာ)အရ၊ ဒီ သင်္ခါရက္ခန္ဓာ ဖြစ်ပေါ်လာအောင် စီမံ ဆောင်ရွက်နိုင်တဲ့ ဗျာပါရ သတ္တိ အရှင်းပင် မရှိပါဘူး၊ စီမံရွက်ဆောင်နိုင်တဲ့ ဗျာပါရသတ္တိမှ

လုံး၀ သုဉ်းဆိတ်နေတဲ့ အဗျာပါရ သုညတ အနတ္တ တရားကလေး ပါဘဲဆိုဒါ မှတ်ကြတော့။

ဒါ့ကြောင့် အာရုံ ကျရောက်မှု ဆိုတဲ့ သဘောကလေးဟာ သင်္ခါရက္ခန္ဓာရဲ့ အကြောင်းပဒဋ္ဌာန်ပါလို့ ဆိုရသော်လဲ တကယ် အကြောင်းစစ်မဟုတ်၊ အကြောင်း ပဒဋ္ဌာန် ခေါ်ရရုံဘဲ ရှိတယ် လို့ မှတ်ကြ။ ဒါလို အာရုံကျရောက်မှုဆိုတဲ့ အကြောင်း ပဒဋ္ဌာန် အလိုနဲ့ ဗျာပါရသတ္တိ အရှင်းပင် မရှိလို့ မဖြစ်နိုင် မပေါ်နိုင်ဘဲ ပင်ကိုယ်မူလ အလိုအရ အေးမြ ချုပ်ငြိမ်းနေရဒါပါဘဲ။

အဲဒီတော့ ဒီသင်္ခါရက္ခန္ဓာ သဘောကလေးဟာ သူ့ရဲ့အလိုလိုလဲ ဖြစ်ပေါ်လာနိုင်တဲ့ အားအစွမ်း ဘာမှမရှိလို့ အေးမြ ချုပ်ငြိမ်း နေရတယ်၊ အကြောင်း ပဒဋ္ဌာန် အလိုနဲ့လဲ တကယ် ဖြစ်ပေါ် နိုင်တဲ့ ဗျာပါရသတ္တိ အရှင်းပင်မရှိလို့ အေးမြ ချုပ်ငြိမ်းနေရတယ် ဆိုဒါ ဝေကန်အမှန်ဘဲလို့သာ မှတ်ကြတော့။

သို့ အခုလို သူ့ရဲ့အလိုနဲ့လဲ အတ္တသတ္တိ အရှင်းမရှိလို့ အေးမြ ချုပ်ငြိမ်းနေရမှု အကြောင်းပဒဋ္ဌာန် အလိုနဲ့လဲ ဗျာပါရသတ္တိ အရှင်းပင် မရှိလို့ အေးမြ ချုပ်ငြိမ်းနေရမှုဟာ အဲဒီ သင်္ခါရက္ခန္ဓာ မှာ ပင်ကိုယ်မူလ အမှန်ရှိတဲ့ (နိရောဓ ဓမ္မ)အရပင် ဖြစ်တော့ဒါ ပါဘဲ။

အဲဒီ သင်္ခါရက္ခန္ဓာမှာ ပင်ကိုယ်မူလ အမှန်ရှိတဲ့ (နိရောဓ ဓမ္မ) အရ အေးမြ ချုပ်ငြိမ်းနေရမှုကလေးကို သဘော မိကြရမယ်၊ ဒါကို သဘောမိကြရင်ဖြင့် အသင် ဓမ္မယောဂီများရဲ့ မနောမှာ မငြိတွယ်နိုင်တော့ပါဘူး၊ ငါဘဲလို့ ထင်မှားတဲ့ ဒိဋ္ဌိဟာ အသိ သဘောနဲ့ဖြင့် မနောမှာ သူမငြိနိုင်တော့ပါဘူး၊ မနောမှာစင်ပြီ၊ ကွာပြီဆိုဒါ မှတ်ကြတော့၊ အခုလို အရင်းခံဖြစ်တဲ့ သက္ကာယဒိဋ္ဌိ

ကမှ သဘောအသိနဲ့ မငြိနိုင်တော့ အဖျားအနားလောက်မျှ ဖြစ်တဲ့ ဝိစိကိစ္ဆာ သဿတဥစ္ဆေဒဆိုတဲ့ အမှားသဘောကလေးတွေဟာလဲ တပါတည်း စင်ကြ ကွာကြ၊ ပြုတ်ကြရတော့ ဒါပါဘဲ။ ဒါ့ကြောင့် အသင်ဓမ္မယောဂီများ ခန္ဓာအရှိန်နဲ့ သဘောအသိထိအောင် မိအောင် ကြိုးစားကြ၊ ခန္ဓာအရှိန်နဲ့ သဘောအသိထိကြ၊ မိကြရင်ဖြင့် ဉာတပရိညာဉ်အရာ ပြည့်စုံတော့ဒါပါဘဲ၊ ဒီပရိညာဉ်အရာ ပြည့်စုံသွားရင်လဲ အသင်ဓမ္မယောဂီများရဲ့ စိတ်မနောမှာ ဒိဋ္ဌိဆိုတဲ့ အမှားသဘော မဝင် မငြိတော့ပါဘူး၊ သဘောအသိနဲ့ဖြင့် စိတ်မနောမှာ စင်ပြီ၊ ကွာပြီ၊ ပြုတ်ပြီဆိုဒါမှတ်ကြ၊ ဖြစ်ပေါ်လာတဲ့ သင်္ခါရက္ခန္ဓာရဲ့ ပဝတ္တိအလိုအရ ချုပ်ငြိမ်းသွားရမှု ပဝတ္တိ နိရောဓကိုတော့ မြင်စိတ်ခေါ်တဲ့ ဝိညာဏက္ခန္ဓာခေါ်တဲ့ အပိုင်းက ပြောပြခဲ့တဲ့ သဘောအတိုင်းပင် မှတ်ကြတော့၊ အခေါ် အဝေါ်လောက်ဘဲ ကွာတယ်၊ သဘောသွားကတော့ အတူတူပါဘဲ၊ အဲဒါ အလိုရှိကြပါက ဝိညာဏက္ခန္ဓာအပိုင်းမှာပင် ပြန်ကြည့်ကြပေတော့။

## ၂၂။ စက္ခုဒွါရ၌ ပေါ်ကြသည့် ခန္ဓာငါးပါးမျှသာ မူထားပြချက်

အခု အခန်း(၂)အနေနဲ့ ပြောပြခဲ့တဲ့ စကားရပ် အားလုံးကို အတိုချုံးပြီး နိဂုံးချုပ်ပြောရလျှင်၊ ဒွါရခြောက်ပါးရှိတဲ့အနက်က စက္ခု ဒွါရမှာ ဖြစ်ပေါ် လာကြတဲ့ ခန္ဓာငါးပါးလောက်ဘဲ မူထားပြီး ပြောပြခဲ့တဲ့ စကားရပ်တွေဘဲလို့ မှတ်ကြပေတော့။

ဒီခန္ဓာငါးပါးထဲမှာလဲ

ရူပံဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊

ခယဓမ္မံ- ဝယဓမ္မံ- ဝိရာဂဓမ္မံ- နိရောဓ ဓမ္မန္တိ-လို့

ဝိဘင်း ပါဠိတော်မှာ ရှင်တော်ဘုရား ဟောထားခဲ့တဲ့ မိန့်ခွန်းတော် စကားအရ၊ ပင်ကိုယ်မူလအနေနဲ့ ကုန်ခန်းနေရမှု၊ ပျောက်ပျက်နေရမှု၊ ကင်းပျက်နေရမှု၊ အေးမြချုပ်ငြိမ်းနေရမှုဆိုတဲ့ အမှန်ရှိရင်း သဘောလေးချက်ကို အာရုံဝတ္ထုအနေနဲ့ ဝေဘန်စိစစ်ပြီး တပိုင်းပြခဲ့တယ်၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အနေနဲ့ အခြေခံမှုစပြီး ဝေဘန်စိစစ်ခါ တပိုင်းထားပြီးပြခဲ့တယ်။

ဖြစ်ပေါ်လာမှု ပဝတ္တိအနေနဲ့လဲ ကုန်ခန်းသွားမှု၊ ပျောက်ပျက်သွားရမှု၊ ကင်းပြတ်သွားရမှု၊ အေးမြချုပ်ငြိမ်းသွားရမှုဆိုတဲ့ အမှန် ရှိကြတဲ့ သဘော လေးချက်ကိုလဲ အာရုံ ဝတ္ထု အနေနဲ့ တပိုင်း၊ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အနေနဲ့ တပိုင်း၊ အဲဒါလို နှစ်ပိုင်းထားပြီး သူ့ကိုတော့ အနည်းငယ် အမြွက်မျှလောက်ဘဲ ပြောပြခဲ့တယ်။

ဒီအခဏ်း (၂)က ပင်ကိုယ် မူလ အနေနဲ့ ကုန် ခန်း နေ ရမှု၊ ပျောက်ပျက်နေရမှု၊ ကင်းပြတ်နေရမှု၊ အေးမြ ချုပ်ငြိမ်းနေရမှုများကိုသာ အဓိကထားပြီး ပြောပြရမဲ့ အခဏ်းဖြစ်လို့ ပဝတ္တိ ခယ ဝယ ဝိရာဂ နိရောဓ သဘောများကို အမြွက်မျှလောက် ပြောပြခဲ့ဒါဆိုဒါ မှတ်ကြ။

အဲဒီတော့ လိုရင်း အတိုချုပ်ကလေး ဒီလိုသာ မှတ်ထားကြ။

ခန္ဓာငါးပါးဆိုရင် ဘယ်ဒွါရမှာဘဲဖြစ်ဖြစ် ဖြစ်လာပေါ်လာသမျှ ခန္ဓာငါးပါးတို့မှာ အမှန်ရှိထိုက်တာကတော့–

၁။ မူလအားလုံးအရ ခယ ဝယ ဝိရာဂ နိရောဓ။

၂။ ပဝတ္တိအလိုအရ ခယ ဝယ ဝိရာဂ နိရောဓ။

အဲဒါလို မူလ ပဝတ္တိအားဖြင့် နှစ်မျိုးနှစ်စားဘဲ အမှန် ရှိကြတယ်၊ အမှန်ရှိထိုက်ကြတယ်ဆိုဒါ လိုရင်းအတိုချုပ် မှတ်ထားကြပေတော့။

အဲဒီနှစ်မျိုးထဲက ပင်ကိုယ်မူလအနေနဲ့ အမှန် ရှိနေကြတဲ့–

၁။ မူလ ခယ ဝယ ဝိရာဂ နိရောဓ သဘောများကတော့ ဓမ္မယောဂီများ သဘောအသိနဲ့ ပြည့်စုံထားရမှာ၊ အဲဒီ မူလ ခယ ဝယ ဝိရာဂ နိရောဓ သဘောများကို ဓမ္မယောဂီများ သဘောအသိနဲ့ ပြည့်စုံကြတော့ အသင်ဓမ္မယောဂီများရဲ့ စိတ်မနောမှာ ဒိဋ္ဌိဆိုတဲ့ အမှား သဘောတွေ မဝင်နိုင် မငြိနိုင် ကြ တော့ပါဘူး။ ဒိဋ္ဌိဆိုတဲ့ အမှားသဘောတွေ စင်ကြပြီ၊ ကွာကြပြီ၊ ပြုတ်ကြပြီဆိုဒါ ဧကန်သာ မှတ်ကြတော့။

အခုလို စိတ်မနောထဲမှာ ဒိဋ္ဌိဆိုတဲ့ အမှားသဘောတွေ မဝင်နိုင် မငြိနိုင်ဘဲ၊ စင်ကြ၊ ကွာကြ၊ ပြုတ်ကြဒါကို သဘောအသိနဲ့ မနောကိလေသာ ကွာတယ်၊ ပြုတ်တယ်၊ ဝါ- ပရိယုဋ္ဌာန် ဒိဋ္ဌိကိလေသာ ကွာတယ်၊ ပြုတ်တယ်လို့ ခေါ်ဆိုရဒါဘဲ။

ဒါ့ကြောင့် အခု ပြောပြခဲ့တဲ့ အခဏ်း (၂) ဉာတပရိညာဉ်အရနဲ့ပင် အသင်ဓမ္မယောဂီများမှာ သဘောအသိနဲ့ မနော

ကိလေသာ ကင်္ဘာအောင် ပြုတ်အောင် အားထုတ် ကြိုးစားကြ၊ လေ့လာကြ။

ဒါလိုခန္ဓာအရှိန့်သဘောအသိ ထိကြ မိကြလို့ မနေ့ကကိလေသာ ကင်္ဘာကြ၊ ပြုတ်ကြရင်လဲ အတန်ငယ် သက်သာရာရကြပါပြီ၊ ဒီဘုရားရှင်သာသနာမှာဖြင့် သက်သာရာ ထောက်တည်ရာ အတန်ငယ် ရနိုင်ကြပါပြီဆိုဒါ ယုံမှားမရှိကြနဲ့။

ဒါ့ကြောင့် အခုအခါ၊(၂) ဥာတပရိညာဉ်အရနဲ့ အထပ်ထပ် ပြောပြခဲ့တဲ့ ခန္ဓာငါးပါးတို့ရဲ့ ပင်ကိုယ်မူလ အရှိတရားနဲ့ အသင် ဓမ္မယောဂီများရဲ့ သဘောအသိ ထိကြ၊ မိကြအောင် အားထုတ်ပြီး ကြိုးစား လေ့လာကြပါလို့ တိုက်တွန်းမှုအနေနဲ့ အဆုံးသတ်ပြီး ဒီအခါ၊ (၂)အရ ဒီမျှပင် နိဂုံးချုပ်လိုက်တော့သည်။

— —

## အခန်း (၃) တိရစ္ဆာ ပရိညာဉ်

## ခန္ဓာအစဉ် ရှုဉာဏ်မြင်

### ၁။ ခန္ဓာငါးပါးသည် ဝိပဿနာဉာဏ်၏ အာရုံ

အခန်း (၂)က ပြောပြခဲ့တဲ့ အတိုင်း ခန္ဓာငါးပါးတို့မှာ ပင်ကိုယ်မူလ အမှန်ရှိကြတဲ့၊ ကုန်ခန်းနေရမှု ခယသဘာဝ ပျောက်ပျက် နေရမှု၊ ဝယသဘာဝ ကင်းပြတ်နေရမှု၊ ဝိရာဂ သဘာဝ ချုပ်ငြိမ်းနေရမှု၊ နိရောဓ သဘာဝ အချက်များကို သဘောအသိနဲ့ ထိကြမိကြလို့ အထင်မှားမှုဆိုတဲ့ ဒိဋ္ဌိသဘောများ ဓမ္မယောဂီများ ရဲ့ မနောမှာ သဘောအသိနဲ့ စင်သွား ကွာသွား ပြုတ်သွားတော့ တိရစ္ဆာ ပရိညာဉ်အရ ဝိပဿနာဉာဏ်နဲ့ ရှုကြည့်ကြရလိမ့်မယ်။

ဝိပဿနာဉာဏ်နဲ့ ရှုကြည့်ကြရမယ်ဆိုတော့ အခန်း (၂)က ပြောပြ ထားခဲ့တဲ့ ခန္ဓာ ငါးပါးကိုဘဲ ရှုကြည့်ကြရမှာ၊ ခန္ဓာ ငါးပါးမှ တပါး ဝိပဿနာ ရှုကြည့်ဘို့ရာ မရှိပါဘူး၊ ခန္ဓာ ငါးပါးကိုဘဲ ရှုကြရမှာဆိုဒါ မှတ်ထားကြ။

---

### ၂။ ပစ္စုပ္ပန် ခန္ဓာငါးပါးသာ

ခန္ဓာငါးပါးဆိုဒါလဲ ဖြစ်ဆဲ ပေါ်ဆဲ ပစ္စုပ္ပန် ခန္ဓာငါးပါးလို့ မှတ်ကြ၊ ဖြစ်ပြီး ပေါ်ပြီးတဲ့ ခန္ဓာ ငါးပါးက ကွယ်ပျောက်ပြီး ဖြစ်လို့ ရှုကြည့်လို့ တော့မရဘူး၊ မဖြစ်မပေါ်လာသေးတဲ့ ခန္ဓာ ငါးပါးကလဲ ဉာဏ်ရဲ့ ရှေ့မှောက် မရောက်လာသေးလို့ ရှုကြည့် လို့ မရဘူး။

အဲဒီတော့ (ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ အသံဟီရံ အသကုပ္ပံ တံဝိဒ္ဓါ မနုဗြူဟ ဒေယ) လို့ ဥပရိပဏ္ဏာသမှာ ရှင်တော်ဘုရား ဟောထားခဲ့တဲ့ စကားတော်အတိုင်း ဖြစ်ခိုက် ပေါ်ခိုက် ပစ္စုပ္ပန် ခန္ဓာငါးပါးကိုသာ ဖြစ်ခိုက် ပေါ်ခိုက် ခဏတိုင်းခဏတိုင်း လွတ်လွတ် မသွားအောင် အာရမ္မဏိက ရှုဉာဏ်နဲ့ ရှုကြည့်ပေးကြရမှာဆိုဒါ ဝေကန် အမှန်ဘဲလို့ မှတ်ကြ။

---

## ၃။ ခန္ဓာငါးပါးကို အနုပဿနာ လေးပါးနှင့် ဝေဘန်ပြသခြင်း

အဲဒီ ဖြစ်ခိုက် ပေါ်ခိုက် ပစ္စုပ္ပန် ခန္ဓာငါးပါး အနက်က ရူပက္ခန္ဓာကို ရှုကြည့်လို့ရှိရင် ကာယာနုပဿနာ၊ ဝေဒနက္ခန္ဓာကို ရှုကြည့်လို့ ရှိရင် ဝေဒနာ နုပဿနာ၊ သညက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာတို့ကို ရှုကြည့်လို့ရှိရင် ဓမ္မာနုပဿနာ၊ ဝိညာဏက္ခန္ဓာကို ရှုကြည့်လို့ရှိရင် စိတ္တာနုပဿနာ၊ အဲဒါလို အဖန်ဖန် ရှုကြည့်တဲ့ ဉာဏ်နဲ့ ဝေဘန်လိုက်တော့ လေးမျိုးလေးစားဘဲရှိတယ်။

---

## ၄။ အနုပဿနာ လေးပါးစလုံးပင် မဂ်-ဖိုလ် ရောက်နိုင်ခြင်း

ဒီ၄လေးမျိုးရှိတဲ့ အနုပဿနာထဲက ဓမ္မယောဂီများ အလိုရှိကြတဲ့ အနုပဿနာကို ရှုကြည့်နိုင်တယ်၊ ဘယ်အနုပဿနာမဆို မဂ်-ဖိုလ် ကို ဆိုက်ရောက်နိုင်ကြဒါပါဘဲ။

ကာယာနုပဿနာ ရှုကြည့်ရင်လဲ မဂ်-ဖိုလ် ဆိုက်ရောက်ထာပါဘဲ၊ ဝေဒနာနုပဿနာ ရှုကြည့်ရင်လဲ မဂ်-ဖိုလ် ဆိုက်ရောက်ထာပါဘဲ၊ ဓမ္မာနုပဿနာ ရှုကြည့်ရင်လဲ မဂ်-ဖိုလ် ဆိုက်ရောက်ထာပါဘဲ၊စိတ္တာနုပဿနာရှုကြည့်ရင်လဲ မဂ်-ဖိုလ် ဆိုက်ရောက်ထာပါဘဲ။

ဒီတော့ အနုပဿနာ လေးမျိုးစလုံး မဂ် - ဖိုလ်-နိဗ္ဗာန် ဆိုက်ရောက်နိုင်ဒါချည်းဘဲ ဆိုဒါ မှတ်ထားကြ။

---

## ၅။ ဝိညာဏက္ခန္ဓာခေါ် စိတ္တ နုပဿနာသာ အဓိက

သို့ပေမဲ့ နိဗ္ဗာန်ကို အစဦးစွာ သိနိုင်-မြင်နိုင် မျက်မှောက်ပြုနိုင်တဲ့ ဉာဏ်က သောတာပတ္တိမဂ်ဉာဏ်ပင်ဖြစ်တယ်။ ဒီသောတာပတ္တိမဂ်ဉာဏ်က စတင်ပြီး မဂ်ဉာဏ် လေးပါး အစဉ် အတိုင်း တက်လှမ်း သွားကြရမှာ။

ဒီတော့ နိဗ္ဗာန်ကို မြင်လို-သိလို မျက်မှောက်ပြုလိုကြတဲ့ အသင်ဓမ္မယောဂီတို့မှာ၊သောတာပန်စခန်းသောတာပန်အဆင့်အတန်းမှ စတင်ပြီး တက်လှမ်းကြရမယ်ဆိုဒါ မှတ်ထားကြ။

သို့ သောတာပန်အဆင့်အတန်းကစတင်ပြီး တက်လှမ်းကြရမှာဖြစ်တော့ သောတာပန် အဆင့်အတန်း ဆိုဒါက (သောတာပတ္တိမဂ္ဂံဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန) အဲဒါလို လက်သန်းအင်္ဂုတ္တာက ပြထားဒါဖြစ်တော့၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို သမုစ္ဆေဒပဟာန်နဲ့ အမြစ်ပါမကျန် ပယ်လှန် သတ်ဖြတ်ရမှာဘဲ ဖြစ်တယ်။ ဒိဒိဋ္ဌိကလဲ ရုပ်ခန္ဓာ,နာမ်ခန္ဓာ နှစ်မျိုးရှိတဲ့အနက်က နာမ် ခန္ဓာမှာ

စူးစိုက်မှုများတယ်၊ ငြိတွယ်မှု များတယ်။ နာမ် ခန္ဓာကလဲ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာရယ်လို့ လေးမျိုးရှိတယ်။

အဲဒီလေးမျိုးထဲက (မနောပုဗ္ဗင်္ဂမာ ဓမ္မာ)လို့ ရှင်တော်ဘုရားဟောထားတဲ့ စကားအတိုင်း ဝိညာဏက္ခန္ဓာက ပြဋ္ဌာန်းတယ်၊ ရှေ့သွားဖြစ်တယ်၊ ဒါ့ကြောင့် ဒီဒိဋ္ဌိဟာ ဝိညာဏက္ခန္ဓာမှာစူးစိုက်မှု ငြိတွယ်မှု များတယ်လို့ မှတ်ကြ။ အဲဒါလိုဖြစ်တော့ ဒီဒိဋ္ဌိစူးစိုက်မှု ငြိတွယ်မှုများတဲ့ ဝိညာဏက္ခန္ဓာကို ရှုကြည့်ကြရလိမ့်မယ်။ ဝိညာဏက္ခန္ဓာဆိုဒါ စိတ်လို့သာ တိုတိုမှတ်ထားကြ။ အဲဒီစိတ်ကို အဖန်ဖန် ရှုပေးကြရမှာ၊ ဘယ်အခြေထိအောင် ရှုကြည့် ပေးကြရမလဲဆိုရင် အဲဒီစိတ်ဆိုတဲ့ အရှုခံ ပရမတ် ကလေးမှာ အမှန်ရှိတဲ့ ကုန်ခန်းသွားမှု၊ (ခယ,ဓမ္မ)အခြေထိအောင် ရှုဉာဏ်နဲ့ ရှုကြည့်ပေးကြရမှာ၊ (ခယဓမ္မ)အရ ကုန်ခန်းသွားမှု အမှန်အရှိကို ရှုဉာဏ်နဲ့ ထိအောင်မိအောင် ရှုကြည့်ပေးကြရမှာဘဲလို့သာ မှတ်ထားကြ။ အဲဒါလို စိတ်ကို အဖန်ဖန်ရှုကြည့်ပေးကြလို့ အရှုခံစိတ်ရဲ့ အမှန်ရှိမှု ကုန်ခန်းသွားဒါကလေးကို ရှုကြည့်တဲ့ဉာဏ်နဲ့တွေ့ကြ-မိကြရင်ဖြင့် အဲဒီအခိုက်မှာ ဒိဋ္ဌိစင်တယ်-ကွာတယ်၊ ဒိဋ္ဌိစင်သွား ကွာသွားရင်လဲ ဝိစိကိစ္ဆာပါ တပါတည်း စင်တော့-ကွာတော့ဒါဘဲ၊ အဲဒါတိရဏပရိညာဉ် အရ ရှုဉာဏ်နဲ့ တွေ့ခိုက်-မြင်ခိုက် အချိန် ကွာဒါလို့ မှတ်ကြ။

နောက်အရှုခံစိတ်မှာ အမှန်ရှိတဲ့ ကုန်ခန်းသွားမှု ခယ,သဘာဝကလေးဟာ၊ ဝါ-အနိစ္စ လက္ခဏာ ကလေးဟာ၊ ဝါ-ဒုက္ခ သစ္စာကလေးဟာ ရှုဉာဏ်ရဲ့ရှေ့မှာ မတွေ့ရတဲ့ အခြေ ဆိုက်တော့၊ အဲဒီဒိဋ္ဌိနဲ့ဝိစိကိစ္ဆာဟာ သမုစ္ဆေဒပဟာန်နဲ့ အမြစ်ပါမကျန် စင်သွား-

ကူသွားတော့ဒါပါဘဲ။ အဲဒါက ပဟာန ပရိညာဉ် အရ စင်ဒါ-ကူဒါ မှတ်ကြ။ အဲဒါလို ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ပဟာနပရိညာဉ် အရ သမုစ္ဆေဒပဟာန်နဲ့ ကူသွား - စင်သွားတော့ ဓမ္မ ယောဂီတို့မှာ အပါယ်လေးပါးဆိုတဲ့ ဒုဂ္ဂတိ သံသရာမှ ခန္ဓာ ဒုက္ခ မုချ လွတ်ကြရတော့ ဒါပါဘဲ။ ဒါ့ကြောင့် အသင်ဓမ္မယောဂီတို့မှာ စိတ်ကို အဖန်ဖန် ရှုကြည့် ပေးကြ ရမယ်၊ ဒါဖြင့် ရှုကြည့်ပေးရမဲ့ စိတ်ကလေးတွေရဲ့ ပေါ်လာပုံ၊ ပေါ်လာတဲ့စိတ်ကလေးတွေရဲ့ ဝေါဟာရ အနေနဲ့ ခေါ်ဝေါ် ကြရပုံ အမည် ကလေးတွေကို ဒီလို သိထားကြရဦးမယ်။

---

## ၆။ အရှုခံစိတ် ပေါ်လာပုံနှင့် ဝေါဟာရအမည်

မျက်စိအကြည်နဲ့ အဆင်းရူပါရုံ ဆိုင်မိတော့ မြင်တယ်လို့ ပြောကြတယ်၊ အဲဒါ လောက ဝေါဟာရ အပြော မြင် ဆိုဒါ ဝိညာဏ်ပေါ်ဒါပါဘဲ၊ မြင်စိတ်လို့ဘဲ မှတ်ကြ။

ထို့အတူ နားအကြည်နဲ့ အသံခေတ် တိုက်ဆိုင်မိတော့ ကြားတယ်လို့ ပြောကြတယ်၊ဒါလဲကြားစိတ်လို့ဘဲမှတ်ကြ၊နှာခေါင်း အကြည်နဲ့ အနံ့ခေတ် တိုက်ဆိုင်မိတော့ နံတယ်၊ မွှေးတယ်လို့ ပြောကြတယ်၊ ဒါလဲ နံ-စိတ်လို့ဘဲမှတ်ကြ။

လျှာအကြည်နဲ့ ရသာခေတ် တိုက်ဆိုင်မိတော့ ချိုတယ်၊ ချဉ်တယ်စသည်ဖြင့် ပြောကြတယ်၊ ဒါလဲ စားသိစိတ်လို့မှတ်ကြ။

ကိုယ်အကြည်နဲ့ အတွေ့ခေတ် တိုက်ဆိုင်မိတော့ ယားယံတယ်၊ ခံသာတယ်၊ မခံသာဘူး စသည်ဖြင့် ပြောကြတယ်၊ ဒါလဲ ထိစိတ်လို့ မှတ်ကြ။

မနေ့ာအကြည်နဲ့ သဘောခတ် တိုက်ဆိုင်မိတော့ ဒါက ဘာလဲ၊ ဒါကညာဘဲ စသည်ဖြင့် ပြောကြတယ်၊ ဒါလဲ အသိ စိတ်လို့ မှတ်ကြ။

နှစ်သက်ဖွယ် အာရုံကလေးနဲ့ ဆိုင်မိတော့ လိုချင်တယ်၊ နှစ်သက်တယ်လို့ ပြောကြတယ်၊ ဒါဟာ တရားကိုယ် အားဖြင့် လောဘစိတ်လို့ မှတ်ကြ။

မနှစ်သက်ဖွယ် ၊စက်ဆုပ်ဖွယ်၊ မုန်းတီးဖွယ် အာရုံကလေးတွေ နဲ့ ဆိုင်မိတော့ စိတ်မကောင်းဘူး၊ စိတ်ညစ်တယ်၊ စိတ်ဆင်းရဲ တယ်၊ စိတ်ဆိုးတယ် စသည်ဖြင့် ပြောကြတယ်၊ ဒါဟာ တရား ကိုယ်အားဖြင့် ဒေါသစိတ်လို့ မှတ်ကြ။

တွေဝေ ထိုင်းမှိုင်း ပျံ့လွင့်ထိုက်တဲ့ အာရုံကလေးတွေအလိုက် တွေဝေမှု ထိုင်းမှိုင်းမှု၊ ပျံ့လွင့်မှုကလေးတွေ ဖြစ်ပေါ်တဲ့ အခါ တွေဝေထိုင်းမှိုင်းလိုက်ထာ၊ အိပ်ချင်လိုက်ထာ၊ စိတ်တွေပျံ့လွင့် လိုက်ထာ စသည်ဖြင့် ပြောကြတယ်၊ ဒါဟာ တရားကိုယ်အားဖြင့် မောဟစိတ်လို့ မှတ်ကြ။

လှူဒါန်း ပေးကမ်း ကျွေးမွေးမှုဆိုတဲ့ သဘောခတ် အာရုံ ကလေးတွေအလိုက် လှူဒါန်းချင်မှု၊ ပေးကမ်းချင်မှု၊ ကျွေးမွေး ချင်မှု သဘောတရားကလေးတွေ ပေါ်လာတဲ့အခါ၊ လှူဒါန်းချင် တယ်၊ ပေးကမ်းချင်တယ်၊ ကျွေးမွေးချင်တယ် စသည်ဖြင့် ပြော ကြတယ်၊ ဝေါဟာရ အလိုနဲ့ ပြောကြတယ်၊ ဒါတွေဟာ တရား ကိုယ်အားဖြင့်ကတော့ အလောဘစိတ်လို့ဘဲ မှတ်ကြ။

သနားမှု ကြင်နာမှုဆိုတဲ့ ကရုဏာဖြစ်ထိုက်တဲ့ အာရုံအလိုက် သနားမှု ကြင်နာမှု သဘောကလေးတွေ ဖြစ်ပေါ်လာတဲ့ အခါ သနားလိုက်ထာ၊ ကြင်နာလိုက်ထာ၊ ကရုဏာရှိလိုက်သာ စသည်

ဖြင့် ဝေါဟာရ အလိုနဲ့ ပြောကြတယ်၊ ဒါတွေဟာ တရားကိုယ် အားဖြင့် ပြောရရင် အ ဒေါသစိတ်လို့ မှတ်ကြ။

ဒါက ဝိပဿနာဉာဏ်နဲ့ ရှုကြည့်ပေးရမဲ့ စိတ်ကလေးတွေရဲ့ လောကအလိုနဲ့ ခေါ်ဆိုရတဲ့ အမည် နာမကလေးတွေကို တိုတို ကျဉ်းကျဉ်းနဲ့ လိုရင်း မိလောက်အောင် ထုတ်ဆောင် ဖော်ပြတဲ့ စကားလို့ မှတ်ထားကြ။

---

## ၇။ အရှုခံစိတ်၏ သဘောလက္ခဏာ

သို့ အခုလို အာရုံဝတ္ထုအလိုက် ဒါကမြင်စိတ်ဘဲ၊ ဒါက ကြား စိတ်ဘဲ စသည်ဖြင့် အမည်နာမတွေအသီးအသီးကွဲပြားကြသော်လဲ သဘော လက္ခဏာကတော့ (အာရမ္မဏ ဝိဇာနန လက္ခဏံ စိတ္တံ) ဒီစိတ်ဟာ အာရုံကိုသိမှု သဘောလက္ခဏာ တခုဘဲရှိသတဲ့၊ ဒါဟာ အဋ္ဌကထာက ပြဒါ။

ဒါ့ကြောင့် အာရုံကို သိမှုဟာ စိတ်ရဲ့ သဘောလက္ခဏာလို့ မှတ်ကြ။

---

## ၈။ အရှုခံစိတ်၏ အမှန်သဘာဝ အနိစ္စ

ပြီးတော့ ဒီစိတ်ရဲ့ အမှန်ရှိတဲ့ သဘောကတော့ (ဝိညာဏံ အနိစ္စံ) ဒီစိတ် ဒီဝိညာဉ်မှာ အမှန်ရှိဒါ အနိစ္စဘဲ ရှိသတဲ့၊ အဲဒါ ရှင်တော်ဘုရား ဟောခဲ့ဒါ၊ အနိစ္စဆိုဒါ (ခယဋ္ဌေန အနိစ္စံ) ကုန် ခန်းတဲ့ သဘောကို အနိစ္စလို့ မှတ်ကြ။ ဒီတော့ ဒီစိတ်မှာ (ဝါ) အရှုခံစိတ်မှာ အမှန်ရှိဒါကတော့ ကုန်ခန်းမှု သဘောသာ အမှန် ရှိဒါပါဘဲ။

## ၉။ ဟုတွာ အဘာဝ ဖြစ်ပေါ်ပြီးမှ မရှိဖြစ်ရ အနိစ္စသာအဓိက

ကုန်ခန်းမှုဆိုဒါလဲ ဥာတပရိညာဉ်အခဏ်းက ပြခဲ့ဒါလို သခ်တ အကြောင်းမရှိခင်က သူ့အလိုလို ကုန်ခန်းနေတဲ့ ကုန်ခန်းမှုမျိုး မဟုတ်ပါ။ သက်ဆိုင်ရာ သခ်တအကြောင်းများ ပေါင်းစည်းမိလို့ ဖြစ်ပေါ်ပြီးမှ ပျက်စီးသွားရတဲ့ ကုန်ခန်းမှုမျိုးပါ၊ (ဥပ္ပါဒ ဝယ ဓမ္မနော)အဲဒါ ရှင်တော်ဘုရား ဟောချက်ထုတ်ခဲ့ဒါ(ဝါ)ရှိရာက မရှိဖြစ်သွားရတဲ့ ကုန်ခန်းမှုမျိုးပါ(ဟုတွာ အဘာဝတ္တေန အနိစ္စံ) အဲဒါက အဋ္ဌကထာဆရာက ပြောခဲ့ဒါ။

ဒါ့ကြောင့် တိရဏ ပရိညာဉ်အရ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးရမဲ့ (ဝါ)မြင်ရမဲ့ အနိစ္စဆိုဒါ ပစ္စုပ္ပန် တည့်တည့် ဖြစ်ပေါ်ဆဲ တရားကလေးရဲ့ ဖြစ်ပေါ်ပြီး ဖျတ်ကနဲဆို ကုန်ခန်းသွားတဲ့ ခယ သဘောကို (ဝါ) အနိစ္စကို ကြည့်ပေးရမယ်၊ (ဝါ) မြင်ကြရမယ် ဆိုဒါ ဓမ္မယောဂီများ ဉာဏ်စူးပူးနဲ့ အထူး သဘောမိထားရမယ်။

ဒါမှ ဥာတပရိညာဉ် တိရဏပရိညာဉ်နှစ်ပါး ရှေ့နောက် အစဉ် တည့်လို့ ဝိပဿနာအလုပ်မှာ ပေါက်ရောက် အောင်မြင်ပြီး ဓမ္မ ယောဂီများ လိုရာခရီးသို့ ဆိုက်ရောက်နိုင်ကြမယ်။

ဒါက စကားဝါကျ အလျှင်းသင့်လို့သာ တိရဏပရိညာဉ် အရ ဝိပဿနာဥာဏ်နဲ့ ကြည့်ပေးရမဲ့ (ဝါ)မြင်ကြရမဲ့ အရှုခံစိတ်ရဲ့ အမှန်ရှိမှု (ခယဓမ္မ) အရကို (ဝါ) အနိစ္စ အရကို ဖော်ပြလိုက်တဲ့ စကားအမြွက်မျှလို့သာ မှတ်ကြတော့။

## ၁၀။ နာမရူပ ပရိစ္ဆေဒဉာဏ် အခြေခံသာ

## နာမရူပ-ပရိစ္ဆေဒဉာဏ်

သောတာပန် အဆင့်မှာပင် မဆိုက်ရောက်ကြသေးတဲ့ ဓမ္မယောဂီများ အဘို့မှာ၊ နာမရူပ ပဋိစ္ဆေဒဉာဏ်ကစပြီး အခြေခံရလိမ့်မယ်၊ (ဝါ) အလေ့အလာ ပြုကြရလိမ့်မယ်၊ (ဝါ) ဘာဝေတဗ္ဗ ပြုရလိမ့်မယ်။ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပရိယုဋ္ဌာန် ဒိဋ္ဌိကွာအောင် အလေ့အလာ ပြုပေးကြရမယ်။

ဒါလို အလေ့အလာ ပြုပေးပါများလို့ ဒီနာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပရိယုဋ္ဌာန်ဒိဋ္ဌိ ကွာမှ သေမှ ရှေ့သို့ဆက်ပြီး အနုသယဒိဋ္ဌိကွာအောင် သေအောင် အနိစ္စကို မြင်တဲ့-ဒုက္ခကို မြင်တဲ့-အနတ္တကို မြင်တဲ့ ဝိပဿနာဉာဏ် ပေါ်အောင် ကြည့်ပေး ရတယ်၊ ဝါ၊ အလေ့အလာပြုပေးရတယ်၊ ဝါ၊ ဘာဝေတဗ္ဗ လုပ်ပေး ရတယ်။ ဒါလို ဘာဝေတဗ္ဗလုပ်ပေးကြလို့ အရှုခံစိတ်ရဲ့အမှန်ရှိမှု ခယဓမ္မကို၊ ဝါ၊ အနိစ္စကို ရှုဉာဏ်နဲ့ မြင်ကြ - တွေ့ကြမှ ဓမ္မယောဂီများ သန္တာန်မှာ အနုသယဒိဋ္ဌိ ကွာတယ်၊ ဒီအနုသယဒိဋ္ဌိကွာမှ တိရဏပရိညာဉ်အရ ဝိပဿနာဉာဏ် ပြည့်စုံတယ်လို့ ဆိုရတယ်၊ ပြည့်စုံတယ်လို့ မှတ်ကြ။

ဒါ့ကြောင့် အသင်ဓမ္မယောဂီများမှာ နာမရူပ ပရိစ္ဆေဒဉာဏ်ကစပြီး အခြေခံကာ အလေ့အလာ ပြုပေးကြရလိမ့်မယ်၊ အလေ့အလာ ပြုပေးကြရမှာကတော့-

## ၁၁။ ဒွါရအာရုံအလိုက် ပေါ်ကြသည့် စိတ်များ

အသင်မေ့မယောဂီများမှာ အထက်ဖော်ပြခဲ့တဲ့အတိုင်း မြင်စိတ်ကလေးတွေ၊ ကြားစိတ်ကလေးတွေ၊ နံစိတ်ကလေးတွေ၊ စားသိစိတ်ကလေးတွေ၊ ထိစိတ်ကလေးတွေ၊ ဘုရားစိတ်ကလေးတွေ၊ ကျောင်းစိတ်ကလေးတွေ၊ သားစိတ်ကလေးတွေ၊ သမီးစိတ်ကလေးတွေ၊ အိမ်စိတ်ကလေးတွေ၊ ရွှေ-ငွေစသည့် စိတ်ကလေးတွေ၊လိုချင်တဲ့စိတ်ကလေးတွေ၊ ပူပန်တဲ့စိတ်ကလေးတွေ၊ အိပ်ချင်တဲ့ စိတ်ကလေးတွေ၊ ပျံ့လွင့်တဲ့စိတ်ကလေးတွေ၊ လူချင် တန်းချင်တဲ့ စိတ်ကလေးတွေ၊ သနားစိတ်ကလေးတွေ၊ ကြင်နာစိတ်ကလေးတွေ၊ မုန်းတီးစိတ်ကလေးတွေ၊ ဝန်တို စိတ်ကလေးတွေ၊ ငြူစူတဲ့စိတ်ကလေးတွေ အစရှိတဲ့ ဒီ စိတ်ကလေးတွေဟာ (မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ)တဲ့ ရှင်တော်ဘုရားက ဟောထားခဲ့တယ်။ အာရုံနဲ့ဒွါရ တိုက်ဆိုင်ဘိုင်း - တိုက်ဆိုင်တိုင်း၊ တစိတ်ပြီးတစိတ်၊ တစိတ်ပြီးတစိတ် ဆိမ်းလျှံပမာ ပေါ်လာ-ဖြစ်လာနေကြဒါချည်းဘဲ ဖြစ်တယ်၊ မြင်စိတ် ကတော့ (စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ)တဲ့၊ ကြားစိတ်ကတော့ (သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ)တဲ့၊ နာမ်စိတ်ကတော့ (ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ )တဲ့၊ စားစိတ်ကြတော့ (ဇိဝှါဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ)တဲ့၊ ထိစိတ်ကတော့ (ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ)တဲ့၊ ထွေထွေလာလာ အဖြာဖြာတွေ ကြံစည်တွေးဆသိတဲ့ စိတ်များ ကြတော့ (မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ)တဲ့။

## ၁၂။ ဇောစိတ်မှန်သမျှ ရှုကြည့်ကြ

ဒီတော့ သူ့ဒွါရနှင့် သူ့အာရုံ တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း တစိတ်ပြီးလျှင် တစိတ်ပေါ်လျက် နေဒါချည် ဘဲ၊ ဘယ်အချိန်မှာမှ ရပ်နားနေတယ် မရှိကြပါ၊ အိပ်ပျော်တဲ့အချိန်မှာပင် ပေါ်လျက်ဘဲ၊ ဒါပေမဲ့ အိပ်ပျော်တဲ့ အချိန်ပေါ်တဲ့စိတ်က ဘဝင်စိတ်ခေါ်တယ်၊ သူ့ကိုတော့ ချန်ထားရမယ်၊ သူကဘဝင်စိတ်ဆိုတော့ မသိလို့ ရှုကြည့်မရဘူး၊ ဒီဘဝင်စိတ်မှ ကျန်တဲ့ ဇောစိတ်မှန်သမျှတွေကတော့ ဓမ္မယောဂီများ ရှုကြည့်လို့ရတယ်၊ ရှုကြည့်ပေးရမယ်။

---

## ၁၃။ ၆-ဒွါရမှာပေါ်လာသမျှ မလွတ်ရအောင် ရှုကြည့်ပေးကြ

ရှုကြည့်ပေးရမှာကတော့ အသင် ဓမ္မယောဂီတို့ သန္တာန်မှာ အထက်က ဖော်ပြပါအတိုင်း သက်ဆိုင်ရာ အာရုံဒွါရ တိုက်ဆိုင်မှု အလိုက် ဥပမာ လှူချင်တဲ့စိတ်ကလေး ပေါ်လာတယ် ဆိုကြပါစို့၊ အဲဒီပေါ်လာတဲ့ လှူချင်စိတ်ကလေးကို ဒါက လှူချင်တဲ့ စိတ်ဘဲလို့ သတိပြုလိုက်ပါ၊ နောက် ဘုရားစိတ်ကလေး ပေါ်လာပြန်တော့ ဒါက ဘုရားစိတ်ဘဲလို့ သတိပြုလိုက်ပါ၊ ကျောင်းစိတ်ကလေး ပေါ်လာပြန်တော့ ဒါက ကျောင်းစိတ်ဘဲလို့ သတိပြုလိုက်ပါ။ လစ်မသွားပါစေနဲ့။ ဝမ်းသာတဲ့စိတ်ကလေး ပေါ်လာပြန်တော့ ဒါက ဝမ်းသာတဲ့ စိတ်ဘဲလို့ သတိပြုလိုက်ပါ။ ချမ်းသာတဲ့ စိတ်

ကလေး ပေါ်လာပြန်တော့လဲ ဒါက ချမ်းသာတဲ့စိတ်ဘဲလို့ သတိပြုလိုက်ပါ၊ ဝမ်းနည်းတဲ့စိတ်ကလေး ပေါ်လာပြန်လဲ ဒါက ဝမ်းနည်းတဲ့စိတ်ဘဲလို့ သတိပြုလိုက်ပါ။ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာပြန်ရင်လဲ ဒါက အိပ်ချင်တဲ့စိတ်ဘဲလို့ သတိပြုလိုက်ပါ။ စားချင်တဲ့ စိတ်ကလေး ပေါ်လာပြန်ရင်လဲ ဒါက စားချင်တဲ့စိတ်ဘဲလို့ သတိပြုလိုက်ပါ။သွားစိတ်ကလေး ပေါ်လာပြန်ရင်လဲ ဒါက သွားစိတ်ဘဲလို့ သတိပြုလိုက်ပါ။ သမီးစိတ်ကလေး ပေါ်လာပြန်ရင်လဲ ဒါက သမီးစိတ်ဘဲလို့ သတိပြုလိုက်ပါ။ ပေါ်ပေါ်လာသမျှ စိတ်ကလေးတွေဟာ ပေါ်နိုင်ဘို့ရာ အကြောင်း တိုက်ဆိုင်မိလို့ ပေါ်ပေါ် လာကြဒါ၊ အဲဒါ ဓမ္မယောဂီများက ပေါ်တိုင်း ပေါ်တိုင်း လစ်လစ်မသွားအောင် သတိပြုလိုက်ပါ။ ရှေ့ကပေါ် နောက်ကသိ၊ ရှေ့ကပေါ် နောက်ကသိ၊ သူ့အချက်နဲ့သူအဆက် မပြတ်အောင် (ဝါ) အကြားအလပ် မရှိအောင် အမှတ်သတိစပ်သွားပါစေ၊ ဒါလိုမဟုတ်ဘဲ အကြားအလပ် ရှိသွားရင် (ဝါ) ပေါ်လာတဲ့ စိတ်ကလေး သတိအမှတ် မရှိလိုက်မယ်ဆိုရင် ဒါကိလေသာရန်သူ ဝင်လိုက်ထာဘဲ။ ဒါ့ကြောင့် ဒီကိလေသာရန်သူ ဝင်ခွင့်မရအောင် ရှေ့ကပေါ် နောက်ကသိ၊ ရှေ့ကပေါ် နောက်ကသိနဲ့ အမြဲတမ်း မိသွားပါစေ။ (ဝါ) အကြားအလပ် မရှိရအောင် အမှတ်သတိ စပ်သွားပါစေ၊ စင်သွားအောင် သတိပြုပေးပါ၊ ဒါဟာ အသင်ဓမ္မယောဂီများ အခြေခံ အနေနဲ့ အလေ့အလာ ပြုပေးရမဲ့ ဘာဝေတဗ္ဗအဆင့်လို့ မှတ်ကြတော့။

တဖန် မျက်စိအကြည်နဲ့ ရူပါရုံအဆင်းတိုက်ဆိုင်မိတော့ မျက်စိအကြည်ပေါ်မှာ မြင်စိတ်ပေါ်ပြန်တယ်၊ ဒီမြင်စိတ်ကိုလဲ ဒါက မြင်စိတ်ဘဲလို့ သတိပြုလိုက်ပါ၊ ဒီအာရုံနှင့်ဒွါရက ဆက်ဆက်ပြီး

တိုက်ဆိုင် နေပြန်ရင်လဲ မြင်စိတ်ကလေးတွေကလဲ ဆက်ဆက်ပြီး ပေါ်ကြပြန်ဒါဘဲ။ ဒါလိုပေါ်ပြန်တော့လဲ ဒါက မြင်စိတ်ကလေးဘဲ၊ ဒါက မြင်စိတ်ကလေးဘဲလို့ ပေါ်တိုင်း ပေါ်တိုင်း သိသိပေးပါ။ သူ့အရှိနဲ့ သူ့အသိ မိမိသွားပါစေ။ အရှိတရားနဲ့ အသိတရား အကြားအလပ် မရှိပါစေနဲ့၊ အရှိ အာရုံတရားနဲ့ အသိအာရမ္မဏိက အန်ကျ ဖြစ်ဖြစ်သွားပါစေ။

နားအကြည်နဲ့ သဒ္ဒါရုံအသံ တိုက်ဆိုင်ပြန်တော့ နားအကြည်ပေါ်မှာ ကြားစိတ် ပေါ်ပြန်တယ်၊ ဒီကြားစိတ်ကိုလဲ ဒါက ကြားစိတ်ဘဲလို့ သိပေးလိုက်ပါ။ ကြားစိတ်က ဆက်ဆက် ပေါ်ပြန်ရင်သဲ နောက်က အသိကလေးကလဲ သူကပေါ် ဒီက အသိအခြားမရှိ သိသိသွားပါစေ။ (ဝါ)ထက်ချပ်မကွာ မိမိနေပါစေ။ အဲဒါ (ဗဟုလိကတာ)အရ အကြိမ်များစွာ အလေ့အလာ ပြုဒါပါဘဲ။

နှာခေါင်း အကြည်နဲ့ ဂန္ဓာရုံအနံ့ တိုက်ဆိုင် မိတဲ့အခါ၊ နှာခေါင်း အကြည်ပေါ်မှာ နံစိတ် ပေါ်ပြန်တယ်။ ပေါ်လာတဲ့ ဒီ နံစိတ်ကိုလဲ ဒါက နံစိတ်ဘဲလို့ အသိ ကပ်လိုက်ပါ၊ သူလဲ အာရုံဒွါရ တိုက်ဆိုင်မှုမစဲသမျှ တဖွဲဖွဲပေါ်လိမ့်မယ်။ ပေါ်ပေါ်လာသမျှတွေလဲ ဘာတခုမှ လစ်လပ်မသွားအောင် သတိကပ်ကပ်ပေးနေပါ။ ဒါက နံစိတ်ကလေးဘဲ၊ ဒါက နံစိတ်ကလေးဘဲလို့ သိရမည့်တရားကလေးကို မလစ်တမ်း သိနေပါစေ။ သိရမည့်တရားကလေးကို အကယ်၍မသိလိုက်ဘဲ လစ်သွားမယ်၊(ဝါ)လွတ်သွားမယ်ဆိုရင် အဲဒါ ကိလေသာ ဝင်ဖုံးလိုက်ထာပါဘဲ၊ သိရမည့်တရားကလေးကို မသိလိုက်မှုဆိုဒါအဝိဇ္ဇာပါဘဲ၊ ဒါကြောင့် ပေါ်ပေါ်လာသမျှ နံစိတ်ကလေးတွေကို ပေါ်တိုင်း ပေါ်တိုင်း

မသိလိုက်မှုဟာ အဝိဇ္ဇာ ကိလေသာ ဝင်ဖုံးအုပ်လိုက်ထာ၊ အဲဒါ နာမ်ရုပ်ကိုဖုံးအုပ်တဲ့ အဝိဇ္ဇာပါဘဲ၊ ဒါ့ကြောင့် ဒီ နံစိတ်ကလေး တွေက ဆက်ဆက် ပေါ်နေမယ်ဆိုရင် နောက်က အသိကလေး ကလဲ သူကအရှိ ဒီကအသိ၊သူကအရှိ ဒီကအသိ အာရုံနဲ့အာရမ္မဏိက တွဲတွဲသွားပါစေ၊ ဒါလိုအရှိနဲ့အသိ (ဝါ)အာရုံနှင့် အာရမ္မဏိက တွဲတွဲသွားနေရင် အဝိဇ္ဇာကိလေသာဝင်ပြီး မဖုံးနိုင်တော့ပါ။ ဘာ အဝိဇ္ဇာလဲ၊ နာမ်ရုပ်ဖုံးအုပ်တဲ့ အဝိဇ္ဇာလို့မှတ်ကြ။ဒါလို ကိလေသာ ဝင်ခွင့်မရအောင် မနေမနား မီးပွတ်သမားပမာ နံစိတ်ကလေး ပေါ်တိုင်း ပေါ်တိုင်း ခဏမဆိုင်း သိသိပေးပေါ့ ဓမ္မယောဂီ။

လျှာအကြည်နဲ့ ရသာရုံ အရသာ ဆိုင်မိတဲ့အခါ လျှာအကြည် ပေါ်မှာ စားသိစိတ် ပေါ်ပြန်တယ်၊ ဒီစားစိတ်ကိုလဲ ဒါက စားသိ စိတ်ဘဲလို့ သိပေးလိုက်ပါ။ သူဟာလဲ အာရုံနှင့် ဒွါရ ဆိုင်မိနေ သမျှ ခဏခဏပေါ်လိမ့်မယ်။ အဆက်မပြတ်အောင် တိုက်ဆိုင်နေ သမျှ ဒီစားသိစိတ် ကလေးတွေကလဲ အဆက် မပြတ်အောင် ထပ်ခါထပ်ခါ ပေါ်ကြလိမ့်မယ်။ ပေါ်ပေါ်လာသမျှ ဒီစားသိ စိတ်ကလေးတွေကို ဓမ္မယောဂီများက ကတွတ်ပေါက်ဝက ငါး စောင့်ကောက်တဲ့ ဥဗျိုင်းပမာ လွတ်လွတ် မသွားအောင် သိသိ ပေးလိုက်ပါ။ ရှေ့က စားသိစိတ်ကလေးပေါ် နောက်က သိစိတ်ကလေး ကပ်လိုက်ပါ။ တဖန် စားသိစိတ် ကလေးပေါ် သိစိတ်ကလေးနဲ့ကပ်၊ ဒါလို သူကပေါ် ဒီကသိ၊ သူက အာရုံ ဒီက အသိ တပ်အပ်မကွာ မိမိသွားပါစေ။ အဲဒါ ဓမ္မ ယောဂီများရဲ့ အုဋ္ဌမြစ်အခြေခံ ဝိပဿနာလို့ မှတ်ပါ။

ကိုယ်အကြည်နဲ့ ဖေါဋ္ဌဗ္ဗာရုံ အတွေ့ တိုက်မိ ဆိုင်မိ ပြန်တော့ ကိုယ်အကြည်ပေါ်မှာ ထိစိတ်ကလေး ပေါ်ပြန်တယ်၊ ဒီထိစိတ်

ကိုလဲ ဒါက ထိစိတ်ဘဲလို့ သိပေးလိုက်ပါ။ သူလဲ တကြိမ်ပေါ် တခါသိ ဆက်ဆက် ပေါ်ရင်လဲ ဆက်ဆက်ပြီး သိသိပေးပါ။ ပေါ်လာသမျှ ထိစိတ်ကလေးတွေကဖြင့် သိရမဲ့ စိတ်တွေချည်း ပါဘဲ။ သိရမဲ့ စိတ်တွေဖြစ်လို့ ဓမ္မယောဂီများက ပေါ်တိုင်း ပေါ်တိုင်း သိသိပေးပါ။ ပေါ်တိုင်းပေါ်တိုင်း သိသိ ပေးမှုဟာ အသင်ဓမ္မယောဂီများရဲ့ ဝိပဿနာ အခြေခံ အမှန် လုပ်ငန်းတရပ် ပါဘဲ။

အထက်ပါ ပြဆိုချက် စကားအတိုင်း အသင် ဓမ္မယောဂီများ ကြည့်ရှုပေးရမည့် စိတ်ကလေးတွေဟာ သူတို့သက်ဆိုင်ရာ အာရုံ ဒွါရ တိုက်ဆိုင်မှု အကြောင်းရှိလာပြီဆိုမှဖြင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်၊ လှုချင်တဲ့စိတ်၊ ပေးချင်တဲ့စိတ်၊ စားချင်တဲ့စိတ်၊ အိပ်ချင်တဲ့စိတ်၊ လိုချင်တဲ့စိတ်၊ ဝမ်းသာတဲ့စိတ်၊ ဝမ်းနည်းဘဲ့စိတ်၊ ဘုရားစိတ်၊ ကျောင်းစိတ်၊ အိမ်စိတ်၊ သားစိတ်၊ သမီးစိတ် အစရှိတဲ့ ကောင်းဆိုးယုတ်မြတ် အထွေထွေ အရပ်ရပ် သော စိတ်ကလေးတွေဟာ မြစ်ရေအယဉ်ပမာ ပေါ်လာ ဖြစ်လာ နေကြဒါပါဘဲ။ တစိတ်ပြီးလျှင် တစိတ်၊ တစိတ်ပြီးလျှင် တစိတ် ဘယ်အခါမှာမှ ကင်းဆိတ်နေတယ်လို့ မရှိကြဘူး။

အဲဒီ ပေါ်လာ ဖြစ်လာကြတဲ့ စိတ်အမျိုးမျိုးတွေမှာလဲ တခါ တရံ ဝမ်းသာတဲ့စိတ်ကလေးတွေချည်း ဆက်ဆက် ပေါ်နေဒါလဲ ရှိဒါဘဲ။ ဝမ်းနည်းတဲ့ စိတ်ကလေးတွေ၊ ကြည်လင်တဲ့ စိတ်ကလေး တွေ ဆက်ခါဆက်ခါလဲပေါ်တတ်ကြဒါဘဲ၊ မြင်စိတ်ကလေးတွေ၊ ကြားစိတ်ကလေးတွေ၊ နံစိတ်ကလေးတွေ၊ စားသိ စိတ်ကလေး တွေ၊ ယားယံတဲ့ စိတ်ကလေးတွေ၊ ညောင်းညာတဲ့ စိတ်ကလေး

တွေ၊ ထုံကျင်တဲ့ စိတ်ကလေးတွေ၊ ဒီစိတ်ကလေးတွေလဲ ထပ်ခါ-ထပ်ခါ ဆက်ဆက်ပြီး ပေါ်တတ်ကြဒါဘဲ။

ဘယ်လိုပင် ပေါ်ပေါ်၊ ပေါ်လာသမျှ စိတ်ကလေးတွေဟာ သူတို့သက်ဆိုင်ရာ အာရုံဒွါရ တိုက်ဆိုင်မှု အကြောင်း ရှိလို့သာ ပေါ်လာကြဒါ၊ ဖြစ်လာကြဒါ၊ သူတို့ဟာ ရှုကြည့် ပေးရမည့် စိတ်ကလေးတွေချည်းပါဘဲ၊ ဒါလို လိုရင်း အတိုချုပ် မှတ်ထားကြ။

ဒီတော့ အိပ်ပျော်တဲ့ အချိန်မှ အပ ကျန်တဲ့ အချိန် များမှာ ပေါ်ပေါ်လာသမျှ စိတ်ကလေးတွေကို (ကတ္တတ် ပေါက်ဝက စောင့်ပြီး ပေါ်ဆဲ ငါးကလေးတွေကို လွတ်-လွတ် မသွားအောင် ငါးစောင့်ကောက်တဲ့ ဥဗျိုင်းပမာ) အသင် ဓမ္မယောဂီများကလဲ ပေါ်-ပေါ်လာသမျှ စိတ်ကလေးတွေကို ပေါ်တိုင်း-ပေါ်တိုင်း လွတ်-လွတ် မသွားအောင် ရှေ့ကပေါ် နောက်ကသိ၊ ရှေ့ကအရှိ နောက်က အသိ၊ အန်ကျ မိမိသွားပါစေ။

ဒါလို ဓမ္မယောဂီများ သန္တာန်မှာ ပေါ်ပေါ်လာသမျှ စိတ်ကလေးတွေကို ပေါ်တိုင်း - ပေါ်တိုင်း မလွတ် ရအောင် အသိ ကပ်ပေး နေလို့ ရှေ့ကပေါ်တဲ့ တရားနဲ့ နောက်ကသိတဲ့ တရား၊ ဝါ၊ ရှေ့က အရှိတရားနဲ့ နောက်က အသိတရား အန်ကျမိမိသွားရင် ဖြင့် အဲဒါ ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲနေတော့ပြီ။

ခန္ဓာနဲ့ဉာဏ် တွဲနေပုံ ထင်ရှား ပေဦးမယ်၊ အသင် ဓမ္မယောဂီများ သန္တာန်မှာ အာရုံဒွါရ တိုက်ဆိုင်မှုအကြောင်းရှိလို့ ပေါ်-ပေါ်လာကြတဲ့ စိတ်ကလေးတွေဟာ ခန္ဓာလို့ပြောတော့ ဝိညာဏက္ခန္ဓာပါဘဲ၊ ဒီဝိညာဏက္ခန္ဓာခေါ် စိတ်ကလေးတွေပေါ်-ပေါ်

လာသမျှ မလွတ်ရအောင် သိ-သိနေဒါက ဉာဏ်ပါဘဲ၊ ဒီလိုဆို တော့ ရှေ့ကပေါ်ဒါက ခန္ဓာ၊ နောက်ကသိဒါက ဉာဏ်၊ ရှေ့က ပေါ်ဒါက ခန္ဓာ၊ နောက်ကသိဒါက ဉာဏ်၊ ဒါလိုလဲ အသိဉာဏ် ကလေး ဆင့်ပြီး သိထားရမယ်။

## ၁၄။ နာမ်ရုပ်ဖုံးအုပ်သည့် အဝိဇ္ဇာကွာပုံ

ဒါလို ခန္ဓာနဲ့ဉာဏ် အန်ကျဖြစ်နေတော့၊ဝါ၊ခန္ဓာနဲ့ဉာဏ်တွဲနေ တော့ ဓမ္မယောဂီတို့မှာကွဲသင့်တဲ့ ကိလေသာ၊ ကွာသင့်တဲ့ ကိလေ သာ ကွဲကြ-ကွာကြတယ်၊ အဘယ် ကိလေသာများ ကွဲကြ-ကွာကြ သလဲ ဆိုတော့ ဓမ္မယောဂီများ သန္တာန်အမှန် ပေါ်လာကြတဲ့ ခန္ဓာကလေးတွေကို ပေါ်လာသမျှ မလွတ်ရအောင် သိ-သိနေတဲ့ ဉာဏ်က (ဝိဇ္ဇာဉဒပါဒိ) ခန္ဓာသိတဲ့ ဝိဇ္ဇာလာဒါဘဲ၊ ခန္ဓာသိတဲ့ ဝိဇ္ဇာလာတော့ (အဝိဇ္ဇာမဟီယတိ) ဖြစ်တာဘဲ၊ ခန္ဓာမသိတဲ့ အဝိဇ္ဇာကွာတယ်။

အဲဒါ တိရဏပရိညာဉ် အရ ဝိပဿနာ ဉာဏ်အရာ အခြေခံ အနေနဲ့ ခွါလှန်ရမဲ့ အဝိဇ္ဇာဘဲ၊ အဲဒီ အဝိဇ္ဇာဟာ ခန္ဓာနဲ့ ဉာဏ် အန်ကျဖြစ်နေရင် ကွာတော့ဒါဘဲ၊ ဝါ၊ နာမ်ရုပ်အုပ်တဲ့ အဝိဇ္ဇာ ကွာတယ်လို့ မှတ်။

## ၁၅။ ပရိယုဋ္ဌာန် ဒိဋ္ဌိကွာပုံ

ဒီအဝိဇ္ဇာကွာတော့ သူနဲ့သမ္ပယုတ္တ ဓမ္မရှင်တော်ရှင်ဘက် ဖြစ်တဲ့ ဒိဋ္ဌိလဲမလာတော့ဘူး၊ ကွာဒါဘဲ။ ဒိဋ္ဌိကွာတယ်ဆိုသော်လဲ ဒီဉာဏ် အရာမှာ ပရိယုဋ္ဌာန်ဒိဋ္ဌိလောက်ဘဲ ကွာနိုင်သေးတယ်၊ ပရိယုဋ္ဌာန်

ဒိဋ္ဌိဆိုဒါ အသင်ဓမ္မယောဂီများ သန္တာန်မှာ ဉပါဒ်-ဌီ-ဘင် အနေနဲ့ ငါ-ငါဟု အထင်မှားမှု သဘောပါဘဲ။ ဒီထင်မှားမှု သဘော ပရိယုဋ္ဌာန်ဒိဋ္ဌိဟာ ပေါ်ဆဲခန္ဓာနဲ့ ဉာဏ်နဲ့ တည့်မနေရင်၊ ဝါ-ကွဲမနေရင်၊ ဝါ-အန်ကျဖြစ်ဖြစ်မနေရင် သူခိုကပ်လျက် ရှိတယ်၊ သူဝင်နေဒါဘဲ။ ဒါ့ကြောင့် ရှေးဆရာကြီးများက အသိကျဲလျှင်-ကိလေဝင်၊ အသိစိပ်လျှင်-ကိလေစင်လို့ ဆိုထားကြဒါ။ အခုလိုပေါ်ဆဲ ခန္ဓာနဲ့ ဉာဏ်နဲ့ အန်ကျဖြစ်ဖြစ် သွားနေတော့၊ အသင် ဓမ္မယောဂီများ စဉ်းစား ကြည့်ကြပါလား၊ ပေါ်-ပေါ်လာသမျှ ခန္ဓာက ဉာဏ်ရဲ့ အာရုံချည်း ဖြစ်-ဖြစ်သွားတယ်၊ ကိလေသာအာရုံ မဖြစ်နိုင်တော့ဘူး။ ကိလေသာအာရုံ မဖြစ်နိုင်ဒါဟာ ကိလေသာ ကွာဒါဘဲ၊ ကိလေသာ မဝင်ဒါလို့ မှတ်ကြ။ ဒါဖြင့် ဒီဉာဏ်အဆင့်မှာ ဓမ္မယောဂီများ ပရိယုဋ္ဌာန်ဒိဋ္ဌိဘဲ ကွာတယ်-သေတယ်။

ရှင်းပြဦးမယ်၊ ဓမ္မယောဂီများက ပေါ်-ပေါ်လာသမျှ စိတ်ကလေးတွေကို၊ ဝါ-ခန္ဓာကလေးတွေကို ပေါ်ဆဲခဏ - ပေါ်ဆဲခဏတိုင်း မလွတ်ရအောင် သိ-သိနေမှုဟာ ခန္ဓာနဲ့ဉာဏ် တည့်နေဒါ-တဲ့နေဒါ၊ အာရုံက ခန္ဓာ, အာရမ္မဏိက,က ဉာဏ်ပေါ့၊ ဒီဉာဏ်ဟာ ခန္ဓာလောက်ဘဲ အာရုံပြုနိုင်သေးတယ်၊ ခန္ဓာမှာ အမှန်ရှိတဲ့ သဘာဝရောက်အောင် ဒီဉာဏ်က မဖောက်နိုင်သေးဘူး၊ (ဝါ) အာရုံမပြုနိုင်သေးဘူး။

ဒါ့ကြောင့် ဒီဉာဏ် အခိုက်မှာ - ဒီဉာဏ် အဆင့်မှာဖြင့် ပရိယုဋ္ဌာန် ဒိဋ္ဌိဘဲ ကွာနိုင် သေးတယ်။ နောက် အာရုံက ခန္ဓာ၊ အာရမ္မဏိက,က ဉာဏ်၊ အာရုံကခန္ဓာ၊ အာရမ္မဏိက,က ဉာဏ်၊ ဒါလိုချည်း ခန္ဓာနဲ့ဉာဏ် အချက်မှန်မှန် သွားနေပါများတော့ အသင် ဓမ္မ ယောဂီများရဲ့ ရှုဉာဏ်ဟာ၊(ဝါ)ပေါ် - ပေါ် လာတဲ့ ခန္ဓာ

ကလေးတွေကို ပေါ်တိုင်း-ပေါ်တိုင်း မလွတ်ရအောင် သိ့သိနေတဲ့ ဉာဏ်ကလေးဟာ အသွား ထက်လာပါလိမ့်မယ်၊(ဝါ) သတ္တိ စူးရှလာပါလိမ့်မယ်၊ဒါလိုဉာဏ်သွား ထက်လာတော့၊(ဝါ)သတ္တိ စူးရှလာတော့ ယခင်က ရှုကြည့်ခံရတဲ့ အာရုံ ခန္ဓာရဲ့ အမှန် အရှိ ခယ့သဘာဝကို၊ (ဝါ)အနိစ္စကို ဟောဒီ ရှုဉာဏ်က ဖေါက်ထွင်း ပါလိမ့်မယ်၊(ဝါ)အရှုခံ အာရုံခန္ဓာရဲ့ အမှန်အရှိ ခယ့သဘာဝထိ အောင် ဟောဒီ အာရမ္မဏိက ရှုကြည့်တဲ့ ဉာဏ်က ဆိုက်ရောက် သွားပါ လိမ့်မယ်၊ ဒီကျမှ အနုသယဒိဋ္ဌိ ကွာနိုင် - သေနိုင်တယ်၊ ဒါတောင် တဒင် ရှိပါသေးတယ်၊ တဒင်ဘဲ ကွာနိုင် - သေနိုင် သေးတယ်လို့ မှတ်ကြ။

---

## ၁၆။ ပရမတ်ဿန ကွာမှ ဝိပဿနာဉာဏ်

အခုလို ရှင်းလင်းပြဆိုထားတဲ့ စကားဝါကျထဲမှာ အသင် ဓမ္မယောဂီများ ဒိဋ္ဌိဟုပသင် ယုံမှားသံသယ ဖြစ်ဘွယ် အရိပ် ရှိတတ်သည်မှာ၊ သီလက ဝိတိက္ကမ ကိလေသာကိုပယ်ဒါဘဲ၊ သမာဓိက ပရိယုဋ္ဌာန် ကိလေသာကို ပယ်ဒါဘဲ၊ ဝိပဿနာက အနုသယကို ပယ်ဒါဘဲ၊ ဒီတော့ အခုပေါ်ဆဲ ခန္ဓာကလေးတွေကို ပေါ်-ပေါ်လာသမျှ မလွတ်ရအောင် သူ့ခဏနဲ့သူ အန်ကျ သိ့သိ နေတဲ့ ဉာဏ်ဟာဝိပဿနာဉာဏ်ပင်ဖြစ်ထာဘဲ။ဝိပဿနာမဟုတ်ပါလား၊ ဝိပဿနာဆိုရင် အနုသယကို ပယ်ရမယ်၊ အခုဘာပြုလို့ ပရိယုဋ္ဌာန် ဒိဋ္ဌိလောက် ကွာနိုင်တယ် - သေနိုင်တယ်လို့ ပြောပါလိမ့်မလဲ၊ ဟောပါလိမ့်မလဲ၊ ဒါလို အသင် ဓမ္မယောဂီများ သဘောဉာဏ် ထဲမှာ မရှင်းမလင်းဖြစ်ပြီး အနည်းငယ်မျှ ကစင်း တင်တတ်တယ်။

အဲဒီ အချက်ကိုလဲ ဒေသနာဉာဏ်သွင်းပြီး ဒီလို သဘောရှင်း ထားရမယ်။

၁။ (ဘင်္ဂါ နုပဿနတော ပဌာယ တဿ ပါရိပူရိတိ ဃဲန သညာယ ပဟာနံ ဟောတိ)။ အရှုခံတရားရဲ့ ဖြစ်ပေါ်ပြီး ပျက်စီး သွားတဲ့ အမှန်သဘာဝ အချက်ကို ဉာဏ်သက်ဝင်တဲ့ အချိန်မှစပြီး ခယာနုပဿနာအရာ ပြည့်စုံတယ်၊ (ဝါ) ဝိပဿနာဉာဏ် ပြည့်စုံ တယ်၊ ဒါ့ကြောင့် ဃနသညာ ဒီအချိန်ကျမှကွာတယ်၊ (ဝါ) ပရ မတ် ဃနကုန်တယ်။

၂။ (တတောပုဗ္ဗေ အပရိပုဏ္ဏတာယ တံ နဟောတိ) ဒီအရှုခံ တရားရဲ့ ဖြစ်ပြီး ပျက်သွားတဲ့ သဘာဝ အမှန်ကို ဉာဏ်မကျခင် အချိန်မှာ(ဝါ)ခန္ဓာအရှိကိုဉာဏ်မမိခင်အချိန်မှာ ခယာနုပဿနာ မပြည့်စုံသေးပါ၊ (ဝါ) ဝိပဿနာဉာဏ် မပြည့်စုံ သေးပါ။ ဒါ့ကြောင့် ခန္ဓာလောက် ဉာဏ်ရောက်နိုင်တဲ့အချိန်မှာ ဃဲန သညာ ကျန်သေးတယ်။ (ဝါ) ပရမတ် ဃန ကျန်သေးတယ်တဲ့။ အဲဒါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြထားတဲ့ စကားပါဘဲ။

ဒီအဋ္ဌကထာ ပြောချက် စကားနှစ်ရပ် အနက် (၁) အချက် စကား ဝါကျကို အရင် ရှင်းပြမယ်။ အာရုံနဲ့ ဒွါရ တိုက်ဆိုင်မှု အကြောင်းအရ ခဏခဏ ပေါ်ပေါ်လာတဲ့ အာရုံ အရှုခံစိတ် ကလေးနဲ့ အာရမ္မဏိက ရှုကြည့်တဲ့ဉာဏ်ကလေး တွဲတွဲ သွားနေ တော့ ခန္ဓာနဲ့ကိလေသာ ကွဲကွဲသွားတယ်၊ အရှုခံ ခန္ဓာနောက်က ကိလေသာ မဝင်ရောက်နိုင်တော့ဘူး၊ ကိလေသာ မဝင်နိုင်တော့ (ဝါ)ညစ်နွမ်းတဲ့ ဓမ္မအစဉ် ခန္ဓာနောက်က မဝင်နိုင်တော့၊ ဟောဒီ ဉာဏ်အမြင်က (ဝါ) အသင် ဓမ္မယောဂီရဲ့ အာရမ္မဏိက ရှုကြည့်

နေတဲ့ ဉာဏ်အမြင်က ကြည်လင်လာတယ်။ ပေါ့ပါးသွက်လက်ပြီး ဉာဏ်အသွားထက်လာတယ်။ ဉာဏ်အသွား ထက်လာတော့ အရှုခံရတဲ့ ခန္ဓာကလေး သူပေါ်လာဒါနဲ့ တပြိုင်နက် ပျက်သွားတဲ့ အမှန် သဘာဝ အချက်ကလေး ရောက်အောင် ဟောဒီ ရှုဉာဏ်က ဖေါက်ထွင်းသွားတော့တယ်။

အခုလို ရှုမဲ့ဉာဏ်ကလေး ပေါ်လာလိုက် အရှုခံ ခန္ဓာကလေး ပျက်သွားလိုက်၊ ရှုမဲ့ဉာဏ်ကလေး ပေါ်လာလိုက် အရှုခံ ခန္ဓာကလေး ပျက်သွားလိုက်၊ ဒါလိုဖြစ်ရဒါဟာ အရှုခံခန္ဓာမှာ အမှန် ရှိတဲ့ သဘောပါဘဲ။

---

## ၁၇။ ခယာနုပဿနာ ပြည့်စုံမှ အနုသယကွာ

အဲဒီအရှုခံခန္ဓာမှာအမှန်ရှိတဲ့သဘောနဲ့ဟောဒီရှုဉာဏ်နဲ့အန်ကျ သွားနေဒါကို ဘင်္ဂါ နုပဿနာဉာဏ် (ဝါ)အပျက်ကို အဖန်ဖန် ရှုကြည့်နေတဲ့ဉာဏ် (ဝါ) မြင်နေတဲ့ဉာဏ်လို့ ဆိုရတယ်။ ဒီတော့ ဒီဉာဏ်က အရှုခံတဲ့ခန္ဓာကိုမမြင် ခန္ဓာရဲ့အပျက်ကိုသာမြင်တဲ့ဉာဏ် ဖြစ်တော့ အရှုခံဖြစ်တဲ့ ခန္ဓာ (ဝါ) စိတ်ဆိုတဲ့ ပရမတ် ဃနဟာ ပြာကျသွားဒါဘဲ။ အဲဒီ အရှုခံပရမတ် ရှုဉာဏ်ရဲ့ရှေ့မှာ ဃနမကျန် ဒါဟာ ပါဠိလို (ခယ ဓမ္မ) မြန်မာလို (ကုန်ခန်းဒါ)လို့လဲ ဆိုရ တယ်။ ဒါလို အရှုခံပရမတ်မှာ အမှန်ရှိတဲ့ ခယ ဓမ္မ အထိ ဉာဏ်မိမှ ဒီဉာဏ်ကို ခယာနုပဿနာဉာဏ် (ဝါ) ကုန်ခန်းသွားဒါကို အဖန် ဖန် ရှုကြည့်နေတဲ့ဉာဏ် (ဝါ)မြင်နေတဲ့ ဉာဏ်လို့လဲ ဆိုရတယ်၊ ကုန်ခန်းဒါကို မြင်တဲ့ဉာဏ်ဆိုတော့ ဃနသညာ မကျန်တော့ဘူး၊

ဃနသညာ ကွာပြီ၊ ဃနသညာ ကွာလို့ ဝိပဿနာအရာ ပြည့်စုံတယ်။ ဝိပဿနာ ဒီဂရီကိုက်ဘဲ့ဉာဏ်သို့ ဆိုက်တော့တယ်၊ အဲဒီကျမှ ဟောဒီ အနုသယဒိဋ္ဌိကွာတယ်၊ သေတယ်၊ အဲဒါလဲ တိရစ္ဆာပရိညာဉ် အရ ကွာဒါ သေဒါ တဒင်ဘဲ ရှိသေးတယ်၊ ဒါက (၁)အချက် စကားဝါကျအရ ရှင်းပြလိုက်ထာ။

(၂) အချက် စကားဝါကျအရတော့ အာရုံနဲ့ဒွါရတိုက်ဆိုင်မှုအလိုက် ဖြစ်ထိုက် ပေါ်ထိုက်လို့ ဖြစ်ပေါ် လာရတဲ့ အရှုခံစိတ်ကလေး၊ (ဝါ) ခန္ဓာကလေးကို ပေါ်ပေါ် လာတိုင်း မလွတ်ရအောင် ဓမ္မယောဂီများက ရှုဉာဏ်ကလေးနဲ့ကပ်ကပ်ပေးနေတော့ ဒီအချိန်မှာ အာရုံက ပရမတ်ခန္ဓာ၊အာရမ္မဏိကက ဉာဏ်ဖြစ်တယ်၊ အဲဒီတော့ ဒီဉာဏ်ဟာ ပရမတ်ခန္ဓာ အာရုံပြုတဲ့ ဉာဏ်ဘဲ ဖြစ်ပေတယ်၊ ဒါပေမဲ့ ဒီဉာဏ်ရဲ့ အခြေပါဒကို စေ့စေ့ငငေ တွေးဆ ကြည့်ရမယ်၊ ဒီတော့ သူဟာ ငါ့ သူတပါး ဆိုတဲ့ သမုတိသစ္စာ ပညတ်လောကသာ လွန်မြောက်၍ ပရမတ်ခန္ဓာလောက် အာရုံရောက်ရုံမျှ ဉာဏ်ဖြစ်တယ်၊ ပရမတ် ခန္ဓာမှာ အမှန်ရှိထိုက်တဲ့ ခယ သဘာဝ (ဝါ)အနိစ္စ ဆိုက်တဲ့ ဉာဏ်မဟုတ်သေးဘူး။

ဒါလို ငါ့ သူတပါးဆိုတဲ့ သမုတိသစ္စာ ပညတ်လောကသာ လွန်မြောက်နိုင်၍ ပရမတ်ခန္ဓာလောက် အာရုံ ရောက်ရုံမျှ ဉာဏ်ဖြစ်တော့ ဒီဉာဏ်အဆင့်မှာ ပရမတ်ဃန ကျန်တယ်၊ (ဝါ)ပညတ်မခံသော်လဲ ပရမတ်ဃနကျန်နေသေးလို့ ခယာနုပဿနာ မပြည့်စုံသေးဘူး၊ (ဝါ) ဝိပဿနာဒီဂရီ မပြည့်စုံသေးဘူး။

ဒီတော့ ခယာနုပဿနာ မပြည့်စုံသေးလို့၊ (ဝါ) ဝိပဿနာဒီဂရီမပြည့်ဝသေးလို့ ဒီဉာဏ်အဆင့်မှာအနုသယဒိဋ္ဌိမကွာနိုင်ဒါ၊

မသေနိုင်ဒါ၊ ပရိယုဋ္ဌာန် ဒိဋ္ဌိလောက်သာ ကွာနိုင် သေနိုင်ဒါဘဲလို့ မေ့မယောဂီများမှာ သဘောဉာဏ် ရှင်းလင်း၍ သံသယ ကင်းနိုင် ပါလိမ့်မယ်။

---

## ၁၈။ နာမရူပ ပရိစ္ဆေဒ ဉာဏ်မျှသာ

ဒါလိုဆိုတော့ ဒီအရှုခံ ပရမတ် ခန္ဓာကလေး အာရုံပြုပြီး ပေါ်နေတဲ့ဉာဏ်ကို ဘာဉာဏ်လို့ ခေါ်ရမတုန်းလို့ စိစစ်ဘို့ရာ ရှိလာပြန်တတ်တယ်၊ အဲဒီတော့ ဒီဉာဏ်ကို ဝိပဿနာဉာဏ်လို့ဘဲ ခေါ်ပေါ့၊ သို့သော် ဝိပဿနာ အရေအတွက်လောက် ရောက်တဲ့ ဉာဏ်၊ ဝိပဿနာ အရည်အချင်း ဆိုက်ရောက်တဲ့ ဉာဏ်ရယ်လို့ နှစ်မျိုးနှစ်စား ရှိတဲ့ အနက်မှာ ဒီဉာဏ်ကိုတော့ ဝိပဿနာ အရေအတွက်လောက် ရောက်တဲ့ဉာဏ်လို့ဘဲ ခေါ်ပေါ့။ (ဝါ)နာမရူပ ပရိစ္ဆေဒ ဉာဏ်လို့ဘဲခေါ်ပေါ့၊ အခြေခံ ဉာဏ်လို့လဲ ခေါ်ပေါ့၊ ဒါက ၂-အချက် စကားဝါကျအရ ရှင်းပြလိုက်ထာ၊ ဒီစကား နှစ်ရပ်နဲ့ပင် အသင် ဓမ္မယောဂီများ ဒီဉာဏ် အဆင့်မှာ ပရိယုဋ္ဌာန် ဒိဋ္ဌိလောက်သာ ကွာနိုင်၍ အနုသယဒိဋ္ဌိ ကျန်သေးပုံ ဉာဏ်မှာ ရှင်းနိုင်လောက်ပါပြီ။

အဲဒီတော့ အထက်ကစကားဘဲ ပြန်ဆက်ပါစို့၊ အနုသယ ဒိဋ္ဌိ ကွာနိုင် သေနိုင်တဲ့ ဝိပဿနာဉာဏ် ပေါ်လာနိုင်ရန် အခြေခံ ဖြစ်တဲ့ ဒီဉာဏ်ကလေးရင့်သန်သွားအောင် အာရုံနဲ့ဒွါရတိုက်ဆိုင်မှု အလိုက် ဖြင်ထိုက် ပေါ်ထိုက်လို့ ဖြစ်လာ ပေါ်လာကြတဲ့ စိတ် ကလေးတွေကို (ဝါ) ခန္ဓာကလေးတွေကို ပေါ်ပေါ် လာသမျှ

သူ့ခဏနဲ့သူ အကြားအလပ် မရှိစေဘဲ စပ်စပ်သွားအောင် အသိ ကပ်ပေးရမယ်။

အရှုခံစိတ်တွေ (ဝါ)ခန္ဓာတွေကဖြင့် အထက်က ဖော်ပြခဲ့တဲ့ အတိုင်း ခဏမဆိုင်း ခဏမဆိုင်း သူတို့ရဲ့ နိယာမအတိုင်း အလှိုင်း အလှိုင်း ပေါ်နေကြဒါဘဲ၊ ဒီတော့ ဓမ္မယောဂီများက ရှေ့က ပေါ်ဒါက ခန္ဓာ၊ နောက်က ဉာဏ်၊ ရှေ့က ပေါ်ဒါက ခန္ဓာ၊ နောက်ကဉာဏ်၊ အဲဒါလို ခန္ဓာနောက်က ဉာဏ်ရောက်အောင် ရှက်ဆောင် အားထုတ်ရမယ်၊ ခန္ဓာတွေကဖြင့် သူတို့ရဲ့ နိယာမ အတိုင်း အချိန်မဆိုင်း ပေါ်နေကြဒါဘဲ၊ ပေါ်တိုင်း-ပေါ်တိုင်း ဉာဏ်နဲ့ ကပ်ကပ်ပေးကြပေါ့၊ အဲဒါ ဓမ္မယောဂီများရဲ့ အခြေခံ အလုပ်ဘဲ။

---

## ၁၉။ နာမရူပ ပရိစ္ဆေဒဉာဏ် စိစစ်ပြချက်

အခုလို သက်ဆိုင်ရာ အာရုံဒွါရ တိုက်ဆိုင်မှုအလိုက် ဖြစ်သင့် ဖြစ်ထိုက်လို့ ဖြစ်လာ ပေါ်လာတဲ့ စိတ်ကလေးတွေကို(ဝါ)ခန္ဓာ ကလေးတွေကို ဖြစ်လာ ပေါ်လာသမျှ မလွတ်ရအောင် နောက်က အသိကလေး ကပ်ကပ်ပေးလို့ ဖြစ်လာ ပေါ်လာသမျှ ခန္ဓာ ကလေးတွေ (ဝါ) စိတ်ကလေးတွေကို ဒါက မြင်စိတ်ဘဲ၊ ဒါက ကြားစိတ်ဘဲ၊ ဒါက လှုပ်ချင်တဲ့စိတ်ဘဲ စသည်ဖြင့် သိသိနေတဲ့ ဉာဏ်ဟာ ဝိပဿနာ အခြေခံ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဘဲလို့ ပြောခဲ့တယ်။

ဒီနေရာမှာလဲ ဓမ္မယောဂီများ စဉ်းစား စိစစ်ဖွယ် ဖြစ်တတ်ကြ သည်မှာ၊ ဖြစ်လာ ပေါ်လာတဲ့ စိတ်ကလေးတွေကို သိသိနေတဲ့

ဉာဏ်ဟာ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ဆိုထားတယ်၊ ဖြစ်လာပေါ်လာတဲ့ စိတ်ကလေးတွေဆိုဒါ နာမ်ဘဲဖြစ်တယ်၊ ဒီတော့ဒီစိတ်ကလေးတွေ သိသိနေတဲ့ ဉာဏ်ဟာ အမှန်ဆိုရင် နာမပရိစ္ဆေဒ ဉာဏ်လို့သာ ဆိုထိုက်ထာဘဲ၊ အခုဘာပြုလို့ နာမရူပပရိစ္ဆေဒဉာဏ်လို့ ဆိုလိုပါလိမ့်မတုန်းလို့ စဉ်းစားစိစစ်ဖွယ် ဖြစ်တတ်ပြန်တယ်။

အဲဒီတော့ ဓမ္မယောဂီများ သဘောဉာဏ် ရှင်းသွားဘို့ အချက်က ဒီလိုမှတ်ကြရမယ်၊ သက်ဆိုင်ရာအာရုံနဲ့ ဒွါရတိုက်ဆိုင်မှုအလိုက် ဖြစ်ထိုက် ပေါ်ထိုက်လို့ ဖြစ်လာ ပေါ်လာတဲ့ စိတ်ကလေးတွေဆိုဒါ သူတို့ချည်းသက်သက် ဖြစ်ပေါ်လာဒါ မဟုတ်ပါဘူး၊သူတို့နဲ့ သမ္ပယုတ္တဓမ္မ ရှင်ဖော် ရှင်ဘက် ဖြစ်တဲ့ စေတသိက်များလဲပါတယ်၊ ဖြစ်တယ်၊ ပြီးတော့ သူ့ကြောင့်ဖြစ်တဲ့ ရုပ်လဲပါဒါဘဲ၊ ဖြစ်ထာဘဲ၊ဒီတော့ သက်ဆိုင်ရာ အာရုံနဲ့ဒွါရ တိုက်ဆိုင်မှုအလိုက်ဖြစ်ထိုက် ပေါ်ထိုက်လို့ ဖြစ်လာပေါ်လာတဲ့ စိတ်ကလေးဟာ သူချည်းထဲမဟုတ် စေတသိက်လဲ ပါတယ်၊ ရုပ်လဲပါတယ်၊ ဒါ့ကြောင့် ပေါ်လာတဲ့စိတ်ကလေးကို သိသိနေတဲ့ ဉာဏ်ဟာ စိတ်လောက် သိဒါ မဟုတ်၊ စေတသိက်- ရုပ်များပါ ဒီဉာဏ်က အာရုံပြုတယ်။

ဥပမာ၊ လောဘဖြစ်ထိုက်တဲ့ အာရုံနဲ့ ဒွါရ တိုက်ဆိုင်မှု ရှိလို့ လောဘစိတ်ကလေး ပေါ်လာပြီ ဆိုကြပါစို့၊ ဒီလောဘစိတ်ကလေးမှာ ပဌမ လောဘ စိတ်ကလေးဆိုရင် သူနဲ့ ယှဉ်ဘက် စေတသိက် ၁၉-ပါး ပါတယ်၊ ပြီးတော့ သူ့ကြောင့် ဖြစ်ရမဲ့ ရုပ်ကလဲ သူနဲ့တပြိုင်နက် ဖြစ်ထာဘဲ ပါဒါဘဲ။

အဲဒါကို ခန္ဓာနဲ့ခွဲပြောရင် ပေါ်လာတဲ့ လောဘစိတ်ကလေး က ဝိညာဏက္ခန္ဓာ၊ သူနဲ့ယှဉ်ဘက် စေတသိက် ၁၉-ပါးအနက်က ဝေဒနာက ဝေဒနက္ခန္ဓာ၊သညာက သညာက္ခန္ဓာ၊ကျန်စေတသိက် ၁၇-ပါးက သင်္ခါရက္ခန္ဓာ၊ သူ့ကြောင့်ဖြစ်တဲ့ရုပ်က ရူပက္ခန္ဓာ၊ ဒါလို ခန္ဓာ ငါးပါးဖြစ်တယ်။

တဖန်အကျဉ်းချုပ်လိုက်တော့ နာမ်-ရုပ် နှစ်ပါးဘဲ ဖြစ်တယ်၊ လောဘစိတ်နဲ့ စေတသိက် ၁၉-ပါးက နာမ်၊ သူ့ကြောင့် ဖြစ်တဲ့ ရုပ်က ရုပ်၊ ဒါလို အကျဉ်းချုပ်လိုက်တော့ နာမ်-ရုပ်နှစ်ပါးဘဲ ရတယ်။

ဒီတော့ ရုပ်ရှိရင် နာမ်ပါဒါဘဲ၊ နာမ်ရှိရင် ရုပ်ပါဒါဘဲ၊ မကွဲကွာနိုင်တဲ့ တရားတွေဖြစ်တယ်။ ဥပမာ၊ ဟင်းချိုဟင်းချက်ရာ၌ ဆီ,ဆား,ငန်ပြာရေ ငြုတ်ကောင်း,ကြက်သွန် စသည်ဖြင့် အမျိုးစုံ ပါဝင်သလို၊ သူတို့ရဲ့ သဟဇာတ သဘောနဲ့ အားလုံး ပါဝင်နေကြဒါဘဲ။

ဒါ့ကြောင့် စိတ်ရှိခဲ့လျှင် ရုပ်ပါတယ်၊ ရုပ်ရှိခဲ့လျှင် စိတ်ပါတယ် ဆိုဒါ ဓမ္မယောဂီများ သဘော ရှင်းထားကြရမယ်၊ ဒီတော့ အခုပြခဲ့တဲ့ အပိုင်းက ပြဋ္ဌာန်းဒါကို ပြောချင်လို့သာ စိတ်ကို ရှုကြည့်ပေးရမယ်လို့ ပြောဒါ၊ အမှန်မှာတော့ စိတ်ကို ရှုကြည့်ပေးရင် စေတသိက်ရုပ်များပါ ရှုကြည့်ခံရတဲ့အထဲ ပါသွားဒါဘဲ၊ (ဝါ) ရုပ်နာမ် နှစ်ပါးစလုံးပင် ရှုဉာဏ်ရဲ့ အာရုံချည်း ဖြစ်သွားကြဒါပါဘဲ။

(ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ) စိတ်ဆိုတဲ့ ဝိညာဏာဟာရတလုံးကို အပြီးတိုင်

ပိုင်နိုင်လို့ ရှိရင် နာမ်ရုပ် နှစ်ပါးစလုံး အပြီးတိုင် ပိုင်နိုင်သွားတော့ ဒါပါဘဲ-တဲ့။ အဲဒါ ရှင်တော်ဘုရား ဟောထားခဲ့ဒါ သံယုတ်မှာ။

ဒါ့ကြောင့် အာရုံနဲ့ ဒွါရ တိုက်ဆိုင်မှုအလိုက် ဖြစ်ထိုက် ပေါ်ထိုက်လို့ ဖြစ်လာ ပေါ်လာကြတဲ့ စိတ်ကလေးတွေကို ဖြစ်လာ ပေါ်လာသမျှ မလွတ်ရအောင် နောက်က ကပ်ကပ်ပြီး သိနေတဲ့ အသိဉာဏ်ကလေးကို(ဝါ) ရှုကြည့်တဲ့ဉာဏ်ကလေးကို ဝိပဿနာ အခြေခံ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ပြောထိုက်ပါတကား၊ ခေါ်ထိုက်ပါတကားဆိုဒါ အခြေခိုင်ခိုင်နဲ့ သဘောဉာဏ် ပိုင်ထားကြရမယ်။

ဒါက ဖြစ်ပေါ်လာသမျှ စိတ်ကလေးတွေကို မလွတ်ရအောင် သိသိနေတဲ့ ဉာဏ်ဟာ စိတ်တွင်မက စေတသိက် ရုပ်များအထိ၊ အာရမ္မဏိက အနေနဲ့ အာရုံပြုခြင်း မကင်းနိုင်ကြတဲ့ သဘာဝဓမ္မများ ဖြစ်ကြလို့ ဒီဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်ထိုက်တယ်၊ ဆိုထိုက်တယ်၊ အချက်ကို ဓမ္မဟောဂီများ သဘောဉာဏ်သက်နိုင်ရန် ပြဆိုလိုက်ထာဘဲလို့ မှတ်ကြ။

## ၂၀။ အချိန်ကာလ နေရာဌာနမရွေး ကြည့်ရှုနိုင်ပုံ

ဒီတော့ အထက်က ပြဆိုထားတဲ့အတိုင်း အိပ်ပျော်တဲ့အချိန် ဖြစ်ပေါ်တဲ့ ဘဝင်စိတ်ကိုသာ ချန်လှပ်၍ ကျန်တဲ့အချိန်များမှာ ဖြစ်လာ ပေါ်လာကြတဲ့ ဝီထိစိတ် ဇောစိတ်တွေကိုဖြင့် ဓမ္မယောဂီများ ရှုကြည့် ပေးရမဲ့ စိတ်တွေချည်းဘဲဆိုဒါ သတ်မှတ်ချက် ချရမယ်။

အဲဒီ ရှုကြည့်ခံရမဲ့ စိတ်တွေကလဲ အချိန်မရွေး အခါမရွေး ပေါ်နေကြဒါဘဲ။ လာကြပါ၊ ရှုကြည့်ကြစမ်းပါလို့ မခေါ် သော်လဲ ခေါ်သကဲ့သို့ ပေါ်နေကြဒါဘဲ။

ပြီးတော့ နေရာဌာနအားဖြင့်လဲ နေရာမရွေး ပေါ်နေကြဒါဘဲ။ လမ်းသွားရင်လဲ ပေါ်ကြဒါဘဲ၊ စားနေရင်းလဲ ပေါ်ကြဒါဘဲ၊ အလုပ်လုပ်ကိုင်နေရင်းလဲ ပေါ်ကြဒါဘဲ၊ ထိုင်နေရင်းလဲ ပေါ်ကြဒါဘဲ၊ လျှောင်းနေရင်းလဲ ပေါ်ကြဒါဘဲ၊ ဘယ်နေရာမျိုးမဆို ပေါ်နေကြဒါဘဲ။

ဒါလို အရှုခံစိတ်ကလေးတွေဟာ အချိန်မရွေး၊ နေရာမရွေး ပေါ်နေကြဒါဖြစ်တော့၊ (ဝါ) လာပါ၊ ကြည့်ကြစမ်းပါလို့ မခေါ်သော်လဲခေါ်သကဲ့သို့ ပေါ်နေကြဒါဖြစ်တော့၊ဓမ္မယောဂီများက အချိန်မရွေး နေရာမရွေး ရှုကြည့်ပေးလို့ရတယ်၊ ရှုကြည့်နိုင်တယ်ဆိုဒါ ထင်ရှားနေတယ်။

ဒါလို အချိန်မရွေး နေရာမရွေး ရှုကြည့်ပေးလို့ ရနိုင်ပါလျက်နဲ့ ဓမ္မယောဂီများက ဘယ်အချိန်ကြမှ အားထုတ်ရမယ်၊ ဘယ်အချိန်ကနေ ဘယ်အချိန်အထိ အားထုတ်ရမယ်၊ အဲဒါလို အချိန်ကို ရွေးချယ်မှု၊ အချိန်ကို သတ်မှတ်မှု ပြုခြင်းဟာ ဓမ္မယောဂီများရဲ့ အလိုဆန္ဒမျှသာ ဖြစ်တယ်၊ ရှုကြည့်ခံရမဲ့ စိတ်ကလေးတွေကတော့ အချိန်မရွေးပေါ်ကြတယ်၊ အချိန်မရွေး ခေါ်ကြတယ်၊ အဲဒါဓမ္မယောဂီများ အထူး သတိရှိထားကြရမယ်။

ပြီးတော့ ဒီ အရှုခံ စိတ်ကလေးတွေဟာ ဘယ်နေရာမျိုးမဆို နေရာမရွေး ရှုကြည့်ပေးလို့ ရနိုင်ပါလျက်နဲ့ ဓမ္မယောဂီများက များသော အားဖြင့် ဖြစ်တတ် ကြသည်မှာ၊ ဟိုနေရာ သွားပြီး

တရားထိုင်မှ တော်မယ်၊ ဒီတောစခန်းကလေးမှ တရားထိုင်လို့ ကောင်းတယ်၊ ဟိုကမ္မဋ္ဌာန်းကျောင်း သွားပြီး တရားထိုင်မယ် စသည်ဖြင့် ဒါလို နေရာရွေးချယ်မှုဟာလဲ ခမ္မယောဂီများရဲ့အလို မျှသာ ဖြစ်ထာဘဲ၊ အရှုခံ စိတ်ကလေးတွေကတော့ နေရာမရွေး ဌာနမရွေး ပေါ်ကြဒါဘဲ၊ ခေါ်ကြဒါဘဲ။

အဲဒါလို ဖြစ်တော့ ဓမ္မယောဂီများက အချိန်ကာလ နေရာ ဌာနအနေနဲ့ ရွေးချယ်မှု၊ စွဲလမ်းမှု မပြုဘဲ ပေါ်လာကြတဲ့ အရှုခံ စိတ်ကလေးတွေကို ပေါ်ပေါ်လာသမျှ မလွှတ်ရအောင် ရှုဉာဏ် ကလေးနဲ့ ကပ်ကပ်ကြည့်ပေးရမယ်။

——

## ၂၁။ သေမင်းလက်ချက်မဦးခင် ပြည့်စုံကြရမည်

ဒါလိုပေါ်ပေါ်လာတဲ့ အရှုခံစိတ်ကလေးတွေကို နောက်က ရှုဉာဏ်ကလေးနဲ့ ကပ်ကပ် ကြည့်ပေးလို့ မဖြစ်နိုင် ပါဘူးဆိုရင် အဲဒီအခါကျတော့မှ ရှုကြည့်လို့ ရတဲ့နေရာ၊ (ဝါ) ဖြစ်တဲ့နေရာ ရွေးအားထုတ်ပေါ့၊ ရွေးရပါတယ်၊ ပဋိရူပဖြစ်တဲ့အရပ်၊ ဒီအခါ ကျတော့ ရွေးထိုက်တယ်။

ဒါလိုမဟုတ်ဘဲနဲ့တော့ အချိန်ကာလ စောင့်ဆိုင်းမှု ပိုင်းခြား သတ်မှတ်မှု နေရာဌာန ရွေးချယ်မှုများကို အထူးသတိပြုကြပါလို့ ပြောလိုရင်း အချုပ်ပါဘဲ။

ဘာ့ကြောင့် ဒီလိုပြောရသလဲဆိုတော့ ဓမ္မယောဂီများကသာ အချိန်ကာလ နေရာဌာန အနေနဲ့ အစွဲထားပြီး ဆိုင်းငံ့ ရွေးချယ်

နေကြဒါ၊ သေမင်းကတော့ အချိန်ကာလ နေရာဌာန အနေနဲ့ ဆိုင်းငံ့ ရွေးချယ်နေဒါ မဟုတ်ဘူး၊ ငယ်တယ်, ကြီးတယ်၊ ဘယ်အချိန်, ဘယ်အခါ၊ ဘယ်နေရာ, ဘယ်ဌာနရယ်လို့ ရွေးချယ်နေဒါ မဟုတ်ဘူး။

ဒါ့ကြောင့် သေမင်းလက်ချက် မဦးခင် ဤကျမ်းမှာ အခဏ်း(၁)၊ အခဏ်း(၂)အပိုင်းက ပြခဲ့တဲ့အတိုင်း ဥာတပရိညာဉ်အရနဲ့ ရှေးဦးစွာ ဒိဋ္ဌိကွာအောင် သဘောဉာဏ် သွင်းပေးရမယ်။

ဥာတ ပရိညာဉ် အရ ဒိဋ္ဌိကွာပြီး စင်ပြီးတဲ့ အခါကျမှ ယခု အခဏ်း(၃)အပိုင်းမှာ ပြဆိုထားတဲ့အတိုင်း တိရဏပရိညာဉ်အရနဲ့ ဝိပဿနာ အခြေခံဖြစ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်လာအောင် (ဘာဝိတာ)အရ လေ့လာပေးကြ၊ (ဗဟုလိကတာ)အရ အကြိမ်များစွာ လေ့လာပေးကြ၊ အကြိမ်များစွာ လေ့လာပေးလို့ ကိလေသာ ကြားဝင်ခွင့် မရရင် ဒီဉာဏ်ရင့်သန်ပါလိမ့်မယ်၊ဒီဉာဏ် အဆင့်မှာဘဲ ပရိယုဋ္ဌာန် ဒိဋ္ဌိ ကွာပါလိမ့်မယ်၊ ဒီဉာဏ် အဆင့်က ပရိယုဋ္ဌာန်ဒိဋ္ဌိ ကွာတဲ့အဆင့်၊ ပရိယုဋ္ဌာန်ဒိဋ္ဌိကွာတဲ့ ဝိပဿနာလို့ မှတ်ကြတော့ ဓမ္မယောဂီများ။

အဲဒီ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပရိယုဋ္ဌာန်ဒိဋ္ဌိ ကွာပြီးမှ နောက် အနုသယဒိဋ္ဌိ ကွာအောင် အနိစ္စမြင်တဲ့- ဒုက္ခမြင်တဲ့- အနတ္တမြင်တဲ့ ဝိပဿနာဉာဏ်ပေါ်နိုင်ရန် တဆင့်တက်ပြီး လေ့လာ ပေးရမယ်၊ အနိစ္စမြင်တဲ့ - ဒုက္ခမြင်တဲ့ - အနတ္တမြင်တဲ့ ဝိပဿနာ ဉာဏ်ပေါ်မှ အနုသယ ဒိဋ္ဌိကွာတယ်-သေတယ်၊ ဒါလဲ တဒင်္ဂဘဲရှိသေးဒါ၊ အဲဒါ နောက်ကလဲ အမြွက်မျှပြောခဲ့သေးတယ်။ ဒါ့ကြောင့် အထက်က ပြောပြ ထားခဲ့တဲ့အတိုင်း အသင် ဓမ္မ ယောဂီများရဲ့ သန္တာန်မှာ

ဖြစ်ပေါ် လာကြတဲ့ စိတ်ကလေးတွေကို ဖြစ်လာသမျှ - ပေါ်လာသမျှ သူ့ခဏနဲ့သူ လွတ်ဲ့လွတ် မသွားအောင် သိ့စိတ် ကလေးနဲ့ ကပ်-ကပ် ပေးပါ။ ရှေ့ကပေါ်စိတ်၊ နောက်က သိစိတ်၊ ရှေ့က ပေါ်စိတ်၊ နောက်က သိစိတ်၊ အဲဒါလို အကြားအလပ် မရှိရအောင် အသိ စပ်သွားကြပါစေ။ သူ့ခဏနဲ့ သူ မလွတ်ပါစေနဲ့။ ရှေ့ကပေါ်တဲ့ စိတ်ကတော့ အမျိုးမျိုး ပေါ်မှာဘဲ၊ ကောင်းတဲ့ စိတ်လဲ ပေါ်မှာဘဲ၊ ဆိုးတဲ့စိတ်လဲ ပေါ်မှာဘဲ။ ဘာစိတ်တွေဘဲ ပေါ်ပေါ် ပေါ်လာသမျှ စိတ်တွေကတော့ အရှုခံစိတ်တွေချည်းဘဲ။ အဲဒီ အရှုခံစိတ်တွေကို နောက်က ရှုဉာဏ်စိတ်နဲ့ အမြဲတမ်း ကပ်ပေးကြ။ ရှေ့ကအရှုခံစိတ်နဲ့ နောက်ကရှုဉာဏ်စိတ်ဟာ အာရုံ အာရမ္မဏိက အနေနဲ့ အနံကျ ဖြစ်-ဖြစ်သွားနေရင် အဲဒါ နာမရူပ ပရိစ္ဆေဒဉာဏ် မနောက်လေသာခေါ် ပရိယုဋ္ဌာန် ဒိဋ္ဌိ ကွာဒါဘဲ။ သို့ အခုလို ပေါ်-ပေါ်လာသမျှ စိတ်ကလေးတွေဟာ အရှုခံ စိတ်ကလေးတွေချည်းဘဲ၊ ဒီအရှုခံ စိတ်ကလေးတွေကို ရှုဉာဏ် စိတ်နဲ့ အမြဲတမ်း ကပ်-ကပ်ပေးရမယ်၊ (ဝါ) ပေါ်ပေါ်လာသမျှ မလွတ်ရအောင်၊ လွတ်-လွတ် မသွားရအောင် အဖန်ဖန် ရှုကြည့် ပေးရမယ်လို့ ပြောခဲ့ပြခဲ့တဲ့ စကားအရ သာဓက ပါဠိအမြွက်မျှ ထည့်ပေးလိုက်မယ်၊ ဓမ္မယောဂီများ သံသယမရှိရအောင်။

(ဣမ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ) အဲဒါ ရှင်တော်ဘုရား ဟောခဲ့ဒါပါဘဲ၊ သတိပဋ္ဌာန် ပါဠိတော်မှာ ဒါထက် အကျယ်ကို အလိုရှိကြရင်တော့ အဲဒီပါဠိတော်ကြီးများကို ကြည့်ကြ ပေတော့။

ဒီကျမ်းအလိုကဖြင့် အခြေခံဝိပဿနာဖြစ်တာက တကြောင်း၊ ဓမ္မယောဂီများအဘို့မှာလဲ ပေါ်ပေါ်လွင်လွင်နဲ့ လိုရင်း အချက်များ ဉာဏ်သက်ဝင်နိုင်ကြရန် တကြောင်း၊ အဲဒီလို သဘောထားရှိလို့ ပါဠိစကားအမြွက်မျှဘဲ ထည့်စွက်၍ မြန်မာပြန် သက်သက်နဲ့ အချက်ကျကျ ထည့်သွင်းပြီး ပြောဆိုပြသခဲ့ဒါလို့ မှတ်ထားကြပေတော့။

အခုလို ပြောဆို ပြသခဲ့တဲ့ နည်းလမ်း အရနဲ့ပင် အသင် ဓမ္မယောဂီများ အဘို့မှာ ဝိပဿနာ အခြေခံ နာမရူပ ပရိစ္ဆေဒဉာဏ် အရာမှာဖြင့် အခြေပါပါနဲ့ ဆင်ခြင်ကျင့်သုံးခါ နှလုံး သွင်းတတ်လောက်ကြပါပြီ။

ဒါ့ကြောင့် ခန္ဓာအစဉ် ရှုဉာဏ်မြင်ဆိုတဲ့ အခဏ်း (၃) တိရဏပရိညာဉ် ဒီဉာဏ်အဆင့် ဒီမျှတွင်ဘဲ ရပ်စဲလိုက်တော့ပြီ။

## အခန်း (၄) တိရစ္ဆာန ပဋိသန္ဓေ
## စန္ဒာအရှိ ရှုဉာဏ်သိ

### ၁။ ပေါ်လာသမျှ စိတ်မှန်က ရှုဉာဏ်၏ အာရုံ

ဓမ္မယောဂီများ သန္တာန်မှာ အခန်း (၃)က ပြောပြခဲ့တဲ့ အတိုင်း အာရုံနဲ့ ဒွါရ တိုက်ဆိုင်မှုအလိုက် ဖြစ်သင့် ဖြစ်ထိုက်လို့ ဖြစ်လာ ပေါ်လာကြတဲ့ စိတ်ကလေးတွေဆိုဒါ (ဒွိန္နံ စိတ္တာနံ ဧကက္ခဏေ ပဝတ္တိနာမ နတ္ထိ) အဲဒီ ပို့ကာစကားအတိုင်း တချိန် လျှင် တစိတ်ဘဲ ဖြစ်လာ ပေါ်လာ နိုင်ကြတယ်၊ တချိန်တည်း စိတ်နှစ်ခုပြိုင်ပြီး ဖြစ်ရိုး ထုံးစံမရှိကြဘူး၊ ဒါ့ကြောင့် တချိန်လျှင် တစိတ်ဘဲ ဖြစ်လာ ပေါ်လာ နိုင်တယ်ဆိုဒါ မှတ်ထားကြ။

ဒီစိတ်နဲ့ ယှဉ်ဖော် ယှဉ်ဘက်ဖြစ်တဲ့ စေ တ သိက် များ က သာ ပေါ်လာတဲ့ စိတ်အလိုက် အနည်းအများ ပါနိုင်ကြတယ်၊ စိတ် ကတော့ တချိန်လျှင် တစိတ်ဘဲ ဖြစ်နိုင် ပေါ်နိုင်တယ်လို့ မှတ်ကြ။ အဲဒါလို တချိန်လျှင်တစိတ်, တချိန်လျှင်တစိတ် ဖြစ်ပေါ်လာကြ တဲ့ စိတ်ကလေးတွေဆိုဒါ အရှုခံ စိတ်ကလေးတွေ ချည်းပါဘဲ၊ ဒါ့ကြောင့် ဖြစ်ပေါ် လာသမျှ စိတ်ကလေးတွေကို ရှုဉာဏ်ရဲ့ အာရုံ, မဂ္ဂင်ရဲ့ အာရုံကလေးတွေဘဲလို့ မှတ်ထားကြ။

---

### ၂။ ပေါ်လာသမျှ စိတ်မှန်က ပေါ်သည့် နေရာမှာပင် ပျက်စီးရ

အဲဒီ အရှုခံစိတ်ကလေးတွေရဲ့ သက်တမ်းတလဲ ရှင်တော်ဘုရား ဟောချက်က (ဥပ္ပါဒဝယ ဓမ္မိနော) ဖြစ်ပြီးရင် ပျက်မဲ့သဘော

ရှိသတဲ့၊ ဖြစ်ပြီးရင် ပျက်မှာဘဲတဲ့။ အဋ္ဌကထာ ပြောပြချက်က တော့ (ဥပ္ပါဒ ဌိတိ ဘင် ဝသေန ခဏတ္တယံ ကေစိတ္တက္ခဏာနာမ) ဥပါဒ်-ဌီ-ဘင်- ခဏ ငယ် ၃-ချက် သက်တမ်းရှိသတဲ့။ ဒါပေမဲ့ ဌီ ဆိုဒါ ဘာမှ မပြောပလောက်ပါဘူး၊ ဒါ့ကြောင့် ဘုရားရှင် ဟော ချက်အရ စိတ်ဆိုတဲ့ သင်္ခါရဟာ ဖြစ်ပြီး ပျက်မယ်၊ ဒီနေရာဖြစ်၊ ဒီနေရာဘဲ ပျက်မယ်၊ အဲဒါ ဓမ္မယောဂီများ သဘောတွေ့ထားရ မယ်။

ဒါဖြင့် တကြိမ်လျှင် တစိတ်ဘဲ ပေါ်နိုင်တယ်၊ ပေါ်တဲ့စိတ်လဲ ဒီနေရာမှာဘဲပေါ် ဒီနေရာမှာဘဲ ပျက်တယ်၊ (ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရ သင်္ကမန်နာမ နတ္တိ) ဆံချည်ဖျားမျှသော်လည်း အရပ် တပါး ပြောင်းရွှေ့နိုင်မှု မရှိဘူးတဲ့၊ ပေါ်တဲ့ နေရာမှာဘဲ ပျက်ရ တယ်၊ ဒီစိတ်ပျက်ပြီးမှ နောက်စိတ်တခု ပေါ်လာ ဖြစ်လာနိုင် တယ်ဆိုဒါလဲ သဘောအားဖြင့် ထင်ရှား သွားပြန် တယ် ၊ဓမ္မ ယောဂီများ သဘောပေါက်အောင် ဥပမာဆောင်ပြီးပြမယ်၊ အသင်ဓမ္မယောဂီများ မျက်စိ ဖွင့်ကြည့်လိုက်တဲ့အခါ ရှေ့မှာရှိတဲ့ အရာဝတ္ထု တခုခုကို မြင်ကြမယ်၊ ဒါလို မြင်တဲ့အခါ (အယော နိသောမနသိကာရ) နှလုံးသွင်းမှု မမှန်ကန်တဲ့အတွက် လောဘ စိတ်ကလေး ပေါ်လာတယ်ဆိုကြပါစို့၊ ဒီအချိန်မှာ လောဘစိတ် ကလေးတခုဘဲ ပေါ်တယ်၊ ဒါ့ပြင် ဘာစိတ်မှ မပေါ်နိုင်ဘူး၊ အဲဒီပေါ်လာတဲ့ လောဘ စိတ်ကလေးက သူ့ရဲ့ သင်္ခါရ မျိုးရိုး မစွန့်နိုင်တဲ့၊ မလွန်ဆန်နိုင်တဲ့ သဘာဝအရ ပေါ်တဲ့ နေရာမှာဘဲ ဖျပ်ကနဲဆို ပျက်စီးသွားမှ နောက်စိတ်အသစ်တခု ပေါ်နိုင်တယ်၊ ပေါ်လာရတယ်။

ဒီနောက်စိတ်ကလေး ပေါ်လာတော့ လောဘစိတ် အရှင်းကို မရှိတော့ဘူး၊ နောက်စိတ်ကလေးကလဲ သင်္ခါရ ထုံးဘမ်းစဉ်လာ အရ ပေါ်တဲ့နေရာမှာပင် ပျက်ရ ပြန်ဒါဘဲ၊ သူပျက်သွားတော့ စိတ်အသစ်တခု ပြန်ပေါ်ပြန်ဒါဘဲ၊ ဒီစိတ်အသစ် ပေါ်လာတော့ လဲ ယခင်က စိတ် ခယ သဘော ဆိုက်သွားပြီ၊ ဘာမှ ရှာမရ တော့ဘူး။

ဘယ်မှာ ရှာရနိုင်တော့မလဲ၊ ဓမ္မယောဂီ သဘော ပါပါနဲ့ စဉ်းစားကြည့်ပေါ့၊ ရှေ့ကစိတ် ပျက်ပြီးမှ နောက်ကစိတ် ပေါ် နိုင်ပါတယ်၊ ပေါ်ရတယ်ဆိုကနဲက နောက် စိတ် က ဘယ်မှာ ရှာရနိုင်တော့မလဲ၊ ရှာရဒါကတော့ ရှေ့စိတ်ကလေး ပေါ်ပြီး မရှိတော့တဲ့ ခယ သဘောဘဲ ရှာရတယ်၊ တွေ့ရတယ်။ အဲဒါ စိတ် ဆိုတဲ့ သင်္ခါရမှာ အမှန်ရှိဒါ ဒါဘဲရှိတယ်၊ သို့ အခုလို တစိတ်ပျက် တစိတ်ပေါ် ဖြစ်နေဒါလဲ သင်္ခါရနယ်ရဲ့ ဓမ္မတာသဘောဘဲ။

---

## ၃။ ပေါ်ပြီး ပျက်စီးရ ခယ သဘာဝအမှန် ရှုဉာဏ်နဲ့တွေ့ရ

အဲဒီ သင်္ခါရနယ်ရဲ့ ဓမ္မတာ သဘောအရ၊ ကျဆင်း ကျဆင်း သွားတဲ့ ကုန်ခန်းမှု ခယ သဘော အမှန်ကို ဓမ္မယောဂီများက ဉာဏ်နဲ့ မြင်ကြဘို့၊ တွေ့ကြဘို့ရာ အခု အခဏ်း (၄)အရနဲ့ ပြောပြမှာ ဖြစ်တယ်။

ဒါ့ကြောင့် အရှုခံစိတ်ရဲ့ ခယ သဘောအမှန်ကို ဉာဏ်ဆိုက် မပြခင် ဓမ္မယောဂီများ ရှေ့က အရှုခံစိတ်နဲ့ နောက်က ရှုဉာဏ်

စိတ်များအပေါ် ဩဇာ-သဉ်္ဂါရနယ်ရဲ့ ဓမ္မတာသဘောက ဒီလို ပါကလားဆိုဒါ ကြို တင် ပြီး သဘော ပေါက်ထားနိုင်အောင် ဥပမာဆောင်ပြီး ပြလိုက်ထာ၊ ပြောလိုက်ထာ။

ဒါထက် ကျဉ်းကျဉ်းနဲ့ ရှင်းအောင်ပြောရလျှင် ဓမ္မယောဂီ များ ရှုကြည့်ကြမဲ့ အရှုခံစိတ်ကလေးဟာ ရှုဉာဏ်စိတ်မပေါ်ခင် သူက ပျက်နှင့်ပြီ၊ မရှိတော့ဘူး။ သူပျက်ပြီး မရှိတော့မှ ရှုဉာဏ် စိတ်က ပေါ်နိုင်ဒါ။ ဒါ့ကြောင့် ဩဇာ-ရှုဉာဏ်နဲ့ အမှန် တွေ့ရ မြင်ရမှာကတော့ အရှုခံစိတ်ကလေးရဲ့ မရှိဒါကလေး (ဝါ) ကုန် ခန်းသွားဒါကလေး တွေ့ရ မြင်ရမှာပါကလားလို့ အဲဒါလို တိုတို ကျဉ်းကျဉ်းနဲ့ သဘောဉာဏ် ရှင်းထားနှင့်ပါ-ဓမ္မယောဂီ။ အောက် အခဏ်း (၃)အရနဲ့ ပြဆိုခဲ့တဲ့ ဉာဏ်က ငါ့, သူတပါးဆိုတဲ့ သမုတိ သစ္စာ ပညတ်လောကသာ လွန်မြောက်၍ မြင်စိတ် ကြားစိတ်, သိစိတ်အစရှိတဲ့ ပရမတ္ထသစ္စာ ခန္ဓာပေါ် အာရုံရောက်နိုင်တဲ့ ဉာဏ် (ဝါ) ပညတ်ကို လွန်မြောက်၍ ပရမတ်ခန္ဓာပေါ်လောက် အာရုံ ရောက်နိုင်တဲ့ဉာဏ်, အာရုံ ပြုနိုင်တဲ့ ဉာဏ်ဘဲလို့ မှတ်ကြ။

အခု အခဏ်း (၄)အရနဲ့ ပြဆိုမဲ့ ဉာဏ်ကတော့ ပရမတ်ခန္ဓာ လောက်တွင်မက၊ ဒီ ပရမတ်ခန္ဓာမှာ အမှန်ရှိတဲ့ ကုန်ခန်းမှု ခယ, သဘာဝရောက်အောင် ဖေါက်နိုင်တဲ့ ဉာဏ်ကို ပြမှာ၊ ဒီဉာဏ်မှ ပရမတ်ခန္ဓာ အမှန်ရှိဒါ၊ မြင်တဲ့ဉာဏ်၊ ဒါလို ဉာဏ်နှစ်ပါးရဲ့ သတ္တိ ကွာခြားမှုကိုလဲ သတိပြုကြ။

ဒီနေရာမှာလဲ အရေးပါတဲ့ နေရာဖြစ်လို့ ဓ မ္မ ယော ဂီ များ သဘောဉာဏ် ရှင်းလင်းသွားအောင် ထပ်ပြီး ရှင်းပြဦးမယ်၊ ဓမ္မ ယောဂီများ သန္တာန်မှာ ပေါ်-ပေါ်လာကြသမျှ စိတ်ကလေး

တွေဟာ ရှုကြည့်ပေးရမဲ့ စိတ်တွေချည်းဘဲ၊ အရှုခံရမဲ့ စိတ်တွေ ချည်းဘဲလို့ ပြောခဲ့ပြခဲ့ဘယ်။ ပြီးတော့ ဒီစိတ်ကလေးတွေဟာလဲ တကြိမ်မှ တစိတ်ဘဲ ပေါ်နိုင်တယ်၊ တစိတ်ပျက်ပြီးမှ တစိတ်ပေါ် နိုင်တယ်လို့ ပြောခဲ့ပြခဲ့တယ်။

ဒီတော့ ရှေ့ကပေါ်တဲ့ အရှုခံ စိတ်ကလေးဟာ နောက်က ရှုဉာဏ်စိတ်ကလေး ပေါ်လာတော့ ဓမ္မယောဂီ သဘောဝင်ကြည့် ပေါ့၊ ရှေ့ကပေါ်တဲ့ အရှုခံစိတ်ကလေး ရှိနိုင်သေးရဲ့လား၊ နောက် က ရှုဉာဏ်စိတ်ကလေးနဲ့ တွေ့နိုင်ပါသေးရဲ့လား၊ ဒီနေရာ သဘော ဉာဏ်ကြီးကြီးနဲ့ ဝင်ကြည့်ပေါ့။

တစိတ် ပျက်ပြီးမှ တစိတ် ပေါ်နိုင် တယ်လို့ ပြောခဲ့တယ်၊ ဒီတော့ ရှုဉာဏ်စိတ်ကလေး ပေါ်လာတော့ ရှေ့က အရှုခံ စိတ် ကလေး မရှိတော့ဘူး၊ ရှုဉာဏ်စိတ်က အရှုခံစိတ်ရဲ့ မရှိဒါကိုသာ သိရ, တွေ့ရတယ်။

အဲဒါလို ရှုဉာဏ်စိတ်နဲ့ ကြည့်လိုက်တဲ့အခါ ကြည့်တိုင်း ကြည့် တိုင်း အရှုခံစိတ်ရဲ့ မရှိဒါကိုသာ သိရ တွေ့ရ မြင်ရမှုဟာ သစ်တ ပရ မတ် နယ်မှာဖြင့် အမှန်ရှိတဲ့ တရားပါဘဲ၊ ဒါဖြင့် ရုပ်ဘဲကြည့်ကြည့် နာမ်ဘဲ ကြည့်ကြည့် ရှုဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ မရှိဒါကိုသာ တွေ့ရမယ်။ ရုပ်ကြည့်ရင် ရုပ်ကိုမတွေ့ရ၊ ရုပ်ရဲ့ မရှိဒါကိုသာ တွေ့ရ မယ်။ နာမ်ကြည့်ရင်လဲ နာမ်ကိုမတွေ့ရ၊ နာမ်မရှိဒါကိုသာ တွေ့ရ မယ်။ စိတ်ကိုကြည့်ရင်လဲ စိတ်ကိုမတွေ့ရ၊ စိတ်ရဲ့မရှိမှုကိုသာ တွေ့ရ မယ်။ ဒါလိုတွေ့ရင် အဲဒါသစ်တပရမတ် အရှုခံခန္ဓာမှာ အမှန်ရှိဒါ ကို အမှန်တွေ့တဲ့ဉာဏ် အမှန်သိတဲ့ ဉာဏ်ဘဲဆိုဒါ ဓမ္မယောဂီများ အသဲစွဲအောင် မြဲမြဲမှတ်ထားကြ။

ဒီနေရာမှာ ဓမ္မယောဂီများ သံသယဖြစ်ဘွယ် အနည်းငယ် ရှိနိုင်သည်မှာ၊ မရှိဒါကိုသာ တွေ့ရမယ်ဆိုတော့ မရှိဒါဟာ ပညတ်ဘဲ၊ ပညတ်ကို ဒီဉာဏ်က တွေ့ရဦးမှာလား၊ အဲဒါလို သံသယ ဖြစ်တတ်တယ်။

ဒီတော့ မရှိဒါကိုသာတွေ့ရမယ်ဆိုတဲ့စကားအရက နဂိုကိုယ်က ဥပါဒ်-ဌီ-ဘင်ကင်းပြီး လုံးဝမရှိတဲ့ ပညတ်မဟုတ်၊ ဥပါဒ်-ဌီ-ဘင် အနေနဲ့ သင်္ခတပရမတ်အမည်ခံကာ ဖြစ်လာပေါ်လာပြီးမှ သင်္ခတ ပရမတ်တို့ရဲ့ ဓမ္မတာအလိုက် ပျက်ထိုက်တဲ့ လမ်းစဉ်သို့ ကျဆင်း သွားရလို့ မရှိဖြစ်ရဒါ၊ အဲဒါကုန်ခန်းသွားတယ်လို့ လဲခေါ်တယ်။ မဂ္ဂ အလိုကတော့ (ခယခမ္မံ)လို့ ခေါ်တယ်၊ အဘူတူပါဘဲ၊ သဘော မကွဲသာဘူး။

ထပ်ရှင်းပါဦးမယ်၊ သင်္ခတ ပရမတ်နယ်မှာ ရုပ်နာမ်ဘဲလို့ အသမုတ် ခံရရုံမျှ ဓမ္မသဘာဝတွေဟာ သက်ဆိုင်ရာ အကြောင်း အလိုက် ဖြစ်ထိုက် ပေါ်ထိုက်လို့ ဖြစ်လာ ပေါ်လာတဲ့ အခါ ဖြစ်ပေါ်ဒါနဲ့ တပြိုင်နက် နောက်က ရှုဉာဏ်နဲ့သာ ကောက်ကြည့် လိုက်။

ရှေ့ကပေါ် နောက်ကရှုဉာဏ်နဲ့ ကောက်ကြည့် လိုက်တော့ ရှုဉာဏ်အောက်မှာ ပျောက်ဆုံးသွားဒါဘဲ၊ မရှိဖြစ်သွားဒါဘဲ၊ ရှုဉာဏ်အောက်မှာ ထောက်တည်ရာမရ ဖြစ်သွားဒါဘဲ၊ ရှုဉာဏ် အောက်မှာ မြူမျှသောက် အနှစ်သာရ ရှာမရအောင် ဖြစ်သွား ဒါဘဲရှိတယ်၊ သင်္ခတ ပရမတ်နယ်မှာ အမှန်ရှိဒါကဖြင့် ဒီသဘော သုံးချက်ဘဲ ရှိတယ်။

## ၄။ အရှုခံစိတ်၌ အမှန်ရှိမှု သဘာဝသုံးခု

ဒါဖြင့် ဒီအခဏ်း (၄)က စိတ္တာနုပဿနာကို ပြမှာ ဖြစ်လို့ ဓမ္မယောဂီများ သဘောပေါက်လွယ်အောင် အတိုကောက်နဲ့ ဒီလို မှတ်ရမယ်၊ ဓမ္မယောဂီများ ရှုကြည့်ကြမဲ့ အရှုခံစိတ်မှာ အမှန် ရှိဒါက။

၁။ ကုန်ခန်းသွားဒါ။

၂။ ထောက်တည်ရာမရဒါ။

၃။ အနှစ်သာရ ဘာမျှရှာမရဒါ။

ဒီသဘော သုံးချက်ဘဲ အမှန် ရှိတယ်၊ အဲဒါလို အတိုချုပ် မှတ်ထားကြ၊ ပြီးတော့ အဲဒီသဘောသုံးချက်မှာလဲ နံပါတ် (၁) အရ ကုန်ခန်းမှု သဘော အမှန်ကလေးကိုသာ ရှုဉာဏ်နှင့် တွေ့ဘို့ မြင်ဘို့ လိုရင်းဖြစ်ပါတယ်။

---

## ၅။ ကုန်ခန်းသွားရ အမှန်သဘာဝသာ ရှုဉာဏ်တွေ့ရ အဓိက

(ဝိသေသတော ပန ဣမသ္မိံ ဉာဏေ အနိစ္စလက္ခဏ ဒဿန မေဝပဓါနံ)တဲ့၊ အဲဒါ ပရမတ္ထ ဒီပနီဋီကာရဲ့ စကားပါဘဲ၊ ဒါ့ကြောင့် ကုန်ခန်းမှု သဘာဝအမှန်ကိုသာ ရှုဉာဏ်နဲ့ တွေ့ဘို့ မြင်ဘို့ လိုရင်း ဖြစ်တယ်ဆိုဒါ ဓမ္မယောဂီများ အတိုချုပ် မှတ်ထားကြ။

(တသ္မိံ ဒိဋ္ဌေယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ)တဲ့။ ဒါလဲ အထက်က ဋီကာစကားဆက်ပါဘဲ၊ ကုန်ခန်းမှု သဘာဝ အမှန်ကို ရှုဉာဏ်နဲ့ တွေ့ရ မြင်ရရင် ထောက်တည်ရာမရ ဖြစ်သွား ဒါ၊ အနှစ်သာရ ဘာမှမရှိဒါကို ဒီဉာဏ်က တွေ့တော့ မြင်တော့ ဒါပါဘဲတဲ့။

ဒါ့ကြောင့် အသင်ဓမ္မယောဂီများက အရှုခံ စိတ်ကလေးမှာ အမှန် ရှိတဲ့ ကုန်ခန်း ကုန်ခန်း သွားတဲ့ သဘောကလေးကိုသာ ရှုဉာဏ်နဲ့ တွေ့အောင် မြင်အောင် ရှုကြည့်ရလိမ့်မယ်၊ ဒါကိုတွေ့မှ မြင်မှ ဒီဉာဏ်က အမှန်မြင်တဲ့ ဉာဏ်ဘဲဆိုဒါ သတ်မှတ်ချက် ချရမယ်၊ အခုပြောခဲ့ ပြခဲ့ဒါများက ဓမ္မယောဂီများ ရှုကြည့်ကြမဲ့ အရှုခံစိတ်မှာ အမှန်ရှိတဲ့ သဘာဝကိုပြခဲ့ ပြောခဲ့ဒါ၊ ဒီအရှုခံ စိတ်မှာ အမှန်ရှိတဲ့ သဘာဝကို တွေ့တဲ့၊ မြင်တဲ့ဉာဏ်မှ ဝိပဿနာ ဉာဏ်ဘဲ၊ ဝိပဿနာဉာဏ်ဆိုဒါ အရှုခံစိတ်မှာ အမှန် ရှိဒါကိုတွေ့ ရမှာ (ဝါ) အရှုခံစိတ်ရဲ့ အနိစ္စကို တွေ့ရမှာ၊ ဒါမှ ဝိပဿနာ ဉာဏ်ဘဲလို့ ဆိုဒါ ဓမ္မယောဂီများ သဘောဉာဏ်ရှင်းနိုင်လောက် အောင် အထပ်ထပ် ပြောခဲ့ ပြခဲ့ဒါ။

ဒီတော့ ဓမ္မယောဂီများ ရှုဉာဏ်နဲ့ တွေ့ရ မြင်ရမှာကတော့ အရှုခံစိတ်ရဲ့ မရှိမှုကိုသာ(ဝါ)ကုန်ခန်းသွားမှုကိုသာ(ဝါ)အနိစ္စ ကိုသာ တွေ့ရ မြင်ရမယ်၊ ဒါလို တွေ့မှ မြင်မှသာ ဒီဉာဏ် အမှန် မြင်တဲ့ ဉာဏ်ဘဲ၊ဝိပဿနာဉာဏ်မှန်ရင် ဒါဘဲ တွေ့နိုင်မြင်နိုင်တယ်။

---

## ၆။ ဝိပဿနာ အန္တရာယ် ဖြစ်တတ်ဘွယ်

ဒါလိုမဟုတ်ဘဲ ပညတ် နိမိတ် ဖြစ်တဲ့ အရောင်, အလင်း, အဆင်း စသော နှစ်သက် သာယာဘွယ် သဘောများနဲ့ ရံဖန် ရံခါ တွေ့လာ ကြုံလာခဲ့ရင် ဒါက ဝိပဿနာဉာဏ်နဲ့ တွေ့ရ မြင် ရမဲ့ အာရုံ မဟုတ်၊ ဝိပဿနာ အန္တရာယ်ဘဲ၊ ဒါတွေက ဖယ်ရှား ရမှာတွေဘဲလို့ အဲဒါလို အမှားနဲ့ အမှန် လမ်းနှစ်တန်ကို ဝေဘန် ပိုင်းခြားနိုင်တဲ့ သဘောဉာဏ်လဲ ရင့်သန်သွားနိုင်ရမယ်။

ဝိပဿနာ အန္တရာယ်ဖြစ်နိုင်ဘွယ်အချက်ကို ဆက်ပြီး အနည်းငယ် ပြောပြဦးမယ်၊ အနိစ္စာ နုပဿနာ ဆင်ခြင်တဲ့ ဓမ္မယောဂီများမှာ၊ အရောင်, အလင်းများ ပေါ်လာ တွေ့လာတတ်သတဲ့၊ (အနိစ္စာတော မနသိ ကရောတော ဩဘာသော ဥပ္ပဇ္ဇတိ)အဲဒါ ဝိသုဒ္ဓိမဂ်က ပြောဒါ။

အဲဒီ အရောင်, အလင်း အစရှိတဲ့ အာရုံများက သမာဓိ အားကောင်းလို့ ပေါ်ဒါ၊ ဉာဏ်အားကောင်းလို့ ပေါ်ဒါမဟုတ်ဘူး၊ ဒါ့ကြောင့် သူတို့ကို ဝိပဿနုပက္ကိလေသ ဝိပဿနာအန္တရာယ်လို့ ခေါ်ရတယ်၊ ဒီအန္တရာယ်တွေကို ဖယ်ရှား ရှောင်ကွင်းပြီး ဓမ္မယောဂီများက ဉာဏ်အလင်းအားလေး သွင်းပေးရမှာဘဲ။

ဉာဏ်အလင်းလေးသွင်းပေးလို့ ဉာဏ်အားကောင်းမှ ဒီဉာဏ်က သူ့အလုပ်ကိုသူလုပ်မှာ၊ သူ့အလုပ်ဆိုဒါ အရှုခံစိတ်ကလေးမှာ (ဝါ)သူက ရှုကြည့်တဲ့ အရှုခံစိတ်ကလေးမှာ အမှန်ရှိတဲ့ ကုန်ခန်းကုန်ခန်းသွားမှု သဘာဝကလေးကို ဖေါက်ထွင်းဖေါက်ထွင်းပြီး သိလိုက်ထာ မြင်လိုက်ထာ၊ အဲဒါ ဉာဏ်က သူ့အလုပ်ကို သူလုပ်ထာလို့ မှတ်ကြ။

ဒါလိုဉာဏ်က သူ့ရဲ့အလုပ်သူလုပ်နိုင်အောင် ဓမ္မယောဂီများက (ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ)လို့ ရှင်တော်ဘုရားမှာသွားခဲ့တဲ့ နောက်ဆုံး မှာဘမ်းအရ ပေါ်ပေါ်လာသမျှ အရှုခံစိတ်ကလေးတွေ ပေါ်ပေါ်လာသမျှ မလပ်ရအောင် နောက်ကကပ်ကပ်ပြီး မဂ္ဂင် လိုက်ပေးရမယ်၊ မဂ္ဂင်ငါးပါးနဲ့ ကပ်ကပ်ပြီး လိုက်ပေးရမယ်။

အခုလိုပေါ်လာသမျှ မလှ်ရအောင်ကပ်ကပ်ပြီး မဂ္ဂင်ငါးပါးနဲ့ (လိုက်မေးနေမှုဟာ အသင် ဓမ္မယောဂီများ ပြည့်စုံ ကြရမဲ့ ဇာဂရိယာနုယောဂ အင်္ဂါပါဘဲ။

**မှတ်ချက်။** ။ ၁။ အရှုခံစိတ်ရဲ့အမှန်ရှိမှုသဘာဝကိုပြခဲ့ပြီ။
၂။ ရှုဉာဏ်ရဲ့ ဖြစ်သင့်ဖြစ်ဘွယ် အန္တရာယ်ကို ပြခဲ့ပြီ။
၃။ အရှုခံစိတ် ပေါ်ဆဲ ပေါ်ခိုက် မဂ္ဂင်နဲ့ လိုက်ရမှာကိုလဲ ပြခဲ့ပြီ။

ဒီကအထက်ကို ပေါ်ဆဲ အရှုခံစိတ်ကလေးကို ရှုဉာဏ်နဲ့ ကပ်ကပ်ပြီး ကျင့်သုံးပုံ (ဝါ)မဂ္ဂင်ငါးပါးနဲ့ ကပ်ကပ်ပြီး ကျင့်သုံးပုံ အချက်များကို သူ့အကွက်နဲ့သူ ဓမ္မယောဂီများ ထင်လွယ် မြင်လွယ်အောင် ကျဉ်းကျဉ်းနဲ့ ရှင်းအောင်ပြသွားမယ်၊ ဒါက အခြေခံ ကျမ်းဖြစ်လို့ ကျဉ်းကျဉ်းဘဲပြမယ်။

## ၇။ မှုချင်စိတ်ကိုပင် မှုတင်၍ ဝိပဿနာ ဉာဏ်ဝင်ပြပုံ

(မနုဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ)မနောအကြည်နဲ့ သဘောခေတ် ဒီအကြောင်းနှစ်ခုကို အစွဲပြုပြီး ဟာဒယဝတ္ထု ပေါ်မှာ မနောဝိညာဏ်ခေါ် အသိစိတ်ပေါ်တယ်၊ အသင် ဓမ္မယောဂီများရဲ့ ရင်တွင်း ဟာဒယဝတ္ထုပေါ်မှာ မနောဝိညာဏ် ခေါ်တဲ့ အသိ စိတ်ကလေး ပေါ်လာတယ်၊ အကြောင်း နှစ်ခုကို စွဲပြီး ဖြစ်ပေါ်လာဒါ၊ အဲဒါ ရှင်တော်ဘုရား ဟောခဲ့ဒါပါဘဲ။

ဒီတော့ ဒီစိတ်ကလေးဟာ ဓမ္မယောဂီများက နှလုံးသွင်းမှု မှန်ကန်လို့ ကုသိုလ်စိတ်ကလေး လှူချင်တဲ့ စိတ်ကလေးလို့ ဉပမာ ဆိုကြပါစို့။

အဲဒီ လှူချင် စိတ်ကလေးဟာ ဓမ္မယောဂီများ သန္တာန်မှာ ရှေးက တကြိမ်တခါမျှ မဖြစ်ခဲ့သေးဘူး၊ အခုမှ ဖြစ်ပေါ်လာတဲ့ အသစ်စိတ်ကလေးဘဲဆိုဒါ မှတ်ထားကြ။ (အနုပ္ပန္နုပ္ပဒါ ဉပ္ပဇ္ဇန္တိ) အဲဒါ ပဋ္ဌိသမ္ဘိဒါမဂ်က ပြတဲ့စကားဘဲ။

ရှေးက ဉပါဒ် ခဏမျှ မဖြစ်ခဲ့ဘူးသေးတဲ့ ဒီအသိ စိတ်ကလေး ဟာ ဓမ္မယောဂီများသန္တာန်မှာ ကြာကြာလဲ မနေဘူး၊ (အာရဂ္ဂေ သာ သပ္ပုပမာ) အပ်သွား ပွတ်ဆောက်ဖျား ပေါ်မှာ ပစ်တင် လိုက်တဲ့ မုံညင်းစေ့ပမာ ဖြစ်ပေါ်လာဒါနဲ့ တပြိုင်နက် ချက်ချင်း ပင် ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်သွားရဒါဘဲတဲ့၊ (ဉပ္ပန္နာ နိရုဇ္ဈန္တိ) ဒါလဲ ပဋ္ဌိသမ္ဘိဒါမဂ်က ပြဒါဘဲ။

ဒါဖြင့် ဓမ္မယောဂီများက ဒီလှူချင်တဲ့ စိတ်ကလေးကို သူဟာ အခုမှပေါ်လာတဲ့ လှူချင်စိတ်ကလေးဘဲ၊ ပေါ်ပြီးပြီးခြင်း ချက် ချင်း လက်ငင်း ပျက်စီးသွားရမဲ့ လှူချင်စိတ်ကလေးဘဲလို့ သဘော ထဲ ရှင်းရမယ်၊ လင်းရမယ်။

ဒီလှူချင်တဲ့ စိတ်ကလေးကို ရှုဉာဏ်နဲ့ကြည့်ပေးရမယ်၊ (ဝါ) မဂ္ဂင်ငါးပါးနဲ့ကြည့်ပေးရမယ်၊ ဒီလှူချင်တဲ့စိတ်ကလေး မပြောင်း ရွှေ့ခင် - မပျောက်ပျက်ခင် ဓမ္မယောဂီများက ရှုကြည့် ပေးရမှာ (အသံဟီရံ အသကုံပ္ပံ တံ ဝိဒ္ဓါမနုဗြူဟာရေ) အဲဒါ ဉပရိပဏ္ဏာသ ပါဠိတော်စကား ရှင်တော်ဘုရား ဟောထားခဲ့ဒါပါဘဲ။

ဒါ့ကြောင့် ဓမ္မယောဂီများ ရှုဉာဏ်နဲ့ ကြည့်ပေး ရမှာကဖြင့် ဒီလှုချင်စိတ်ကလေး မပြောင်းရွှေ့ခင်· မပျောက်ပျက်ခင် ရှုကြည့် ပေးရမှာဘဲ၊ ရှုဉာဏ်နဲ့ တွေ့ရ မြင်ရမှာကတော့ အဲဒီ လှုချင်စိတ် ကလေးမရှိဒါ ကုန်ခန်းသွားဒါ အနိစ္စကိုသာ တွေ့ရမြင်ရမှာ၊ ဒါမှ အမှန်မြင်တဲ့ဉာဏ် မဂ္ဂင်ဝင်တဲ့ ဉာဏ်ဘဲဆိုဒါ မှတ်ထားကြ။

---

## ၈။ ကာလခြား၍ အတိတ် ဖြစ်သွားလျှင် ရှုကြည့်လို့မရ

သို့ ဒီနေရာမှာ အရှုခံစိတ်ကလေးဟာ ရှုဉာဏ်စိတ်မပေါ်ခင် ချုပ် ပျောက် ပျက်စီးရတယ်လို့ နောက်က ပြခဲ့တဲ့ စကားအရနဲ့ ဓမ္မယောဂီများ သဘောဉာဏ်မထွေးယှက်အောင် အနည်းငယ်မျှ ရှင်းပေးဦးမယ်၊ ဒီအရှုခံလှုချင်စိတ်ကလေးဟာ ရှုဉာဏ်မပေါ်ခင် ချုပ် ပျောက် ပျက်စီးသွားရဒါ မှန်တယ်၊ ဒါပေမဲ့ လှုချင်စိတ် ကလေးနောက်က သဘောတရား တခုအနေနဲ့ ကာလခြားပြီးမှ ရှုဉာဏ်နဲ့ ကြည့်ပေးရင် ဒီလှုချင်စိတ်ကလေး ပြောင်းရွှေ့သွားပြီ၊ ပျောက်ပျက်သွားပြီ၊ အတိတ်ဖြစ်သွားပြီလို့ ဆိုရတယ်၊ ကာလ တပါး ခြားသွားလို့ ရှုကြည့်လို့ မရတော့ဘူးလို့မှတ်ကြ။

အခုပြောခဲ့ ပြခဲ့တဲ့အချက်က ဒီလှုချင်စိတ်ကလေးဟာ ရှုဉာဏ် စိတ်မပေါ်ခင် သူ့ရဲ့ ဓမ္မတာသဘောအရ ချုပ် ပျောက် ပျက်စီး သွားရမှာတော့ မှန်ဒါဘဲ၊ ဒါပေမဲ့ ဒီလှုချင်စိတ်ကလေးနောက်က တရားသဘောတခုအနေနဲ့ ကာလအခြားမရှိရဘူး၊ ကာလအခြား မရှိဘဲ ရှုဉာဏ်နဲ့ ကြည့်ပေးရမှာ၊ ဒါလို သဘောတရားတခုအနေနဲ့ ကာလအခြား မရှိဒါကိုပင် လှုချင်စိတ်ကလေး မပြောင်းရွှေ့ခင်

မပျောက်ပျက်ခင် ပစ္စုပ္ပန်တည့်တယ်လို့ဆိုရတယ်၊ ကာလအခြား မရှိ ပစ္စုပ္ပန်တည့် နေတဲ့ တရားကလေးမို့ ရှုဉာဏ်နဲ့ကြည့်လို့ရ တယ်၊ သူ့မှာ အမှန်ရှိဒါကို ရှုဉာဏ်ကတွေ့နိုင်၊ မြင်နိုင်တယ်လို့ မှတ်ကြ။

ဒါက သဘာဝအရာ စိစစ်ဝေဘန်လေ့ရှိတဲ့ ဓမ္မယောဂီများ အဘို့ ရှေ့နောက်စကား နှစ်ချက်အပေါ် သဘောဉာဏ် မထွေး ယှက်ကြစေရန် အခြေခံမှနေပြီး ဝေဘန် စိတ်ဖြာ ရှင်းပြလိုက်ထာ ဘဲလို့ မှတ်ကြတော့။

## ၉။ လှူချင်စိတ်ကလေး တွေ့နေသေးက ဝိပဿနာ အခြေခံဉာဏ်

ဒါဖြင့် ဒီလှူချင်တဲ့ စိတ်ကလေး ဝိပဿနာရှုကြဘို့ ရှုဉာဏ်နဲ့ ကြည့်ပေးကြဘို့ဘဲ ရှိတော့တယ်၊ အထက်က ပြခဲ့တဲ့အတိုင်း ဓမ္မ ယောဂီများ သန္တာန်မှာ လှူချင်စိတ်ကလေး ပေါ်လာပြီ၊ လှူချင် စိတ်ကလေး နောက်က ရှုဉာဏ်နဲ့ ကပ်ကြည့်လိုက်ပါ၊ ကပ်ကြည့် လိုက်တော့ လှူချင်စိတ်ကလေးဘဲလို့ သိလိုက်တယ်၊ တွေ့လိုက် တယ်၊ ရှုဉာဏ်နဲ့ လှူချင်တဲ့စိတ်ပါလားလို့ သိလိုက် တွေ့လိုက်ရ ပါတယ်လို့ ဥပမာဆိုကြပါစို့၊ ဒါလိုဆိုရင် ဓမ္မယောဂီ လိုသေး တယ်၊ လမ်းစဘဲရှိသေးတယ်၊ လမ်းပေါ်မရောက်သေးဘူး၊ လမ်းစ ဆိုဒါအခြေခံဉာဏ်ကိုဆိုဒါ၊ လမ်းပေါ် ဆိုဒါက ဝိပဿနာဉာဏ် ကို ပြောဒါလို့မှတ်၊ လမ်းစတွေ့ရင် လမ်းပေါ်ရောက်တော့မှာဘဲ၊ ဓမ္မယောဂီ ဘာဝိတောကိုမလျော့နဲ့။

## ၁၀။ ခန္ဓာအရှိနဲ့ ရှုဉာဏ်အသိ အန်ကျသွားမှု

တဖန် အဲဒီပေါ်လာတဲ့ လှူချင်စိတ်ကလေးကို ဓမ္မယောဂီများက ပေါ်လာလာခြင်း နောက်က ရှုဉာဏ်နဲ့ ကပ်ကြည့်လိုက်တော့ လှူချင်တဲ့ စိတ်ကလေးပါလားလို့ မသိရ၊ မတွေ့ရတော့ဘဲ၊ ဒီ လှူချင်စိတ်ကလေးရဲ့ မရှိတော့ဒါ၊ ကုန်ခန်း သွားဒါကိုသာ သိရ တွေ့ရတော့ဒါဘဲ၊ ရှုဉာဏ်နဲ့ ကပ်ကြည့်လိုက်တဲ့ အခါ ရှုဉာဏ်ရဲ့ ရှေ့မှာ ဒီလှူချင်စိတ်ကလေးမရှိဖြစ်သွားဒါ၊ ကုန်ခန်း ပျောက်ပျက် သွားဒါ၊ အဲဒီ သဘောများကိုသာ ဓမ္မယောဂီများ ရှုကြည့်တဲ့ ဉာဏ်က သိရဒါဘဲ၊ တွေ့ရဒါဘဲလို့ ဥပမာဆိုကြပါစို့။

ဒါလိုဆိုရင် ဓမ္မယောဂီများရဲ့ ရှုဉာဏ်ဟာ လမ်းမှန်သွားပြီ၊ လမ်းပေါ်ရောက်ပြီ၊ အရှိနဲ့အသိ ကိုက်ညီသွားပြီ၊ ခန္ဓာအရှိကလဲ (ခယဓမ္မံ) ကုန်ခန်း ပျောက်ပျက်သွားရဒါဘဲရှိတယ်။ ဉာဏ်အသိကလဲ ဒီကုန်ခန်း ပျောက်ပျက်သွားဒါကိုသာ သိရဒါဘဲ ဆိုတော့၊ အဲဒါ ခန္ဓာအရှိနဲ့ ဉာဏ်အသိနဲ့ အန်ကျဖြစ်သွားဒါလို့ မှတ်ကြ၊ ဒါမှ ဝိပဿနာဉာဏ်ခေါ်တယ်။ဝိပဿနာဉာဏ် ပေါ်ဒါဘဲဆိုဒါ အရင်းကျကျနဲ့ ဓမ္မယောဂီများ မှတ်ထားကြ။

ဒါ့ကြောင့် ဒီလှူချင်စိတ်ကလေးပေါ်လာ နောက်က ဉာဏ်နဲ့ ကပ်ကြည့်လိုက်၊ ဒီလှူချင်စိတ်ကလေးမရှိဒါဘဲ သိရမယ်၊ သူချည်းဘဲ ဆက်ပေါ်နေပါတယ်ဆိုရင် နောက်က ရှုဉာဏ်ကလဲ ဆက်ပြီး ကြည့်ပေး၊ ရန်သူ မပါဝင်စေနဲ့၊ လစ်သွားရင် ရန်သူ ဝင်ဒါဘဲ၊ ရန်သူဆိုဒါ ကိလေသာဘဲ၊ ကိလေသာကို ရန်သူလို့ မှတ်။

(ဒုက္ခေ အညာဏံ အဟံ ဝုစ္စတိ အဝိဇ္ဇာ)အဲဒါ ရှင်တော်ဘုရား ဟောထားခဲ့ဒါ၊ ဓမ္မယောဂီများ သန္တာန်မှာ အမှန် ပေါ်ပေါ်

လာကြတဲ့ လှူချင်စိတ်ကလေးတွေ ဆိုဒါ ရှင်တော် ဘုရားက ဇာတိပိ ဒုက္ခာသစ္စာလို့ ဟောထားခဲ့တယ်၊ ဒါကြောင့် ပေါ်လာကြတဲ့ လှူချင်စိတ်ကလေးတွေကို ဒုက္ခာသစ္စာလို့ မှတ်ထားကြ။

ဒီတော့ လှူချင်စိတ် ဒုက္ခာသစ္စာကလေးတွေ ပေါ်ပေါ်လာဒါ ဓမ္မယောဂီများက မသိလိုက်ထာ၊ (ဝါ) လစ်လစ်သွားဒါဟာ အဲဒါ အဝိဇ္ဇာပါဘဲ၊ အဝိဇ္ဇာလို့မှတ်ကြ။

အဝိဇ္ဇာဆိုတော့ ဝဠ်သုံးပါးထဲ သွားကြည့်လိုက်ပေါ့၊ သူဟာ ကိလေသာဝဠ်ထဲမှာ အရင်းကျကျ ပါဝင်တဲ့ တရားဘဲ၊ ဒီတော့ သူဟာ ကိလေသာဘဲ၊ ရန်သူဘဲ၊ ကိလေသာ ရန်သူဆိုတော့ ဒါထက်ဆိုးဝါးတဲ့ ရန်သူမရှိတော့ဘူး။ ဒါလိုဆိုးဝါးညစ်ငြမ်းတဲ့ အဝိဇ္ဇာကိလေသာရန်သူ ဝင်လာရင် ဒီရန်သူလက်ထဲ ရောက်သွားရင်၊ အသင် ဓမ္မယောဂီများရဲ့ လှူချင်စိတ်ကလေးဟာ လိုရာရောက်အောင် မဆောင်ရွက်နိုင်တော့ဘူး၊ ဓမ္မယောဂီများ ရလိုရောက်လိုကြဒါက နိရောဓသစ္စာ (နိဗ္ဗာန်) ရမှာ၊ ရောက်မှာကတော့ ဒုက္ခာသစ္စာ ရုပ်-နာမ် ဒါဘဲ ရကြမယ်၊ ဒီအထဲဘဲ ရောက်ကြမယ်၊ အဲဒါမလွဲတဲ့ နိယာမ လမ်းစဉ်ဘဲဆိုဒါ မှတ်ထားကြ။

ပေါ်လွင်သွားအောင် ထပ်ရှင်းပြဦးမယ်၊ ဓမ္မယောဂီများ သန္တာန်မှာ ပေါ်လာတဲ့ လှူချင်စိတ်ကလေး ဆိုဒါ (ဟုတ္ထာ ပဋ္ဌဝေန္တိ) ပေါ်ပြီးလျှင် ပြီးချင်း အဲဒီပေါ်တဲ့ နေရာမှာဘဲ ပျောက်ကွယ် ပျက်စီးသွားရတယ်၊ အဲဒါ သူ့မှာ ရှိတဲ့ အမှန်သဘောကလေးကို ဝန်ခံသွားဒါ၊ သူ့မှာအမှန်ရှိဒါကဖြင့် ဒါပါဘဲလို့ ပြောဘိသကဲ့သို့ ပြသွားဒါ၊ ဒါလိုလှူချင်စိဘ်ခေါ် ပေါ်

လာတဲ့ ဓမ္မကလေးက သူ့မှာရှိတဲ့ သဘာဝ အမှန်ကို ဝန်ခံ သွားပါရဲ့၊ ပြသွားပါရဲ့နဲ့ ဓမ္မယောဂီများက မသိလိုက်ထာ၊ မမြင် လိုက်ထာ၊ မတွေ့လိုက်ထာဟာ အဝိဇ္ဇာဘဲ၊ အဝိဇ္ဇာ ကိလေသာ ရန်သူ ဝင်ဒါလို့သာ မှတ်ကြ။

---

## ၁၁။ သမုဒယသစ္စာအကြောင်းအရ ဒုက္ခသစ္စာ အကျိုး ရှုပ်နာမ်မျှ

ဒီအဝိဇ္ဇာ ကိလေသာ ရန်သူ ဝင်လာတယ်ဆိုတော့ ဟောဒီ လှုချင်စိတ်ခေါ် ပေါ်လာတဲ့ ခန္ဓာက အကြောင်းဆက်လိမ့်မယ်၊ တဏှာကို ကျေးဇူးပြုလိမ့်မယ်၊ ခန္ဓာပစ္စယာ တဏှာ ဒါဘဲလာမယ်၊ ဒါဘဲ ကျေးဇူးပြုမယ်၊ ဓမ္မယောဂီများ ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော် ရထားကြလိမ့်မယ်၊ ဝေဒနာ ပစ္စယာ တဏှာလို့ ရှင်တော် ဘုရား ဟောထားခဲ့တယ်၊ ဒါက နီးကပ်မှုအကြောင်းကို ပဓါန ပြုပြီး ဝေဒနာပစ္စယာ တဏှာလို့ ဟောထားဒါ၊ ဝိညာဏပစ္စယာ တဏှာလဲ ဖြစ်နိုင်ဒါဘဲ၊ အဲဒါ သတိပဋ္ဌာန် ပါဠိတော်မှာ သွား ကြည့်ကြ ရှိတယ်၊ ဒီကျမ်းက အခြေခံကျမ်းမို့ ကျဉ်းကျဉ်းနဲ့ လိုရင်း မိလောက်ရုံဘဲပြမှာ။

ဒီတော့အထက်စကားစပ်ပြန်ဆက်ကြပါစို့၊ ပေါ်လာတဲ့ ဒီလှု ချင်စိတ်ကလေးကို ဝိညာဏ်လို့ ခေါ်တယ်၊ ခန္ဓာလိုပြောတော့ ဝိညာဏက္ခန္ဓာလို့ ပြောရမယ်၊ ခေါ်ရတယ်၊ အဲဒါကို ကိုယ်တော် က အတိုချုပ်နည်းနဲ့ ခန္ဓာပစ္စယာ တဏှာလို့ အထက်နားက ပြောခဲ့ဒါ။

ဧမ္ဗယောဂီများသန္တာန် လှူချင်စိတ် ခေါ်တဲ့ ပေါ်လာတဲ့ ခန္ဓာမှာ အမှန်ရှိတဲ့သဘာဝအစဉ်ကို မမြင်တော့ တဏှာဝင်ဒါဘဲ၊ မမြင်ဒါကအဝိဇ္ဇာ၊ ဝင်ဒါက တဏှာ၊ မာဂဓလိုပြောတော့ ခန္ဓာပစ္စယာ တဏှာပေါ့၊ ဒါလို တဏှာဝင်လာတယ်ဆိုတော့ တဏှာက သမုဒယသစ္စာဘဲ၊ ဒီသမုဒယသစ္စာ တဏှာ အကြောင်းခံ ရှိပြီဆိုမှဖြင့် ဒုက္ခသစ္စာအကျိုး ရုပ်-နာမ် ပေါ်မှာကတော့ သေချာသွားပြီ။

(ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါနံ) ဒုက္ခသစ္စာ အကျိုး ရုပ်-နာမ်နှစ်ပါးဟာ သမုဒယသစ္စာ အကြောင်းခံရှိတယ်။သမုဒယသစ္စာအကြောင်းခံအရ အကျိုးရုပ်-နာမ် ဒုက္ခသစ္စာ ပေါ်ဒါဘဲ၊ အဲဒါ ရှင်တော်ဘုရား ဟောထားခဲ့ဒါ၊ သံယုတ်ပါဠိတော်မှာ-

ဒါက လှူချင်စိတ်ခေါ် ပေါ်လာတဲ့ ခန္ဓာနောက်က အဝိဇ္ဇာကိလေသာရန်သူ ဝင်နှောက်ရင်ဖြင့် ဒုက္ခသစ္စာ ရုပ်-နာမ်ဘဲ ရမယ်၊ ဒီအထဲဘဲ ရောက်ကြရမယ်၊ အဲဒါမလွဲတဲ့ နိယာမ လမ်းစဉ်ဘဲလို့ ပြောခဲ့တဲ့ စကားအရ ပေါ်လွင်အောင် ရှင်းပြ လိုက်ထာလို့ မှတ်ကြ။

---

## ၁၂။ ဝိပဿနာဉာဏ်အခိုက် သမုဒယစင်ပုံ

တဖန် အဲဒီပေါ်လာတဲ့ လှူချင်စိတ်ကလေးဟာ ပေါ်ပြီးဒါနဲ့ တပြိုင်နက် ပျက်စီးရတဲ့ သဘာဝ အမှန်ကို ရှုဉာဏ်နဲ့ ကြည့်ပေးကြလို့ သူ့ရဲ့ကုန်ဆုံးသွားမှု သဘာဝအမှန်ကို ရှုဉာဏ်နဲ့ တွေ့ကြပြီ မြင်ကြပြီ ဆိုကြပါစို့၊ ဒါလို တွေ့ကြ မြင်ကြပြီဆိုရင်ဖြင့် တဏှာ

မဝင်တော့ဘူး၊ တဏှာစင်ဒါဘဲ။ ဒီအခိုက်မှာ တဏှာစင်ရမယ်၊ ဝိပဿနာဉာဏ်က အနိစ္စ ကိလေသာ တဒင်္ဂပဟာန်နဲ့ ခွါတယ် ဆိုတော့ ဒီဉာဏ်အခိုက်မှာ ဒီအနုသယစင်ရမယ်၊ ဒီဉာဏ်အခိုက် အနုသယစင်မှု ဒီအမြင်ဟာ ဝိပဿနာဉာဏ်အမြင် ဝိပဿနာဉာဏ် ပြည့်ဝတယ်လို့ ဆိုရမယ်။

ဒါလို ဝိပဿနာဉာဏ် ပြည့်ဝတဲ့ အမြင်မှန်နဲ့ မြင်ကြ တွေ့ကြ တော့ ခန္ဓာပစ္စယာပညာ၊ ခန္ဓာနောက်က ပညာလာဒါဘဲ၊ ပညာ လာတော့တဏှာကွာဒါဘဲ၊တဏှာမလာနိုင်တော့ဘူး၊ ဒီအခိုက်မှာ တဏှာကွာတော့ ဒီတဏှာ မလာတော့၊ ဓမ္မယောဂီများ ရလို ရောက်လိုကြတဲ့ နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို ရကြ ရောက်ကြပြီဆိုဒါ သံသယကင်းကင်းနဲ့ သဘောဉာဏ်ရှင်းကြဘို့ဘဲ။

ထင်ရှားအောင် ထပ်ပြောဦးမယ်၊ ဓမ္မယောဂီများ သန္တာန်မှာ လူချင်စိတ်ခေါ် ပေါ်လာတဲ့ ခန္ဓာရဲ့ ခယမ္မဲ့အချက်ကို ကွက်ခနဲ လင်းလင်းသွားတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာဘဲ၊ ဝိပဿနာ မဂ္ဂသစ္စာဘဲ လို့ မှတ်ထားကြ၊ ဒီမဂ္ဂသစ္စာ အကြောင်းခံရင် နိရောဓသစ္စာ အကျိုးပေါ်ဒါဘဲ။ မလွဲတော့ဘူးဆိုဒါ မှတ်ထားကြ။

နိရောဓသစ္စာ အကျိုးပေါ်ပုံ ဒီလို မှတ်ကြရမယ်၊ ခန္ဓာရဲ့ သဘာဝ အမှန်ကို မြင်တဲ့ဉာဏ်ဆိုဒါ ဝိဇ္ဇာပါဘဲ၊ ဝိဇ္ဇာ ဉဒပါဒိ ဝိဇ္ဇာပေါ်ဒါဘဲ၊ဝိဇ္ဇာဉာဏ်ပေါ်လာတော့ (၁)အဝိဇ္ဇာပဟီယတိ အဝိဇ္ဇာကွာတယ်၊ ဒီဉာဏ် ပေါ်ခိုက်မှာ အဝိဇ္ဇာ ချုပ်တယ်၊ ပြီးတော့ ခန္ဓာရဲ့ သဘာဝအမှန်ကို ဖေါက်ထွင်းတဲ့ ဉာဏ်ဆိုတော့ အဲဒါ ခန္ဓာနောက်က ပညာဝင်ဒါဘဲ၊ ပညာဝင်တော့ တဏှာ စင်ပြန်တယ်။ (၂)တဏှာနိရောဓေါ ဒီအခိုက်မှာ တဏှာစင်တယ်၊ တဏှာချုပ်တယ်၊ ဒီနှစ်ချက်ကို အရင်းခံ မှတ်ထားကြ။

(၁) အချက်ကို ရှင်းပြမယ်၊ ဝိဇ္ဇာဉာဏ်ပေါ်ခိုက် အဝိဇ္ဇာ ချုပ်တော့ ဟောဒီ လှူချင်စိတ်ကလေးနဲ့ တွဲလာတဲ့ စေတနာက ပြုပြင်ပေးမှု မလုပ်တော့ဘူး၊ သူက ပြုပြင်မှု မလုပ်ထာ မာဂဓလို သင်္ခါရနိရောဓေါ သင်္ခါရချုပ်တယ်လို့ ဆိုရဒါဘဲ။ ဒီစေတနာကမှ ပြုပြင်ပေးမှု မလုပ်တော့ ဝိညာဏ်နာမ်ရုပ်က မဖြစ်နိုင် မပေါ်နိုင်တော့ဘူး၊ ဒါလို ဝိညာဏ်နာမ်ရုပ် မဖြစ်နိုင်မပေါ်နိုင်ဒါကို မာဂဓလို ဝိညာဏနိရောဓေါ ဝိညာဉ်ချုပ်တယ်လို့ ဆိုရဒါဘဲ။

ဒီနေရာမှာ ဝိညာဏ နိရောဓေါအရ ဝိညာဏ်ချုပ်တယ်လို့ ဆိုသော်လဲ ဝိညာဏ်တခုထဲ ချုပ်ထာမဟုတ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ပါ တခါထဲ ချုပ်ထာဘဲ။ သူတို့ကို တူရာချင်း ပေါင်းလိုက်တော့ နာမ်နဲ့ရုပ်ဘဲရဘယ်၊ ခန္ဓာလို ပြောတော့ ခန္ဓာငါးပါးဘဲရတယ်။ ဒီတော့ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်း အချုပ် ဒီလိုမှတ်ချက်ကလေး ထုတ်ထားကြ၊ အဝိဇ္ဇာ နိရောဓါ သင်္ခါရ နိရောဓေါ၊ သင်္ခါရ နိရောဓါ ခန္ဓာ နိရောဓေါ၊ မြန်မာလို ပြောတော့ ဟောဒီ ခန္ဓာဒုက္ခ ဖုံးကွယ်သူ မရှိတော့ ခန္ဓာဒုက္ခ ပြုလုပ်မဲ့သူလဲ မရှိတော့ဘူး၊ ခန္ဓာဒုက္ခ ပြုလုပ်မဲ့သူက မရှိတော့ ဒီခန္ဓာဒုက္ခ ချုပ်ရတော့ဒါပါဘဲ၊ ဒီခန္ဓာဒုက္ခ ချုပ်မှုဟာ (ခန္ဓာ နိရောဓေါတိ နိဗ္ဗာနံ) နိဗ္ဗာန်ပေါ်လာဒါဘဲ၊ (နိဗ္ဗာနံ ခန္ဓာသင်္ဂဟ နိဿဋံ) နိဗ္ဗာန်ဟာ ခန္ဓာအရေအတွက်မှ လွတ်တယ်တဲ့၊ အဲဒါက သင်္ဂဟ အဋ္ဌကထာ စကားဘဲ။ ခန္ဓာ အရေအတွက်မှ လွတ်တယ် ဆိုတော့ ခန္ဓာမရှိလို့ပေါ့၊ ဒီတော့ ခန္ဓာအရေအတွက်မှ လွတ်ထာ ခန္ဓာမရှိဒါ ခန္ဓာချုပ်ထာ ဒီစကား ၃-ရပ် အတူတူဘဲ၊ ဒီတော့ ဓမ္မယောဂီများက ဟောဒီခန္ဓာဒုက္ခကိုဖုံးထားတဲ့ အဝိဇ္ဇာတလုံးကို ဝိဇ္ဇာဉာဏ်နဲ့ တိမ်းပေးလိုက်ရင်ဖြင့် ဒီခန္ဓာဒုက္ခ ချုပ်ငြိမ်းပြီဆိုဒါ

တိုတိုနဲ့ လိုရင်းအချုပ် မှတ်ထားကြ။ ဒါက (၁) အချက် အဝိဇ္ဇာ ချုပ်အောင် ဖေါက်ထွင်း မြင်နိုင်တဲ့ ဝိဇ္ဇာဉာဏ် မဂ္ဂသစ္စာ အကြောင်းခံရင် နိရောဓသစ္စာ အကျိုးပေါ်ဒါဘဲလို့ ပြောခဲ့တဲ့ စကားအရ ဓမ္မယောဂီများ ဉာဏ်လင်းသွားအောင် ရှင်းပြလိုက်ထာ။

(၂) အချက် ခန္ဓာနောက်က ဉာဏ်ဝင်လာတော့ တဏှာ စင်တယ်၊ တဏှာ ချုပ်တယ်ဆိုဒါ ဒီဒုက္ခခန္ဓာကို မငြိတွယ်မှုပါဘဲ၊ ဒုက္ခခန္ဓာကိုမှ ငြိတွယ်မှုမရှိတော့ စွဲယူမှု၊ အမြင်မှားမှု သဘောလဲ စင်တော့ဒါဘဲ။ ဒီသဘောနှစ်ချက် စင်သွားမှုကို မာဂဓလို ဥပဒါန နိရောဓေါလို့ ခေါ်ဒါဘဲ။ အခုလို စွဲလမ်းဖမ်းယူမှု၊ အမြင်မှားမှု သဘောများက စင်နေတော့ လှူချင်စိတ်ကလေးနဲ့ မကွေမကွာ ယှဉ်တွဲ ပါလာတဲ့ စေတနာက ဒုက္ခခန္ဓာ နာမ်ရုပ် ပေါ်အောင် ဖော်ထုတ် မပေးတော့ပါဘူး၊ ဒါလို စေတနာက ဒုက္ခခန္ဓာ နာမ်ရုပ် ပေါ်အောင် ဖော်ထုတ်မပေးဒါကို မာဂဓလို (ဘဝနိရောဓေါ)လို့ (ဝါ) ကမ္မဘဝနိရောဓေါလို့ ခေါ်ရဒါဘဲ၊ ဒါဖြင့် ဒုက္ခခန္ဓာ နာမ်ရုပ် ပေါ်အောင် ဖော်ထုတ်ပေးမဲ့ ဓမ္မသဘော မရှိတော့ ဒီဒုက္ခခန္ဓာ နာမ်ရုပ် ပေါ်နိုင်ပါတော့မှာလား ဆိုဒါ ဓမ္မယောဂီများရဲ့ သဘောဉာဏ်ထဲ သွင်းကြည့်ကြပေါ့။ ဒီနာမ်ရုပ် ဒုက္ခခန္ဓာ မပေါ်နိုင်တော့ပါဘူး၊ နာမ်ရုပ်ဒုက္ခ ပေါ်နိုင် ဖြစ်နိုင်တယ်ဆိုဒါ ဖော်ထုတ်ပေးမဲ့ ဓမ္မသဘော ရှိလို့သာ ပေါ်နိုင် ဖြစ်နိုင်ဒါ၊ အခု ဖော်ထုတ်ပေးမဲ့ ဓမ္မသဘောက မရှိတော့ ဒီနာမ်ရုပ် ဒုက္ခခန္ဓာ မပေါ်နိုင် မဖြစ်နိုင်တော့ဒါကဖြင့် ထင်ရှားပြီးနေဒါဘဲ၊ အဲဒါလို နာမ်ရုပ် ဒုက္ခခန္ဓာမ ပေါ်နိုင် မဖြစ်နိုင်ဒါကို မာဂဓလို(ဇာတိနိရောဓေါ)လို့ ခေါ်ရဒါဘဲ။

ဒီနာမ်ရုပ် ဒုက္ခခန္ဓာဇာတ်ခေါ် ဖြစ်ပေါ်မှု တရားက အမြစ်ပြတ်သွားတော့ ဇာတိရဲ့အကျိုးဖြစ်ကြတဲ့ ဇရာ မရဏ တွေလဲ အဖြစ်ရပ်ကြပြီး ဒီဒုက္ခခန္ဓာဇာတ်ကြီး ရပ်သိမ်းတော့ဒါဘဲ၊ ဒါလို ဇာတိ ဇရာ မရဏတို့ အမြစ်ပြတ်ပြီး အဖြစ် ရပ်သွားတော့ဒါကို မာဂဓလို တိုတိုဘဲပြောရရင်(ဒုက္ခက္ခန္ဓဿ နိရောဓော)လို့သာ မှတ်ထားကြ၊ သုခလို့ ပြောပြစရာ မှုမျှမှမပါ၊ ဒုက္ခအစုမျှသာဖြစ်ကြတဲ့ သဘာဝတွေ ချုပ်ဆုံးသွားကြဒါပါဘဲ။

ဒါဖြင့် ဒီဒုက္ခတွေ ချုပ်သွားတော့ ဓမ္မယောဂီများသဘောထဲ သွင်းကြည့်၊ သင်္ခါတနယ်မှာ ဖြစ်ကြ ပေါ်ကြတဲ့ ဒုက္ခတွေ ချုပ်သွားတော့ အဲဒါ သင်္ခါတနယ်မှာဖြင့် စင်သွားတော့ဒါဘဲ၊ သင်္ခါတ စင်ရင် အသင်္ခတ ဝင်ပြီဆိုဒါ ယုံမှားမရှိကြနဲ့၊ သေချာ သွားပြီ။ ဒါကြောင့် ဒုက္ခနိရောဓ ဖြစ်ရင် နိဗ္ဗာန်ပေါ်ဒါလို့ မှတ်ကြ။

ဒီနေရာမှာလဲ ဓမ္မယောဂီများ လိုရင်း အတိုချုပ်ကလေး ဒီလို မှတ်ထားကြ၊ ယောဒီလူချင်စိတ်ခေါ် ပေါ်လာတဲ့ခန္ဓာနောက်က အနုသယစင်အောင် မြင်နိုင်တဲ့ ပညာဝင်ဒါနဲ့ တပြိုင်နက် ဒီဒုက္ခ ခန္ဓာဇာတ်ကြီး ချုပ်ငြိမ်းပြီဆိုဒါ မှတ်ထားကြပေတော့။

ဒါက ၂-အချက်အရ တဏှာစင်အောင် မြင်နိုင်တဲ့ ဝိပဿနာ ပညာ မဂ္ဂသစ္စာ အကြောင်းခံရင် နိဗ္ဗာန် နိရောဓသစ္စာ အကျိုး ပေါ်ဒါဘဲလို့ ပြောခဲ့တဲ့ စကားအကျဉ်းကို ဓမ္မယောဂီများ သဘောထဲ လင်းသွားအောင် အကျယ်ပြုပြီး ရှင်းပေးလိုက်ထာ။

ဒီတော့ (၁-အချက်) (၂-အချက်) စကားဝါကျ နှစ်ရပ်ကို တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းအချုပ်လောက် သွင်းပြောရရင်၊ အသင် ဓမ္မယောဂီများ သန္တာန် အမှန် ပေါ်လာတဲ့ လူချင်တဲ့စိတ် ခန္ဓာ

ကလေးရဲ့ ပေါ်ပြီး ပျက်စီး ပျောက်ကွယ် သွားတဲ့ သဘာဝ အမှန်ကိုသာ ရှုဉာဏ်နဲ့ မိအောင် ကြည့်ပေးကြ၊ ဒီတချက်ဘဲ လိုရင်း အချုပ်ဖြစ်တယ်။ ရှုဉာဏ်နဲ့ ကြည့်ပေးလို့ လှူချင်စိတ်ခေါ် အရှုခံ ခန္ဓာရဲ့ သဘာဝအမှန်ကို ဒီရှုဉာဏ်က မိပြီ၊ထိပြီဆိုရင် ဒီဉာဏ်ဟာ ဝိပဿနာဉာဏ်ဘဲဆိုဒါ မှတ်ကြတော့၊ ဝိပဿနာဉာဏ် ပေါ်ဒါ လို့ မှတ်ကြ။ ဝိပဿနာဉာဏ် ဆိုတော့ ဒီဉာဏ် ပေါ်ခိုက်မှာ အနုသယ စင် သွား တယ်၊ ဓမ္မ ယောဂီ များ သိထားကြတယ်။ ဝိပဿနာဉာဏ်က တဒင်္ဂပဟာန်နဲ့ အနုသယ ခွါတယ်လို့ သိထား ကြတယ်၊ အဲဒါ ဒီဉာဏ်ပေါ်ခိုက် အနုသယ စင်သွား ဒါလို့ မှတ်ကြ။

ဒီဉာဏ်ပေါ်ခိုက် အနုသယစင်သွားတော့ လှူချင်စိတ်ကလေး နဲ့ တွဲလာတဲ့စေတနာက ဒုက္ခခန္ဓာဖော်ထုတ်မပေးနိုင်တော့ပါဘူး။ ဘဝပစ္စယာ ဇာတိ စေတနာ ကမ္မဘဝကြောင့် ဒုက္ခခန္ဓာ ဇာတိ ပေါ်ရတယ်ဆိုဒါ ဒီစေတနာကို အမိန့် ပေးနေရတဲ့ သူက ရှိလို့ ဒီစေတနာက ဒုက္ခခန္ဓာဇာတိပေါ်အောင် ဖော်ထုတ်ပေးနိုင်ဒါ။ အခုတော့ ဒီစေတနာကို အမိန့်ပေးနေတဲ့ အရှင်သခင် တဏှာ နုသယက ဒီဉာဏ် အခိုက်မှာ စင် စင်သွားတော့ ဒီစေတနာက ဒုက္ခခန္ဓာ ဇာတိ ပေါ်အောင် ဖော်ထုတ် မပေးနိုင်တော့ပါဘူး၊ သူကမှ ဒီဒုက္ခခန္ဓာ ဖော်ထုတ် မပေးတော့၊ ဒုက္ခခန္ဓာ နာမ်-ရုပ် ပေါ်နိုင်ပါတော့မလား ဆိုဒါ ဓမ္မယောဂီများ သဘောဉာဏ် ဝင်ကြည့်ကြပေါ့၊ ဒီဒုက္ခခန္ဓာ ရုပ်-နာမ် ကေန် ချုပ်တော့ဒါဘဲ။ ဒီတော့ ဝိပဿနာဉာဏ် ပေါ်တိုင်း ပေါ်တိုင်း ဒီဒုက္ခခန္ဓာ ကေန် ချုပ်ထာဘဲဆိုဒါ ဓမ္မယောဂီများ သဘောထဲ စွဲထားကြဘို့ဘဲ၊ မြဲထားကြဘို့ဘဲ။

ဒီတော့ ဓမ္မယောဂီများရဲ့ လက်သုံးပြုရမှာကဖြင့် ဝိဇ္ဇာဉာဏ် တလုံးဘဲ၊ ဒီဝိဇ္ဇာဉာဏ်နဲ့ လှူချင်စိတ်ခေါ် ပေါ်လာတဲ့ ခန္ဓာရဲ့ သဘာဝအမှန်ကို ဖေါက်ထွင်းပြီး သိနိုင်အောင် ကျင့်သုံးပေးမှုဘဲ၊ ဒါလို ကျင့်သုံးပေးမှုဟာ ဓမ္မယောဂီများရဲ့ လိုရင်းချုပ် ဘာဝေ တဗ္ဗ အလုပ်ဘဲဆိုဒါ မှတ်ကြတော့။

---

## ၁၃။ ဒုက္ခသစ္စာသဘောတရား

၁။ သစ္စာလေးပါး သဘောသွားကိုလဲ ဒီလိုမှတ်ထားကြဦး၊ ဓမ္မယောဂီများ သန္တာန်မှာ အာရုံနဲ့ ဒွါရ တိုက်ဆိုင်မှုအကြောင်း အရဖြစ်ပေါ်လာတဲ့ လှူချင်စိတ်ကလေးကို မာဂဓလို(ဒုက္ခသစ္စာ) လို့ မှတ်ကြ၊ မြန်မာလိုတော့ ထောက်တည်ရာမရဒါအမှန် ရှုဉာဏ် နဲ့ ကြည့်လိုက်တော့ ရှုဉာဏ်ရဲ့ မျက်မှောက်မှာ သူဟာ ထောက် တည်ရာမှ မရတော့ဘဲ။ အေး-ဒါကြောင့် ဒီလှူချင်စိတ်ကလေးကို-

မာဂဓလို ဒုက္ခသစ္စာ။

မြန်မာလို ထောက်တည်ရာမရဒါ အမှန်လို့ မှတ်ထားကြ။

---

## ၁၄။ မဂ္ဂသစ္စာ သဘောတရား

၂။ ဒီလှူချင်စိတ်ကလေး ပေါ်ပြီးပြီးချင်း ပေါ်တဲ့ နေရာ မှာပင် ကုန်ခန်းသွားတဲ့ ခယဓမ္မအချက်ကို ကွက်ခနဲ လင်းလိုက်တဲ့ ဉာဏ်ကို မာဂဓလို(မဂ္ဂသစ္စာ)မြန်မာလိုက်လေသာသတ်ပြီးနိဗ္ဗာန်

သွားဒါအမှန်၊ ဒီဉာဏ် ဝင်တဲ့အခိုက် အနုသယ စင်သွားတယ်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ အရင်းကျကျ အနုသယများဟာ ဒီဉာဏ်အခိုက်မှာ စင်သွားကြတယ်၊ သူတို့စင်သွားတော့ ဒုက္ခ နိရောဓနိဗ္ဗာန် ပေါ်တော့ဒါဘဲ၊ အေး-ဒါကြောင့် အရှုခံခန္ဓာမှာ အမှန်ရှိတဲ့ သဘာဝလေးအပေါ် လင်းသွားတဲ့ဉာဏ်ကို

မာဂဓလို မဂ္ဂသစ္စာ
မြန်မာလို ကိလေသာသတ်ပြီး နိဗ္ဗာန်သွားဒါအမှန်
ဘဲလို့ မှတ်ထားကြ။

---

## ၁၅။ သမုဒယသစ္စာ သဘောတရား

လူချင်စိတ်ခေါ် ပေါ်လာတဲ့ အရှုခံ ခန္ဓာမှာ အမှန် ရှိတဲ့ ခယသဘာဝလေးအပေါ် လင်းသွားတဲ့ ဉာဏ်အခိုက်မှာ ရှင်းရှင်း သွားကြတဲ့ အဝိဇ္ဇာတဏှာ ဥပါဒါန်ဆိုတဲ့ အရင်းကျကျ အနုသယ များကို မာဂဓလို (သမုဒယသစ္စာ) မြန်မာလိုကတော့ ဒုက္ခခန္ဓာ ဖြစ်ကြောင်း တရားများ အမှန်ဘဲဆိုဒါ မှတ်ကြ။ အရှုခံ ခန္ဓာမှာ အမှန်ရှိတဲ့ ခယသဘာဝလေးအပေါ် အဝိဇ္ဇာက ဝင်ဖုံးလိုက်တော့ ဒီဒုက္ခခန္ဓာကို တဏှာက တွယ်တော့တာပေါ့၊ သူက ငြိတွယ်လိုက် တော့ ဒီဒုက္ခခန္ဓာအပေါ် ဥပါဒါန်က စွဲတော့ဒါပေါ့၊လွဲတော့ဒါ ပေါ့။စွဲဒါက ကာမုပါဒါန်၊လောဘလွဲဒါက ဒိဋ္ဌုပါဒါန် သီလဗ္ဗ တုပါဒါန် အတ္တဝါဒုပါဒါန်ခေါ် ဒိဋ္ဌိ၊ ဒါလို ဒုက္ခခန္ဓာ အပေါ် ငြိတွယ်မှု စွဲယူမှု လွဲချော်မှု ရှိလိုက်တော့ သူတို့လက်အောက်ခံ စေတနာ ကလေးက သူတို့ငြိတွယ် စွဲယူထားတဲ့ ဒုက္ခခန္ဓာ ပေါ်

အောင် သူတို့အကြိုက် လိုက်ပြီး ဖော်ထုတ် ပေးတော့ဒါဘဲ။ စေတနာကလေးက တဏှာရဲ့ အစေခံ သက်သက်ဘဲ၊ အရှင်သခင် ဖြစ်တဲ့ တဏှာရဲ့ အကြိုက်လိုက်ပြီး ဒုက္ခခန္ဓာ ဖော်ထုတ်ပေးရဒါ၊ သူက ဖော်ထုတ်ပေးလိုက်တော့ ဒုက္ခခန္ဓာကြီး ပေါ်ရတော့မှာ သေချာတယ်၊ မလွဲတော့ဘူး။ အေး-ဒါကြောင့် လူချင်စိတ်ခေါ် ပေါ်လာတဲ့ အရှုခံခန္ဓာမှာ အမှန်ရှိတဲ့ ခယသဘာဝလေးအပေါ် ဖေါက်ထွင်းပြီး လင်းသွားတဲ့ ဉာဏ်အခိုက်မှာ ရှင်းရှင်းသွားကြတဲ့ အဝိဇ္ဇာတဏှာ ဥပါဒါန်ဆိုတဲ့ အရင်းကျကျ အနုသယမျှားကို-

မာဂဓလို သမုဒယသစ္စာ။
မြန်မာလို ဒုက္ခခန္ဓာဖြစ်ကြောင်း တရားမျှားအမှန်
ဘဲလို့ မှတ်ထားကြ။

---

## ၁၆။ နိရောဓသစ္စာ သဘောတရား

၄။ ဒီအကြောင်း သမုဒယ အနုသယတို့ ရှင်းရှင်းသွားကြတဲ့ အခိုက်မှာ သန္တိသုခတရားမြတ်ကြီး ပေါ်တော့ဒါဘဲ၊ အဲဒီပေါ်တဲ့ သန္တိသုခ တရားမြတ်ကြီးကို မာဂဓလို (နိရောဓသစ္စာ) မြန်မာလို ဒုက္ခခန္ဓာချုပ်တော့ဒါ အမှန်ရှင်းပြဦးမယ်၊ ဒီဒုက္ခခန္ဓာ ဖော်ထုတ် ပေးဘို့ရာ အမိန့်ချ ပေးနေကြတဲ့ သမုဒယခေါ် အရှင်သခင်တွေ ကမှ မရှိကြတော့ ကျွန်နဲ့တူတဲ့ စေတနာက ဘာမှ မလုပ်နိုင် တော့ဘူး၊ ဒုက္ခခန္ဓာပေါ်အောင် သူကဖြင့် ဘယ်လိုမှ မတတ်နိုင် တော့ဘူး၊ ဒါလို အကြောင်း အဆက်ဆက်တွေက ပြတ်စဲသွား တော့ အကျိုးဒုက္ခခန္ဓာ ဇာတ်ကြီးလဲ ဒီအခိုက်မှာ ရပ်စဲသွားတော့

ဒါဘဲ၊ အဲဒီဒုက္ခခန္ဓာဇာတ်ကြီး ရပ်စဲသွားဒါကိုဘဲ ဒုက္ခနိရောဓေါ ဒုက္ခခန္ဓာ ချုပ်တယ်လို့ ဆိုတယ်။

ဒီဒုက္ခခန္ဓာကြီး ချုပ်တယ်ဆိုတော့ ဓမ္မယောဂီများ သဘောဝင်ကြည့်ပေါ့။ ခန္ဓာမရှိတော့ဘူး၊ အဲဒါ(နိရောဓေါနာမနိဗ္ဗာန်)ဘဲ၊ နိဗ္ဗာန်ပေါ်ဒါဘဲလို့ မှတ်ကြ၊ ဒါ့ကြောင့် အကြောင်း သမုဒယ အနုသယတွေ ရှင်းရှင်း သွားကြတဲ့ အခိုက်မှာ ပေါ်ပေါ်သွားတဲ့ သန္တိသုခ တရားမြတ်ကြီးကို

မာဂဓလို နိရောဓသစ္စာ။
မြန်မာလို ဒုက္ခခန္ဓာ ချုပ်တော့ဒါဘဲ အမှန်
ဘဲလို့ မှတ်ထားကြ။

---

## ၁၇။ ဓမ္မယောဂီများ တိုက်တွန်းချက်

ဒါက ဝိပဿနာဉာဏ် ပေါ်ခိုက်မှာ ရထိုက်တဲ့ သစ္စာလေးချက် တပြိုင်နက် ပေါ်ကြပါ၊ ဝင်သွားကြပုံကိုပြဒါ။ ဒီတော့ သစ္စာလေးချက် တပြိုင်နက် ဝိပဿနာမဂ်၏ ကိစ္စဘဲ၊ ဒါလို တိုတိုအချုပ်လိုရင်းထုတ်ပြီး မှတ်ထားကြ။

အခုလို ဝိပဿနာမဂ် ဝင်တိုင်း ဝင်တိုင်း အကြောင်းရင်း သမုဒယ ကင်းကင်းပြီး အကျိုးဒုက္ခ ရှင်းတယ်၊ ချုပ်တယ်ဆိုတော့ ဒီအလုပ်တခုကိုဘဲ မဆုတ်တန်း ဝီရိယဇွဲနဲ့ အားခဲကြဘို့ ကြိုးစားကြဘို့ရာ ဓမ္မယောဂီများအား အထူးဘဲ တိုက်တွန်းလိုက်ပါတယ်။

---

# ၁၈။ လှူချင်စိတ်ကိုမူတင်၍ အခြားစိတ်များကိုလဲ ရှုရပုံ

အခုပြဆိုလာခဲ့တဲ့ အချက်များက လှူချင်စိတ်ကလေး တခုကိုပင် မူတင်ပြီး ဝိပဿနာဉာဏ်ဝင်ပုံနှင့် ရထိုက်တဲ့ သစ္စာလေးပါး သဘောတရားများအထိ ဉာဏ်ဆိုက်ပြခဲ့ဒါဘဲ ဖြစ်တယ်။ ဒီတော့ လှူချင် စိတ်ကလေးကို မူတင်ပြီး ဝိပဿနာဉာဏ် ဆိုက်အောင် ပြခဲ့ဒါလို အခြားတပါး ပေါ်ပေါ်သမျှ စိတ်များကိုလဲ ဝိပဿနာဉာဏ်ဆိုက်အောင် ကျင့်သုံးသွားကြဘို့ဘဲ။

ဓမ္မယောဂီများ သန္တာန် စိတ်ကလေးတွေကတော့ အမျိုးမျိုး အထွေထွေ ပေါ်နေကြမှာဘဲ၊ ပေါ်ပေါ်သမျှ စိတ်ကလေးတွေဆိုဒါလဲ သက်ဆိုင်ရာ အာရုံဝတ္ထု တိုက်ဆိုင်မှု အကြောင်းအလိုက် ပေါ်နေကြဒါဘဲ။

မျက်စိအကြည်နဲ့ အဆင်းဓာတ် တိုက်ဆိုင်မှုရှိတော့ မြင်စိတ် ပေါ်ဒါဘဲ၊ နားအကြည်နဲ့ အသံဓာတ် တိုက်ဆိုင်ကြ ပြန်တော့ ကြားစိတ် ပေါ်ဒါဘဲ၊ နှာခေါင်းအကြည်နဲ့ အနံ့ဓာတ် တိုက်ဆိုင်မိတော့ နံစိတ်ပေါ်ဒါဘဲ၊ လျှာအကြည်နဲ့ အရသာဓာတ် တိုက်ဆိုင်မိပြန်တော့ စားသိစိတ် ပေါ်ဒါဘဲ၊ ကိုယ်အကြည်နဲ့ အတွေ့ဓာတ် တိုက်ဆိုင်ပြန်တော့ ထိစိတ် ပေါ်ဒါဘဲ၊ မနောအကြည်နဲ့ သဘောဓာတ် ခိုက်မိပြန်တော့ သိစိတ်ပေါ်ဒါဘဲ၊ သူ့ကြတော့ သဘောဓာတ်အလိုက် အသိစိတ် အမျိုးမျိုးအထွေထွေ ပေါ်ဒါဘဲ၊ ဘုရားစိတ်တွေ၊ ကျောင်းစိတ်တွေ၊ လှူချင်စိတ်တွေ၊ စားချင်စိတ်တွေ၊ သွားချင် စိတ်တွေ၊ အိပ်ချင် စိတ်တွေ စသည်ဖြင့် အထွေထွေ အမျိုးမျိုး ကောင်းဆိုး ယုတ်မြတ် မလပ်အောင် ပေါ်ကြဒါဘဲ။

ဘာစိတ်တွေဘဲပေါ်ပေါ် ပေါ်လာသမျှစိတ်တွေဟာ သူတို့ သက်ဆိုင်ရာ အကြောင်းအရန့်သာ ပေါ်လာကြဒါဘဲလို့ မှတ်ကြ ပြီးတော့ ဒီ စိတ်ကလေးတွေဟာ (အဟုတွာ သမ္ဘောန္တိ) ရှေးက မဖြစ်ပေါ်ခဲ့သေးဘူး၊ အခုမှ အသစ်ဖြစ်ပေါ်တဲ့ စိတ်ကလေးတွေ လို့လဲမှတ်ထားကြ။ ဒီ အသစ်စိတ်ကလေးတွေဟာ ပေါ်တဲ့နေရာ မှာဘဲပျက်စီးကြရတယ်၊ဆံချည် တဖျားစာမျှ ရွေ့ရှားနိုင်တဲ့ အား အစွမ်းမရှိကြဘူး။ (သဗ္ဗေ သင်္ခါရာ အနိစ္စာ) ပြုပြင်မှု မကင်းလို့ မငြင်းဆန်နိုင်တဲ့ နယ်ပယ်အရ ဖြစ်ပေါ်လာကြရတဲ့ သင်္ခါရတရား အားလုံးတို့ဟာ အမြဲရှိမနေနိုင်ကြဘူး၊ မမြဲတဲ့သဘောသာ ရှိကြ ကုန်တယ်၊ အဲဒါရှင်တော်ဘုရား ဟောထားတဲ့ စကားပါဘဲ။

ဒါ့ကြောင့် အသင်ဓမ္မယောဂီများရဲ့ သန္တာန်မှာ သက်ဆိုင်ရာ အာရုံ ဝတ္ထု တိုက်ဆိုင်မှုအလိုက် ဖြစ်သင့် ဖြစ်ထိုက်လို့ ဖြစ်ပေါ် လာကြတဲ့ ဒီအသစ်စိတ်ကလေးတွေကို သင်္ခါရတရားလေးတွေလို့ ဘဲ မှတ်ထားကြ။

သင်္ခါရတရားကလေးတွေဆိုတော့ (သဗ္ဗေ သင်္ခါရာ အနိစ္စာ) ဆိုတဲ့ ရှင်တော်ဘုရား ဟောထားတဲ့ စကားတော် အတိုင်း အမြဲ ရှိမနေ နိုင်ကြဘူး၊ မမြဲတဲ့သဘောသာ ကေန် အမှန် ရှိဒါဘဲလို့ မှတ်ကြ။

ဒီတော့ အသင်ဓမ္မယောဂီများရဲ့ သန္တာန်မှာ ကောင်းတဲ့စိတ် ကလေး ပေါ်လာရင်လဲ အမြဲတစေ ရှိမနေနိုင်ဘူး၊ မကောင်းတဲ့ စိတ်ကလေး ပေါ်လာပြန်ရင်လဲ အမြဲတစေ တည်မနေနိုင်ဘူး၊ ကြည်လင်တဲ့ စိတ်ကလေးတွေ၊ ချမ်းသာတဲ့ စိတ်ကလေးတွေ၊

ဝမ်းသာတဲ့စိတ်ကလေးတွေ၊ လှူချင်, ပေးချင်, ကျွေးမွေးချင်တဲ့ စိတ်ကလေးတွေ၊ အဲဒီ ကောင်းမွန်တဲ့ စိတ်ကလေးတွေ ပေါ်လာပြန်လဲ အမြဲတစေနဲ့ ကြာရှည်စွာ တည်မနေနိုင်ကြဘူး။

လိုချင်တဲ့စိတ်ကလေးတွေ၊ငိုချင်တဲ့စိတ်ကလေးတွေ၊ ထိုင်းမှိုင်းတဲ့စိတ်ကလေးတွေ၊ ဆင်းရဲတဲ့စိတ်ကလေးတွေ၊ ညစ်နွမ်းတဲ့ စိတ်ကလေးတွေ၊ အဲဒီ မကောင်းယုတ်ညံ့တဲ့ စိတ်ကလေးတွေပေါ်လာပြန်လဲ ကြာရှည်စွာနဲ့ အမြဲတစေ ရှိမနေနိုင်ကြပါဘူး။

(ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ ဥပ္ပဇ္ဇိတွာ ဝယန္တိစ) ထက်ခွင်အာဇဋ္ဌာ အာကာသ မိုးကောင်းကင်အပြင်မှာ တိမ်လွှာ တိမ်ချပ်အချင်းချင်း ဟပ်မိ စပ်မိတဲ့အခါ၊ ဝင်းကနဲ ဝင်းကနဲ လင်းလင်းပြီး ချက်ချင်း ချက်ချင်း ပျောက်ကွယ် ပျောက်ကွယ် သွားရတဲ့ လျှပ်ရောင်ကလေးပမာ ဖြစ်ပေါ်ပြီးဒါနဲ့ တပြိုင်နက် ချက်ချင်းလက်ငင်း ပျက်စီးခြင်းသို့ ရောက်ကြရဒါဘဲတဲ့။

အဲဒါလို အဋ္ဌကထာ ပြဆိုထားတဲ့ ဥပမာ စကား အတိုင်းဘဲ အသင် ဓမ္မယောဂီများရဲ့ သန္တာန်မှာ အာရုံဝတ္ထု တိုက်ဆိုင်မှု အလိုက် ဖြစ်သင့် ဖြစ်ထိုက်လို့ ဖြစ်လာပေါ်လာကြတဲ့ ကောင်း, ဆိုး, ယုတ်, မြတ်, အထွေထွေ အရပ်ရပ်သော စိတ်ကလေးတွေ ဟာလဲ ဒီနေရာမှာဖြစ်၊ ဒီနေရာမှာ ပျက်စီးရတယ်၊ ဒီနေရာမှာ ပေါ် ဒီနေရာမှာဘဲ ပျောက်ကွယ် သွားရတယ်၊ ကြာရှည်စွာ ရပ်တည်ပြီး အမြဲတစေ ရှိမနေနိုင်ကြဘူး။

သို့ အခုလို ဖြစ်ပေါ်လာကြတဲ့ ကောင်း, ဆိုး, ယုတ်, မြတ်, အထွေထွေ အရပ်ရပ်သော စိတ်ကလေးတွေ ဖြစ်တဲ့ နေရာမှာဘဲ

ပျက်စီးသွားရမှု၊ ပေါ်တဲ့ နေရာမှာဘဲ ပျောက်ကွယ် သွားရမှုများဟာ သူတို့မှာ အမှန်ရှိဒါကို ဝန်ခံသွားဒါဘဲလို့ မှတ်ကြ။

ဖြစ်ပေါ်လာသမျှ စိတ်ကလေးတွေက သူတို့မှာ အမှန် ရှိဒါကဖြင့် ဒါဘဲရှိတယ်၊ ဒါကလွဲလို့တော့ သူတို့မှာ ဘာမှ မရှိပါဘူး၊ မရှိဒါကိုဖြင့် အသိမမှားကြပါနဲ့၊ သူတို့မှာ အမှန်ရှိတဲ့ ခယမွေ့ဝယမွေ့ကိုသာ ဉာဏ်နဲ့ ကြည့်ပေးကြပါ၊ သူတို့မှာ အမှန်ရှိဒါကို ဓမ္မယောဂီများက အမှန်အရှိနဲ့ ဉာဏ်အသိ လမ်းမှန်သွားအောင် ကြည့်ပေးကြပါလို့ မပြောသော်လဲ ပြောဘိသကဲ့သို့ သူတို့ရဲ့ အရှိ သဘာဝကလေးတွေကို ဝန်ခံသွားဒါဘဲလို့သာ မှတ်ထားကြပေတော့။

အဲဒါလို ပေါ်လာသမျှ စိတ်ကလေးတွေက သူတို့မှာ အမှန်ရှိကြတဲ့ ခယ သဘာဝလေးတွေကို ပြဘိ ပြောဘိသကဲ့သို့ ဝန်ခံဝန်ခံ သွားကြတော့၊သူတို့ရဲ့အမှန်အရှိကို အသင်ဓမ္မယောဂီများက ဉာဏ်အသိနဲ့ ကြည့်ပေးရမယ်။ ပေါ်လာသမျှ စိတ်ကလေးတွေက အရှုခံ၊အသင်ဓမ္မယောဂီများက ရှုကြည့်တဲ့ဉာဏ်။ ပေါ်လာသမျှ စိတ်ကလေးတွေက အရှုခံ၊ အသင်ဓမ္မယောဂီများက ရှုကြည့်တဲ့ ဉာဏ်။ အဲဒါလို အရှုခံနဲ့ ရှုကြည့်တဲ့ဉာဏ် အန်ကျ ဖြစ်ဖြစ်သွားရမယ်၊ အရှုခံတရားနဲ့ ရှုကြည့်တဲ့ဉာဏ် အန်ကျ ဖြစ်သွားရမယ်ဆိုဒါ အာရုံနဲ့ အာရမ္မဏိကလို့ မှတ်ကြ။အရှုခံတရားက အာရုံ၊ရှုကြည့်တဲ့ ဉာဏ်က အာရမ္မဏိက၊ အဲဒါလို အရှုခံ အာရုံနဲ့ ရှုဉာဏ် အာရမ္မဏိက တွဲတွဲ သွားပါစေ၊ အကြားအလပ် မရှိပါစေနဲ့၊ ကြိုးစားပြီး ရှုကြည့်ကြ။

# ၁၉။ သံသရာ့ရန်သူ ၃-ဦး ဝင်ခွင့်မရ

အဲဒါလို အကြားအလပ် မရှိစေဘဲ အရှုခံ အာရုံ တရားနဲ့ ရှုကြည့်တဲ့ဉာဏ် အာရမ္မဏိက တွဲတွဲသွားနေတော့ သစ္စာသဘော ကလေးတွေ ပေါ်တော့ဒါဘဲ။ ဘာသစ္စာ ပေါ်သလဲ ဆိုတော့ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ ပေါ်တယ်လို့ မှတ်ကြ။

ရှင်းပြဦးမယ်၊ အသင်ဓမ္မယောဂီများ သန္တာန်မှာ ပေါ်လာ သမျှ အရှုခံ စိတ်ကလေးတွေကို ဒုက္ခသစ္စာလို့ မှတ်ကြ။ အသင် ဓမ္မယောဂီများ ဘာဝေတဗ္ဗအနေနဲ့ ရှုကြည့်တဲ့ဉာဏ်ကိုတော့ မဂ္ဂ သစ္စာလို့မှတ်ကြ။ အဲဒီတော့ အရှုခံအာရုံက အနိစ္စလက္ခဏာ ဒုက္ခ သစ္စာ၊ ရှုကြည့်တဲ့ဉာဏ်က အာရမ္မဏိက ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂ သစ္စာ အတိုချုပ် ဒီလိုမှတ်ထားကြ။

၁။ အရှုခံတရားက အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။

၂။ ရှုဉာဏ်တရားက ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။

အဲဒါလို အရှုခံ အာရုံတရားနဲ့ ရှုကြည့်တဲ့ဉာဏ် အာရမ္မဏိက တရား တွဲတွဲသွားနေတော့ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ ပေါ်ဒါဘဲဆိုဒါ မှတ်ထားကြ။

သို့အခုလို ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာ ရောက်တယ်ဆိုရင် သံသရာ့ရန်သူသုံးဦး ပျောက်ပြီ သေပြီလို့ မှတ်ကြ။ အဲဒီအခိုက်မှာ သံသရာ့ ရန်သူသုံးဦး သေတော့ ပျောက်တော့ဒါပါဘဲ။

ဓမ္မယောဂီတို့မှာ လွန်ခဲ့တဲ့ ဘဝများက ဒုက္ခသစ္စာ နောက်က မဂ္ဂသစ္စာ မပေါ်ခဲ့ကြသေးဘူး။ ဒုက္ခသစ္စာ နောက်က သမုဒယ သစ္စာဘဲ ပေါ်ခဲ့ကြတယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာဘဲ တွဲလာ ခဲ့ကြတယ်။

သမုဒယဆိုဒါ လောဘတဏှာလို့ မှတ်ကြ။ လောဘတဏှာဆိုတော့ သူနဲ့သဟာဇာတဖြစ်တဲ့ မာနလဲပါတယ်၊ ဒိဋ္ဌိလဲပါတယ်။ အဲဒီတော့ တဏှာမာနဒိဋ္ဌိပေါ့။

တဏှာမာနဒိဋ္ဌိဆိုဒါ သံသရာ့ ပပဉ္စ တရားသုံးပါး၊ သံသရာခဲ့ျထွင်တတ်တဲ့ တရားသုံးပါးလို့ ဆိုရတယ်။ သံသရာခဲ့ျထွင်တတ်တဲ့ တရားဆိုတော့ သံသရာ့ရန်သူဘဲလို့ မှတ်ကြတော့။

အသင်ဓမ္မယောဂီတို့မှာ အဲဒီ သံသရာ့ရန်သူသုံးဦးနှင့် လက်တွဲလာခဲ့ကြတယ်၊ ဒီသံသရာ့ရန်သူသုံးဦးနဲ့ လက်တွဲလာခဲ့ကြရလို့ သူတို့နယ်ပယ်ဖြစ်တဲ့ ရုပ်-နာမ်-ဒုက္ခလောကထဲမှာ အတောမသတ်နိုင်အောင် မျောလာခဲ့ကြရဒါ၊ ယနေ့အထိ တွေ့ရှိနေကြ ရဒါဘဲလို့ မှတ်ကြ။ အဲဒါ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတွဲလာခဲ့လို့ဘဲ။ အရင်းကျကျ စိစစ်ကြည့်တော့ ဒါဘဲတွေ့ရတယ်။

အခုတော့ (ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ) ဆိုတဲ့ စကားတော်အတိုင်း၊ ပေါ်လာသမျှ အရှုခံ စိတ်ကလေးတွေကို ရှုဉာဏ်နဲ့ ကြည့်ကြည့်ပေးနေတော့ အရှုခံစိတ်ကလေးမှာ ကုန်ခန်းသွားရတဲ့ အမှန်အရှိတရားကို ရှုဉာဏ်က သိခိုက် မြင်ခိုက် အချိန်တိုင်း ဝိဝဋ္ဋသစ္စာပေါ်ဒါဘဲ။

ဝိဝဋ္ဋသစ္စာဆိုဒါ မဂ္ဂသစ္စာလို့မှတ်ကြ။ အဲဒီတော့ အရှုခံစိတ်က ဒုက္ခသစ္စာ၊ ရှုဉာဏ်က မဂ္ဂသစ္စာ၊ အခုလို ဒုက္ခသစ္စာနဲ့မဂ္ဂသစ္စာတွဲတွဲသွားနေတော့ အဲဒီတွဲတွဲသွားနေတဲ့အချိန်အခိုက်မှာသံသရာ့ရန်သူ သုံးဦး စင်ထွက် သွားတယ်၊ မဝင်နိုင် တော့ဘူး။ ဒါဖြင့် အဲဒီအချိန်ဟာ သံသရာပြတ်တဲ့ အချိန်ဘဲလို့ မှတ်ကြ။ (ကောဟံ-ဇီဝိတံ - သေယျော - ပဿတော ဥဒယဗ္ဗယံ)လို့ ရှင်တော်ဘုရား

ပျောထားခဲ့တယ်။ ဒါ့ကြောင့် အသင်ခမ္မယောဂီတို့မှာ အဲဒီအချိန်ရက်ကလေးမှာ အသက်ရှင်ရခြင်းဟာ အလွန်ပင် မွန်မြတ်တဲ့အချိန်ရက်ကလေးဘဲ ဆိုဒါ မှတ်ကြ။ သံသရာပြတ်တဲ့ အချိန်ကလေးမို့ မြတ်တယ်။

ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ တွဲသွားနေတဲ့ အချိန် သံသရာ့ ရန်သူ သုံးဦး စင်သွားပုံ အနည်းငယ် ရှင်းပြဦးမယ်။

အရှုခံ စိတ်ကလေးကို ရှုကြည့် နေတဲ့ ရှုဉာဏ် ကလေးဟာ (ဝိဒတိ ပဋိဝိဇ္ဈတီတိဝိဇ္ဇာ)ဆိုတဲ့ စကားအတိုင်းအရှုခံစိတ်ကလေးမှာ အမှန်ရှိတဲ့ ခယ,သဘာဝကလေးကို အမှန်အရှိအတိုင်း ဖေါက်ထွင်းပြီးသိလို့ ဝိဇ္ဇာလို့ ခေါ်ရတယ်၊ ဝိဇ္ဇာဉာဏ်ကလေးပေါ့။

အဲဒီဝိဇ္ဇာလာတော့ အဝိဇ္ဇာကွာတယ်၊ မာဂဓလို ပြောတော့ (ဝိဇ္ဇာဉဒပါဒိ အဝိဇ္ဇာပဟီယာတိ)လို့ မှတ်ကြ။ ဒီအဝိဇ္ဇာကွာတော့ သူနဲ့ဝဠ်မြစ်မူလအဖြစ် တူမျှတဲ့တဏှာလဲ ကွာဒါဘဲ၊ တဏှာ ကွာပြန်တော့ ဒီတဏှာနဲ့သဟဇာတဖြစ်ကြတဲ့ မာနဒိဋ္ဌိများလဲ မလာဘဲ ကွာကြဒါဘဲ။

ဒီတော့ တဏှာ မာန ဒိဋ္ဌိ တရားသုံးပါးဟာ အရှုခံ စိတ်မှာ အမှန်ရှိတဲ့ ခယ,သဘာဝကို အမှန်သိတဲ့ ရှုဉာဏ်အခိုက်မှာ ကွာကြတယ်၊ စင်ကြတယ်။

ဒါ့ကြောင့် အရှုခံဒုက္ခသစ္စာနဲ့ ရှုဉာဏ်မဂ္ဂသစ္စာ တွဲတွဲသွားနေတဲ့ အချိန်အခိုက်မှာ တဏှာ မာန ဒိဋ္ဌိဆိုဘဲ့ သံသရာ့ ရန်သူ သုံးဦး စင်တယ်၊ ပျောက်တယ်၊ သေတယ်ဆိုဒါ ယုံမှားမရှိကြနဲ့။

ဒီသံသရာ့ရန်သူသုံးဦး စင်သွား၊ ပျောက်သွား၊ သေသွားလို့ အဲဒီအချိန်ဟာ သံသရာ ပြတ်တဲ့ အချိန်၊ သာသနာ တော်ကြီးနှင့် တွေ့ကြုံရကျိုး နပ်တဲ့အချိန်၊ လူဖြစ်ကျိုးနပ်တဲ့အချိန်၊ အသက်ရှင်

ရကျိုးနပ်တဲ့အချိန်ဘဲဆိုဒါ အသင်ဓမ္မယောဂီများ အသဲစွဲအောင် မြဲမြဲမှတ်ထားကြဘို့ပါဘဲ။

အဲဒီတော့ ဝိပဿနာ အလုပ်ဆိုဒါ သံသရာဝဋ်ငုတ်ကို ပယ်ဖြုတ်တဲ့ အလုပ်ဘဲလို့ ယုံယုံကြည်ကြည်နဲ့ ပေါ်လာသမျှ အရှုခံစိတ်ကလေးတွေကို ရှုဉာဏ်ကလေးနဲ့ ကပ်ကပ်ပြီး ကြည့်ပေးကြ။ ကပ်ကပ်ပြီး ကြည့်ပေးတော့ အဲဒီ အရှုခံ စိတ်ကလေးတွေဟာ ရှုဉာဏ်ရဲ့ရှေ့မှောက်မှာပင် ထောက်တည်ရာမရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်း ကုန်ခန်း သွားကြဒါဘဲ။

အခုလို ရှုဉာဏ်ရဲ့ ရှေ့မှောက်မှာ ထောက်တည်ရာ မရနိုင်ဘဲ ပျောက်ပျက် ပျောက်ပျက် ကုန်ခန်း သွားကြဒါက (ဟုတွာ အဘာဝတော သင်္ခါရာအနိစ္စာ) ဆိုတဲ့ ပဋိသမ္ဘိဒါ မဂ်စကား အတိုင်း သင်္ခါရနယ်ပယ်အရ အမှန်ရှိတဲ့ သဘာဝထဲ ဆိုက်ရောက် သွားကြရဒါလို့ မှတ်ကြ။

အဲဒီလို ထောက်တည်ရာ မရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်း ကုန်ခန်း သွားရတဲ့ သူတို့ရဲ့ အမှန်အရှိ သဘာဝ ကလေးတွေကို အသင်ဓမ္မယောဂီများရဲ့ ရှုကြည့်တဲ့ဉာဏ်က မြင်ကြပြီ တွေ့ကြပြီ ဆိုရင်ဖြင့် အဲဒီ ရှုကြည့်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ရှုဉာဏ်ရဲ့ ရှေ့မှောက် မှာ ထောက်တည်ရာ မရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်း ကုန်ခန်း သွားရတဲ့ အရှုခံစိတ်ကလေးက ဒုက္ခသစ္စာဘဲလို့ မှတ်ကြ။ ဒီအရှုခံ စိတ်ကလေးတွေဟာ အခဏ်း (၂) ဥာတပဋိညာဉ် အပိုင်းက သူတို့ရဲ့ အခြေဆိုက်အောင် ဝေဘန် စိစစ်ကြည့်တဲ့အခါ အဲဒီစိတ် ကလေးတွေဟာ ထောက်တည်ရာမရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်း နေရတဲ့ သူတို့ရဲ့ပင်ကိုယ်မူလအခြေကို ဓမ္မယောဂီများ တွေ့ခဲ့ကြရ ပါလိမ့်မယ်။

ဥာတပဋိညာဉ် အပိုင်းက တွေ့ခဲ့ရဒါလို အခု တီရဏပဋိညာဉ် အရ ဖြစ်ပေါ်ဆဲ အရှုခံ စိတ်ကလေးတွေကို ရှုဥာဏ် ကလေးနဲ့ ကပ်ကပ်ပြီး ကြည့်ပေးလိုက်တော့ အဲဒီ အရှုခံ စိတ်ကလေးတွေဟာ ရှုဉာဏ်ရဲ့ ရှေ့မှောက်မှာပင် ထောက်တည်ရာမရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်းကုန်ခန်းသွားဒါကိုသာ အမှန်တွေ့ရမယ်။ အဲဒါလို အသင် ဓမ္မယောဂီတို့မှာ အရှုခံအရှိတရားနဲ့ ရှုဥာဏ်အသိလမ်းစဉ် မှန်သွား ရမယ်။ အရှိနဲ့အသိ လမ်းစဉ် မှန်သွားတော့ အရှိက ဒုက္ခသစ္စာ အသိက မဂ္ဂသစ္စာလို့ မှတ်ကြ။

အရှုခံက အနိစ္စလက္ခဏာ၊ဒုက္ခသစ္စာရှုဉာဏ်ကဝိပဿနာ သမ္မာ ဒိဋ္ဌိ၊ မဂ္ဂသစ္စာ အရှုခံက အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာ ရှုဥာဏ်က ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂသစ္စာ။ အဲဒါလိုဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ(ဝါ) အရှိ ဒုက္ခသစ္စာနဲ့ အသိ မဂ္ဂသစ္စာချည်း တွဲတွဲ သွားနေအောင် ကြိုးစားကြ။

---

## ၂၀။ ရှုဥာဏ်အဟုန် အာသဝကုန်

အဲဒါလို အရှိ ဒုက္ခသစ္စာနဲ့ အသိ မဂ္ဂသစ္စာချည်း တွဲတွဲသွား နေတော့၊ အဲဒီ တွဲတွဲသွားနေတဲ့ အချိန်အခိုက်မှာ အာသဝတရား များ ကုန်ကြတယ်၊ ကင်းကြတယ်၊ ရှင်းကြတယ်။

အသင် ဓမ္မယောဂီတို့မှာ လွန်ခဲ့တဲ့ ဘဝများက ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ တွဲလာခဲ့ကြဒါ၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာ တွဲလာခဲ့ကြလို့ အာသဝလေးဖြာ သံသရာထဲမှာ စုန်ချည်ဆန်ချည် အလီလီနဲ့ အတည်မရှိနိုင်ကြဒါယနေ့အထိ၊မိမိရရနဲ့အခြေမကျလို့ အနေမလှကြသေးပါဘူး။

ရှင်းပြဦးမယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တွဲလာကြတော့ သမုဒယ သစ္စာဆိုဒါ လောဘ တဏှာပါဘဲ၊ လောဘတဏှာ ဆိုတော့ (ကာမာသဝ-ဘဝါသဝ)ကာမာသဝနှင့် ဘဝါသဝက တရားကိုယ် ကောက်တော့ လောဘဘဲရတယ်။အဲဒီတော့ လောဘ နဲ့ သမ္ပယုတ္တဓမ္မဖြစ်တဲ့ ဒိဋ္ဌိ ဒိဋ္ဌာသဝက တရားကိုယ်ကောက်တော့ ဒိဋ္ဌိဘဲရတယ်၊ ပြီးတော့ ဒီဒုက္ခသစ္စာကို အမှန်မသိဒါက အဝိဇ္ဇာ၊ အဝိဇ္ဇာသဝက တရားကိုယ် ကောက်တော့ မောဟဘဲရတယ်။

အဲဒီတော့ အာသဝ တရားဟာ အရေအတွက် အားဖြင့် လေးပါးရှိသော်လဲ တရားကိုယ် သဘော ကောက်ထုတ်လိုက်တော့ လောဘ,ဒိဋ္ဌိ,မောဟ အဲဒီသုံးပါးဘဲရှိတယ်၊ ဒီတော့ လောဘ,ဒိဋ္ဌိ, မောဟ သုံးပါးဟာ အာသဝတရားဘဲ ဆိုဒါမှတ်ကြ။ အသင်ဓမ္မ ယောဂီတို့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တွဲလာကြတော့ အဲဒီ လောဘ,ဒိဋ္ဌိ,မောဟဆိုတဲ့ အာသဝတရား သုံးပါး ယှဉ်တွဲပြီး ပါ ကြတယ်၊ ဒါဖြင့် ဒီအာသဝတရား သုံးပါးက ကုသိုလ် တရား လား၊ အကုသိုလ်တရားလားဆိုဒါ စိစစ်ကြည့်ကြအုံးစို့။လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ အာသဝ တရား သုံးပါးဟာ အမှန် အားဖြင့် အကုသိုလ်တရားဘဲလို့မှတ်ကြ။ အကုသိုလ် တရားဆိုတော့ (အကု သလံ အဓေါဂ မနီယံ) အောက်သို့ လားစေတဲ့ သဘောဘဲ ရှိတယ်။

အဲဒီတော့ ဒီအာသဝတရား သုံးပါးဟာ အကုသိုလ် အလုပ် မျိုးဆိုရင် သဟဇာတ အနေမျိုးနဲ့ ယှဉ်တွဲ ပါကြဒါဘဲ။ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ် အလုပ်မျိုး ဆိုရင် ပကတူပနိဿယ အနေမျိုးနဲ့ လိုက်ပါကြဒါဘဲ။ ဒါ့ကြောင့် အသင် ဓမ္မယောဂီတို့ ပြုလုပ်ကြတဲ့ ဒါန, သီလ, သမထ ကုသိုလ်လေး တွေ ဟာ သူတို့

အဟုန်ရှိသလောက် လူ့ဘုံနတ်ဘုံဘဝဂ်ဆိုတဲ့ နေဝသညာ နာသညာ ယတနဘုံထိအောင်တော့ တက်သွားကြဒါပါဘဲ။

ဒါပေမဲ့ လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ အာသဝတရားသုံးပါးက ပကတူပနိဿယ အနေမျိုးနဲ့ လိုက်ပါကြဒါ ဖြစ်လို့၊ ဒီကုသိုလ် အဟုန်ကလေးတွေကုန်တော့ ဒုဂ္ဂတိဆိုတဲ့ အောက်ဘုံများသို့ ပြန်ရောက်ကြရဒါပါဘဲ၊ အဲဒါ(အကုသလံ အဓေါဂ မနီယံ) ဆိုတဲ့ စကားအရ၊ အာသဝတရား သုံးပါးရဲ့ လက်ချက်လို့ မှတ်ကြ၊ သူတို့က ဆွဲချလိုက်ထာ။

ဥက္ခိတ္တာ ပုညတေဇေန ကာမရူပ ဂတိံ ဂတာ၊
ဘဝဂ္ဂတ္တမ္ပိ အာယန္တိ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဒါန, သီလ, သမထ ကုသိုလ်အဟုန် မြှောက်တင်မှု အရနဲ့ ကာမရူပ အရူပ ဘဝဂ်တိုင်အောင်ပင် ရောက်ကြပါသော်လည်း ဒုဂ္ဂတိဘုံဘဝသို့ တဖန်ပြန်ခါ ရောက်ကြရတယ်။ အဲဒါ ရှင်တော်ဘုရား ဟောထားခဲ့တဲ့ စကားတော်ပါဘဲ။

အဲဒီတော့ ကာမရူပ အရူပဆိုတဲ့ အထက် ဘဝဂ်ဘုံ အထိ ရောက်ကြရဒါက သီလ, ဒါန, သမထ ကုသိုလ်အဟုန်၊ ဒုဂ္ဂတိဘုံဘဝသို့ပြန်ရောက်ကြရဒါက၊ လောဘ, ဒိဋ္ဌိ,မောဟဆိုတဲ့ အာသဝ မကုန်လို့ဘဲ ဆိုဒါ် အသင် ဓမ္မယောဂီများ မှတ်ကြပေတော့။ ဒါ့ကြောင့် အသင်ဓမ္မယောဂီတို့မှာ လွန်ခဲ့တဲ့ ဘဝများက ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တွဲလာခဲ့ကြလို့ အာသဝလေးဖြာ သံသရာထဲမှာ စုန်ချည်ဆန်ချည် အလီလီနဲ့ အတည်တကျ မိမိရရ အခြေမကျနိုင်သေးဒါ အနေမလှနိုင်သေးဒါကဖြင့် ယနေ့အထိဘဲဆိုဒါ ယုံမှားမရှိကြနဲ့။

( 22 )

အခုတော့ အသင် ဓမ္မယောဂီများက ပေါ်ပေါ်လာသမျှ အရှုခံ စိတ်ကလေးတွေကို ရှုဉာဏ်နဲ့ ကပ်ကပ်ပြီး ကြည့်ပေးနေတော့ အရှုခံစိတ်က ဒုက္ခသစ္စာ၊ ရှုကြည့်တဲ့ ဉာဏ်က ဝိပဿနာ မဂ္ဂသစ္စာဖြစ်သွားတယ်၊ ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာ ဝင်ရောက်လာတယ်။ အဲဒါလို ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာ ဝင်ရောက်ပြီး ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ အရှုတရားက ဒုက္ခသစ္စာ၊ အသိတရားက မဂ္ဂသစ္စာ၊ အဲဒါလို ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာချည်း တွဲတွဲ သွားနေတော့—

ဇာနတော ဟံဘိက္ခဝေ ပဿတော အာသဝါနံ။
ခယံဝဒါမိ၊ နောအဇာနတော နောအပဿတော။

ရုပ်-နာမ်-ခန္ဓာတို့မှာ အမှန်ရှိကြတဲ့ ဖြစ်ပေါ်လာပြီး ပျက်စီးသွားရမှု သဘာဝအစုကို သိတဲ့သူ မြင်တဲ့သူ အားသာ အာသဝတရား ကုန်ခြင်းသို့ ရောက်နိုင်မယ်၊ ရုပ်-နာမ်-ခန္ဓာတို့မှာ အမှန်ရှိကြတဲ့ ဖြစ်ပေါ်လာပြီး ပျက်စီးသွားရမှု သဘာဝအစုကို မသိတဲ့သူ မမြင်တဲ့သူများမှာ အာသဝတရား ကုန်ခြင်းသို့ မရောက်နိုင်ကြပေဘူး။ အဲဒါလို မူလပဏ္ဏာသ ပါဠိတော်မှာ ရှင်တော် ဘုရားဟောထားခဲ့တယ်။

အဲဒီတော့ အရှုတရား ဆိုဒါက ဖြစ်ပေါ်ပြီး ထောက်တည်ရာမရ၊ ပျက်စီးသွားရမှု သဘာဝအစုကို ရုပ်-နာမ်-ခန္ဓာတို့မှာ အမှန်ရှိကြတဲ့ အရှုတရားပါဘဲ၊ အဲဒါ ဒုက္ခသစ္စာလို့ မှတ်ကြ။

အဲဒီအရှုတရားဒုက္ခသစ္စာကို အမှန်အတိုင်းမြင်နိုင်တဲ့ ရှုဉာဏ်က အသိ တရားပါဘဲ၊ အဲဒါ မဂ္ဂသစ္စာလို့မှတ်ကြ။ အဲဒါလို အရှုဒုက္ခသစ္စာနဲ့ အသိမဂ္ဂသစ္စာချည်း တွဲတွဲသွားနေတော့ အဲဒီ တွဲတွဲ

သွားနေတဲ့ အချိန်အခိုက်မှာ လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ အာသဝ တရားများ ကုန်ကြတယ်၊ ကင်းကြတယ်၊ ရှင်းကြ,တယ်။ လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ အာသဝ တရားများ ကုန်ကြ၊ ကင်းကြ၊ ရှင်းကြတော့ အသင်ဓမ္မယောဂီတို့မှာ အာသဝလေးဖြာ သံသရာထဲက အစုန်သမား အဆန်သမားအဖြစ်မှ လွတ်ကြ၊ ကျွတ်ကြပြီ၊ အခြေတကျနဲ့ အနေလှကြဘို့ပါဘဲ။ အဲဒီကျမှ အမှန်ချမ်းသာရကြမယ်။

လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ အာသဝတရားများ ကုန်ကြ၊ ကင်းကြ ပုံကို အနည်းငယ် ရှင်းပြဦးမယ်။ ပေါ်လာသမျှ စိတ်ကလေးတွေကို အသင်ဓမ္မယောဂီများက ရှုဉာဏ်ကလေးနဲ့ စောင့်စောင့်ပြီး ကြည့်နေတော့ အဲဒီ အရှုခံ စိတ်ကလေးတွေဟာ ရှုဉာဏ်ရဲ့ ရှေ့မှောက်မှာပင် ထောက်တည်ရာမရဘဲ ပျောက်ပျက် ကုန်ခန်းသွားကြဒါဘဲ ရှိတယ်။

အဲဒါလို ဉာဏ်ရဲ့ရှေ့မှောက်မှာ ထောက်တည်ရာမရဘဲ ပျောက်ပျက် ကုန်ခန်း သွားကြတဲ့ အရှုခံ စိတ်ကလေးတွေက ဒုက္ခသစ္စာ၊ အဲဒီ ဒုက္ခသစ္စာ ကလေးတွေကို သိ-သိနေတဲ့ ရှုဉာဏ်က ( ဝိဒတိ ပဋိဝိဇ္ဈတီ-ိ ဝိဇ္ဇာ) ဆိုတဲ့ စကားအတိုင်း ဝိဇ္ဇာလို့ မှတ်ကြ။

(ဒုက္ခေ ဉာဏံ အယံဝုစ္စတိ ဝိဇ္ဇာ) ရှုဉာဏ်ရဲ့ ရှေ့မှောက်မှာ ထောက်တည်ရာမရဘဲ ပျောက်ပျက် ကုန်ခန်းသွားတဲ့ ဒုက္ခသစ္စာကို သိတဲ့ ဝိဇ္ဇာဝင်လာတော့ ဒုက္ခသစ္စာမသိတဲ့ အဝိဇ္ဇာစင်ဒါဘဲ၊ ဒုက္ခသစ္စာကို သိတဲ့ ဝိဇ္ဇာဉာဏ်ဝင်ခိုက် ပေါ်ခိုက်အချိန်မှာ ဒုက္ခသစ္စာကို မသိတဲ့ အဝိဇ္ဇာစင်တယ် ကွာတယ်လို့ မှတ်ကြ။

အဲဒီဒုက္ခသစ္စာကို မသိတဲ့ အဝိဇ္ဇာစင်မှုဟာ အဝိဇ္ဇာသဝ ကုန်တယ်၊ ကင်းတယ်၊ ရှင်းတယ်လို့ မှတ်ကြ။ ဝိဇ္ဇာဉာဏ် ဝင်ခိုက်

ပေါ်ခိုက် အချိန်ကလေးမှာ အဝိဇ္ဇာသဝ ကုန်နေတယ်၊ ကင်းနေတယ်၊ ရှင်းနေတယ်။

သို့အခုလို အဝိဇ္ဇာသဝ ကုန်နေ ကင်းနေ ရှင်းနေတော့ အဲဒီ အဝိဇ္ဇာနဲ့ ကိလေသာဝဋ်အဖြစ် တူမျှတဲ့ တဏှာလဲ စင်တော့ကွာတော့ ဒါပါဘဲ၊ ဝိဇ္ဇာဉာဏ်ဝင်ခိုက်၊ ပေါ်ခိုက်အချိန်မှာ ဒုက္ခသစ္စာကို ငြိတွယ်တဲ့ တဏှာလဲ စင်တော့ဒါဘဲ၊ ကွာတော့ဒါဘဲ ဆိုဒါ မှတ်ကြပေတော့။

ဒုက္ခသစ္စာကို ငြိတွယ်တဲ့တဏှာစင်မှု ကွာမှုဟာ ကာမာသဝနဲ့ ဘဝါသဝ ကုန်တယ်၊ ကင်းတယ်၊ ရှင်းတယ်လို့ မှတ်ကြ။ ဒုက္ခသစ္စာကို သိတဲ့ ဝိဇ္ဇာဉာဏ်ဝင်ခိုက် ပေါ်ခိုက်အချိန်မှာ အဲဒီ ဒုက္ခသစ္စာကို ငြိတွယ်တဲ့ တဏှာလောဘ ကာမာသဝ ကုန်ကြ ကင်းကြ ရှင်းကြတယ်။

ကာမာသဝ၊ ဘဝါသဝ ဆိုတဲ့ တဏှာလောဘ ကုန်ခိုက် ကင်းခိုက် အချိန်မှာ အဲဒီ တဏှာလောဘနဲ့ သမ္ပယုတ္တမေ့ ဖြစ်တဲ့ ဒိဋ္ဌိလဲ စင်တော့ ကွာတော့ဒါပါဘဲ၊ ထောက်တည်ရာ မရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်း သွားရတဲ့ ဒုက္ခသစ္စာကို သိတဲ့ ဝိဇ္ဇာဉာဏ် ဝင်ခိုက် ပေါ်ခိုက် အချိန်မှာ အဲဒီဒုက္ခသစ္စာကို ငါဘဲလို့ အထင်မှားပြီး ငြိနေတဲ့ဒိဋ္ဌိလဲ စင်တော့ဒါဘဲ ကွာတော့ဒါဘဲ၊ ဒီအခိုက်မှာဖြင့် ဒိဋ္ဌိမငြိနိုင်တော့ပါဘူး၊ အဲဒီတော့ ရှုဉာဏ်ရဲ့ ရှေ့မှောက်မှာ ထောက်တည်ရာ မရနိုင်ဘဲ ပျောက်ပျက် ကုန်ခန်း သွားရတဲ့ ဒုက္ခသစ္စာကို ထိုးထွင်းပြီးသိတဲ့ ဝိဇ္ဇာဉာဏ် ပေါ်ခိုက် အချိန်မှာ ဒီဒုက္ခသစ္စာကို ငါဘဲလို့ အထင်မှားပြီး ငြိနေတဲ့ ဒိဋ္ဌိ မငြိနိုင်တော့ဘဲ စင်သွားမှု ကွာသွားမှုဟာ ဒိဋ္ဌာသဝကုန်တယ် ကင်းတယ် ရှင်းတယ်လို့ မှတ်ကြ။

ဒါဖြင့် အသင် ဓမ္မယောဂီတို့မှာ ပေါ်လာသမျှ အရှုခံစိတ်ကလေးတွေကို ရှုဉာဏ်ကလေးနဲ့ ကပ်ကပ် ကြည့်ပေးလို့ အရှိတရားနဲ့ အသိတရား မိမိသွားခိုက် အချိန်ကလေးမှာ (၀ါ) ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ တွဲတွဲသွားနေတဲ့ အချိန်အခိုက်မှာ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဆိုတဲ့ အာသဝတရား လေးပါး ကုန်တယ်၊ ကင်းတယ် ရှင်းတယ်ဆိုဒါ သဘောဉာဏ် ရှင်းကြရမယ်။ အခုလို ရှုဉာဏ်အဟုန်နဲ့ အာသဝ တရားတွေ ကုန်ကုန်သွားတဲ့ အချိန် အခိုက်မှာ အဲဒီ အာသဝတရားတွေ အကြောင်းခံအရနဲ့ ဖြစ်ပေါ်ခါနေရတဲ့ နာမ်-ရုပ် ဒုက္ခဇာတ်ကြီး ငြိမ်းတယ်၊ အေးတယ်၊ အကြောင်းရင်း ဖြစ်ကြတဲ့ ဒီအာသဝ တရားတွေကို ရှုဉာဏ်နဲ့ သိမ်းလိုက်တော့ အကျိုး နာမ် ရုပ် ဒုက္ခဇာတ်ကြီးဟာ အဲဒီ ရှုဉာဏ်နဲ့ သိမ်းတိုင်းသိမ်းတိုင်း ငြိမ်းတယ်၊ အေးတယ်၊ ချုပ်တယ်၊ ပြတ်တယ်ဆိုဒါ မဓမ္မယောဂီများ မှတ်ကြပေတော့။

အဲဒီတော့ ဝိပဿနာ အလုပ်ဆိုဒါ အာသဝချုပ်တဲ့ အလုပ်၊ အာသဝ ကုန်တဲ့အလုပ်၊ အကျိုး နာမ် ရုပ် ဒုက္ခ ဇာတ်ကြီးရဲ့ အကြောင်းရင်း အာသဝတရားတွေ သိမ်းတဲ့ အလုပ်ဘဲ ဆိုဒါ အချုပ်အားဖြင့် အသင်ဓမ္မယောဂီများ မှတ်ထားကြဘို့ပါဘဲ။

အသင်ဓမ္မယောဂီများ ကုသိုလ်ကောင်းမှုတခုခု ပြုကြတဲ့အခါ သမရိုးကျ အနေနဲ့ (ဣဒံမေပုညံ အာသဝက္ခယံ ဝဟံ ဟောတု) တပည့်တော် တို့၏ ဤကောင်းမှုသည် အာသဝတရားတို့ ကုန်ရာ နိဗ္ဗာန်သို့ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသား အရှင်ဘုရား။ အဲဒါလို ဆုတောင်းကြတယ်၊ ဆုလဲ တောင်းကြပေါ့။

ဆုတောင်းတဲ့ အားလျော်စွာ အာသဝကုန်ခန်းနိုင် ချုပ်နိုင်တဲ့ အလုပ်ကိုလဲ အားထုတ် ဆောင်ရွက်ကြရမယ်၊ ဆုတောင်းရုံမျှနဲ့ တော့ အာသဝတရားတွေ ကုန်ကြမယ် မဟုတ်ပါဘူး။ အာသဝ ကုန်နိုင်တဲ့ အလုပ်ကို အားထုတ် ဆောင်ရွက်ပေးဦးမှ ဒီအာသဝ တရားတွေ ကုန်ကြမယ်၊ ကင်းကြမယ်၊ အာသဝတရားတွေ ကုန်ရာ ကင်းရာ နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်ကြရမယ်။

အဲဒီတော့ အထက်က ပြောပြ ထားခဲ့တဲ့အတိုင်း အသင် ဓမ္မ ယောဂီများ သန္တာန်မှာ ပေါ်ပေါ်လာသမျှ အရှုခံ စိတ်ကလေး တွေကို ရှုဉာဏ်ကလေးနဲ့ ကပ်ကပ်ပြီး ကြည့်ပေးကြ၊ ကပ်ကပ်ပြီး ကြည့်ပေးကြလို့ အရှုခံစိတ်က ဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ ဖြစ်ဖြစ်သွားရင် အဲဒီအချိန် အခိုက်မှာ အာသဝ ကုန်နေဒါဘဲ၊ အာသဝ ချုပ်နေဒါပါဘဲ၊ အဲဒါလို အာသဝ ကုန်တဲ့အချိန် ချုပ်တဲ့ အချိန်ကလေးဆိုတော့(ဧကာဟံ ဇီဝိတံ သေယျော ပဿ တော ဥဒယဗ္ဗယံ)လို့ ရှင်တော်ဘုရား ဟောထားခဲ့တဲ့ စကား တော်အရ အသင်ဓမ္မယောဂီတို့မှာ အလွန်မွန်မြတ်တဲ့အချိန်၊အလွန် ပင် အရေတော်တဲ့ အချိန်ကလေးဘဲဆိုဒါ မှတ်ကြ။ ဒါ့ကြောင့် အသင် ဓမ္မယောဂီများရဲ့ သန္တာန်မှာ ကုသိုလ်စိတ်ကလေး ပေါ် လာလဲ ဒီကုသိုလ်စိတ်ကလေးကို ရှုဉာဏ်ကလေးနဲ့ ကြည့်ပေးကြ၊ (ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော) ဆိုတဲ့ စကားတော်အရ၊ သာမန်ကုသိုလ်က မွန်မြတ်တဲ့ ဝိပဿနာကုသိုလ် အာသဝကုန်တဲ့ကုသိုလ် ဖြစ်သွားပါလိမ့်မယ်။ အကုသိုလ် စိတ်ကလေးတွေ ပေါ်လာပြန်ရင်လဲ ဒီအကုသိုလ်စိတ် ကလေးတွေကို ရှုဉာဏ်နဲ့ ကြည့်ပေးကြ (အကုသလော ဓမ္မော၊

ကုသလဿမမ္မဿ၊ အာရမ္မဏ ပစ္စယေန ပစ္စယော) ဆိုတဲ့ စကားတော်အရ၊ ယုတ်ညံ့တဲ့ အကုသိုလ်မှ မွန်မြတ်တဲ့ ဝိပဿနာကုသိုလ် (ဝါ)အာသဝချုပ်တဲ့ ကုသိုလ် ဖြစ်သွားပါလိမ့်မယ်။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်ကလေးတွေ ပေါ်လာပြန်လဲ အဲဒီ အဗျာကတ စိတ်ကလေးတွေကို ရှုဉာဏ်နဲ့ ကြည့်ပေးကြ (အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော)ဆိုတဲ့ စကားတော်အရ အဗျာကတ တရားများကိုစွဲပြီး မြင့်မြတ်တဲ့ ဝိပဿနာ ကုသိုလ် (ဝါ)အာသဝ ပြတ်တဲ့ ကုသိုလ် ဖြစ်သွားပါလိမ့်မယ်။

အဲဒီတော့ အသင်ဓမ္မယောဂီများရဲ့ သန္တာန်မှာ ပေါ်လာသမျှ စိတ်ကလေးတွေကဖြင့် အရှုခံ စိတ်ကလေးတွေချည်းဘဲလို့ မှတ်သားပြီး ရှုဉာဏ်နဲ့ မလပ်အောင်သာ ရှုပေးကြ၊ ကြည့်ပေးကြ။ အိပ်ပျော်ခိုက် ဘဝင်စိတ်ကိုသာ ချန်လှပ်၍ ကျန်တဲ့ ဝီထိစိတ် ဇောစိတ်မှန်က ရှုဉာဏ်နဲ့ မလပ်ရအောင်သာ ရှုပေးကြ၊ ကြည့်ပေး ကြပေတော့။

---

## ၂၁။ သစ္စာဖော်ထုတ် နိဂုံးချုပ်

အသင် ဓမ္မယောဂီတို့ သန္တာန်မှာ ပေါ်လာသမျှ အရှုခံစိတ်ကလေးတွေကို ဒုက္ခသစ္စာလို့ မှတ်ကြ။ အဲဒီအရှုခံစိတ်ကလေးတွေ ရှုကြည့်နေတဲ့ ဉာဏ်ကို မဂ္ဂသစ္စာလို့ မှတ်ကြ။ အဲဒီ ရှုဉာဏ် မဂ္ဂ သစ္စာပေါ်ခိုက် အချိန်မှာ ကုန်ကြ ချုပ်ကြ ပြတ်ကြတဲ့ လောဘ ဒိဋ္ဌိ၊ မောဟဆိုတဲ့ အာသဝ တရားကိုယ် သုံးပါးကို သမုဒယ

သစ္စာလို့မှတ်ကြ။ အဲဒီသမုဒယသစ္စာ ကုန်ခိုက် ချုပ်ခိုက် ပြတ်ခိုက် အချိန်မှာ ပေါ်ပေါ်သွားတဲ့ ငြိမ်းအေးချမ်းသာမှု ဓာတ်ကြီးကို နိရောဓသစ္စာလို့သာ မှတ်ကြပေတော့။

အဲဒီ ငြိမ်းအေးချမ်းသာမှုနိရောဓသစ္စာ ဓာတ်မြတ်ကြီး ပေါ် ပေါ် သွားအောင် အသင်ဓမ္မယောဂီများက ဝိပဿနာ မဂ္ဂသစ္စာ ဆိုက်နိုင်မည့် ရှုဉာဏ်နဲ့သာ ပေါ်ပေါ်လာသမျှ အရှုခံစိတ်ကလေး တွေကို အဖန်ဖန်အထပ်ထပ် အကြားအလပ် မရှိရအောင် ရှုကြည့် ပေးကြပါ ဆိုတဲ့ တိုက်တွန်းချက် အနေနဲ့ ဒီအခဏ်း (၄) အရ ဒီမျှနဲ့ဘဲ ရပ်စဲပြီး နိဂုံးသတ်လိုက်တော့ပြီ။

**သာဓု-သာဓု-သာဓု**

---

၁၀၇၈၅

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၅ | ၁၀ | အမြဲ အနိစ္စ | အမြဲနိစ္စ |
| ၁၅ | ၁၃ | သူတို | သူ့ကို |
| ၂၂ | ၄ | ပေါ်နိုင်မှ | ပေါ်နိုင်မှု |
| ၂၄ | ၂၂ | ခန္ဓာအသင်ကို | ခန္ဓာအသွင်ကို |
| ၃၄ | ၁၇ | အဲဒါလို | အဲဒါကို |
| ၃၇ | ၂၀ | တိရစ္ဆာဝိညာဉ် | တိရစ္ဆာပရိညာဉ် |
| ၄၀ | ၃ | နှလုံးခွေးသွားခေါ် | နှလုံးသွေးခေါ် |
| ၄၁ | ၁၀ | သညာဏက္ခန္ဓာရဲ့ | သညက္ခန္ဓာရဲ့ |
| ၄၁ | ၁၂ | သညာဏက္ခန္ဓာရဲ့ | သည က္ခန္ဓာရဲ့ |
| ၄၁ | ၂၁ | အဘောမသတ် အေးဘင် | အတောမသပ် အောင် |
| ၄၄ | ၃ | ဒွါရခြောက်မှာ | ဒွါရခြောက်ပါးမှာ |
| ၅၃ | ၁၅ | (မှတ်သားမှုခေါ် သညက္ခန္ဓာ အပေါ် နိုင်မြဲဒါဘဲလို့ ထင်မှားမှု) | |
| ၆၄ | ၁၀ | သုဂိတံ | သုဂတိံ |
| ၆၄ | ၂၀ | အဝိဇ္ဇာနုသဿယ | အဝိဇ္ဇာနုသယ |
| ၆၄ | ၂၁ | တဏှာနုသဿယ | တဏှာနုသယ |
| ၆၄ | ၂၂ | တဏှာနုသဿယ | တဏှာနုသယ |
| ၆၅ | ၇ | အဝိဇ္ဇာနုသဿယ | အဝိဇ္ဇာနုသယ |
| | | တဏှာနုသဿယ | တဏှာနုသယ |
| ၆၅ | ၁၂ | အဝိဇ္ဇာနုသဿယ | အဝိဇ္ဇာနုသယ |
| | | တဏှာနုသဿယ | တဏှာနုသယ |
| ၆၇ | ၁ | အာဘော | အာပေါ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆၇ | ၄ | ရူပက္ခခန္ဓာ | ရူပက္ခန္ဓာ |
| ၇၃ | ၈ | သူတို့အလိုလိုလဲ | သူတို့အလိုလို |
| ၇၈ | ၂၂ | ကာကြပြီ | ကွာကြပြီ |
| ၈၆ | ၂၁ | နဟိရူပါဓမ္မာနံ | နဟိ ရူပါရူပဓမ္မာနံ |
| ၉၁ | ၁၅ | အကြောင်းပဋ္ဌာန် | အကြောင်းပဒဋ္ဌာန် |
| ၁၀၀ | ၁ | မြို့မှ့ရှာရှာမရတဲ့ | မြို့မှ ရှာမရတဲ့ |
| ၁၀၆ | ၆ | ကင်းပျက်နေရမှု | ကင်းပြတ်နေရမှု |
| ၁၁၀ | ၂ | မနုဗြူဟာဒေယ | မနုငြူဟာယေ |
| ၁၁၀ | ၁၂ | ဝိညာနက္ခန္ဓာကို | ဝိညာဏက္ခန္ဓာကို |
| ၁၁၇ | ၂ | ပဋ္ဌစ္ဆေဒညာဏ် | ပရိစ္ဆေဒညာဏ် |
| ၁၁၈ | ၁၆ | နာမ်ဝိတ်ကတော့ | နံ-စိတ်ကတော့ |
| ၁၂၄ | ၂၂ | ခန္ဓာလို့ပြောတော့ | ခန္ဓာလိုပြောတော့ |
| ၁၄၁ | ၁ | တိရဏာပဋ္ဌညာဉ် | တိရဏာရိညာဉ် |
| ၁၄၆ | ၁၁ | သဘောမကွဲသဘူး | သဘောမကွဲပါဘူး |
| ၁၄၇ | ၃ | ဒီလိုမတ်ရမယ် | ဒီလိုမှတ်ရမယ် |
| ၁၆၀ | ၉ | ဥပဒါနနိရောဓော | ဥပါဒါနနိရောဓေါ |
| ၁၆၂ | ၁၄ | အမိန့်ပေးနေရတဲ့ | အမိန့်ပေးနေတဲ့ |
| ၁၆၆ | ၉ | ချုပ်တော့ဒါဘဲ အမှန်ဘဲလို့ | ချုပ်တော့ဒါ အမှန်ဘဲလို့ |